www.burmeseclassic.com

ခမ္ဘအမြုတေစာစဉ်(၉) ၂၀၀၄ ခုနှစ် ခမ္ဘဗိမာန်စာပေ ပထမဆုရ

BURMESE CLASSIC .com

ဥဆွယ်
အင်းမ

# မင်္ဂလာ အတွေးများ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ရဝေနွယ် (အင်းမ)

# မင်္ဂလာအတွေးများ

access at
www.foreverspace.com.mm

ဖြန့်ချိရေး
နေလစာပေ
အမှတ်(၂၁၆)၊ ၃၁-လမ်း(ထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၃၈၂၄

www.burmeseclassic.com

www.burmeseclassic.com

အတွင်းစာသားခွင့်ပြုချက် — ၄၆၆/ ၂၀၀၄(၇)
မျက်နှာဖုံးခွင့်ပြုချက် — ၄၉၉/ ၂၀၀၄(၈)
ထုတ်ဝေသည့်အကြိမ် — ပထမအကြိမ်
၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ — ၃၀၀၀
မျက်နှာဖုံးဒီဇိုင်း — နေမျိုးဆေး
အတွင်းသရုပ်ဖော်ပန်းချီ — ဗဂျီလင်းဝဏ္ဏ
အတွင်းဖလင် — AZ
ကာလာခွဲ — New Day
ထုတ်ဝေသူ — ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ
အမှတ်(၁၁၁)၊ ၃၃- လမ်း၊
ရန်ကုန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် — ဒေါ်ခင်အေးမြင့်
ရာပြည့်အော့ဖ်ဆက်
အမှတ်(၁၉၉)၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖြန့်ချိရေး — နေလစာပေ
အမှတ်(၂၁၆)၊ ၃၁-လမ်း(ထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၃၈၂၃
စာအုပ်ချုပ် — ကိုမြင့်
တန်ဖိုး — ၁၃၀၀ ကျပ်

BURMESE CLASSIC .com

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| က။ | စာရေးသူရဲ့အမှာ | ၅ |
| ၁။ | မင်္ဂလာအတွေးများ (၁) | ၁၀ |
| ၂။ | မင်္ဂလာအတွေးများ (၂) | ၁၆ |
| ၃။ | မင်္ဂလာအတွေးများ (၃) | ၂၂ |
| ၄။ | မင်္ဂလာအတွေးများ (၄) | ၃၀ |
| ၅။ | မင်္ဂလာအတွေးများ (၅) | ၃၆ |
| ၆။ | မင်္ဂလာအတွေးများ (၆) | ၄၄ |
| ၇။ | မင်္ဂလာအတွေးများ (၇) | ၅၀ |
| ၈။ | မင်္ဂလာအတွေးများ (၈) | ၅၆ |
| ၉။ | မင်္ဂလာအတွေးများ (၉) | ၆၂ |
| ၁၀။ | မင်္ဂလာအတွေးများ (၁၀) | ၆၈ |
| ၁၁။ | မင်္ဂလာအတွေးများ (၁၁) | ၇၄ |
| ၁၂။ | မင်္ဂလာအတွေးများ (၁၂) | ၈၀ |
| ၁၃။ | မင်္ဂလာအတွေးများ (၁၃) | ၈၆ |

www.burmeseclassic.com

www.burmeseclassic.com

၁၄။ မင်္ဂလာအတွေးများ (၁၄) ——— ၉၄
၁၅။ မင်္ဂလာအတွေးများ (၁၅) ——— ၁၀၂
၁၆။ မင်္ဂလာအတွေးများ (၁၆) ——— ၁၀၈
၁၇။ မင်္ဂလာအတွေးများ (၁၇) ——— ၁၁၄
၁၈။ မင်္ဂလာအတွေးများ (၁၈) ——— ၁၂၀
၁၉။ မင်္ဂလာအတွေးများ (၁၉) ——— ၁၂၆
၂၀။ မင်္ဂလာအတွေးများ (၂၀) ——— ၁၃၂
၂၁။ မင်္ဂလာအတွေးများ (၂၁) ——— ၁၄၀
၂၂။ မင်္ဂလာအတွေးများ (၂၂) ——— ၁၅၀
၂၃။ မင်္ဂလာအတွေးများ (၂၃) ——— ၁၅၆
၂၄။ မင်္ဂလာအတွေးများ (၂၄) ——— ၁၆၂
၂၅။ မင်္ဂလာအတွေးများ (၂၅) ——— ၁၇၀
၂၆။ မင်္ဂလာအတွေးများ (၂၆) ——— ၁၇၆
၂၇။ မင်္ဂလာအတွေးများ (၂၇) ——— ၁၈၂
၂၈။ မင်္ဂလာအတွေးများ (၂၈) ——— ၁၈၈
၂၉။ မင်္ဂလာအတွေးများ (၂၉) ——— ၁၉၄
၃၀။ မင်္ဂလာအတွေးများ (၃၀) ——— ၂၀၀
၃၁။ မင်္ဂလာအတွေးများ (၃၁) ——— ၂၀၆
၃၂။ မင်္ဂလာအတွေးများ (၃၂) ——— ၂၁၂
၃၃။ မင်္ဂလာအတွေးများ (၃၃) ——— ၂၂၀
၃၄။ မင်္ဂလာအတွေးများ (၃၄) ——— ၂၂၆
၃၅။ မင်္ဂလာအတွေးများ (၃၅) ——— ၂၃၂
၃၆။ မင်္ဂလာအတွေးများ (၃၆) ——— ၂၃၈
၃၇။ မင်္ဂလာအတွေးများ (၃၇) ——— ၂၄၄
၃၈။ မင်္ဂလာအတွေးများ (၃၈) ——— ၂၅၀
ခ။ ကျမ်းကိုးစာရင်း ——— ၂၅၆
ဂ။ အလှူရှင်စာရင်း ——— ၂၅၇
ဃ။ စာရေးသူအမေး = စာဖတ်သူအဖြေ ——— ၂၆၆



# စာရေးသူရဲ့ အမှာ

BURMESE CLASSIC .com

## မင်္ဂလာအတွေးများနဲ့ ကျေးဇူးစကား

'မင်္ဂလာအတွေးများ'ကို ၉၆/၉၇ ခုနှစ်လောက်ကတည်းက ရေးဖို့ပါ။ အဲဒီကတည်းက မင်္ဂလသုတ်နဲ့ဆိုင်တဲ့ စာအုပ်တော်တော်များများကို စုထားပြီးဖြစ်နေပါပြီ။ ဒါပေမယ့် အဲဒီနှစ်တွေက စာရေးသူမှာ စာမေးပွဲတွေ တဖုတ်ဖုတ်ကျနေတာနဲ့ပဲ မရေးဖြစ်တော့ပါဘူး။

စာမေးပွဲအောင်သွားပြန်တော့လည်း တခြားလုံးချင်းစာအုပ်လေးအုပ်သာ ထွက်သွားတယ်၊ မင်္ဂလာအတွေးများကို မရေးဖြစ်ပြန်ပါဘူး။

မနှစ်က ဝါတွင်းမှာတော့ 'မဖြစ်ဘူး၊ မင်္ဂလာအတွေးများ ရေးဦးမှပဲ'ဆိုပြီး စာရေးစားပွဲကို ဖွတ်ထိုင်ရပါတော့တယ်။ ခက်တာက ၉၆/၉၇ ခုနှစ်လောက်က စုခဲ့တဲ့ မင်္ဂလသုတ်ဆိုင်ရာစာအုပ်တွေက အစုံမရှိတော့ဘဲ ပျောက်ကုန်တာပါပဲ။ ဒီတော့ 'စာအုပ်မစုံသေးဘူးလေ'ဆိုပြီး ပျင်းကြော ဆွဲခွင့်ရသွားပြန်ပါတယ်။ ဒီလိုနဲ့ တစ်လလောက် ပျင်းကြောဆွဲနေလိုက်ပါတယ်။

မြို့ထဲစာအုပ်အဟောင်းဆိုင်တွေရောက်တော့ မင်္ဂလသုတ်ဆိုင်ရာ စာအုပ်တွေ ပြန်ရှာဖြစ်ပါတယ်။ ဒါပေမယ့် စုံစုံစေ့စေ့တော့ မရတော့ပါဘူး။ စာအုပ်တွေ ထိုက်သင့်သလောက် ပြန်ရပြီဆိုတော့ စာရေးစားပွဲကို ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



အကြိမ် ဖွတ်ပြန်ထိုင်ရပါတော့တယ်။

❖ ❖ ❖ ❖ ❖

ရှေ့မှာစာတွေအများကြီးရေးခဲ့ပါတယ်။ ဒါပေမယ့် ဦးတည်ချက်နိုင်နိုင်မာမာ မရှိခဲ့ပါဘူး။ ကိုယ်ရေးလိုက်တဲ့စာလေးတွေ မဂ္ဂဇင်း ဂျာနယ်ထဲမှာ ပါလာရင် ပျော်တာပါပဲ။ အဲဒီအဆင့်က မတက်ပါဘူး။

နောက်ပိုင်းမှာတော့ လူငယ်တွေအတွက်ပဲ သီးခြားဦးတည်ပြီး ရေးဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် ဆယ်ကျော်သက် ညီငယ် ညီမငယ်တွေအတွက်ပါ။ ရေးတဲ့အခါမှာလည်း

၁။ စိတ်ကောင်းနှလုံးကောင်းမွေးမြူဖို့

၂။ ပရဟိတလုပ်ဖို့

၃။ ပညာတတ်ဖို့

၄။ ဝိပဿနာ တရားပွားများအားထုတ်ဖို့ဆိုတဲ့ အချက်လေးချက်ကို အခြေခံပြီး ရေးပါတယ်။

အခုမင်္ဂလာအတွေးများကိုလည်း မဖိတ်ခေါ်ဘဲ သဘာဝအလျောက်ရောက်လာတဲ့ ဦးတည်ချက်ကလေးကို နှလုံးသားထဲမှာ အသေအချာ ထည့်ပြီး နှလုံးသားထဲမှာ အစိုင်အခဲတစ်ခုအဖြစ် သန္ဓေတည်ပြီဆိုမှ သဒ္ဓါနှလုံးသားနဲ့ ရေးပါတယ်။ ရေးတဲ့အခါတိုင်းလည်း လူငယ်တွေကို မျက်လုံးထဲမှာ မြင်ယောင်ပြီး ရေးပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ စာရေးသူတို့မှာ သိရှိသာသိပြီး မစွမ်းဆောင်နိုင်တဲ့ ကိစ္စတွေကို လူငယ်တွေက စွမ်းဆောင်နိုင်ပါတယ်။ စွမ်းဆောင်ကြပါလိမ့်မယ်။ အဲဒါကြောင့်ပါ။

ပြီးတော့ ဒီနေ့လူငယ်အားလုံးဟာ နောင်အနှစ်သုံးဆယ်လောက်ကြာတဲ့အခါ နယ်ပယ်အသီးသီးမှာ ကံသုံးပါးအမူအရာတွေနဲ့ လူကြီးတွေအဖြစ် သရုပ်ဆောင်ကြမှာပါ။ အဲဒီအခါမှာ မင်္ဂလာအတွေးဦးတည်ချက်ကလေးတွေ သူတို့နှလုံးသားထဲကို ပြန်ရောက်ချင်ရောက်လာကြမှာပါ။ ဒါဆို လူကြီးအဖြစ် သရုပ်ဆောင်ကြရတဲ့ သူတို့ရဲ့ ကံသုံးပါးအမူအရာတွေဟာလည်း အကောင်းဆုံးအမူအရာတွေ ဖြစ်နေပါလိမ့်မယ်။

❖ ❖ ❖ ❖ ❖

BURMESE CLASSIC .com



တချို့စာစုလေးတွေကိုတော့ ကိုယ်ရဲ့သဘောထားမမှန်မှုလေးတွေကို တည့်တည့်ကြည့်ပြီး ကိုယ့်ကိုယ်ကို သတိပေးတဲ့အနေနဲ့ ရေးထားတာပါ။ အဲဒီစာစုလေးတွေက ကိုယ့်အတွက် သီးခြားရေးထားတာဆိုတော့ ကိုယ်တိုင် အကြိမ်ကြိမ် ပြန်ဖတ်ဖြစ်နေမယ့် စာစုလေးတွေပါ။

❖ ❖ ❖ ❖ ❖

စာရေးသူမှာ စာပေနဲ့ပတ်သက်လို့ အိပ်မက်တစ်ခုရှိပါတယ်။ အဲဒါကတော့ ဆရာဦးခင်မောင်မြင့်နဲ့ ဆရာဦးဝင်းငြိမ်းတို့ကိုင်တဲ့ မဂ္ဂဇင်း၊ ဂျာနယ်မှာ ပင်တိုင်ရေးချင်တဲ့ ဆန္ဒပါ။ အဲဒီ အယ်ဒီတာနှစ်ယောက်ကို စိတ်ထဲက လေးလေးစားစားလည်း ရှိလို့ပါ။

ဆရာဦးခင်မောင်မြင့်(မဟေသီမဂ္ဂဇင်း)ကတော့ မရှိရှာတော့ပါဘူး။ ဟိုတစ်လောလေးကမှ ဆုံးသွားရှာပါပြီ။

အခုဆရာဦးဝင်းငြိမ်းကိုင်တဲ့ အလင်းတန်းဂျာနယ်မှာ ပင်တိုင်ရေးခွင့်ရတဲ့အတွက် အထူးပဲကျေနပ်မိပါတယ်။ စိတ်ထဲမှာ ပျော်လည်းပျော်ပါတယ်။

အလင်းတန်းဂျာနယ်မှာ အပတ်စဉ်နီးပါး ဖော်ပြပေးရုံတင်မကဘဲ ရှေ့စာမျက်နှာကနေ တရိုတသေ လေးလေးစားစားနဲ့ ဖော်ပြပေးခဲ့တဲ့ ဆရာဦးဝင်းငြိမ်းကို အထူးပဲကျေးဇူးတင်ပါတယ်။

အလင်းတန်းဂျာနယ်မှာ မင်္ဂလာအတွေးများကို စောင့်မျှော်ဖတ်ရှု တဲ့ အလင်းတန်းစာဖတ်ပရိသတ်တွေကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။

တကယ်တော့ မင်္ဂလာအတွေးများကို ရှေးရှေးရဟန်းစာဆို၊ လူစာဆိုများ ရေးသားခဲ့ကြတဲ့ မင်္ဂလသုတ်ဆိုင်ရာ စာအုပ်များကို အစိကအားကိုးအားထားပြုပြီး ရေးရတာပါ။ တကယ်လို့သာ ဒီစာအုပ်များ မရှိခဲ့ရင် စာရေးသူအနေနဲ့ ဒီမင်္ဂလာအတွေးများကို ရေးသားနိုင်ဖို့ မလွယ်ပါဘူး။ ဒါကြောင့် မင်္ဂလသုတ်ဆိုင်ရာစာအုပ်များကို ရေးသားတော်မူတဲ့ ရဟန်းစာဆို၊ လူစာဆိုများရဲ့ ကျေးဇူးကိုတော့ အထူးဆိုဖွယ် မရှိတော့ပါဘူး။

အထူးသဖြင့် သပြေကန်ဆရာတော်ဘုရားကြီးရဲ့ ပရိတ်ကြီးနိဿယသစ်ကို လက်ကိုင်ထားပြီးရေးပါတယ်။ မင်္ဂလာမြန်မာပြန်များကိုလည်းဆရာတော်ဘုရားကြီးရဲ့ နိဿယကိုကြည့်ပြီး ပြန်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးဒီဇိုင်းကို အစအဆုံးအလှဆင်ပေးတဲ့ ပန်းချီကိုနေမျိုးဆေး၊ အတွင်းပန်းချီ (၃၈)ပုံကို ရေးဆွဲပေးတဲ့ ဗဂျီလင်းဝဏ္ဏ၊ တခြားစာအုပ်နဲ့နွယ်ရာ အားလုံးအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**ရဝေနွယ် (အင်းမ)**

## မွှမ်းမံတင်ဆက်သူ၏ကျေးဇူးစကား

ဆရာရဝေနွယ်(အင်းမ)က မင်္ဂလာအတွေးများဆိုပြီး လူငယ်ပရိသတ် များ ၃၈ ဖြာ မင်္ဂလာကို နားလည်လွယ်အောင် စကားပြေနဲ့ ရေးချင်တယ်လို့ စကားကမ်းလှမ်းလာစဉ်က ကျွန်တော်ကလည်း ရေးပါလို့ တိုက်တွန်းခဲ့ပါ တယ်။

ခုတော့ ၃၈ ဖြာ မင်္ဂလာကို မင်္ဂလာအတွေးများဆိုတဲ့ခေါင်းစဉ်နဲ့ ရေးသားခဲ့တာ အဆုံးသတ်သွားပါပြီ။ (ပရိသတ်များကတော့ ၃၆ ပုဒ်ကိုသာ ဖတ်ခွင့်ကြုံခဲ့ပါတယ်)

မင်္ဂလာအတွေးများကို အလင်းတန်းဂျာနယ်မှာ အပတ်စဉ် (အရှင် ဆန္ဒာဓိကရဲ့ဆောင်းပါးများ ဝင်လာတဲ့အပတ်ကလွဲရင်) ဖော်ပြပေးလိုက်တဲ့ အကျိုးဆက်ကတော့ အနယ်နယ်အရပ်ရပ်မှ စာဖတ်ပရိသတ်များရဲ့ ခရီးဦး ကြိုဆိုကြတဲ့ အသံများပါပဲ။ မင်္ဂလာအတွေးများကို စုစည်းပြီး တစု တပေါင်းတည်း ဖတ်ချင်တယ်လို့ တိုက်တွန်းကြတဲ့ ပရိသတ်ကလည်း အများကြီးပါ။ ဒီအစီအစဉ်ကိုတော့ ဆရာရဝေနွယ်(အင်းမ)ရဲ့ ဓမ္မစာစဉ် များကို အစဉ်တစိုက် တင်ဆက်ပေးနေတဲ့ ပုဂ္ဂိုလ်များက ဆောင်ရွက်ကြပါ လိမ့်မယ်။

ထူးထူးခြားခြား ပြည်ပကနေ ဝမ်းသာစကားဆိုတာနဲ့လည်း ကြုံရ ပါတယ်။ အင်္ဂလန်နိုင်ငံကို ရောက်ရှိနေတဲ့ မြန်မာအမျိုးသမီးတစ်ဦးထံမှ ဖြစ်ပါတယ်။ သူ အင်္ဂလန်ကိုရောက်ရှိနေတာ (၁၈)နှစ်ရှိပြီဖြစ်ကြောင်း၊ ဗုဒ္ဓရဲ့အဆုံးအမများကို လေ့လာလိုတဲ့အတွက် စာအုပ်စာတမ်း ရှာဖွေရာမှာ အခက်အခဲ ရှိခဲ့ကြောင်း၊ အလင်းတန်းဂျာနယ်ကို အင်တာနက်မှ ဖတ်ခွင့် ကြုံလိုက်တဲ့အတွက် အပတ်စဉ် ဖတ်ခဲ့ရကြောင်း၊ ရဝေနွယ်(အင်းမ)ရဲ့ မင်္ဂလာအတွေးများကို ဖတ်ရှုရတဲ့အခါမှာ သူ အင်မတန်ဖတ်ချင်နေတဲ့



ဗုဒ္ဓစာပေကို မြန်မာစာနဲ့ ဖတ်ခွင့်ရလိုက်တဲ့အတွက် အင်မတန်ပီတိ ဖြစ်မိ ပါကြောင်း၊ ဒီအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ပေးဖို့နဲ့ နောင်မှာလည်း လူကြီးလူငယ်မရွေး ဖတ်ရှုနိုင်တဲ့ ဒီလိုအစီအစဉ်မျိုးတွေကို တင်ဆက်ပေး ပါလို့ တိုက်တွန်းလိုက်တဲ့ အီးမေးလ်ပါပဲ။

ဒီအမျိုးသမီးက သူကိုယ်တိုင် ဖတ်ရှုတဲ့အခါ တခြားနိုင်ငံ အသီး သီးကို ရောက်ရှိနေတဲ့ မြန်မာမိတ်ဆွေများထံကိုလည်း ဆင့်ပွားပေးပို့တယ် လို့ ဆိုပါတယ်။ သူ့မိတ်ဆွေတစ်ဦးကဆိုရင် အလင်းတန်းဂျာနယ်ကို Download လုပ်ပြီး A4 Size စာရွက်ပေါ်မှာ Printout ထုတ်ကာ ဂျာနယ် အသေးစားလေးပုံစံလုပ်ပြီး ပေးတဲ့အကြောင်း၊ စာရွက်သေးသွား တဲ့အတွက် ဖတ်ရတဲ့ စာလုံးများ သေးငယ်သွားပေမယ့် လုံးဝမဖတ်ရတာ ထက်စာရင် ကျေနပ်စရာကောင်းပါကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

ပြည်တွင်းမှ စာဖတ်ပရိသတ်များသာမက ပြည်ပမှ စာဖတ်ပရိသတ် များပါ စိတ်ဝင်တစားရှိကြတယ်ဆိုလို့ ကျွန်တော်တို့မှာ အားတက်ရပါတယ်။ ဒီလိုအားတက်ရအောင် အပတ်စဉ် မပျက်မကွက် ရေးသားပေးခဲ့တဲ့ ဆရာ ရဝေနွယ်(အင်းမ)ကိုလည်း အလင်းတန်းဂျာနယ် အယ်ဒီတာအဖွဲ့ ကိုယ်စား လှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါတယ်။

**ဝင်းငြိမ်း**


**အလင်းတန်းဂျာနယ်**

**၁၉-၇-၂၀၀၄**

www.burmeseclassic.com

www.burmeseclassic.com







# [illegible] ၊၁၊

အသေဝနာစ ဗာလာနံ၊ ဧတံမင်္ဂလမုတ္တမံ။
လူမိုက်ကို မမှီဝဲမဆည်းကပ်ခြင်းသည်
မြတ်သောမင်္ဂလာမည်၏။
လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊
မမှီဝဲနဲ့ကောင်းအောင်နေ။

တစ်ခါတုန်းက ဗာရာဏသီပြည်မှာ သာမလို့ အမည်ရတဲ့ မင်းတစ်ပါး ရှိခဲ့ပါတယ်။ အဲဒီသာမမင်းမှာ အလွန်တော်တဲ့ မြင်းတစ်ကောင်လည်း [illegible] တယ်။ အဲဒီမြင်းရဲ့အမည်က ပဏ္ဍဝတဲ့။ မြင်းက သိပ်[illegible]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုယ်တိုင်ကလည်း မင်္ဂလာမြင်းအဖြစ် သတ်မှတ်ပေးထားပါတယ်။ မင်္ဂလာမြင်းဆိုတော့ သာမန်မြင်းတွေထက် အခွင့်အရေး ပိုရပါတယ်။

တစ်နေ့တော့ ဘယ်လိုအကြောင်းကြောင့် ရယ်တော့မသိဘူး၊ မင်္ဂလာမြင်းကို ထိန်းကျောင်းဖို့ မြင်းထိန်းတစ်ယောက်ရောက်လာပါတယ်။ မြင်းထိန်းရဲ့အမည်က ဂိရိဒတ္တတဲ့။ မင်္ဂလာမြင်းကို ထိန်းကျောင်းမယ့် ဂိရိဒတ္တဟာ မြင်းထိန်းပညာနဲ့ပတ်သက်ပြီး ဘယ်လောက်တော်တယ်၊ ဘယ်လောက်ကျွမ်းကျင်တယ်ဆိုတာ စာထဲမှာပြမထားလို့ မသိရပါဘူး။ ဒါပေမယ့် ဂိရိဒတ္တမှာ လူအများမြင်သာတဲ့ ထူးခြားချက်တစ်ခု ရှိနေပါတယ်။ အဲဒီထူးခြားချက်ကတော့ ခြေခွင်နေတာပါပဲ။

ဂိရိဒတ္တဟာ မြင်းထိန်းတစ်ယောက်ရဲ့တာဝန်တွေဖြစ်တဲ့ မြင်းစာကျွေးတာ၊ မြင်းရေချိုးတာ၊ သန့်ရှင်းရေးလုပ်တာ စသည်ဖြင့် မြင်းတစ်ကောင်လုံးနဲ့ဆက်စပ်သမျှကို တာဝန်ကျေအောင်လုပ်ပေးပါတယ်။

မြင်းထိန်းဂိရိဒတ္တလုပ်ရတဲ့အလုပ်တွေထဲမှာ မင်္ဂလာမြင်းကို မြင်းစားကျက်သွားကျောင်းပေးရတဲ့အလုပ်လည်း တစ်ခုပါပါတယ်။ ဒီတော့ ဂိရိဒတ္တလည်း မြင်းရဲ့နှာရှုပ်ကြိုးကိုကိုင်ပြီး ရှေ့ကနေ သွားပါတယ်။ မြင်းထိန်းဂိရိဒတ္တဟာ ခြေခွင်နေတဲ့သူဆိုတော့ လမ်းလျှောက်တဲ့အခါ ထော့နဲ့ထော့နဲ့နဲ့ပေါ့။ ဒါကို မင်္ဂလာမြင်းက သူ့ကို သင်တာပဲဆိုပြီး မြင်းထိန်းလျှောက်တဲ့အတိုင်း ထော့နဲ့ထော့နဲ့နဲ့ နောက်က လိုက်လျှောက်တယ်။ ကာလတစ်ခုလည်းကြာလာရော မင်္ဂလာမြင်းလည်း လမ်းလျှောက်တဲ့အခါ သူ့ထိန်းကျောင်းသူ မြင်းထိန်းအတိုင်း ထော့နဲ့ ထော့နဲ့ ဖြစ်သွားပါရောတဲ့။

တစ်နေ့တော့ မင်းချင်းတစ်ယောက်က မင်္ဂလာမြင်း ခြေထောက် ထော့နဲ့ထော့နဲ့ ဖြစ်နေတာကို တွေ့သွားပါတယ်။ ဒီတော့ မင်းကို မင်္ဂလာမြင်းခြေထောက် ထော့နဲ့ထော့နဲ့ဖြစ်နေတဲ့အကြောင်း သွားလျှောက်ပြပါတယ်။ မင်းကလည်း မြင်းခြေထောက်မှာ အနာတစ်ခုခု ဖြစ်လို့နေမှာပဲဆိုပြီး ဆေးဆရာတွေလွှတ်ပြီး ဆေးကုခိုင်းလိုက်ပါတယ်။ ဆေးဆရာ တွေက မင်္ဂလာမြင်းကို ခြေထောက်မှာဘာရောဂါဖြစ်နေသလဲဆိုတာ သေချာစစ်ဆေးကြည့်ကြတယ်။ အစကတည်းက ဘာရောဂါမှ မရှိတာ



ဆိုတော့ ဘာရောဂါမှလည်းမတွေ့ပါဘူး။ ဆေးဆရာတွေက မြင်းမှာ ဘာရောဂါမှ မရှိတဲ့အကြောင်း မင်းကိုလျှောက်ပြပါတယ်။ ဒီတော့မင်းက ဘုရားအလောင်းပညာရှိအမတ်ကို တစ်ဖန်ထပ်ကြည့်ခိုင်းပြန်ပါတယ်။

ဘုရားလောင်းပညာရှိအမတ်ကတော့ စဉ်းစားပါပြီ။ မြင်းမှာ ဘာရောဂါမှ မရှိဘူးဆိုတော့ တခြားအာရုံဘက်ကိုတွေးပြီး ရှာပါတယ်။ နောက်ဆုံးတော့ ထော့နဲ့ထော့နဲ့နဲ့ ခြေခွင်နေတဲ့မြင်းထိန်းကို သွားတွေ့ပါတယ်။ မြင်းထိန်းကိုတွေ့လိုက်တာနဲ့ ဘုရားအလောင်း ပညာရှိအမတ်က အဖြေကို ချက်ချင်းသိလိုက်ပါပြီ။ ဒါကြောင့်မင်းဆီသွားပြီး –

“ အရှင်မင်းကြီး အရှင်မင်းကြီးရဲ့ မင်္ဂလာမြင်း ခြေထောက် ထော့နဲ့ထော့နဲ့နဲ့ ဖြစ်ရတာဟာ သူ့ရဲ့မြင်းထိန်း ခြေထော့နဲ့ထော့နဲ့ဖြစ်တာကို အတုလိုက်ပြီး ဖြစ်သွားတာပါဘုရား”

“ ဒါဆို ယခင်အတိုင်း ပြန်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲ ”

“ ဒါကလွယ်ပါတယ်ဘုရား၊ ခန္ဓာကိုယ်ကောင်းမွန်တဲ့ မြင်းထိန်းယောကျ်ားတစ်ယောက်ကို မြင်းရဲ့နှာရှုပ်ကြိုးကိုကိုင်ပြီး ရှေ့ကနေ သွားခိုင်းပေးပါဘုရား၊ ဒါဆို ယခင်အကောင်းအတိုင်း ပြန်ဖြစ်သွားပါလိမ့်မည်ဘုရား ”

မင်းလည်း ဘုရားအလောင်းပြောတဲ့အတိုင်း ပြုလိုက်တာ မင်္ဂလာမြင်းဟာ ယခင်အကောင်းအတိုင်း ပြန်ဖြစ်သွားပါသတဲ့။

**(ငါးရာငါးဆယ်ဇာတ်ဝတ္ထု – ဂိရိဒတ္တဇာတ်)**

‘ခတ်ဆိုတာကူးဆက်တတ်တဲ့သဘောရှိတယ်’ဆိုတာ ဒီဓမ္မပုံဝတ္ထုလေးက အလွယ်ဆုံးနည်းနဲ့ ပြလိုက်တာပါပဲ။ တကယ်ဆို မင်္ဂလာစည်းကမ်းအရ လူမိုက်ကိုမမှီဝဲ မဆည်းကပ်ခြင်းသည် မင်္ဂလာမည်တယ်ဆိုတဲ့အတိုင်း လူမိုက်ကိုမှီဝဲဆည်းကပ်လို့ အကျိုးပျက်စီးသွားရတဲ့ သာဓကဝတ္ထုတစ်ပုဒ်လောက်ကိုထုတ်ပြလိုက်ဖို့ပါ။ ဒါပေမယ့် ခတ်ဆိုတာ ကူးဆက်တတ်တဲ့ သဘောရှိတယ်ဆိုတာလေးကို ပြောချင်စိတ်က အာရုံ ညွှတ်နေတာနဲ့ ဒီဓမ္မပုံဝတ္ထုလေးကိုပဲ ထုတ်ပြလိုက်တာပါ။ ပြီးတော့ မကြာသေးခင်က တိပိဋကဆရာတော်ဘုရားရဲ့ ‘ခတ်’ ဆောင်းပါးနဲ့ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)ရဲ့ ‘ခတ်’ဆောင်းပါးလေးကို

www.burmeseclassic.com



ဖတ်ထားရတာ လည်းပါပါတယ်။ ယောဆရာတော်ဘုရားက အရှင်ဇနကာဘိဝံသရဲ့ ခေတ်ကူးဆက်ချင်ပါတယ်တဲ့။ အရှင်ဆန္ဒာဓိကက လည်း ယောဆရာတော် ဘုရားရဲ့ခေတ်ကူးဆက်ချင်ပါတယ်တဲ့။

စာရေးသူကလည်း ယောဆရာတော်ဘုရားရဲ့ခေတ်နဲ့ အရှင်ဆန္ဒာဓိကရဲ့ခေတ် ကူးဆက်ချင်ပါတယ်။ ဟုတ်လည်းဟုတ်ပါတယ်။ စာရေးသူ အရှင်နှစ်ပါးဆီရောက်ဖြစ်တဲ့အခါ အရှင်တို့ရဲ့ ခေတ်ကလေးတွေ နာရီပိုင်းလောက်အထိ ကူးဆက်နေတတ်ပါတယ်။ အဲဒီအချိန်လေးမှာ ငြိမ်းအေးမှုတစ်ခုခုကိုတော့ ရနေခဲ့ပါတယ်။ ဒါပေမယ့် ကိုယ့်နေရာ ပြန်ရောက်တဲ့အခါမှာတော့ ခေတ်တွေပြန်ပျောက်သွားတာတော့အမှန်ပါ။

ဗုဒ္ဓခေတ်ကို အာရုံပြုကြည့်လိုက်ပါ။ အရှင်သာရိပုတ္တရာက ပညာကြီးတော့ သူ့ရဲ့တပည့်တွေကလည်း ပညာကြီးကြပါတယ်။ အရှင်မောဂ္ဂလာန်က တန်ခိုးကြီးတော့ သူ့ရဲ့တပည့်တွေကလည်း တန်ခိုးကြီးကြပါတယ်။ ဒေဝဒတ်က အလိုဆိုးရှိတော့ သူ့ရဲ့တပည့်တွေကလည်း အလိုဆိုးရှိကြပါတယ်။ ဒါခေတ်ကူးသွားတဲ့သဘောပါ။

မျက်မှောက်ခေတ်မှာလည်း ဒီအတိုင်းပါပဲ။ ကိုယ့်ဝန်းကျင်မှာ ပညာတတ်တွေရှိနေရင် ပညာတတ်ဖြစ်သွားတတ်ပါတယ်။ ကိုယ့်ဝန်းကျင်မှာ စီးပွားရေးသမားတွေရှိနေရင် စီးပွားရေးသမား ဖြစ်သွားတတ်ပါတယ်။ ကိုယ့်ဝန်းကျင်မှာ နိုင်ငံရေးသမားတွေရှိနေရင် နိုင်ငံရေးသမား ဖြစ်သွားတတ်ပါတယ်။ ကိုယ့်ဝန်းကျင်မှာ ဂမ္ဘီရသမားတွေရှိနေရင် ဂမ္ဘီရသမား ဖြစ်သွားတတ်ပါတယ်။ ကိုယ့်ဝန်းကျင်မှာ မသမာတဲ့နည်းနဲ့ စီးပွားရှာတဲ့သူတွေ ရှိနေရင် ကိုယ်ကိုယ်တိုင်လည်း မသမာတဲ့နည်းနဲ့ စီးပွားရှာသူဖြစ်သွားတတ်ပါတယ်။

ခေတ်ဆိုတာ ကူးဆက်တတ်တဲ့သဘောရှိတယ် ဆိုပေမယ့် ခေတ်ကောင်းနဲ့ခေတ်ညံ့မှာ ခေတ်ညံ့က ပိုပြီး ကူးဆက်မြန်ပါတယ်။ ဒါကြောင့် ခေတ်ညံ့ရှိတဲ့သူကို မမှီဝဲမဆည်းကပ်ခြင်းဟာ မင်္ဂလာတရားနဲ့ အညီနေထိုင်နေတာပါပဲ။

စာမှာတိုက်ရိုက်ပြတာကတော့ လူမိုက်ကိုမမှီဝဲမဆည်းကပ်ပါနဲ့တဲ့။

ဒီတော့လူမိုက်ဆိုတာဘာလဲ?



သူတစ်ပါး အသက်သတ်သူ၊ သူတစ်ပါးဥစ္စာခိုးသူ၊ သူတစ်ပါးပစ္စည်းကို လုယက်ဓားပြတိုက်သူ စသည်ဖြင့် မြင်လိုက်ကြမှာပါ။

မြတ်စွာဘုရားကတော့ လူမိုက်ဆိုတာကို ဒီလိုဖွင့်ပြထားပါတယ်။

၁။ မကောင်းတာတွေးနေတဲ့သူ။

၂။ မကောင်းတာပြောနေတဲ့သူ။

၃။ မကောင်းတာလုပ်နေတဲ့သူ။

အဲဒီအင်္ဂါသုံးပါးနဲ့ ညီနေရင် ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပဲချမ်းသာချမ်းသာ၊ ပညာတွေဘယ်လောက်ပဲတတ်တတ်၊ အနုပညာအရ ဘယ်လောက်ပဲအောင်မြင်မှုတွေ ရှိနေရှိနေ၊ ရာထူး အာဏာ ဂုဏ်သိန် တန်ခိုးသတ္တိတွေဘယ်လောက်ပဲ ရှိနေရှိနေ၊ မြတ်စွာဘုရားရဲ့အလိုအရတော့ လူမိုက်ပါပဲတဲ့။

မင်္ဂလာတရားတော်နဲ့အညီ လူမိုက်လက္ခဏာတွေ ရှိနေတဲ့သူကို မမှီဝဲမဆည်းကပ်ဘဲတော့နေပါရဲ့။ ဒါပေမယ့်ကိုယ်ကိုယ်တိုင်ကတော့ မကောင်းတာတွေးနေမယ်၊ မကောင်းတာပြောနေမယ်၊ မကောင်းတာပြုလုပ်နေမယ်ဆိုရင်တော့ ကိုယ်ကိုယ်တိုင် လူမိုက်ဖြစ်နေပြီး တကယ့်အတွင်းလူမိုက်နဲ့ပေါင်းနေတာပါပဲ။ အမှန်တကယ်တော့ ကိုယ်ကိုယ်တိုင် လူမိုက်မဖြစ်အောင်နေတတ်ဖို့က အဓိကပါ။

ဒီတော့ ညအိပ်ရာဝင်ရင် နဖူးပေါ်လက်တင်ပြီး ဒီနေ့တစ်နေ့တာ ရဲ့ အတွေးအခေါ် အပြောအဆို အပြုအမူတွေကို စဉ်းစားကြည့်လိုက်ပါ။

'ငါ ဒီနေ့တစ်နေ့တာ မကောင်းတာတွေတွေးဖြစ်လား..? မကောင်းတာတွေပြောဖြစ်လား..? မကောင်းတာတွေပြုလုပ်ဖြစ်လား..?'

တကယ်လို့များ တစ်နေ့တာရဲ့အချိန်ကာလတစ်ခုမှာ မကောင်းတာတစ်ခုခု တွေးမိပြောမိပြုမိခဲ့တယ်ဆိုရင်တော့ ကိုယ့်ကိုယ်ကို အားနာမှုကင်းစွာနဲ့ လူမိုက်လို့ပဲ သတ်မှတ်လိုက်ပါတော့။ ။

အလင်းတန်းဂျာနယ်

၂၅-၈-၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com









# မင်းသာရတွေ့များ

**ပဏ္ဍိတာနဥ္စ သေဝနာ၊ ဧတံမင်္ဂလ မုတ္တမံ။**
**ပညာရှိကို မှီဝဲဆည်းကပ်ခြင်းသည်**
**ကောင်းမြတ်သော မင်္ဂလာမည်၏။**
**ပညာရှိကို အရှည်တွဲလို့၊**
**မှီဝဲဆည်းကပ်နည်းယူလေ။**

တစ်ခါတုန်းက ဘောဇမင်းဆိုတာရှိခဲ့ဖူးပါတယ်။ သူ့ရဲ့ အားကိုးရတဲ့ ပညာရှိအမတ်ကြီးကတော့ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ကာလိဒါသ အမတ်ကြီးပါ။

တစ်နေ့မှာတော့ ဘောဇမင်းဟာ သူ့ရဲ့မင်္ဂလာဥယျာဉ်အတွင်းကို ဘာရယ်တော့မဟုတ်ပါဘူး၊ ထွက်ခဲ့ပါတယ်။ ပျင်းလို့လည်းဖြစ်နိုင်ပါတယ်။ ဒီလိုနဲ့ ဥယျာဉ်ထဲလျှောက်လည်ရင်း ပန်းရုံတစ်ခုရဲ့အနီးမှာ အပျိုတော်နှစ်ယောက် တိုးတိုး တိုးတိုးနဲ့ စကားပြောနေတာတွေ့လိုက်ပါတယ်။

အပျိုတော်နှစ်ယောက် တိုးတိုး တိုးတိုးနဲ့ ပြောနေတာကို မြင်ရတော့

www.burmeseclassic.com

www.burmeseclassic.com



ဘောဇမင်းက သူတို့ဘာတွေပြောနေတယ်ဆိုတာ သိချင်စိတ် ဖြစ်သွားတယ်တဲ့။ ဒီတော့ ဘောဇမင်းလည်း အပျိုတော်နှစ်ယောက်ရဲ့အနီးကို ကပ်သွားလိုက်ပါတယ်။ ဒါပေမယ့် ဘောဇမင်း အပျိုတော်နှစ်ယောက် အနားရောက်ခါနီးမှာပဲ အပျိုတော်နှစ်ယောက်ဆီက 'လူမိုက်လာပြီ'ဆိုတဲ့ အသံတစ်ခုထွက်လာပါတယ်။ ဘောဇမင်းလည်း ရှေ့ဆက် မသွားရဲတော့ဘဲ ရောက်နေတဲ့နေရာကပဲ လှည့်ပြန်ခဲ့ရပါတယ်။

အပျိုတော်နှစ်ယောက်ပြောလိုက်တဲ့ 'လူမိုက်လာပြီ'ဆိုတဲ့ စကား ဟာ ဘောဇမင်းရဲ့နားထဲက လုံးဝမထွက်တော့ပါဘူး။

'ဒီအပျိုတော်တွေဟာ ငါ့ရဲ့မောင်းမမိဿံတွေပဲ။ ငါကဲ့သို့ မင်းလာတာတောင် လူမိုက်လာပြီလို့ ပြောလိုက်တာ အကြောင်းမဲ့တော့ မဟုတ်လောက်ဘူး။ စင်စစ် ငါ့ကို လူမိုက်လို့ပြောရလောက်အောင် အကြောင်းတစ်ခုခုတော့ ရှိရမယ်။ သူတို့ကိုပြန်မေးဖို့ကျပြန်တော့လည်း မသင့်ပြန်ဘူး။ အင်း...ဘယ်လိုလုပ်ရပါ့'

ဘောဇမင်းက နန်းတော်ပြန်ရောက်တော့ ပြဿနာရဲ့အဖြေကို ကိုယ်တိုင်စဉ်းစားပါတယ်။အပြန်ပြန်အလှန်လှန်နဲ့ အကြိမ်ကြိမ် စဉ်းစားပါတယ်။ ဒါပေမယ့် အဖြေက ထွက်မလာပါဘူး။ ကိုယ်တိုင်စဉ်းစားခြင်းဟာ အဖြေတစ်ခုတော့ ရတတ်မြဲဆိုတဲ့အတိုင်း ဘောဇမင်းအတွက် အကျိုးမဲ့ အချိန်ကုန်မှုမျိုးတော့ ဖြစ်မသွားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စဉ်းစားရင်းနဲ့ ကိုယ်တိုင်အဖြေမရှာတတ်ပေမယ့် ဘယ်သူ့ဆီက အဖြေ ရနိုင်တယ်ဆိုတာ စဉ်းစားရင်း သိလိုက်လို့ပါပဲ။

ဘောဇမင်းဟာ နောက်တစ်နေ့ ညီလာခံသဘင်မှာ ဘယ်သူမှ မရောက်ခင် သူကဦးအောင် ရောက်နေလိုက်ပါတယ်။

ညီလာခံသဘင်ထဲကို မှူးမတ်တွေဝင်လာတိုင်း ဝင်လာတိုင်း ဘောဇမင်းက 'လူမိုက်လာပြီ'လို့ချည်း ဆီးဆီးပြောနေပါတော့တယ်၊ မှူးမတ်တွေလည်း ဘောဇမင်းက 'လူမိုက်လာပြီ'လို့ ဆီးဆီးပြောနေတော့ ငါတို့ ဘာအပြစ်တွေများ လုပ်ထားမိပါလိမ့်ဆိုပြီး အယောင်ယောင် အမှားမှားနဲ့ လန့်ဖြန့်ပြီး ကိုယ့်နေရာကိုယ် အမြန်ထိုင်လိုက်ကြပါတယ်။

မကြာခင်မှာဘဲ ကာလီဒါသအမတ်ကြီးဝင်လာပါတယ်။ ဘောဇမင်းကလည်း ရှေ့မှူးမတ်တွေ ပြောခဲ့တဲ့အတိုင်း ဆီးပြောလိုက်ပါတယ်။



"လူမိုက်ကြီးလာပြီ"

ကာလီဒါသအမတ်ကြီးဟာ ဘောဇမင်းရဲ့စကားသံ ကြားလိုက်ပေမယ့် ဣန္ဒြေမပျက် မတ်တပ်ရပ်ရင်းပဲ ပြန်လျှောက်လိုက်ပါတယ်။

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးကို ဘာဖြစ်လို့ လူမိုက်လို့ ခေါ်ရတာလည်း၊ ကျွန်တော်မျိုးဟာ လူနှစ်ယောက် တိုးတိုးတိတ်တိတ် တိုင်ပင်နေတဲ့ နေရာကို သုံးယောက်ဖြစ်အောင် အလိုက်ကန်းဆိုးမသိ မသွားခဲ့ဖူးပါဘူး"

ကာလီဒါသ ပညာရှိအမတ်ကြီးရဲ့ စကားကြားလိုက်တော့မှ ဘောဇမင်းလည်း 'သြော်...ငါက တိုးတိုးတိတ်တိတ်နဲ့ လူနှစ်ယောက် တိုင်ပင်နေတဲ့နေရာကို သွားခဲ့မိတာကိုး'လို့ တွေးပြီးအဖြေကို သဘောပေါက်သွားပါတော့တယ်။

မင်္ဂလာ၊ (နောင်ရိုးဦးတိုးမြင့်၊ ရေနံချောင်းမြို့)

ဒီပုံဝတ္ထုလေး ထုတ်ပြလိုက်ရတာကတော့ လူမိုက်ဆိုတဲ့ အဓိပ္ပါယ်ကို သိစေချင်လို့ မဟုတ်ပါဘူး။ 'လူမိုက်'ဆိုတဲ့ အဓိပ္ပါယ်ကို ဖွင့်ဖော်ပေးနိုင်တဲ့ ပညာရှိတစ်ယောက်ရဲ့ တန်ဘိုးကိုသိစေချင်လို့ပါ။

လောကမှာ ကိုယ်သိပ်သိချင်နေတဲ့ အဖြေတစ်ခုကို သိခွင့်ရလိုက်တာဟာ ဘယ်လိုမှ တန်ဘိုးမဖြတ်နိုင်တဲ့ ရလဒ်တစ်ခုပါ။ ဘောဇမင်း လည်း ကာလီဒါသ ပညာရှိအမတ်ကြီးကို အမှီပြုပြီး သိခွင့်ရလိုက်တဲ့ အဖြေဟာ ဘယ်လိုမှ တန်ဘိုးမဖြတ်နိုင်တဲ့ ရလဒ်တစ်ခုလို့ ခံစားလိုက်ရမှာတော့ အသေအချာပါ။

မူရင်း မင်္ဂလာစည်းကမ်းကို သွားရအောင်ပါ။

ပညာရှိကို မှီဝဲဆည်းကပ်ပါတဲ့။

ပညာရှိဆိုတာ ဘာလဲ ?

ရှေ့မှာပြောခဲ့တဲ့ လူမိုက်လက္ခဏာကို ပြောင်းပြန်လှန်လိုက်ရုံပါပဲ။ မြတ်စွာဘုရားက ပညာရှိဆိုတာကို ဒီလိုဖွင့်ပြထားပါတယ်။

၁။ ကောင်းတာတွေးနေတဲ့သူ။

၂။ ကောင်းတာပြောနေတဲ့သူ။

၃။ ကောင်းတာလုပ်နေတဲ့သူ။

www.burmeseclassic.com

www.burmeseclassic.com



အများကြားဖူးနေတဲ့ ပါဠိစကားနဲ့ ပြောရရင်တော့ ကာယကံ၊ ဝစီကံ၊ မနောကံကို သတိကပ်ပြီး ထိန်းသိမ်းနေတဲ့သူပါ။

အဲဒီလို လက္ခဏာသုံးပါးနဲ့ ပြည့်စုံနေတဲ့ ပညာရှိကို မှီဝဲ ဆည်းကပ်နေခြင်းဟာ ကိုယ့်အတွက် မင်္ဂလာတစ်ပါး ရှိနေတာပါပဲတဲ့။

ပညာရှိဆိုတဲ့နေရာမှာ အပြင်ပညာရှိနဲ့ အတွင်းပညာရှိဆိုပြီး နှစ်ယောက်ရှိပါတယ်။အပြင်ပညာရှိဆိုတာကတော့ ကိုယ့်ခန္ဓာကိုယ်နဲ့ မဆက်စပ်တဲ့ ကာလီဒါသလို ပညာရှိမျိုးပါ။ အတွင်းပညာရှိဆိုတာကတော့ ပြင်ပမှာမရှိပါဘူး။ ကိုယ့်သန္တာန်မှာပဲရှိပါတယ်။ ကိုယ်ကိုယ်တိုင်က ကောင်းတာလေးတွေတွေး၊ ကောင်းတာလေးတွေပြော၊ ကောင်းတာလေး တွေ လုပ်နေမယ်ဆိုရင် ကိုယ်ကိုယ်တိုင် ပညာရှိဖြစ်နေပါတယ်။ အဲဒီလို ကိုယ်ကိုယ်တိုင် ပညာရှိလက္ခဏာနဲ့ ညီအောင်နေနေလိုက်ခြင်းဟာ အတွင်းပညာရှိကို မှီဝဲဆည်းကပ်နေတာပါပဲ။

အပြင်ပညာရှိဆိုတာ ကိုယ်နဲ့ အစဉ်သဖြင့် အတူတကွ ရှိမနေနိုင်ပါဘူး။ အတွင်းပညာရှိကတော့ ကိုယ်နဲ့အစဉ်သဖြင့် အတူတကွ ရှိနေနိုင်ပါတယ်။ ကိုယ်ကိုယ်တိုင်ပညာရှိဖြစ်အောင် တည်ဆောက်လိုက်တာက ပိုပြီးအာမခံချက်ရစေပါတယ်။

လောလောဆယ် ကိုယ့်သန္တာန်မှာ ပညာရှိလက္ခဏာ မရှိသေးရင်လည်း စိတ်ပျက်စရာမလိုပါဘူး။ ပုထုဇဉ်တွေဆိုတော့ လူမိုက်လက္ခဏာတွေ အခါအခွင့်သင့်တိုင်း ဖြစ်နေမှာပါ။ စိတ်မပျက်ပါနဲ့။ ပညာရှိဖြစ်ဖို့အတွက် တစ်ခုပဲလိုပါတယ်။ အဲဒါကတော့ 'သတိ'ပါပဲ။

ဆိုကြပါစို့။

ပုထုဇဉ်ပီပီမကောင်းတာတွေးမိပြီဆိုပါတော့။

အဲဒီမကောင်းတာတွေးနေတဲ့ စိတ်ကလေးကို သတိကပ်ပြီး သိလိုက်ဖို့ပါ။သိလိုက်တာနဲ့ မကောင်းတာတွေးနေတဲ့ စိတ်ကလေးကို 'မကောင်းတာတွေးနေတဲ့စိတ်ကလေးကဘယ်လိုလေးလဲ၊ ဘယ်လိုလေးတွေးနေတာလဲ' စသည်ဖြင့် ဖြစ်နေတဲ့စိတ်ရဲ့ သဘောလေးအထိ မိအောင် အာရုံညွှတ်ပြီး "တွေးတယ်၊ တွေးတယ်"လို့ အချက်နှစ်ဆယ်လောက် မှတ်ပစ်လိုက်ပါ။



အစမှာတော့ နည်းနည်းခက်ချင်ခက်မယ်။ မှတ်ပါများလာရင် တော့ လွယ်သွားပါလိမ့်မယ်။ အဲဒီလိုမှတ်ပါများလာရင် အကုသိုလ် တွေးကြောတွေ တိုတိုသွားပါလိမ့်မယ်။ တိုရာကနေလျော့၊ လျော့ရာကနေ ပျောက်ပြီး ပညာရှိလက္ခဏာတွေ ဆင့်ကာဆင့်ကာ ဝင်လာပါလိမ့်မယ်။

ဒီလိုပါပဲ မကောင်းတာတွေ ပြောမိလုပ်မိရင်လည်း ပြောမိ၊ လုပ်မိတာနဲ့ သိလိုက်ပြီး "ပြောတယ်၊ ပြောတယ်" "လုပ်တယ်၊ လုပ်တယ်"လို့ မှတ်ပစ်လိုက်ဖို့ပါ။

ပညာရှိလက္ခဏာ လေးပိုင်း နှစ်ပိုင်းမပြောနဲ့ နာရီပိုင်း မိနစ်ပိုင်းလေး ဝင်လိုက်တယ်ဆိုရင်ပဲ ကိုယ့်အတွက် ဘယ်လောက်ငြိမ်းချမ်းမှု ရလိုက်တယ်ဆိုတာ ပညာရှိလက္ခဏာဝင်ဖူးသူတိုင်းသိကြပါတယ်။ ပညာရှိလက္ခဏာ ဝင်တဲ့နေ့ဟာ ကိုယ့်အတွက် မင်္ဂလာရှိတဲ့နေ့တစ်နေ့ပါပဲလေ။

❖ ❖ ❖ ❖ ❖

ဟိုး...ဟိုး... စာဖတ်သူ ခဏနေပါဦး။ လူနှစ်ယောက် တိုးတိုးတိတ်တိတ် တိုင်ပင်နေတဲ့နေရာကို သုံးယောက်ဖြစ်အောင် အလိုက်ကန်းဆိုးမသိ မသွားမိစေနဲ့နော်။ အဲဒါလေးတော့ တိုးတိုးတိတ်တိတ် မှာလိုက်ပါရစေ။

အလင်းတန်းလျှာနယ်
၁.၉.၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com



# မင်္ဂလာတွေးများ

(၃)

ပူဇာစ ပူဇနေယျာနံ၊ ဧတံမင်္ဂလ မုတ္တမံ။
ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည်
မြတ်သောမင်္ဂလာမည်၏။
သုံးပါးရတနာ မိဘများနှင့်၊
ဆရာသမားကို ပူဇော်လေ။

တစ်ခါတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်နေပါတယ်။ အဲဒီအချိန်မှာ ဘုရားအလောင်းကို ဥဒိစ္စပုဏ္ဏားမျိုးမှာ မွေးဖွားပါတယ်။ ဘုရားအလောင်းမွေးဖွားတဲ့နေ့မှာပဲ သူ့ရဲ့မိဘတွေက ပုဏ္ဏားတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘာသာခလေ့တစ်ခုအတိုင်း မီးတစ်ခုကို ဖိုလေးတစ်ခုနဲ့ ပျိုးထားလိုက်ပါတယ်။ ဘုရားလောင်းရဲ့မိဘတွေဟာ မီးပျိုးတဲ့နေ့ကစပြီး ပျိုးထားတဲ့မီး ငြိမ်းမသွားစေအောင် လောင်စာမျိုးစုံနဲ့ မီးဆက်ခဲ့ပါတယ်။ ဒီလိုနဲ့ တစ်ဆယ့်ခြောက်နှစ် ကြာလာခဲ့ရော ဆိုပါတော့။

မီးရဲ့အသက်ဟာ တစ်ဆယ့်ခြောက်နှစ်ပြည့်ခဲ့သလို ဘုရားအလောင်းရဲ့အသက်ဟာလည်း တစ်ဆယ့်ခြောက်နှစ်ပြည့်ခဲ့ပါတယ်။ အဲဒီလို သက်ရှိသက်မဲ့နှစ်ခု တစ်ဆယ့်ခြောက်နှစ်မြောက်တဲ့နေ့မှာပဲ ဘုရားအလောင်းရဲ့ မိဘတွေက သူတို့သားကို ပုဏ္ဏားတွေရဲ့ အစဉ်အလာ စကားတစ်ခုကို ဆိုလာပါတယ်။

"ချစ်သား သင်ဟာတစ်ဆယ့်ခြောက်နှစ်ပြည့်ခဲ့ပြီ။ သင်ချစ်သားမွေးတဲ့နေ့ကစပြီး ပျိုးခဲ့တဲ့မီးဟာလည်း တစ်ဆယ့်ခြောက်နှစ်ပြည့်ခဲ့ပြီ။ သင်ချစ်သားဟာ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေမယ်ဆိုရင် ပျိုးထားတဲ့မီးကို ငြိမ်းလိုက်ပြီး ဗေဒင်သုံးပုံကို သင်ပါတော့။ တကယ်လို့ ဗြဟ္မာ့ပြည်ကိုရောက်လိုတယ်ဆိုရင်တော့ သင့်အတွက်ပျိုးထားတဲ့မီးကို ယူပြီး တောထဲဝင်ပါ။ တောထဲမှာပဲ မီးကိုလုပ်ကျွေးပူဇော်ပါ။ ဒါဆို သင်ချစ်သားကို ဗြဟ္မာကြီးတွေက နှစ်သက်သဘောကျပြီး ဗြဟ္မာ့ပြည်ကို လာဖို့ခေါ်ပါလိမ့်မယ်"

ဘုရားအလောင်းက မိဘတွေရဲ့စကားကြားရတော့ 'ကျွန်တော် အိမ်ထောင်မပြုလိုပါဘူး၊ မီးကိုပဲလုပ်ကျွေးပူဇော်ပါ့မယ်'လို့ ပြန်ပြောလိုက်ပါတယ်။ ပြီးတော့ သူ့အတွက်ပျိုးထားတဲ့မီးကို ယူခဲ့ပြီး တောထဲကို ဝင်ခဲ့ပါတယ်။ သင့်လျော်တဲ့ ကျောင်းကလေးတစ်ဆောင်လည်း ဆောက်လိုက်ပါတယ်။

ဘုရားအလောင်းလည်း တောထဲရောက်တဲ့နေ့ကစပြီး မီးကို မငြိမ်းအောင် လောင်စာအမျိုးမျိုးနဲ့ ပူဇော်နေခဲ့ပါတယ်။ သူတို့ခေတ်က စကားအတိုင်းပြောရရင် မီးကိုလုပ်ကျွေးနေတယ်လို့ခေါ်ပါတယ်။ အဲဒီခေတ်ကတော့ အကျင့်ကောင်းအကျင့်မြတ်အဖြစ် တန်ဖိုးထားကျင့်ကြတဲ့ ကျင့်စဉ်တစ်ခုပါ။

တစ်နေ့တော့ ဘုရားအလောင်းဟာ ကံကောင်းထောက်မစွာ



ရွာတစ်ရွာက နွားတစ်ကောင်ရခဲ့ပါတယ်။ ဘုရားအလောင်းဟာ နွားကို ရတယ်ဆိုရင်ပဲ သူစားဖို့ထက် သူပူဇော်လုပ်ကျွေးနေတဲ့ မီးကိုပဲ ဦးစွာ သတိရပါတယ်။ ဘုန်းကြီးသောမီးကို နွားသားကျွေးမယ်ပေါ့။ ကျောင်းပြန်ရောက်တော့ ဘုရားအလောင်းက တစ်ခါထပ်စဉ်းစားပြန်ပါတယ်။ 'ဘုန်းကြီးတဲ့ မီးဟာ နွားသားချည်းသက်သက် စားချင်မှာမဟုတ်ဘူး။ ဆားလေးပါမှ သဘောကျမယ်ထင်တယ်။ ရွာပြန်ပြီး ဆားရှာဦးမှပဲ'ဆိုပြီး နွားကို ဘုန်းကြီးတဲ့မီးနဲ့ မလှမ်းမကမ်းတိုင်တစ်ခုမှာချည်ပြီး ရွာကို ထွက်ခဲ့ပါတယ်။

ဘုရားအလောင်း ရွာကိုထွက်သွားပြီး မကြာခင်မှာဘဲ မုဆိုးတွေ ကျောင်းကိုရောက်လာပါတယ်။ မုဆိုးတွေကနွားကိုမြင်လိုက်တယ်ဆိုရင်ပဲ 'ဒီနေ့တော့ ငါတို့ကံကောင်းတာပဲ၊ သားကောင် သီးသန့်ရှာစရာ မလိုတော့ဘူး၊ ဒီနွားဟာ ငါတို့အတွက် သားကောင်ပဲ'ဆိုပြီး နွားကိုသတ်လိုက်ကြပါတယ်။ ပြီးတော့ မုဆိုးတွေဟာ အဲဒီနေရာမှာပဲ နွားကိုဖျက် သူတို့အတွက် အသုံးမလိုတဲ့ အမြီး၊ အရိုး၊ အရေတွေကို မီးနားမှာစွန့်ပုံ၊ အသုံးတည့်မယ့် အသားလောက်ကိုပဲယူပြီး ထွက်သွားကြပါတယ်။

ဘုရားအလောင်းပုဏ္ဏား ပြန်ရောက်တယ်ဆိုရင်ပဲ မြင်ကွင်းကို ကြည့်ပြီး တစ်ခါမှမတွေးဘူးတဲ့ အတွေးသစ်တစ်ခု ဝင်လာပါတယ်။ သူ့အတွေးက ဒီလိုပါ။

"ဘုန်းရှိတယ်ဆိုတဲ့ဒီမီးဟာ ကိုယ့်အတွက်ရည်စူးထားတဲ့ နွားကို တောင် မစောင့်ရှောက်နိုင်တာ ငါ့ကိုစောင့်ရှောက်ဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မလဲ၊ ဒီမီးကို ပူဇော်နေလို့ ငါ့အတွက် ကုသိုလ်လည်းမဖြစ်နိုင်ဘူး၊ အစီး အပွားလည်းမဖြစ်နိုင်ဘူး၊ အကျိုးမရှိတဲ့ကျင့်စဉ်တစ်ခုကို ငါစွန့်လွှတ်ဖို့ အချိန်တန်ပြီ"

ဘုရားအလောင်းဟာ အဲဒီလိုတွေးရုံတင်မကဘဲ ချက်ချင်း အပြုအမူ တစ်ခုကိုလည်း ထလုပ်လိုက်ပါတယ်။

ဘုရားအလောင်းဟာ မုဆိုးတွေချန်ခဲ့တဲ့ ပစ္စည်းတွေထဲက နွားမြီးကိုယူလိုက်ပြီး မီးထဲကို ပစ်ချရင်း နှုတ်ကလည်း 'ယုတ်မာတဲ့မီးရေ နွားမြီးနဲ့ပဲ နောက်ဆုံး ပူဇော်လိုက်ပါရစေတော့၊ သင့်ကို အသားနဲ့ ပူဇော်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ၊ ဒါပေမယ့် အခု အသားကမရှိတော့ပါဘူး၊ ရော့ ... နွားမြီးကိုပဲ ခံယူလိုက်ပါတော့’လို့ ပြောလိုက်ပါတယ်။

ခဏနေတော့ ဘုရားအလောင်းဟာ အနီးမှာရှိတဲ့ ရေပုံးနဲ့ ရေခပ်ပြီး သူ့အမြတ်တနိုး ရှိရိုသေသေ ပူဇော်ခဲ့တဲ့ မီးကိုရေနဲ့လောင်းပြီး ငြိမ်းသတ်ပစ်လိုက်ပါတော့တယ်။ နောက်–ရသေ့ရဟန်းပြုပြီး တရားကျင့်လိုက်တာ အဘိညာဉ်သမာပတ်တွေရပြီး ဗြဟ္မာ့ပြည်ရောက်သွားတယ်လို့ ဆိုပါတယ်။

(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု – နင်္ဂုဋ္ဌဇာတ်)

အမှန်က ပူဇော်ထိုက်သူကို ပူဇော်လို့ အကျိုးသက်ရောက်မှု တစ်ခုခုရသွားတဲ့ သာဓကဝတ္ထု တစ်ပုဒ်ကို ထုတ်ပြလိုက်ဖို့ပါ၊ ထုတ်ပြဖို့ သာဓကဝတ္ထုလေးတွေ စဉ်းစားလိုက်တော့ ခေါင်းထဲကို အပုဒ်နှစ်ဆယ်ကျော်လောက် ဝင်လာပါတယ်။ ပြီးတော့ ဝင်လာတဲ့နှစ်ဆယ်ကျော်ကလည်း လက်ရွေးစင်တွေချည်းပါပဲ။ စိတ်ထဲမှာလည်းပျော်သွားပါတယ်။ ကုန်ကြမ်းတွေ အများကြီးပေါ့။ ဒါပေမယ့် တကယ်တမ်း ရေးမယ်လို့ ဘောလ်ပင်ကိုင်လိုက်တော့ တစ်ပုဒ်မှထွက်မလာပါဘူး။ ဟိုအပုဒ်ရေးဖြစ်တော့မလို၊ ဒီအပုဒ်ရေးဖြစ်တော့မလိုနဲ့ ရွေးရခက်နေပါတော့တယ်။ ဒါ့ကြောင့် ဘယ်အပုဒ်ရွေးထုတ်ရင်ကောင်းမလဲလို့ လမ်းလျှောက်ပြီးစဉ်းစားပါတယ်။ ထွက်မလာပါဘူး။ စာရေးစားပွဲပြန်ထိုင်ပြီး စဉ်းစားပါတယ် ထွက်မလာပါဘူး။ နောက်တော့ ခုတင်ပေါ်လှဲပြီး စဉ်းစားပါတယ်။ စဉ်းစားနေရင်းနဲ့ပဲ အိပ်ပျော်သွားခဲ့ပါတယ်။ အိပ်ရာကနိုးတော့ တစ်ရေးနိုးရင် အကြံသစ်များ ပေါ်လေမလားလို့ ထပ်စဉ်းစားပြန်တယ်။ ထွက်မလာပါဘူး။ နည်းနည်းလည်း စိတ်ညစ်လာပါတယ်။

အရှိကို မရှိတဲ့နေရာက စဉ်းစားရင်း အဖြေသစ်တစ်ခု ရတာတယ်ဆိုတာ ကြားဖူးထားတော့ ခေါင်းထဲမှာဝင်နေတဲ့ ပူဇော်ခြင်း အကျိုးပြ သာဓကဝတ္ထုနှစ်ဆယ်ကျော်ကို ဆိုင်ရာစာအုပ်တွေထဲ ပြန်ပို့လိုက်ပါတယ်။

ခေါင်းထဲမှာ ဘာမှမရှိတော့ဘူးလည်းဆိုရော ပထမဆုံးဝင်လာတာက မပူဇော်ထိုက်သူကို ပူဇော်မိရင်လည်း အမင်္ဂလာဖြစ်တတ်တယ် ဆိုတဲ့ နင်္ဂုဋ္ဌဇာတ်ကလေးပါ။ သူ့နောက်မှာကပ်ပါလာတာက သန္ဓိဝဇာတ်



ကလေးပါ။ နင်္ဂုဋ္ဌဇာတ်ကလေး ခေါင်းထဲရောက်တာနဲ့ အတွေးတံခါးကို ဂျိမ်း...ဆိုပြီးအမြန်ပိတ်ချလိုက်ရပါတယ်။ ဒီလိုမှမလုပ်ရင် သန္ဓိဝဇာတ်ကလေးကလည်း ဝင်လာတော့မှာပါ။ ဒါဆို ရွေးပြဿနာကြီးနဲ့ ရင်ဆိုင်နေရဦးမှာပါ။ ဖြစ်ပုံကတော့ အဲဒီလိုပါ။ ဒါကြောင့် ပထမဆုံး ဝင်လာတဲ့ နင်္ဂုဋ္ဌဇာတ်ကလေးကိုပဲ ထုတ်ပြလိုက်ရတာပါ။

ပူဇော်ထိုက်သူကိုပူဇော်ခြင်းဟာ မြတ်သောမင်္ဂလာပါတဲ့။

ဒီနေရာမှာ မေးခွန်းနှစ်ခုထွက်လာပါတယ်။ ပူဇော်ထိုက်သူတွေ ဆိုတာ ဘယ်သူတွေလဲ? ဘာတွေနဲ့ပူဇော်ရမလဲ? ဆိုတဲ့ မေးခွန်းပါ။

ပူဇော်ထိုက်သူတွေကတော့ ရတနာသုံးပါး၊ မိဘ၊ ဆရာ၊ အစ်ကို၊ အစ်မ၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ ယောက္ခမ၊ လင်၊ အသက်အားဖြင့် ကြီးသူ၊ ဂုဏ်အားဖြင့်ကြီးသူ၊ ပညာအားဖြင့်ကြီးသူ စသည်တွေပါပဲ။

ဘာနဲ့ပူဇော်မလဲဆိုတော့ ပစ္စည်းဝတ္ထုရယ်၊ အကျင့်ရယ်နဲ့ပါ။ ပါဠိလိုပြောရရင်တော့ အာမိသပူဇာနဲ့ ပဋိပတ္တိပူဇာပါ။

ပူဇော်ထိုက်သူတွေကို ပူဇော်သင့်တဲ့အချိန်မှာ ကိုယ်စွမ်းနိုင်တဲ့ ပစ္စည်းတစ်ခုခုနဲ့ ပူဇော်လိုက်တာဟာ ကိုယ့်အတွက် တကယ့်မင်္ဂလာရှိတဲ့ နေ့တစ်နေ့ပါ။

ဒီနေရာမှာ ပစ္စည်းဝတ္ထုတွေနဲ့ပူဇော်မှုကတော့ သိပ်ထင်ရှားနေတဲ့ အတွက် သီးသန့်ရေးမပြတော့ပါဘူး။ အကျင့်ပဋိပတ်နဲ့ ပူဇော်ပုံလေးကိုပဲ ရေးပြပါရစေ။

တစ်နေ့မှာ မြတ်စွာဘုရားက ရဟန်းတော်တွေကို လေးလကြာရင် ပရိနိဗ္ဗာန်စံတော့မယ့်အကြောင်း မိန့်ကြားလိုက်ပါတယ်။ ဒီတော့ ပုထုဇဉ် ရဟန်းခုနစ်ရာက မြတ်စွာဘုရားအနားကမခွာတော့ဘဲ မြတ်စွာဘုရားကို ဘယ်လိုပြုပေးရမလဲဆိုပြီး လှုပ်လှုပ်ရှားရှားနဲ့တိုင်ပင်နေကြပါတယ်။ အဲဒီအထဲက အတ္တဒတ္တလို့အမည်ရတဲ့ ရဟန်းတစ်ပါးကတော့ ‘မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော့မယ်၊ ငါ့မှာလည်းရာဂမကင်းသေးဘူး၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိတုန်းမှာ အရဟတ္တဖိုလ်ရအောင်လုပ်မှပဲ’ ဆိုပြီး တစ်နေရာသွားပြီး တရားအားထုတ်နေပါတယ်။ စည်းဝေးတိုင်ပင်နေကြတဲ့ ရဟန်းအုပ်စုဆီမလာပါဘူး။ ဒီတော့ စည်းဝေးတိုင်ပင်နေတဲ့ ရဟန်းတော်

www.burmeseclassic.com

www.burmeseclassic.com



တွေက အတ္တဒတ္တမထေရ်ကို ဝိုင်းအပြစ်တင်ကြပါတယ်။ နောက်မြတ်စွာဘုရားဆီကိုပါ တခါတည်း ခေါ်လာပါတယ်။ မြတ်စွာဘုရားက အကြောင်းစုံမေးပြီး ဘယ်လိုမိန့်သလဲဆိုတော့ "ချစ်သားရဟန်းတို့ ငါဘုရားကိုချစ်မြတ်နိုးတယ်ဆိုရင် အတ္တဒတ္တမထေရ်လိုပဲ နေသင့်တယ်၊ ပန်းနံ့သာတွေနဲ့ ပူဇော်တာဟာ ငါဘုရားကိုပူဇော်တာ မမည်သေးဘူး၊ နိဗ္ဗာန်ရရာရကြောင်း အကျင့်နဲ့ပူဇော်မှ ငါဘုရားကိုပူဇော်ရာမည်တယ်" လို့ မိန့်ကြားလိုက်ပါတယ်။

ပြောချင်တာက အကျင့်နဲ့ပူဇော်တာကို မြတ်စွာဘုရား လွန်စွာမြတ်နိုးတော်မူတယ် ဆိုတာပါပဲ။

သားသမီးတစ်ယောက်ဟာ မိဘရဲ့စကားကို နားထောင်နေခြင်းဟာလည်း မိဘကို အကျင့်နဲ့ပူဇော်နေတာ မည်သလို တပည့်တစ်ယောက်ဟာ ဆရာ့စကားကိုနားထောင်နေခြင်းဟာလည်း ဆရာကို အကျင့်နဲ့ပူဇော်နေတာပါ။

ကိုယ့်ထက် အသက်၊ ဂုဏ်၊ ပညာတွေနဲ့ ပြည့်စုံနေတဲ့သူတွေကို ရမတ္တာပါတဲ့အပြုအမူ၊ မေတ္တာပါတဲ့အပြောအဆို၊ မေတ္တာပါတဲ့အတွေးအခေါ်တွေနဲ့ ဆက်ဆံနေတာဟာလည်း အကျင့်နဲ့ပူဇော်နေတာပါပဲ။

အိမ်ရဲ့ တစ်နေ့တာလုပ်ငန်းစဉ်တွေဖြစ်တဲ့ ထမင်းချက်တာ၊ ဟင်းချက်တာ၊ အဝတ်လျှော်တာ၊ တံမြက်လှည်းတာတွေမှာလည်း အမှတ်သတိလေးနဲ့ ပြုနေမယ်ဆိုရင်လည်း အကျင့်နဲ့ပူဇော်နေတာပါ။ ထမင်းချက်တာ ဒီအတိုင်းချက်နေတာထက် သတိလေးကပ်ပြီး ဆန်ဆေးတော့ 'ဆေးတယ် ဆေးတယ်'၊ ရေသွန်တော့ 'သွန်တယ် သွန်တယ်'၊ ရေအသစ်ထည့်တော့ 'ထည့်တယ် ထည့်တယ်'၊ မီးခလုတ်နှိပ်တော့ 'နှိပ်တယ် နှိပ်တယ်'စသည်ဖြင့် ပြုနေဆဲကိုယ်အမူအရာတွေကို သတိလေးနဲ့ လိုက်မှတ်နေရင် သာမန်ထမင်းချက်နေတာမဟုတ်တော့ဘဲ မင်္ဂလာထမင်းတွေ ချက်နေတာ ဖြစ်နေပါလိမ့်မယ်။

ယုတ်စွအဆုံး ကျင်ကြီးကျင်ငယ်စွန့်ဖို့ အိမ်သာတက်ရင်တောင် 'စွန့်ချင်တယ် စွန့်ချင်တယ်' 'စွန့်တယ် စွန့်တယ်' စွန့်နေတုန်းဗိုက်ထဲက နာကျင်မှုဝေဒနာပေါ်လာရင်လည်း ပေါ်လာတဲ့ဝေဒနာဆီကို စိတ်ကို



ပို့လိုက်ပြီး 'နာတယ် နာတယ်' စသည်ဖြင့် အမှတ်သတိနဲ့ အိမ်သာတက်နေရင်လည်း မြတ်စွာဘုရားကို ဝိပဿနာအကျင့်နဲ့ ပူဇော်နေတာပါ။ အိမ်သာတက်ရင်း မြတ်စွာဘုရားကိုပူဇော်နေတယ်ဆိုတော့ လောကဝေါဟာရအရ စကားလုံးက 'မလှသလိုကြီးဖြစ်နေပါတယ်။ တကယ်စဉ်းစားကြည့်တော့ တကယ်လှတဲ့အပြုအမူတစ်ခုပါ။ 'စွန့်ချင်တယ် စွန့်တယ်' စသည်ဖြင့် အမှတ်သတိနဲ့ အိမ်သာတက်နေတဲ့လူတစ်ယောက်ဟာ ပုထုဇဉ်တွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သူတစ်ပါးအပေါ်မနာလို ဝန်တိုတတ်တဲ့ ဣဿာမစ္ဆရိယကိုလည်း တဒင်္ဂအားဖြင့်ပယ်သတ်ပြီးသား ဖြစ်နေပါတယ်။ သူတစ်ပါးကိုမုန်းတတ်တဲ့ အာဃာတစိတ်၊ လိုချင်တတ်မက်တတ်တဲ့ လောဘတဏှာစိတ်တွေကိုလည်း တဒင်္ဂအားဖြင့် ပယ်သတ်နေပြီးသား ဖြစ်နေပါတယ်။ အိမ်သာတက်ရင်း ပူဇာစပူဇနေယျာနံ မင်္ဂလာဖြစ်နေသလို တစ်ဖက်က အမြတ်ဆုံးဘာဝနာကုသိုလ်တွေလည်းရနေပါတယ်။ အိမ်သာတက်ရင်း ပိုက်ဆံမကုန်ဘဲ မင်္ဂလာကုသိုလ် ဘာဝနာကုသိုလ်တွေ ဖြစ်နေတာဟာ အလွန်လှတဲ့ အပြုအမူတစ်ခုဖြစ်တယ်ဆိုတာ သံသယ ဖြစ်စရာ မလိုတော့ပါဘူး။ ကျင့်ကြည့်လိုက်စမ်းပါ။

တချို့က သီလ၊ သမာဓိ၊ ပညာကြီးသူကို ပူဇော်ရတာ ဝါသနာပါတယ်။ တချို့က အသက်၊ ဂုဏ်၊ ပညာကြီးသူကို ပူဇော်ရတာ ဝါသနာပါတယ်။ တချို့က ကျေးဇူးရှိသူ မိတ်ဆွေသူငယ်ချင်းကို ပူဇော်ရတာ ဝါသနာပါတယ်။ တချို့က ဂမ္ဘီရကို ပူဇော်ရတာ ဝါသနာပါတယ်။ တချို့က တားရော့ကို ပူဇော်ရတာ ဝါသနာပါတယ်။ ဘယ်ပူဇော်မှုမှာပဲဖြစ်ဖြစ် ကိုယ့်အတွက် မင်္ဂလာဖြစ်တယ်ဆိုရင် ဆင့်ကဲဆင့်ကဲ ပူဇော်နေဖို့ပါ။ တကယ်လို့ ကိုယ်ပူဇော်နေတဲ့ပူဇော်နေမှုဟာ မင်္ဂလာမဖြစ်ဘူး၊ ဘုရားအလိုကျ မဖြစ်ဘူးဆိုရင်တော့ ဘုရားအလောင်းပုဏ္ဏားလေး မီးကိုတော့တာလုပ်လိုက်သလို ကိုယ့်ပူဇော်မှုကိုလည်း လူသားဆန်စွာ တော့တာလုပ်လိုက်ဖို့ပါပဲ။

အလင်းတန်းရျာနယ်

၁၅-၉-၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com





ပဋိရူပဒေသဝါသောစ၊ ပုဗ္ဗေစကတပုညတာ၊ အတ္တသမ္မာပဏိဓိစ၊ ဧတံမင်္ဂလမုတ္တမံ။

ပတိရူပဒေသဝါသောစ၊ စတံမင်္ဂလမုတ္တမံ။
သင့်လျော်သောအရပ်၌ နေရခြင်းသည်
 မြတ်သောမင်္ဂလာမည်၏။
ကုသိုလ် ပညာ ဥစ္စာရဖို့၊ သင့်ရာဒေသအမြဲနေ။

တစ်ခါတုန်းက ရဟန်းခြောက်ကျိပ်ဟာ ဝါကျွတ်ပြီဆိုတော့ မြတ်စွာဘုရားရှင်ဆီကို လာကန်တော့ကြပါတယ်။ အဲဒီအချိန်မှာ အညတရ ရဟန်းငယ်လေးတစ်ပါးလည်း မြတ်စွာဘုရားရဲ့အနားမှာ ရှိနေပါတယ်။

မြတ်စွာဘုရားက ရောက်လာတဲ့ တပည့်ရဟန်းခြောက်ကျိပ်ကို 'ချစ်သားတို့ အစစအရာရာ အဆင်ပြေခဲ့ကြသလား'လို့ မေးလိုက်ပါတယ်။

ရောက်လာတဲ့ရဟန်းခြောက်ကျိပ်က ဝါမဆိုခင် ဝါဆိုဦးမှာ မြတ်စွာဘုရားဆီက ကမ္မဋ္ဌာန်းနည်း ယူသွားကြတဲ့ ရဟန်းတွေပါ။ ဒီတော့ ရဟန်းတွေက 'အဆင်ပြေခဲ့ပါတယ်ဘုရား၊ အထူးသဖြင့် မာတိကာ

www.burmeseclassic.com

www.burmeseclassic.com



မယ်တော်ကြီးရဲ့ ဆွမ်းဘောဇဉ်တွေကို မှီဝဲပြီး ဘုရားတပည့်တော်တို့ အရဟတ္တဖိုလ်ကို ရခဲ့ပါတယ်။ ပြီးတော့ မာတိကာမယ်တော်ကြီးဟာ ဘုရားတပည့်တော်တို့ရဲ့ စိတ်အကြံကိုသိပြီး ဘုရားတပည့်တော်တို့ နှစ်သက်တဲ့ ဆွမ်းဘောဇဉ်တွေကို စီစဉ်ပေးပါတယ်ဘုရား'လို့ ပြန်လျှောက်ပြပါတယ်။

ရဟန်းခြောက်ကျိပ်ရဲ့ လျှောက်ထားသံကြားတော့ မြတ်စွာဘုရားအနားမှာရှိနေတဲ့ အညတရရဟန်းငယ်လေးက အဲဒီမာတိကာမယ်တော်ကြီးဆီ ချက်ချင်းသွားချင်စိတ် ပေါက်သွားပါတယ်။

ဒါကြောင့် အညတရ ရဟန်းငယ်လေးဟာ မြတ်စွာဘုရားဆီက ကမ္မဋ္ဌာန်းနည်း ယူပြီး မာတိကာမယ်တော်ကြီးရှိတဲ့ ရွာကို ထွက်ခဲ့ပါတယ်။

ဒီလိုနဲ့ မာတိကာမယ်တော်ကြီးရဲ့ ရွာကျောင်းကို ရောက်ရောဆိုပါတော့။ ကျောင်းရောက်တယ်ဆိုရင်ပဲ ဖုန်တွေတက်နေတာကိုကြည့်ပြီး 'အင်း ... သန့်ရှင်းရေးလုပ်ဖို့ လူတစ်ယောက်လောက်လွှတ်ပေးရင် ကောင်းမှာပဲ'လို့ စဉ်းစားလိုက်ပါတယ်။

မာတိကာမယ်တော်ကြီးကလည်း 'ငါ့သားတော်တစ်ပါးတော့ ကျောင်းကိုရောက်လာပြီ၊ ဘာတွေများ လိုအပ်နေမလဲ'လို့ အဘိညာဉ်နဲ့ ကြည့်လိုက်တော့ သန့်ရှင်းရေးလုပ်ပေးဖို့ လူတစ်ယောက်လိုနေတာပဲဆိုပြီး လူတစ်ယောက်လွှတ်ပေးလိုက်ပါတယ်။

နောက် ရဟန်းငယ်က ဘာတွေထပ်ကြံနေသလဲဆိုတော့ 'အင်း... မောလိုက်တာ၊ ဖျော်ရည်ပို့ပေးရင် ကောင်းမှာပဲ'လို့ ကြံလိုက်ပြန်ပါတယ်။ ကြံတဲ့အတိုင်းပဲ မယ်တော်ကြီးက ပို့ပေးလိုက်ပါတယ်။

ညအိပ်ရာဝင်ခါနီးကျတော့ ဘာထပ်ကြံပြန်သလဲဆိုတော့ 'အင်း... မနက်ရောက်ရင် နူးနူးညံ့ညံ့ယာဂုလေးနဲ့ လက်သုပ်လေး ပို့လိုက်ရင် ကောင်းမှာပဲ'လို့ ကြံလိုက်ပြန်ပါတယ်။ မနက်ရောက်တော့ မယ်တော်ကြီးက သားရဟန်းကြံတဲ့ နူးနူးညံ့ညံ့ ယာဂုလေးနဲ့ လက်သုပ်ကလေး ပို့ပေးလိုက်ပါတယ်။

နောက် 'မယ်တော်ကြီးကို ငါမြင်ချင်လိုက်တာ၊ နေ့ဆွမ်းကို မယ်တော်ကြီးကိုယ်တိုင် ဆွမ်းလာပို့ရင် ကောင်းမှာပဲ'လို့ ကြံပြန်တယ်။ ကြံတဲ့အတိုင်းပဲ နေ့ဆွမ်းကျတော့ မယ်တော်ကြီးက ကိုယ်တိုင်ဆွမ်းလာပို့



ပါတယ်။

ကျောင်းရောက်တော့ ရဟန်းငယ်က 'မယ်တော်ကြီးက သူတစ်ပါးရဲ့ စိတ်အကြံကို သိနေလား' မေးလိုက်ပါတယ်။ ဒါပေမယ့် မယ်တော်ကြီးက မဖြေပါဘူး။ နောက်ဆုံး ရဟန်းငယ်က ဇွတ်မေးနေမှ ဖြေပေးပါတယ်။ ဒီတော့ ရဟန်းငယ်က ဘယ်လိုစဉ်းစားသလဲဆိုတော့ 'အင်း ... ငါက ပုထုဇဉ်၊ ပုထုဇဉ်ဆိုတာ မကောင်းတာလည်း ကြံမိမှာပဲ၊ ကောင်းတာလည်း ကြံမိမှာပဲ၊ ကောင်းတာကြံမိရင်တော့ ကိစ္စမရှိဘူး၊ မကောင်းတာကြံမိရင်တော့ သူခိုး ဥစ္စာထုပ်နဲ့မိသလို ဖြစ်လိမ့်မယ်၊ မဖြစ်ဘူး၊ ငါ မြန်မြန်ပြန်မှပဲ' ဆိုပြီး 'မယ်တော်ကြီး ဦးဇင်းပြန်တော့မယ်'လို့ ပြောလိုက်ပါတယ်။

မယ်တော်ကြီးကလည်း 'အို ... သားရဟန်းကလည်း အခုပဲ ရောက်ရုံရှိသေး၊ ပြန်တော့မလို့လား၊ ဒီမှာနေပါဦး'လို့ တားပေမယ့် ရဟန်းငယ်က သူ့အကြံနဲ့သူမို့ ချက်ချင်း မြတ်စွာဘုရားဆီ ပြန်ခဲ့ပါတယ်။

မြတ်စွာဘုရားဆီရောက်တော့ မြတ်စွာဘုရားကို အကျိုးအကြောင်း ပြောပြပြီး 'တပည့်တော် မနေဝံ့လို့ပါဘုရား'လို့ လျှောက်ပြပါတယ်။ ဒီတော့ မြတ်စွာဘုရားက အနာဂတာသဉာဏ်နဲ့ ကြည့်လိုက်ပါတယ်။ ကြည့်လိုက်တော့ ရဟန်းငယ်ဟာ အဲဒီအရပ်ဒေသ၊ အဲဒီမာတိကာမယ်တော်ကြီးကို အမှီပြုပြီး ရဟန္တာဖြစ်မှာကို သွားမြင်ပါတယ်။ ဒါကြောင့် 'ချစ်သား သင် စိတ်တစ်ခုကိုပဲ စောင့်ရှောက်ပါ'လို့ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။

အညတရရဟန်းငယ်လေး မာတိကာမယ်တော်ကြီးရဲ့အရပ်၊ မာတိကာမယ်တော်ကြီးရဲ့ ဆွမ်းဘောဇဉ်ကို အမှီပြုပြီး တရားအားထုတ်လိုက်တာ နောက်ဆုံးတော့ ရဟန္တာဖြစ်သွားပါတယ်။

ရဟန္တာဖြစ်သွားပြီဆိုတော့ အတိတ်ဘဝတွေကို ပြန်ကြည့်လိုက်တာ မာတိကာမယ်တော်ကြီးဟာ ရဟန်းငယ်နဲ့ ဇနီးမယားအဖြစ် ဘဝ (၁၀၀)တိတိ တော်စပ်ခဲ့ပါသတဲ့။ ဒါပေမယ့် မာတိကာမယ်တော်ကြီးဟာ (၉၉)ဘဝလုံး လင်ငယ်ထားပြီး (၉၉)ဘဝလုံးပဲ ရဟန်းငယ်ကို သတ်ခဲ့ပါသတဲ့။ (၁၀၀)မြောက်ဘဝမှာတော့ ရဟန်းငယ်လေးရဲ့ အသက်ကို သူ့အသက်နဲ့လဲပြီး ကယ်ခဲ့ပါသတဲ့။

ဒေသတစ်ခုကို အမှီပြုပြီး အရဟတ္တဖိုလ် ရသွားတဲ့ ရဟန်းငယ်

www.burmeseclassic.com

www.burmeseclassic.com



လေးကတော့ အတိတ်က ဘဝတစ်ရာကို ပြန်ဆင်ခြင်ရင်း သံဝေဂတွေ ဖြစ်နေပါတော့တယ်။

(ဓမ္မပဒ အဋ္ဌကထာ၊ ပ–တွဲ၊ အညတရ ရဟန်းဝတ္ထု)

*ပဋိရူပဒေသဝါသ = ကုသိုလ်ပညာဥစ္စာရဖို့ သင့်ရာဒေသအမြဲနေပါတဲ့။*

ယေဘုယျအားဖြင့် လူသားတစ်ယောက်ချင်းစီမှာ ကြီးပွားတိုးတက်ရာ ဒေသလေးတစ်ခုတော့ ကိုယ်စီ ရှိနေတတ်ကြပါတယ်။ ကိုယ်က အဲဒီဒေသဆီကို ရွေးချယ်တတ်ဖို့နဲ့ ရောက်အောင်သွားဖြစ်ဖို့ပါ။

သက်တမ်းနဲ့တွက်ရင်တော့ ပထမအရွယ်မှာ ပညာသင်ကြားလို့ အဆင်ပြေမယ့်အရပ်မှာ နေရပါ့မယ်။ ဒုတိယအရွယ်မှာ စီးပွားရှာလို့ အဆင်ပြေမယ့်အရပ်မှာ နေရပါ့မယ်။ တတိယအရွယ်မှာ ကုသိုလ်ရှာလို့ အဆင်ပြေမယ့်အရပ်မှာ နေရပါ့မယ်။

ပထမအရွယ်မှာ စီးပွားရှာလို့အဆင်ပြေမယ့်အရပ်မှာနေနေပြီး ဒုတိယအရွယ်ကျတော့ ပညာရှာလို့အဆင်ပြေမယ့်အရပ်မှာ နေနေပြန်ရင်လည်း အဓိပ္ပာယ်မရှိပြန်ပါဘူး။

လူ့ဘဝကိုစတာ ပထမအရွယ်ကစတာဆိုတော့ အထူးသဖြင့် လူငယ်တစ်ယောက်ဟာ ပညာသင်ကြားခွင့်ရရာအရပ်ကို မဖြစ်မနေ နေဖြစ်ရပါ့မယ်။ ပထမအရွယ်မှာ ပဋိရူပဒေသဝါသအရပ်မှာရှိနေဖို့ သိပ်အရေးကြီးပါတယ်။ လူငယ်က ရွေးချယ်ခွင့်မသာရင် လူကြီးလုပ်သူက စီမံပေးရပါမယ်။

နောက် နေရာဒေသနဲ့ပတ်သက်ပြီး နီတိဆရာပြောထားတဲ့စကားလေးလည်း မှတ်သားစရာပါ။ နီတိဆရာက "အကြင်အရပ်၌ မြတ်နိုးသူမရှိ၊ အသက်မွေးဝမ်းကျောင်းအလုပ် မရှိ၊ ဆွေမျိုး မိတ်ဆွေ မရှိ၊ ပညာရခြင်းမရှိ၊ ထိုအရပ်ကို ခွာရှောင်ရမည်"တဲ့။

ပညာတတ်တစ်ယောက်ဖြစ်ချင်တဲ့သူဟာ ပညာသင်ကြားခွင့်ရရာ အရပ်ကို မဖြစ်မနေသွားရပါ့မယ်။

ဒီလိုပါပဲ၊ အောင်မြင်တဲ့စီးပွားရေးသမားတစ်ယောက် ဖြစ်ချင်တဲ့သူဟာ ကိုယ့်ရဲ့ကျေးလက်ဇာတိကိုစွန့်ပြီး စီးပွားဖြစ်ထွန်းရာ မြို့တော်ကို မဖြစ်မနေ သွားရပါ့မယ်။



ဒီအပြုအမူဟာ အတ္တဆန်တာလည်း မဟုတ်ဘူး၊ မိမိဇာတိကျေးလက်ကို မချစ်တာလည်း မဟုတ်ဘူး။ မင်္ဂလာစကားနဲ့ပြောရရင် မြတ်စွာဘုရားစကား နားထောင်လိုက်တာပါပဲ။

တစ်ခုတော့ ရှိပါတယ်။ ဒီနေရာမှာ မြတ်စွာဘုရားရဲ့စကား တော်က မပြတ်သေးပါဘူး။ ပဋိရူပဒေသဝါသ မဖြစ်တဲ့ ကိုယ့်ဇာတိရပ်ရွာ ကိုစွန့်ပြီး ပဋိရူပဒေသဝါသဖြစ်တဲ့ အရပ်ကို ရောက်လို့ ကြီးပွားတိုးတက်အောင်မြင်လာတဲ့အခါ ပဋိရူပဒေသဝါသ မဖြစ်သေးတဲ့ ကိုယ့်ဇာတိရပ်ရွာကို ပဋိရူပဒေသဝါသအရပ်ဖြစ်အောင် တည်ဆောက်ပေးရပါမယ်။ ပညာရေးမပြည့်စုံသေးတဲ့ ကိုယ့်ဇာတိကို ပညာရေးပြည့်စုံအောင်၊ ကျန်းမာရေးမပြည့်စုံသေးတဲ့ ကိုယ့်ဇာတိကို ကျန်းမာရေးပြည့်စုံအောင်၊ စီးပွားရေးမပြည့်စုံသေးတဲ့ ကိုယ့်ဇာတိကို စီးပွားရေးပြည့်စုံအောင်၊ တရားဓမ္မတွေမပြည့်စုံသေးတဲ့ ကိုယ့်ဇာတိကို တရားဓမ္မတွေပြည့်စုံအောင် စသည်ဖြင့် ပေါ၊ ပြုပြင်တည်ဆောက်ပေးရပါ့မယ်။ ပဋိရူပဒေသဝါသ မဖြစ်သေးတဲ့ ကိုယ့်ဇာတိကို ပဋိရူပဒေသဝါသဖြစ်အောင် တည်ဆောက်ပေးလိုက်တာဟာ ကိုယ့်သန္တာန်မှာ မင်္ဂလာနှစ်ဆင့် ဖြစ်ထွန်းသွားတာပါပဲ။

မင်္ဂလာနှစ်ဆင့်ဖြစ်ထွန်းနေတဲ့ လူသားတစ်ယောက်ဟာ ပစ္စုပ္ပန်ဘဝအတွက် မပူပန်ရသလို တမလွန်ဘဝအတွက်လည်း သံဂတိဘုံတစ်ခုက သူ့ကို ပူပန်မှုကင်းတဲ့ အာရုံတွေနဲ့ အသင့်ကြိုစောင့်နေမှာပါ။

ဒါက "ဒေသ"ကို ဦးတည်ပြီးပြောနေရတာပါ။ တကယ်တော့ အိပ်ပဲနေနေ, ထိုင်ပဲနေနေ, ရပ်ပဲနေနေ, သွားပဲနေနေ, စားပဲနေနေ, ကားစောင့်ပဲနေနေ, ကားစီးပဲနေနေ, ကားမောင်းပဲနေနေ, အောက်ထစ်ဆုံးအားဖြင့် ကျင်ကြီးကျင်ငယ်စွန့်ပဲနေနေ စက္ကန့်တိုင်း စက္ကန့်တိုင်းမှာ ကိုယ့်အတွက် ကုသိုလ်, ပညာ, ဥစ္စာ တစ်ခုခုဖြစ်နေဖို့ပဲ အရေးကြီးပါတယ်။

ဥပမာ–ခုတင်ပေါ် လှဲနေတယ်ဆိုရင် တောင်တွေးမြောက်တွေးတွေးနေမယ့်အစား ဂုဏ်တော်လေးပွား၊ မေတ္တာလေးပွား ဒါမှမဟုတ် တရားလေး မှတ်နေလိုက်ရင် ကုသိုလ်ဖြစ်သွားတာပါပဲ။

ဘာပဲပြောပြော၊ စက္ကန့်တိုင်း စက္ကန့်တိုင်းဟာ ကိုယ့်အတွက် ကုသိုလ်, ပညာ, ဥစ္စာ တစ်ခုခုဖြစ်နေဖို့ပဲ အရေးကြီးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





# မင်းသာရွှေဗြွေးများ

**ပုဗ္ဗေစ ကတပုညတာ၊ တော်မင်္ဂလ မုတ္တမံ။**
**ရှေးရှေးဘဝကပြုခဲ့ဖူးသော ကောင်းမှု**
**ကုသိုလ်ရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။**
**ရှေးကတင်ကြို ပြုခဲ့ဖူးသည့်၊**
**ကောင်းမှုအထူးရှိပါစေ။**

တစ်ခါတုန်းက ထင်းခွေသမားတစ်ယောက်ရှိပါတယ်။ တစ်နေ့တော့ ထင်းခွေသမားဟာ ထင်းခွေရင်းနဲ့ပဲ မှောင်သွားပါတယ်။ မှောင်သွားပြီဆိုတော့ မြို့တံခါးလည်းပိတ်သွားပြီဖြစ်လို့ မြို့ထဲဝင်လို့မရတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ နတ်ကွန်းတစ်ခုမှာ ဝင်အိပ်လိုက်ပါတယ်။ အဲဒီနတ်ကွန်းမှာ ယတြာအဖြစ် လွှတ်ထားတဲ့ ကြက်တွေလည်းရှိနေပါတယ်။ မှောင်ပြီဆိုတော့ ကြက်တွေကလည်း နတ်ကွန်းအနီးမှာရှိတဲ့ သစ်ပင်မှာ ဝင်အိပ်လိုက်ကြပါတယ်။

မိုးသောက်ကာလလောက်လည်းရောက်လာရော အပေါ်ကိုင်းမှာ အိပ်တဲ့ကြက်က မစင်စွန့်ချလိုက်တာ အောက်ကိုင်းမှာအိပ်နေတဲ့ ကြက်ရဲ့ကိုယ်ပေါ်ကို ကျသွားပါတယ်။ ဒီတော့ မစင်စွန့်ချခံလိုက်ရတဲ့ ကြက်က အောက်ကနေ အော်လိုက်ပါတယ်။

"ဘယ်သူလဲကွ၊ ငါ့အပေါ်မစင်စွန့်ချတာ"

"ငါကွ"

"မင်းမမြင်ဘူးလား၊ အောက်မှာငါရှိတယ်ဆိုတာ"

"မမြင်လို့ပေါ့ကွ"

အပြန်အလှန်ပြောနေကြရင်းပဲ အပေါ်ကိုင်းမှာနေတဲ့ ကြက်ရဲ့မစင်က အောက်ကိုင်းမှာနေတဲ့ ကြက်ရဲ့ကိုယ်ပေါ်ကို ထပ်ကျလာပြန်ပါတယ်။ အောက်ကကြက်လည်း သည်းမခံနိုင်တော့ဘဲ အပေါ်ကကြက်ကို တက်ခွပ်ပါတော့တယ်။

ကြက်နှစ်ကောင် ခွပ်ရင်းနဲ့မောလာတော့ ခန္ဓာကိုယ်ချင်း ဆက်ပြိုင်လို့မရတော့ပါဘူး။ ခန္ဓာကိုယ်ချင်း ဆက်ပြိုင်လို့မရတော့ ဒေါသကလည်း မပြေသေးတာနဲ့ နှုတ်နဲ့တစ်ခါ ဆက်ပြိုင်ကြပြန်ပါတယ်။

အောက်ကိုင်းမှာအိပ်တဲ့ကြက်က စကားနဲ့စပြီးစစ်ထိုးလိုက်ပါတယ်။

"မင်းက ငါ့ကိုဘာမှတ်နေလို့လဲ၊ ငါ့ရဲ့အသားကို ကင်စားတဲ့သူဟာ ချက်ချင်းအသပြာတစ်ထောင်ရတယ်"

"မင်းရဲ့အသားစားလို့ အသပြာတစ်ထောင်ရတာလောက်ကို စကားထဲထည့်မပြောနဲ့၊ ငါ့ကိုသတ်ပြီး ငါ့ရဲ့အတွင်းအသားရင်းကို စားတဲ့သူဟာ မင်းဖြစ်လိမ့်မယ်၊ အပေသာမန်အသားကိုစားတဲ့သူဟာ ယောကျ်ားဆိုရင် သေနာပတိရာထူးရမယ်၊ မိန်းမဆိုရင် မိဖုရားရာထူးရမယ်၊ အရိုးအကြွင်းအကျန်စားတဲ့သူဟာ လူဖြစ်တယ်ဆိုရင် ဘဏ္ဍာစိုး ဖြစ်မယ်။ ရဟန်းဆိုရင် မင်းဆရာဖြစ်မယ် ဘာမှတ်လို့လဲ "



ထင်းခွေသမားလည်း ဘာမှစဉ်းစားမနေတော့ပါဘူး၊ မင်းဖြစ်မယ့်ကြက်ကို ရိုက်သတ်ပြီးအိမ်ယူလာ၊ ဇနီးဖြစ်သူကို ချက်ခိုင်းလိုက်တယ်ဆိုပါတော့။ ပြီးတော့ဇနီးဖြစ်သူကို သူကပြောလိုက်ပါသေးတယ်။

"ရှင်မရေ ... ဒီကြက်ဟာ အစွမ်းအာနုဘော် တော်တော်ကြီးတယ်၊ ဒီကြက်သားစားပြီးရင် ငါက မင်းဖြစ်လိမ့်မယ်၊ သင်က မိဖုရား ဖြစ်လိမ့်မယ်။ ထမင်းနဲ့ဒီကြက်သားကိုယူခဲ့၊ ဂင်္ဂါမြစ်မှာသွားပြီး ရေချိုးကြမယ်၊ ရေးချိုးပြီးမှ စားကြတာပေါ့ "

မယားလုပ်သူကလည်း လင်သားပြောတဲ့အတိုင်း ထမင်းနဲ့ကြက်သားကို တောင်းထဲမှာသေချာထည့်ပြီး ယူခဲ့ပါတယ်။ ထမင်းမစားခင် ဂင်္ဂါမြစ်ရေချိုးရတာကတော့ သူတို့ခေတ်က ဂင်္ဂါမြစ်ရေဟာ ကျန်းမာတယ်၊ အန္တရာယ်ကင်းတယ်၊ အကုသိုလ်အညစ်အကြေးတွေ ကင်းစင်တယ်၊ နိမိတ်ကောင်းတယ် စသည်ဖြင့်ယူဆကြလို့ပါ။ အခုခေတ်အထိလည်း အိန္ဒိယမှာ ယူဆနေကြတုန်းထင်ပါတယ်။

ဂင်္ဂါမြစ်ဆီရောက်တော့ ထမင်းတောင်းကို ကမ်းနားမှာထားပြီး ရေထဲကို လင်မယားနှစ်ယောက် ဆင်းလိုက်ကြပါတယ်၊ ထင်းခွေလင်မယားနှစ်ယောက် ရေထဲရောက်တယ်ဆိုရင်ပဲ လေပွေတစ်ချက်ဖွေ့လိုက်တာ လေပွေနဲ့အတူထမင်းတောင်းက မြစ်ထဲကျပြီး မျောပါသွားပါတော့တယ်။

မြစ်ရဲ့အောက်ဘက်နေရာတစ်ခုမှာ ဆင်ဆရာတစ်ယောက်က ရေချိုးနေပါတယ်။ မျောလာတဲ့ထမင်းတောင်းကို ဆယ်ပြီးဖွင့်ကြည့်လိုက်တော့ ကြက်သားနဲ့ထမင်းဖြစ်နေတာတွေ့တာနဲ့ မယားလုပ်သူဆီ ပို့ခိုင်းလိုက်ပါတယ်။ သူမလာမခြင်း ထမင်းတောင်းကိုမဖွင့်ဖို့လည်း တစ်ခါတည်းမှာလိုက်ပါတယ်။

ဆင်ဆရာမှာ အမြဲဆည်းကပ်ကိုးကွယ်နေတဲ့ ရသေ့တစ်ပါးလည်း ရှိပါတယ်။ ရသေ့က ဒိဗ္ဗစက္ခုအဘိညာဉ်လည်းရပြီးသားပါ။ အဲဒီအချိန်မှာ ဆရာရသေ့က သူ့ဒကာကို ဘယ်လိုချီးမြှောက်ရမလဲလို့ ဆင်ခြင်ကြည့်နေတဲ့အချိန်ပါ။ ထူးခြားတဲ့တိုက်ဆိုင်မှုကို မြင်လိုက်ရတော့ ဆင်ဆရာအိမ်ကို သူကအရင်ရောက်နေအောင် ကြွသွားပါတယ်။ ဆင်ဆရာ အိမ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော့ သူ့ဆရာရသေ့ကို ကြက်သားဟင်းနဲ့ ဆွမ်းကပ်ဖို့ စီစဉ်ခိုင်းပါတယ်။

ဆရာရသေ့က သူ့ဆီ ကြက်သားဟင်းနဲ့ ဆွမ်းလာကပ်တော့ "သင်တို့ ငါစီရင်တဲ့အတိုင်းပြုကြ"လို့ပြောပြီး ကောင်းမြတ်တဲ့အတွင်းသားတွေကို ဆင်ဆရာကို စားစေပါတယ်၊ အပအသားကို ဆင်ဆရာရဲ့ဇနီးကို စားစေပါတယ်။ ဆရာရသေ့ကတော့ အရိုးအသားလောက်ပဲစားပါတယ်။ အားလုံးစားပြီးတဲ့အခါကျတော့ ဆရာရသေ့က "သင် နောက်သုံးရက်ကြာရင် မင်းဖြစ်လိမ့်မယ်။ သတိနဲ့နေပါ" လို့ပြောပြီး ပြန်ကြွသွားပါတယ်။

မကြာခင်မှာဘဲ အိမ်နီးချင်း မင်းတစ်ပါးက စစ်လာတိုက်ပါတယ်။ ဒီတော့ဆင်ဆရာရဲ့မင်းက ဆင်ဆရာကို မင်းအသွင်ဝတ်ပြီး ရှေ့ကနေ တိုက်စေပါတယ်။ မင်းအစစ်ကတော့ နောက်ကွယ်ကနေ စစ်ရေးစစ်ရာကို စီမံခန့်ခွဲပေးနေပါတယ်။ စစ်တိုက်နေကြရင်း တစ်ဖက်ရန်သူပစ်လိုက်တဲ့ မြားဟာ တကယ့်မင်းအစစ်ကိုမှန်ပြီး ကျဆုံးသွားပါတယ်။ တကယ့်မင်းကျဆုံးသွားပြီဆိုတာနဲ့ ဆင်ဆရာက ငွေအသပြာတွေကိုထုတ်ပြပြီး "နိုင်အောင်တိုက်ကြ၊ နိုင်ရင်ဆုချမယ်"လို့ပြောပြီး တိုက်စေပါတယ်။ နောက်ဆုံးတော့ဆင်ဆရာတို့ နိုင်သွားတယ်ပဲဆိုပါတော့။

စစ်ပွဲပြီးသွားတော့ ဘယ်သူ့ကို မင်းမြှောက်ရမလဲဆိုတဲ့ပြဿနာဟာ ကြီးကြီးကျယ်ကျယ်ဖြစ်မသွားပါဘူး၊ ဆင်ဆရာကိုပဲ မင်းမြှောက်လိုက်ကြပါတယ်။

(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု - သိရီဇာတ်)

စာမျက်နှာငဲ့ပြီး ဇာတ်လမ်းကို ချုံ့ရေးကာမှ နည်းနည်းရှည်သွားလား မသိပါဘူး။ (ဆရာဦးဝင်းငြိမ်းခွင့်လွှတ်ပါ။)

ပုဗ္ဗေစကတပုညတာ မင်္ဂလာ ပါမလာခဲ့ရင် ဘယ်လိုထူးခြားမှုတွေနဲ့ကြံကြံ မင်းဖြစ်ခွင့်မရသလို ပုဗ္ဗေစကတပုညတာ မင်္ဂလာ ပါလာခဲ့ရင်တော့ ဘယ်အခြေအနေမှာပဲရောက်နေရောက်နေ မင်းက ဖြစ်ကိုဖြစ်ရပါ့မယ်။ ဒါလေးပြောချင်လို့ ဒီဝတ္ထုလေးကိုထုတ်ပြလိုက်တာပါ။

ရလာတဲ့ဘဝတစ်ခုမှာ ပုဗ္ဗေစကတပုညတာမင်္ဂလာဟာ မဖြစ်မနေလိုအပ်ပါတယ်။ အဲဒီမင်္ဂလာပါလာခဲ့ရင် ဘဝမှာ ချမ်းချမ်းသာသာနဲ့



အသက်မွေးခွင့်ရသလို မပါခဲ့ရင်တော့ မပါခဲ့တဲ့အလျှောက် ဆင်းဆင်းရဲရဲနဲ့ အသက်မွေးရပါတယ်။

ကိုယ့်ဝန်းကျင်ကိုပဲကြည့်လိုက်ပါ။ တချို့လူတွေဟာ ပညာလည်းတတ်တယ်၊ ရုပ်လည်းချောတယ်၊ ပစ္စည်းဝတ္ထုလည်း ပြည့်စုံတယ်၊ ဘဝမှာဘာမှမလိုလောက်အောင်ကို ပြည့်စုံကြပါတယ်၊ တချို့ကျပြန်တော့လည်း အဲဒါတွေနဲ့လုံးဝဆန့်ကျင်ဘက် ဖြစ်နေပါတယ်။

ထင်သာမြင်သာတဲ့အနုပညာနယ်ပယ်ကိုပဲ သတိထားကြည့်လိုက်ပါ။ ရုပ်ရှင်မှာဆိုရင် အောင်မြင်တဲ့သရုပ်ဆောင်ဆိုတာ လက်ချိုးရေတွက်လို့ ရပါတယ်။ ဂီတနယ်မှာလည်းဒီအတိုင်းပါပဲ။

ကိုယ်တိုင်ကစာပေနယ်မှာ ရှိနေတာဆိုတော့ စာပေနယ်ကဖြစ်စဉ်ကို သာဓကပေးတာက ပိုပြီးအဆင်ပြေမယ်ထင်ပါတယ်။

ဘာသာရေးစာပေနယ်မှာ ရဟန်းတော်တချို့ရဲ့ စာအုပ်တွေမြန်မာပြည်မှာမရှိဖူးသေးတဲ့အုပ်ရေမျိုးနဲ့ ရိုက်နှိပ်ခွင့်ရကြပါတယ်။ ဒါဟာသူတို့ အတိတ်အတိတ်ဘဝတွေက ပြုခဲ့တဲ့ ပုဗ္ဗေစကတပုညတာမင်္ဂလာက ဒီဘဝမှာ သူတို့အတွက် ထိုက်တန်တဲ့နေရာတစ်ခုကိုပေးလိုက်တာပါ။

ဒီလိုပါပဲ၊ လောကီစာပေနယ်မှာလည်း တချို့စာရေးဆရာမတွေ အုပ်ရေများများရိုက်နှိပ်ခွင့်ရကြပါတယ်။ ဒါလည်း သူတို့ပြုခဲ့တဲ့ ပုဗ္ဗေစကတပုညတာ မင်္ဂလာက ဒီဘဝမှာသူတို့အတွက် ထိုက်တန်တဲ့နေရာတစ်ခုကို တည်ဆောက်ပေးထားတာပါ။

အချစ်ဝတ္ထုဖြစ်တာ၊ အပျော်ဖတ်စာပေဖြစ်တာကတစ်ပိုင်းပါ။ သူတို့ရဲ့ ပုဗ္ဗေစကတပုညတာမင်္ဂလာကိုတော့ အသိအမှတ်ပြုရမယ်၊ ဝမ်းမြောက်ရမယ်။ အသိအမှတ်ပြုတယ်၊ ဝမ်းမြောက်တယ်ဆိုတာ ကုသိုလ်စိတ်ပါ။ အသိအမှတ်မပြုတတ်တာ ဝမ်းမမြောက်တတ်တာက အကုသိုလ်စိတ်ပါ။ တကယ်ဆို မြန်မာပြည်မှာ သူတို့ထက် ဝတ္ထုရေးအတတ်ပညာမှာ ကျွမ်းကျင်တဲ့စာရေးဆရာမတွေရှိပါတယ်၊ ဒါပေမယ့် မအောင်မြင်ကြဘူး။ ဘာဖြစ်လို့လဲမေးရင် ပုဗ္ဗေစကတပုညတာ မင်္ဂလာ အားနည်းခဲ့လို့ပဲလို့ ဖြေရမှာပါပဲ။ ကံ=ပါရမီ=စန်းတို့ရဲ့ နိယာမဖြစ်စဉ်တွေကို လက်ခံသဘောပေါက်နေတတ်ဖို့လည်းအရေးကြီးပါတယ်။ ကံ-ကံရဲ့အကျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်တာ ကမ္ဘာ့သကတာသမ္မာဒိဋ္ဌိဉာဏ်ပါ၊ ကမ္ဘာ့သကတာသမ္မာဒိဋ္ဌိဉာဏ်ဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ မဖြစ်မနေရှိရမယ့်ဉာဏ်ပါ။

ကိုယ့်ကံရဲ့အားနည်းချက်အားသာချက်ကို သတ္တိရှိရှိ လက်ခံရပါ့မယ်။ လက်ခံပြီး ပြုပြင်သင့်တာကို ပြုပြင်ယူသွားရပါ့မယ်။ ပြီးတော့ ကိုယ့်မှာ ကံကောင်းတယ် မကောင်းဘူးဆိုတာ ကိုယ်လုပ်နေတဲ့အလုပ်ကို ကြည့်ပြီး ဆုံးဖြတ်လို့လည်းရပါတယ်။

အဲဒီလိုမှမဟုတ်ဘဲ ကိုယ့်ကံရဲ့အားနည်းချက်ကို မမြင်ဘဲ မကြည့်ဘဲ မကျေနပ်မှုတွေနဲ့ ပတ်ဝန်းကျင်ကိုပဲ အပြစ်တင်နေမယ်ဆိုရင်တော့ အောင်မြင်မှုတွေနဲ့ ဝေးသထက်ဝေးနေပါလိမ့်ဦးမယ်။

ဒီတော့ ကိုယ်က ပြီးပြည့်စုံအောင်မြင်တဲ့သူဆိုရင်လည်း 'ငါ အတိတ်ကပြုခဲ့တဲ့ ကုသိုလ်ကြောင့် ဒီလိုအောင်မြင်တာ၊ နောက်နောင်ဘဝတွေမှာလည်း ဆက်ကာဆက်ကာအောင်မြင်အောင် ကုသိုလ်တွေ ဆင့်ကာဆင့်ကာ ပြုနေသင့်တယ်'လို့တွေးပြီး ကုသိုလ်တွေဆင့်ကာဆင့်ကာ ပြုနေသင့်သလို မအောင်မြင်တဲ့လူတစ်ယောက်အနေနဲ့လည်း ဘာမှ စိတ်ဓာတ်ကျနေစရာမလိုဘဲ 'ငါဟာ အတိတ်ဘဝက ကုသိုလ်နည်းခဲ့လို့ အခုဘဝမှာ သူတို့လို မအောင်မြင်တာ၊ နောက်နောင်ဘဝတွေမှာ သူတို့လိုအောင်မြင်အောင် အခုကတည်းက ကုသိုလ်ကောင်းမှုတွေကို ဆင့်ကာဆင့်ကာပြုနေမယ်'လို့ ယောနိသော မနသိကာရ စိတ်ထားနဲ့ ကုသိုလ်တွေကို ဆင့်ကာဆင့်ကာ ပြုနေသင့်ပါတယ်။

တစ်နည်းအားဖြင့် ကိုယ့်ဘဝရဲ့ သီးခြားအားနည်းချက်၊ အားသာချက်တွေကိုကြည့်ပြီး ရုပ်မလှရင်လည်း ရုပ်လှရာလှကြောင်းကုသိုလ်တွေကိုရွေးပြီးပြုဖို့၊ ပညာရေးအားနည်းရင်လည်း ပညာပါရမီ ဖြစ်ရာဖြစ်ကြောင်း ကုသိုလ်တွေကိုရွေးပြီးပြုဖို့ပါ။ တခြားကျန်းမာရေး၊ စီးပွားရေး စသည်တွေမှာလည်း ဒီအတိုင်းပါပဲ။

မင်္ဂလာစည်းကမ်းအရ ရှေးအတိတ်ဘဝက ကုသိုလ်ကောင်းမှုရှိခဲ့ခြင်းတဲ့၊ စာရေးသူအယူအဆကတော့ ဒီနေရာမှာ အတိတ်ဆိုတာ ပြီးခဲ့ပြီးပါပြီ၊ သင်ခန်းစာယူရုံကလွဲလို့ ဘာမှလုပ်လို့မရတော့ပါဘူး၊ ဒါကြောင့် အတိတ်ကိစ္စကိုထားလိုက်ပါတော့။ ရောက်ဆဲ ရောက်ဆဲ ပစ္စုပ္ပန်ကာလလေး



တွေမှာ ကျန်ရှိနေသေးတဲ့ လူ့ဘဝသက်တမ်းလေးကို ကုသိုလ်တရားတွေနဲ့ တည်ဆောက်ပြီး နေပစ်လိုက်စမ်းပါ။

ဒါဆို အနာဂတ်ရဲ့ကာလတစ်ခုခုမှာ ဒါမှမဟုတ်ဘဝတစ်ခုခုမှာ အောင်မြင်တဲ့ဘဝတစ်ခုက အသင့်ကြိုနေပါလိမ့်မယ်။


တခြားကြောင့်တိုက်တွန်းရတာတော့မဟုတ်ပါဘူး။ အောင်မြင်တဲ့ လူတစ်ယောက်ဟာ လောကအတွက် အလုပ်လုပ်မယ်ဆိုရင် ပိုပြီးအဆင်ပြေ တာတ်လွန်းလို့ပါ။

အလင်းတန်းဂျာနယ်
၂၉·၉·၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com







**အတ္တသမ္မာပဏိဓိစ၊ တော်မင်္ဂလ မှု**
**မိမိစိတ်ကို ကောင်းစွာထားခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊**
**မတိမ်းစေနဲ့ဆောက်တည်လေ။**

တစ်ခါတုန်းက ဘုရားအလောင်း ဟရိတစရသေ့ဟာ ဟိမဝန္တာတောမှာ သီတင်းသုံးနေပါတယ်။ တရားကျင့်ရင်း ဈာန်အဘိညာဉ် သမာပတ်တွေလည်း ရထားပါတယ်။ တစ်နေ့တော့ ချဉ်ဆားမှီဝဲဖို့ ဗာရာဏသီမြို့ကို ထွက်ခဲ့ပါတယ်။ တောထဲမှာအနေကြာလာရင် ဆားခတ်နည်းလာပြီး ဒူးခေါင်းတွေကြီးလာတတ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် တောမှာနေတဲ့ရသေ့တွေဟာ ခန္ဓာကိုယ်မှာ ဆားခတ်နည်းလာပြီဆိုရင် မြို့တက်ပြီး ချဉ်ဆား အလှူခံလေ့ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟရိတစရသေ့ဟာ မြို့ရောက်တော့ ဗာရာဏသီမင်းရဲ့နန်းတော်ကိုသွားပြီး ချဉ်ဆားအလှူခံပါတယ်။ ဗာရာဏသီမင်းက ဟရိတစရသေ့ကို မြင်မြင်ခြင်း ကြည်ညိုသွားပြီး နန်းတော်ထဲက ဥယျာဉ်မှာပဲ သီတင်းသုံးစေပါတယ်။

တစ်နေ့မှာ ဗာရာဏသီမင်းက စစ်ထွက်ဖို့ကြုံလာပါတယ်။ ဒါကြောင့် စစ်ထွက်ခါနီးမှာ ဆရာရသေ့ကို ကောင်းကောင်း လုပ်ကျွေးဖို့ မိဖုရားကို မှာခဲ့ပါတယ်။

မိဖုရားက မင်းမှာခဲ့တဲ့အတိုင်း ဆွမ်းဘောဇဉ်ကို ကောင်းကောင်း ပြင်ပြီး ရေချိုး နံ့သာရေလိမ်းပြီး စောင့်နေလိုက်ပါတယ်။ ရသေ့ကို စောင့်ရင်းနဲ့ အမှတ်တမဲ့ ခုတင်ပေါ်မှာအိပ်ပျော်သွားပါတယ်။

မိဖုရားအိပ်ပျော်နေစဉ်မှာပဲ ရသေ့က ဈာန်နဲ့ ပြတင်းပေါက်က ဝင်လာပါတယ်။ မိဖုရားက လျှော်တေသကန်းသံကြားလို့ အမှတ်တမဲ့ အမြန်ထလိုက်တာ ဝတ်ထားတဲ့ဝတ်ရုံက အောက်လျှောကျသွားပါတယ်။ ရသေ့က မိဖုရားရဲ့ ဝိသဘာဂအာရုံကို မြင်လိုက်တော့ ကိုယ်တွင်းမှာ ငြိမ်သက်စွာတည်နေတဲ့ ကုဋေနှစ်သိန်းလောက်ရှိတဲ့ ကိလေသာတွေဟာ တခါတည်း ထကြွလာတယ်လို့ဆိုပါတယ်။ ရထားတဲ့ဈာန်လည်း ထကြွလာတဲ့ ကိလေသာတွေနဲ့အတူ ကွယ်ပျောက်သွားပါတယ်။ နောက်ဆုံး မိဖုရားနဲ့ မှားယွင်းတဲ့အဆင့်အထိ ရောက်သွားပါတယ်။

ဗာရာဏသီမင်း ပြန်ကြွလာတော့ ဒီအကြောင်းကို အမတ်တွေက မင်းကို တိုင်ကြပါတယ်။ ဒါပေမယ့် မင်းက 'မယုံဘူး'လို့ ဆိုပါတယ်။ အမတ်တွေက တစ်ယောက်မကတိုင်လာတော့ မင်းက မိဖုရားကို "သင် ရသေ့နဲ့ မှားယွင်းတယ်ဆိုတာဟုတ်လား"လို့ မေးကြည့်ပါတယ်။ မိဖုရားကလည်း 'မှန်ပါတယ်'လို့ ဝန်ခံပါတယ်။ ဒါပေမယ့် မင်းက မယုံပြန်ပါဘူးတဲ့။ နောက်ဆုံး ရသေ့ကို တိုက်ရိုက်သွားမေးတော့မှပဲ ရသေ့က 'ဟုတ်ပါတယ်မင်းကြီး'လို့ ပြောလိုက်ပါတယ်။ ဒီတော့မှပဲ မင်းက ယုံသွားပါတယ်။

ပြီးတော့ ဟရိတစရသေ့က ကိုယ့်စိတ်ကိုယ် ပြန်ဆောက်တည်ယူပါတယ်။



"ငါဟာအမှားကြီးတစ်ခုကို ကျူးလွန်ခဲ့ပြီ၊ ငါ့ရဲ့အမှားကို ငါကိုယ်တိုင်ပဲ တည်ဆောက်ယူလို့ရမယ်၊ မင်းကြီးလည်း တည်ဆောက်ပေးလို့ မရဘူး၊ မိဖုရားကြီးလည်း တည်ဆောက်ပေးလို့မရဘူး၊ ကိုယ့်အမှားကို သိတဲ့သူဟာ ပြုပြင်ယူဖို့ မခဲယဉ်းပါဘူး"

ရသေ့က အဲဒီလိုဆင်ခြင်ပြီး မင်းကြီးကို "မင်းကြီးရေ ငါ့ကို ခွင့်လွှတ်ပါ၊ ငါဟာ မနေသင့်တဲ့အရပ်မှာ နေခဲ့လို့ လူတွေရဲ့ပါးစပ်ဖျားမှာ ကဲ့ရဲ့စရာဖြစ်ကုန်ပြီ၊ မိန်းမနံ့ကင်းတဲ့တောဆီကိုပဲ ပြန်ပါရစေတော့" လို့ပြောပြီး တောကို ပြန်ကြွသွားပါတော့တယ်။

ဟရိတစရသေ့ဟာ ကိုယ့်စိတ်ကိုယ်ပြန်တည်ဆောက်ပြီး တရားပြန်ကျင့်လိုက်တာ မူလကရထားတဲ့ ဈာန်အဘိညာဉ်တွေ ပြန်ရသွားခဲ့ပါတယ်။

(ငါးရာငါးဆယ်ဇာတ်ဝတ္ထု – ဟရိတစဇာတ်)

ပြောလက်စနဲ့ အများကြားဖူးတဲ့ ဓမ္မဝတ္ထုလေးတစ်ပုဒ်ကိုလည်း ခပ်ကျဉ်းကျဉ်းထပ်ပြောလိုက်ပါရစေဦး။ အာရုံနှီးတဲ့အနေနဲ့ပေါ့၊ ကဿပဘုရားရှင်လက်ထက်က ရဟန်းတစ်ပါးရှိပါတယ်၊ အဲဒီရဟန်းက သီလလည်း တော်တော်စင်ကြယ်ပါတယ်။ တစ်နေ့တော့ သူ့ကျောင်းကို အာဂန္တုကိုယ်တော်တစ်ပါး ရောက်လာပါတယ်။ သူ့ရဲ့ဆွမ်းကပ်နေကျ ဒကာက ကျောင်းမှာ အာဂန္တုရဟန်းရောက်နေတယ်ဆိုတာ သိရတော့ မနက်ကျရင် အာဂန္တုရဟန်းကိုပါပင့်ခဲ့ဖို့ ဖိတ်သွားပါတယ်။

အဲဒီအချိန်မှာ ကျောင်းထိုင်ကိုယ်တော်ရဲ့သန္တာန်မှာ အာဂန္တုရဟန်းအပေါ် မနာလိုဝန်တိုတတ်တဲ့ ဣဿာ မစ္ဆရိယစိတ်တွေက တဖွားဖွား ပေါ်လာတော့တာပါပဲ။ ဒီတော့ မနက်ဆွမ်းစားသွားခါနီးမှာ လက်သည်းဖျားနဲ့ ခေါင်းလောင်းထိုး နှိုးခဲ့ပါသတဲ့။ အိမ်ရောက်တော့ ဒကာကို 'သင့်ကိုယ်တော် အအိပ်ကြီးနေတယ်၊ ခေါင်းလောင်းထိုး နှိုးတာတောင် မနိုးဘူး'လို့ မိန့်ပါတယ်။

ဒကာကတော့ ရိပ်မိလိုက်ပါပြီ၊ ဒါကြောင့် အပြန်မှာ အာဂန္တုကိုယ်တော်အတွက် ဆွမ်းထည့်ပေးလိုက်ပါတယ်။ အဲဒီတော့ ကျောင်းထိုင်ကိုယ်တော်အတွက် ဒုတိယအကြိမ် ဣဿာမစ္ဆရိယတွေ ထပ်ဝင်လာပြန်

www.burmeseclassic.com

www.burmeseclassic.com



ရော၊ ဒီတော့ ဆွမ်းကို လမ်းမှာပဲ သွန်ပစ်ခဲ့ပါတော့တယ်။

အဲဒီမကောင်းတဲ့စိတ်ဟာ သူ့ဘဝရဲ့တစ်သံသရာလုံးကို ဒုက္ခပေးခဲ့ပါတယ်။ သူတင်မကပါဘူး၊ ရွာတစ်ရွာမှာ လူသွားဖြစ်ရင် တစ်ရွာလုံးဆင်းရဲသွားကြတဲ့အထိပါ။

တကယ်လို့သာ အဲဒီရဟန်းဟာ သူတစ်ပါးအပေါ် မကောင်းတဲ့စိတ်ဖြစ်တာနဲ့ ချက်ချင်းသိပြီး ကိုယ့်စိတ်ကလေးကို အကောင်းဆုံးဖြစ်အောင်ပြန်တည်ဆောက်ယူလိုက်မယ်ဆိုရင် ဇာတ်လမ်းက တစ်မျိုး ဖြစ်သွားနိုင်ပါတယ်။ အခုတော့ ဇာတ်လမ်းက မလှတော့ဘူး ဖြစ်သွားပါတယ်။

မင်္ဂလာ(၃၈)ပါးထဲမှာ စာရေးသူ စိတ်အဝင်စားဆုံးမင်္ဂလာက အတ္တသမ္မာပဏိဓိမင်္ဂလာပါ။ ဘာဖြစ်လို့လဲဆိုတော့ မကြာခဏ အဲဒီအတ္တသမ္မာပဏိဓိမင်္ဂလာနဲ့ ဆန့်ကျင်ဘက်ဖြစ်ဖြစ်နေတတ်လို့ပါ။

အတ္တသမ္မာပဏိဓိဆိုတာ ကိုယ့်စိတ်ကိုယ် မှန်ကြည့်သလို သတိနဲ့စောင့်ကြည့်နေတာပါ။ အထူးသဖြင့် မကောင်းတဲ့စိတ်ဖြစ်တာနဲ့ ချက်ချင်းသိ၊ သိတာနဲ့တစ်ပြိုင်နက် ပယ်ပစ်နိုင်ဖို့ပါ။ ဘယ်လိုပယ်မလဲဆိုတော့ ပယ်နည်းမှာ နှစ်မျိုးရှိပါတယ်။ ဆင်ခြင်ပြီး ပယ်တာနဲ့၊ ပွါးများပြီး ပယ်တာပါ။

"ငါ့မှာမကောင်းတဲ့စိတ်ဖြစ်နေပြီ၊ သူတစ်ပါးအပေါ် မကောင်းတဲ့စိတ်ဟာ ငါ့အောင်မြင်မှု၊ ငါ့တိုးတက်မှု၊ ငါ့ဘဝ၊ ငါ့အနာဂတ်ကို ငါကိုယ်တိုင်ဖျက်ဆီးပစ်နေတာပဲ၊ သူတစ်ပါးအပေါ် မကောင်းတဲ့စိတ် ဖြစ်တဲ့သူဟာ ကြီးပွားတိုးတက်အောင်မြင်တယ်လို့ တစ်ခါမှမကြားဖူးသေးဘူး" စသည်ဖြင့် ကိုယ်နားလည်သလို ဆင်ခြင်ပြီးပယ်နိုင်သလို မကောင်းတဲ့စိတ်ဖြစ်နေတာလေးကိုပဲ သတိကပ်ပြီး "မကောင်းတဲ့စိတ် ဖြစ်နေတယ်၊ မကောင်းတဲ့စိတ်ဖြစ်နေတယ်"ဆိုပြီး အချက်သုံးဆယ်လောက် မှတ်ပြီးလည်း ပယ်နိုင်ပါတယ်။ မှတ်နေစဉ်အချိန်မှာ ကုလားထိုင်ပေါ်မှာ ထိုင်နေတယ်ဆိုရင်လည်း မျက်လုံးလေးကိုအသာလေးမှိတ်ထားပြီး မကောင်းတဲ့စိတ်ဖြစ်နေတာလေးကို အာရုံညွှတ်နိုင်သမျှညွှတ်ပြီး သိနေဖို့လည်း အရေးကြီးပါတယ်။

သူတစ်ပါးအပေါ်မကောင်းတဲ့စိတ်ကို ဆင်ခြင်ပြီးပဲပယ်ပယ်၊ ပွားများပြီးပဲပယ်ပယ်၊ ပယ်ပစ်နိုင်ဖို့ကအဓိကပါ။



ဥပမာ–လမ်းသွားရင်း မကောင်းတဲ့စိတ်ဖြစ်တယ်ဆိုပါစို့။ လှမ်းနေတဲ့ခြေလှမ်းကို ချက်ချင်းရပ်ပစ်လိုက်ပြီး ကိုယ်စွမ်းနိုင်တဲ့နည်းနဲ့ ပယ်ပစ်နိုင်ရပါမယ်။ အထူးသဖြင့် ပွားများပြီးပယ်နိုင်ရင်တော့ ပိုကောင်းပါတယ်။ အသွားမှာဖြစ်တဲ့ မကောင်းတဲ့စိတ်ကို အသွားမှာပဲ ပယ်ပစ်နိုင်ဖို့ပါ။

ဒီလိုပါပဲ၊ ကားစီးရင်းပဲဖြစ်ဖြစ်၊ ဧည့်ခံပွဲတက်ရင်းပဲဖြစ်ဖြစ်၊ ထိုင်ရင်းပဲဖြစ်ဖြစ်၊ အိပ်ရင်းပဲဖြစ်ဖြစ်၊ ဖြစ်တာနဲ့သိ၊ သိတာနဲ့ပယ်ပစ်ဖို့ပါ။

အကျင့်တစ်ခုဆိုတာ ကျင့်ယူရတာပါပဲ။ အတိတ်ဘဝက အကုသိုလ်အထုံတွေများခဲ့တော့ အတိတ်အထုံတွေရဲ့လွှမ်းမိုးမှုကြောင့် ကျင့်စမှာနည်းနည်းခက်ရင်ခက်မယ်၊ ကျင့်ပါများလာရင်တော့ အဆင်ပြေသွားပြီး အလေ့အကျင့်တစ်ခုလို ဖြစ်နေပါလိမ့်မယ်။ ဒါဆို အလေ့အကျင့်ကလေးတစ်ခု ဖြစ်နေပြီး မကောင်းတဲ့စိတ်ရဲ့နေရာမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာစတဲ့ကောင်းတဲ့စိတ်ကလေးတွေ ဝင်လာပါလိမ့်မယ်။

အောင်မြင်ခြင်း မအောင်မြင်ခြင်း၊ အဆင်ပြေခြင်း အဆင်မပြေခြင်း၊ အသက်ရှည်ခြင်း မရှည်ခြင်း၊ ကျန်းမာခြင်း မကျန်းမာခြင်းစသည်တွေကို အတ္တသမ္မာပဏိဓိက လူသားတစ်ယောက်အတွက် များစွာပြဋ္ဌာန်းထားပါတယ်။

ဟိုဟိုဒီဒီ သွားနေစရာမလိုဘဲ အချိန်မရွေး၊ နေရာမရွေး၊ အလုပ်မရွေး၊ ဣရိယာပုထ်မရွေး ကျင့်လို့ရတဲ့ အကျင့်လေးတွေကို ကျင့်ကြည့်လိုက်စမ်းပါ။ အောင်မြင်စေချင်လို့ပါ။

စာဖတ်သူ ... စကားလေးတစ်ခွန်းတော့ ထပ်မှာလိုက်ပါရစေ။ သူတစ်ပါးအပေါ် မကောင်းတဲ့စိတ်ဖြစ်တဲ့နေ့ဟာ ကိုယ့်အောင်မြင်မှု၊ ကိုယ့်တိုးတက်မှု၊ ကိုယ့်အနာဂတ်ကို ကိုယ်ကိုယ်တိုင် ဖျက်ဆီးပစ်လိုက်တဲ့နေ့ပါပဲ။ တကယ်ပါ၊ အကြားနဲ့ပြောတာမဟုတ်ပါဘူး။ ကိုယ်တွေ့မို့လို့ပြောတာပါ။

အလင်းတန်းဂျာနယ်
၆.၁၀.၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com









ဗဟုသစ္စဥ္၊ ဧတံမင်္ဂလမုတ္တမံ။
အကြားအမြင် ဗဟုသုတများခြင်းသည်
မြတ်သောမင်္ဂလာမည်၏။
တတ်ကောင်းတတ်ရာဟူသမျှကို၊
ကြားမြင်သုတရှိပါစေ။

တစ်ခါတုန်းက ယောသကဆိုတဲ့ကောင်လေးတစ်ယောက် ရှိပါတယ်။ သူ့ရဲ့အဓိကအားနည်းချက်က စာလုံးဝမတတ်တာပါဘဲ။ ယောသက,က သူဌေးကြီးတစ်ယောက်ရဲ့သားပါ။ သားအရင်းတော့ မဟုတ်ပါဘူး။ မွေးစားသားပါ။

ထိုးစံအတိုင်း သူဌေးကြီးမှာ သားအရင်းတစ်ယောက်လည်း မွေးဖွားလာရော မွေးစားသားယောသကကို ချစ်လို့မရတော့ပါဘူး။ သူဌေးရာထူးကိုလည်း ယောသက,က သားကြီးဆိုတော့ စည်းကမ်းအရ

www.burmeseclassic.com

www.burmeseclassic.com



ယောသကကိုပဲ လွှဲပေးရမှာပါ။ ဒီတော့ သူဌေးကြီးက ယောသကကို ငယ်စဉ်ကတည်းက အမျိုးမျိုးသတ်ဖို့ကြံခဲ့ပါတယ်။ ဒါပေမယ့် တစ်ခါမှ မအောင်မြင်ခဲ့ပါဘူး။

ဒီလိုနဲ့ ယောသက လူပျိုအရွယ်လည်းရောက်လာရော သူဌေးကြီးက 'ဒီကောင့်ကို မဖြစ်မနေ သေအောင်သတ်တော့မှပဲ'ဆိုပြီး သူဌေးကြီးရဲ့ စီးပွားတွေကို အုပ်ချုပ်ကောက်ခံပေးနေရတဲ့ ကိုယ်စားလှယ်ဆီ "ယခုလာသော သားယုတ်မာကို သူမသိအောင်သတ်ပစ်လိုက်ပါ"လို့ စာရေးပြီး ယောသကကိုပဲသွားပြီးပို့ခိုင်းလိုက်ပါတယ်။

ယောသက,က သွားခါနီး ဖခင်သူဌေးကြီးကို ဦးချကန်တော့ပြီး 'လမ်းမှာ ကျွန်တော်ဘယ်လိုထမင်းစားရမလဲ'လို့မေးတော့ သူဌေးကြီးက သူ့ရဲ့မိတ်ဆွေ ဇနပုဒ်သူဌေးတစ်ယောက်ရဲ့အိမ်မှာ ဝင်စားဖို့ မှာလိုက်ပါတယ်။

ယောသကလည်း ဖခင်သူဌေးကြီးပေးလိုက်တဲ့စာကို ယူလာပြီး လမ်းခုလပ်က ဇနပုဒ်သူဌေးရဲ့အိမ်မှာ ခေတ္တခဏ ဝင်တည်းပါတယ်။ ဇနပုဒ်သူဌေးမှာ ယောသကနဲ့ သက်တူရွယ်တူ သမီးတစ်ယောက်ကလည်း ရှိနေပါတယ်။

ဇနပုဒ်သူဌေးရဲ့သမီးက ယောသကသူဌေးသား ရောက်နေတဲ့ အကြောင်းကို အိမ်စေကျွန်မတစ်ယောက်ဆီက ကြားလိုက်ရပါတယ်။ "ယောသက"ဆိုတဲ့အသံ ကြားလိုက်တာနဲ့ သူဌေးသမီးဟာ ရိုးတွင်းချဉ်ဆီအထိ အချစ်စိတ်တွေဖြစ်သွားတယ်လို့ စာမှာဆိုပါတယ်။ အဲဒီလိုဖြစ်ရတာကတော့ အတိတ်ဘဝတစ်ခုက ပစ္စေကဗုဒ္ဓါတစ်ပါးကို ဆွမ်းတစ်စလယ်ချက် အတူတကွ လောင်းလှူခဲ့ဖူးလို့ပါတဲ့။

ဒါနဲ့ သူဌေးသမီးလည်း ယောသကရှိရာကို ထွက်ခဲ့တယ်။ သူဌေးသမီး ယောသကကိုတွေ့ရတဲ့အချိန်မှာ ယောသက,က ခုတင်ပေါ်မှာ ပင်ပန်းလွန်းလို့ထင်ပါရဲ့၊ အိပ်မောကျနေပါပြီ။ သူဌေးသမီးက ယောသကကို နီးနီးကပ်ကပ် ကြည့်လိုက်တော့ ယောသကရဲ့ပုဆိုးစွန်းမှာ စာလေးတစ်စောင် တွေ့ရပါတယ်။ ယူဖတ်ကြည့်လိုက်တော့ တော်တော်လေး အံ့သြတုန်လှုပ်သွားပါတယ်။

သူဌေးသမီးက "ဩော်...ကိုယ့်ကိုသတ်မယ့်စာ၊ ကိုယ်တိုင်ယူလာ



ရတယ်လို့၊ ငါနဲ့သာမတွေ့ရင် သေဖို့ပဲရှိတော့တယ်"လို့ ငြီးငြူပြီး စာကို ဆုတ်ဖျက်ပစ်လိုက်ပါတယ်။ ပြီတော့ "ယခုလာသူ ကျွန်ုပ်သားလိမ္မာကို ဇနပုဒ်သူဌေးသမီးနဲ့ လက်ထပ်ထိမ်းမြားပေးလိုက်ပါ"လို့ ပြောင်းရေးပြီး ပုဆိုးစွန်းနားမှာပဲ ပြန်ထားပေးခဲ့ပါသတဲ့။

ယောသကလည်း အိပ်ရာကနိုးတော့ ကိုယ်လက်သန့်စင်၊ ထမင်းစားပြီး ဖခင်သွားခိုင်းတဲ့ ကိုယ်စားလှယ်ဆီ ထွက်ခဲ့ပါတယ်။ ယောသက ကိုယ်စားလှယ်ဆီရောက်တော့ ကိုယ်စားလှယ်က စာဖတ်ကြည့်ပြီး အားရဝမ်းသာနဲ့ပဲ ယောသက တည်းခဲ့တဲ့ ဇနပုဒ်သူဌေးဆီသွားပြီး အကျိုးအကြောင်းပြောပြ၊ ဇနပုဒ်သူဌေးသမီးနဲ့ လက်ထပ်ထိမ်းမြားပေးလိုက်ပါတော့တယ်။

**(ဓမ္မပဒ၊ ပထမအုပ်၊ သာမာဝတီဝတ္ထု)**

တော်ပါသေးရဲ့၊ ကိုယ့်ကိုချစ်တဲ့သူနဲ့တွေ့လိုက်ပေလို့၊ နို့မဟုတ်လို့ကတော့ 'သေဖို့သာပြင်ပေတော့'လို့ ပြောရတော့မှာပဲ။ ဒီလိုကျတော့လည်း လူတစ်ယောက်ရဲ့အသက်ရှင်ခြင်း၊ မရှင်ခြင်းကို အချစ်က ပြဌာန်းပေးနေသလိုပဲနော်။ ဒါကလည်း ဒီဝတ္ထုလေးအရ ကန့်သတ်နယ်မြေအနေနဲ့ပဲ ဖြစ်ပါလိမ့်မယ်။ ကဲ – ထားပါ။

ဗဟုသုတ=အကြားအမြင်ဗဟုသုတများခြင်းဆိုတာ ပညာတတ်ခြင်း၊ စာတတ်ခြင်းကို ဆိုလိုတာပါ။ ဝိဇ္ဇာနဲ့သိပ္ပံခွဲရင် ဝိဇ္ဇာဘာသာရပ်ကို ယူရမယ်လို့ စာမှာဆိုထားပါတယ်။ (သိပ္ပံဘာသာရပ်ကတော့ ရှေ့မှာလာပါလိမ့်မယ်)။

သူတို့ခေတ်ကဝိဇ္ဇာ–သိပ္ပံ ခွဲတဲ့နေရာမှာ ကျက်ရမှတ်ရတဲ့ နှုတ်မှုပညာကို ဝိဇ္ဇာ၊ ကိုယ်လက်စတဲ့ ခန္ဓာကိုယ်နဲ့ လုပ်ရတဲ့ လက်မှုပညာကို သိပ္ပံဆိုပြီး ခွဲကြပါတယ်။ အံ့သြဖို့ကောင်းတာက အဲဒီခေတ်က ဝိဇ္ဇာသမားတွေက သိပ္ပံသမားတွေထက် ပိုဂုဏ်ရှိပါသတဲ့။ သိပ္ပံသမားတွေက တော်တော်လေး ဂုဏ်ငယ်ရဆိုပဲ။

ဗဟုသုတမင်္ဂလာရဲ့လိုရင်းကတော့ ပညာတတ်ဖြစ်ဖို့ပါပဲ။

မြန်မာနိုင်ငံ နှစ်ပေါင်းတစ်ရာကျော် ကျွန်ပြုခံရတာ ဘာ့ကြောင့်လဲလို့မေးရင် ပညာမတတ်လို့လို့ ဖြေရမှာပါပဲ။ အခုနှစ်ဆယ့်တစ်ရာစုမှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာမယ့် ပြဿနာအားလုံးကို ပညာကပဲ ဖြေရှင်းသွားမှာပါ။ ဒါကြောင့် လူငယ်တစ်ယောက်အနေနဲ့ ပညာရေးနဲ့ လုံးဝမျက်ခြေမပြတ်သင့်ပါဘူး။ ပညာမတတ်ရင်တော့ ကျန်ခဲ့မှာပဲ၊ ကျန်ခဲ့တဲ့နေရာမှာ တစ်ယောက်ထဲတင် ကျန်ခဲ့မှာ မဟုတ်ပါဘူး။ လူမျိုးတစ်မျိုးလုံး ကျန်ခဲ့ကြမှာပါ။ ဒါကြောင့် ပညာကို မဖြစ်မနေ သင်ကိုသင်ရပါ့မယ်။

ပညာသင်တဲ့နေရာမှာ မှန်ကန်တဲ့ ရည်ရွယ်ချက်ကောင်း ရှိရပါ့မယ်။ မှန်ကန်တဲ့ရည်ရွယ်ချက်ကောင်းဆိုတာကတော့ "ငါစာသင်နေခြင်းဟာ ငါ့တိုင်းပြည်၊ ငါ့လူမျိုးအတွက် ဖြစ်တယ်၊ ငါစာတတ်ရင် ငါ့တိုင်းပြည်၊ ငါ့လူမျိုး အတွက် အကျိုးပြုလုပ်ငန်းတွေလုပ်မယ်"ဆိုတဲ့ ရည်ရွယ်ချက်ပါ။

ဒီတော့ ကျောင်းသားတစ်ယောက် ကျောင်းသွားခါနီး၊ သင်တန်းသွားခါနီးမှာ "ငါစာသင်နေခြင်းဟာ ငါ့တိုင်းပြည်၊ ငါ့လူမျိုးအတွက် ဖြစ်တယ်၊ ငါစာတတ်ရင် ငါ့တိုင်းပြည် ငါ့လူမျိုးအတွက် အကျိုးပြုလုပ်ငန်းတွေ လုပ်မယ်"ဆိုတဲ့စကားကို ငါးခေါက်ထက်မနည်း ရွတ်ဆိုသင့်ပါတယ်။ စာသင်နေဆဲမှာလည်း အခွင့်သင့်တိုင်း ရွတ်ဆိုနေသင့်ပါတယ်။ နှုတ်က အသံထွက် မဆိုဘဲ စိတ်ထဲကနေ နှလုံးသွင်း ဆင်ခြင်နေရင်လည်း ရပါတယ်။

အဲဒီလို မှန်ကန်တဲ့ရည်ရွယ်ချက်ကောင်းကို နှလုံးသွင်းဆင်ခြင်နေတာဟာ စာပေအရပြောရရင် ကုသိုလ်စိတ်တွေ ဖြစ်နေတာပါ။ တနည်းအားဖြင့် ပုထုဇဉ်တွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အကုသိုလ်စိတ်တွေကိုလည်း ပယ်ပြီးသား ဖြစ်နေပါတယ်။

အဘိဓမ္မာသဘောတရားအရ စိတ်တစ်ခုဖြစ်နေချိန်မှာ တခြားစိတ်တစ်ခုက ဖြစ်လို့မရပါဘူး။ ဒါကြောင့် ရည်ရွယ်ချက်ကောင်းကို နှလုံးသွင်းဆင်ခြင်ရွတ်ဆိုနေတဲ့အချိန်မှာ ကုသိုလ်စိတ်တွေဖြစ်နေသလို အကုသိုလ်စိတ်တွေကိုလည်း ပယ်ပြီးသားဖြစ်နေပါတယ်။ စာစကားနဲ့ပြောရရင် တဒင်္ဂပဟာန်နဲ့ အကုသိုလ်ကိလေသာတွေကို ပယ်သတ်နေတာပါ။ ပိုက်ဆံမကုန်ဘဲ အလကားရနေတဲ့ ကုသိုလ်တွေပါ။

နောက်အကျိုးသက်ရောက်မှု အဆင့်ဆင့်တွေလည်း ဆင့်ကာဆင့်ကာ ဖြစ်လာပါလိမ့်မယ်။ ရည်ရွယ်ချက်ကောင်းကို နှလုံးသွင်း ဆင်ခြင်နေတဲ့ကျောင်းသားဟာ ကုသိုလ်စိတ်တွေဖြစ်နေပါတယ်။ ကုသိုလ်စိတ်



ဖြစ်လာရင် ပါမောဇ္ဇ=ဝမ်းမြောက်မှုဖြစ်လာမယ်၊ ဝမ်းမြောက်မှု ဖြစ်လာရင် ပီတိ=နှစ်သက်မှုဖြစ်လာမယ်၊ နှစ်သက်မှုဖြစ်လာရင် ပဿဒ္ဓိ= ငြိမ်းအေးမှုဖြစ်လာမယ်၊ ငြိမ်းအေးမှုဖြစ်လာရင် သုခ=ချမ်းသာမှုဖြစ်လာမယ်၊ ချမ်းသာမှုဖြစ်လာရင် သမာဓိ=စိတ်တည်ငြိမ်မှုဖြစ်လာမယ်၊ စိတ်တည်ငြိမ်မှုဖြစ်လာရင် ကျောင်းသားတစ်ယောက်ရဲ့ အဓိကအကျိုးဆက်ဖြစ်တဲ့ ကျက်မှတ်နေတဲ့စာကို အလွယ်တကူရရှိခြင်း၊ မှတ်မိလွယ်ခြင်း၊ စွဲမြဲစွာတည်နေခြင်း၊ ကျက်ထားတဲ့စာတွေ စွဲမြဲစွာတည်နေမယ်ဆိုရင် စာမေးပွဲဖြေဆိုတဲ့နေရာမှာ အထက်တန်းကျကျ အောင်မြင်သွားနိုင်ခြင်းပါပဲ။ ဒါတွေကတော့ ကျောင်းသားတစ်ယောက်ရနိုင်မယ့် ဆင့်ကဲအကျိုးဆက်တွေပါ။

မင်္ဂလာစည်းကမ်းအရ ပညာတွေတော့တတ်အောင်သင်ပါရဲ့။ ဒါပေမယ့် ကိုယ်တတ်ထားတဲ့ပညာနဲ့ လောကအတွက် ပြန်ပြီး ကျေးဇူးမပြုနိုင်ဘူးဆိုရင်တော့ မင်္ဂလာရှိသူလို့ မဆိုနိုင်ပြန်ပါဘူး။

ပိုဆိုးတာက ကိုယ်သင်ခဲ့တဲ့ပညာတွေကိုအခြေခံပြီး ငါပညာတတ်တယ်ဆိုပြီး သာယာနေတဲ့ **တဏှာ**၊ သူတို့ထက်ငါသာတယ်၊ သူတို့ငါ့လောက်မသိဘူးဆိုတဲ့ တက်ကြွနေတဲ့ **မာန**၊ 'ငါ' ပညာတတ်တာဆိုတဲ့ အမည်ပုဂ္ဂိုလ်ကို စွဲထင်ပြီး အယူမှားနေတဲ့ ဒိဋ္ဌိ၊ အဲ့ဒီ **တဏှာမာနဒိဋ္ဌိ** ဆိုတဲ့ ဂါဟတရားသုံးပါး ဝင်လာခဲ့မယ်ဆိုရင်တော့ ဂါဟတရားသုံးပါးက ပညာတတ်ကြီးကို ပြန်ကိုက်ပါလိမ့်မယ်၊ ဂါဟ အကိုက်ခံရရင်တော့ အပါယ်ငရဲဆင်းရဲကျရောက်ဖို့ပဲ ရှိပါတော့တယ်။ ဒါဟာ စာမှာသာတတ်ပြီး ကိုယ်မှာမတတ်တဲ့သဘောပါ။

ဒါကို ဒီပဲရင်းဆရာတော်ကြီးက "**ကိုယ်မှာမတတ်၊ စာမှာတတ်၊ ဂါဟတ်ကိုက်တတ်သည်**"လို့ ဩဝါဒပေးခဲ့ပါတယ်။

ကဲ...စာဖတ်သူညီငယ်၊ ညီမငယ်တို့ရေ ပညာရေးကို မျက်ခြေမပြတ်လိုက်ပါနဲ့နော်၊ နိုင်ငံရဲ့အနာဂတ်အရေးဟာ ညီငယ်ညီမငယ်တို့ရဲ့ လက်ထဲမှာ ရှိနေလို့ပါ။

အလင်းတန်းဗျာနယ်

၂၀.၁၀.၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com



# မင်္ဂလာရှိတွေးများ

**သိပ္ပဉ္စ ဧတံမင်္ဂလမုတ္တမံ။**
**လက်မှုပညာတစ်ခုခုကို တတ်မြောက်ခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊**
**အသက်မွေးဖို့ အတတ်သင်လေ။**

တစ်ခါတုန်းက ငဆွံ့တစ်ယောက်ရှိပါတယ်။ ဆွံ့ပေမယ့် သူ့မှာ ထူးခြားတဲ့အတတ်တစ်ခုက ရှိနေပါတယ်။ သူက ကျောက်ခဲပစ် သိပ်တော်တာပါ။ ဘယ်အရာကိုပဲဖြစ်ဖြစ် မှန်အောင်ပစ်နိုင်ပါသတဲ့။

တစ်နေ့တော့ ကလေးတွေက အဲဒီငဆွံ့ကို ရထားပေါ် တင်ခေါ်လာပြီး မြို့ပြင်မှာရှိတဲ့ ညောင်ပင်ကြီးရှိရာကို ခေါ်ခဲ့ပါတယ်။ ညောင်ပင်အောက် ရောက်တော့ ကလေးတွေကပိုက်ဆံပေးပြီး "ဆင်ရုပ်ပြပါ၊ မြင်းရုပ်ပြပါ"ဆိုပြီး ပူဆာကြပါတယ်။

ငဆွံ့ကလည်း ကလေးတွေပူဆာတဲ့အတိုင်း ညောင်ရွက်တွေကို ကျောက်ခဲနဲ့ပစ်ပစ်ပြီး အရုပ်ထင်အောင် လုပ်ပြပါတယ်။ ဒါကို ကလေးတွေက အလွန်သဘောကျဆိုပဲ။

အဲဒီအချိန်မှာ ဗာရာဏသီမင်းက ဥယျာဉ်ကစားထွက်လာရင်း ငဆွံ့နဲ့ ကလေးတွေဆီကို ရောက်လာပါတယ်။

ဗာရာဏသီမင်းက ငဆွံ့ရဲ့လက်ရာကိုမြင်လိုက်ရတော့ "ငါ့အတွက်တော့ အသုံးကျပြီ"ဆိုပြီး ငဆွံ့ကို တိုးတိုးတိတ်တိတ် ပြောပြပါတယ်။

"ငါ့ဆီမှာ အလွန်စကားများတဲ့ ပုဏ္ဏားတစ်ယောက် ရှိတယ်၊ အဲဒီပုဏ္ဏား စကားမများအောင် သင်ကူညီနိုင်မလား"

"ကူညီနိုင်ပါတယ်မင်းကြီး"

ဗာရာဏသီမင်းနဲ့ငဆွံ့ တိုးတိုးတိတ်တိတ်တိုင်ပင်ပြီး ငဆွံ့ကို နန်းတော်ခေါ်ခဲ့ပါတယ်။ နောက်တစ်နေ့ညီလာခံ အချိန်ရောက်တော့ ငဆွံ့ကို ကန့်လန့်ကာနောက်ကွယ်မှာ ထားထားပါတယ်။ ပြီးတော့ ဆိတ်ချေး တစ်စလယ်လည်း ပေးထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညီလာခံစတယ်ဆိုရင်ပဲ စကားများတဲ့ပုဏ္ဏားက စကားစဖို့ ပြင်လိုက်ပါတယ်။ ကန့်လန့်ကာနောက်ကွယ်က ငဆွံ့ကလည်း ပုဏ္ဏား စကားပြောဖို့ ပါးစပ်ဟလိုက်တာနဲ့ ဆိတ်ချေးတုံးတစ်တုံး ပါးစပ်ထဲ လှမ်းပစ်သွင်းလိုက်ပါတယ်။ ပုဏ္ဏားကလည်း ဝင်လာတဲ့ဆိတ်ချေးတုံးကို အသာမျိုချလိုက်ပါတယ်။

ဒီလိုနဲ့ ပုဏ္ဏားက စကားပြောမယ်လို့ပါးစပ်ဟလိုက်၊ ငဆွံ့က ဆိတ်ချေးတုံးနဲ့လှမ်းပစ်သွင်းလိုက်နဲ့ ဆိတ်ချေးတစ်စလယ် ကုန်သွားရောဆိုပါတော့။ ဆိတ်ချေးကုန်သွားပြီဆိုတော့ ငဆွံ့ကလည်း ဗာရာဏသီ မင်းကို ကန့်လန့်ကာလှပ်ပြီးအချက်ပေးလိုက်ပါတယ်။

ဒီတော့ ဗာရာဏသီမင်းက "ဆရာပုဏ္ဏား ..တယ်စကားပြောနိုင်တာပဲ၊ သွား ငှရေသောက်ပြီးရောဂါမဖြစ်အောင် ပြန်အန်ပစ်လိုက်ပါဦး"လို့ ပြောလိုက်ပါတယ်။

အဲဒီနေ့ကစပြီး ပုဏ္ဏားလည်း စကားမများတော့ဘူးလို့ ဆိုပါ တယ်။

ပြီးတော့ဗာရာဏသီမင်းက "ငဆွံ့ကြောင့် ငါနားချမ်းသာရပေတယ်" ဆိုပြီး အခွန်တစ်သိန်းထွက်တဲ့ ရွာလေးရွာကိုပေးလိုက်ပါသတဲ့။

(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု - သာလိတ္တကဇာတ်)

ဘာမှမပြောပလောက်တဲ့ သာမန်အတတ်ကလေးက ငဆွံ့ကို ကျေးဇူးပြုသွားတာပါ။ ပြီးတော့စကားများတဲ့သူဆို ဘယ်သူဖြစ်ဖြစ် မနှစ်မြို့တာလည်း သတိထားစရာပါ။

သိပ္ပံအရ လက်နဲ့ပြုလုပ်ရတဲ့ လက်မှုပညာတွေကို ယူရမယ်လို့ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ စာထဲမှာတော့ သိပ္ပံအရ လက်မှုပညာ (၆၄)ပါးကိုတောင် ထုတ်ပြထားပါတယ်၊ ဂျာနယ်စာမျက်နှာငဲ့ပြီး အဲဒီ အတတ်ပညာ(၆၄)ပါးကို ရေးပြမနေတော့ပါဘူး။ အဲဒီခေတ်က ပေါ်ထွန်းခဲ့တဲ့ အတတ်ပညာတွေကို ရေးပြထားတာပါ။

နုပျိုခြင်းဆိုတာ ဘဝမှာ တစ်ကြိမ်သာရတဲ့ အခွင့်အရေးပါ။ နုပျိုတုန်းမှာ "အသက်မွေးမှု၊ တစ်ခုပညာ၊ ကိုယ်စီပါ"ဆိုတဲ့အတိုင်း အသက်မွေးဖို့အတွက် ပညာတစ်ခုခုကို သင်ကိုသင်ရပါ့မယ်။ အဲဒီလို အတတ်ပညာတစ်ခုခုကို သင်နေတာကိုက ကိုယ့်သန္တာန်မှာ သိပ္ပမင်္ဂလာ ဖြစ်ထွန်းနေတာပါ။



လူငယ်တစ်ယောက်အတွက် ဘဝမှာ ရွေးချယ်စရာ အတတ်ပညာတွေ အများကြီးနဲ့ ကြုံရတတ်ပါတယ်။ အထူးသဖြင့် ဆယ်တန်းအောင်ပြီးစ လူငယ်တစ်ယောက်အတွက် ပိုပြီးကြုံရပါတယ်။ ဒီတော့ ကိုယ် ဘာကို တန်ဘိုးထားသလဲ၊ ဘာကိုမြတ်နိုးသလဲ၊ ဘာကိုဝါသနာပါသလဲ စသည်ဖြင့် မှန်ကန်စွာ ဆုံးဖြတ်တတ်ဖို့လိုပါတယ်။

သူများဆေးတက္ကသိုလ်တက်တိုင်း ကိုယ်က သွားတက်စရာ မလိုပါဘူး။ သူများစက်မှုတက္ကသိုလ်တက်တိုင်း သွားတက်စရာ မလိုပါဘူး။

ကိုယ်ဘယ်ဘာသာရပ်ကို တန်ဘိုးထားသလဲ၊ ကိုယ်တန်ဘိုးထားတဲ့ ဘာသာရပ်ကို ရွေးချယ်မိလိုက်ဖို့ပါ။ ဘာသာရပ်တစ်ခုကို ရွေးချယ်လိုက်ပြီဆိုရင်တော့ ကိုယ်ရွေးချယ်လိုက်တဲ့ဘာသာရပ်ကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ယူရပါ့မယ်။

တစ်လောက ကျောင်းသူတစ်ယောက်က မောင်နှမသုံးယောက်ထဲမှာ သူကရိုးရိုးတက္ကသိုလ်ပဲတက်နေရပြီး ကျန်တဲ့နှစ်ယောက်ကတော့ ဆေးတက္ကသိုလ်တက်နေတဲ့အတွက် အားငယ်ရတဲ့အကြောင်း ပြောပါ တယ်။ အမေလုပ်သူကလည်း သူ့သမီးအတွက် ကူပြီးအားငယ်ပေးနေလိုက်ပါသေးတယ်။

ဘယ်ဘာသာယူထားလဲလို့မေးတော့ ဥပဒေတဲ့။ ဒီတော့ မိမိကနားလည်ခံယူထားသလောက် ပြောပြရပါတယ်။

"နိုင်ငံတစ်ခုမှာ ဆရာဝန်တွေနဲ့ချည်း တည်ဆောက်လို့ မရဘူး၊ အင်ဂျင်နီယာလည်းပါရမယ်၊ စိုက်ပျိုးရေးသမားလည်းပါရမယ်၊ ကွန်ပျူတာသမားလည်းပါရမယ်၊ စာရင်းကိုင်သမားလည်းပါရမယ်၊ ဥပဒေသမား လည်းပါရမယ်၊ လယ်သမား၊ ဆိုက္ကားသမား၊ ဈေးသည်၊ နောက်ဆုံး မိလ္လာသယ်တဲ့လူလည်းပါရမယ်။ ဒါပေမယ့် ကိုယ်လုပ်နေတဲ့အလုပ်ကိုတော့ အကောင်းဆုံးအတော်ဆုံးဖြစ်အောင် တည်ဆောက်ယူရမယ်။

ကျောင်းမှာသင်နေရတဲ့ဥပဒေအပြင် အပြင်မှာ ဥပဒေပညာရှင် တွေဖွင့်နေတဲ့သင်တန်းမျိုးစုံကိုလည်းတက်နေမယ်။ နိုင်ငံတကာကလာတဲ့ဥပဒေနဲ့ပတ်သက်တဲ့စာအုပ်တွေကိုလည်း ဖတ်နေမယ်။ အင်တာနက်က

www.burmeseclassic.com



တစ်ဆင့် ဥပဒေနဲ့ပတ်သက်တဲ့ သတင်းတွေ၊ ဆုံးဖြတ်ချက်ပညာရပ်တွေကိုလည်း ကြည့်နေမယ်။ နောက်ဖြစ်နိုင်မယ်ဆိုရင် နိုင်ငံခြားတက္ကသိုလ်တစ်ခုခုက ဥပဒေဘွဲ့တစ်ခုခုကိုလည်း ဆက်ယူလိုက်မယ်ဆိုရင် နိုင်ငံမှာတင်မကဘဲ ကမ္ဘာမှာအကောင်းဆုံးဥပဒေပညာရှင်တွေထဲမှာ ကိုယ်လည်းတစ်ယောက်အပါအဝင် ဖြစ်လာလိမ့်မယ်။ နိုင်ငံတစ်ခုမှာ ဥပဒေနဲ့ပတ်သက်လာရင် ဥပဒေသမားကိုပဲ တိုင်ပင်ဆွေးနွေးရမှာ၊ ဆရာဝန်ကိုသွားတိုင်ပင်ဆွေးနွေးလို့ဘယ်ရမလဲ၊ ကိုယ့်ဘာသာရပ်မှာ ကိုယ်ကခေတ်စကားနဲ့ပြောရရင် ဆရာကြီးဖြစ်နေဖို့အရေးကြီးတယ်"

အဲဒီလိုပြောပြီး ဆရာဦးအောင်သင်း၊ ဆရာလူထုစိန်ဝင်း၊ ဆရာနန္ဒာသိန်းဇံ၊ ဆရာဖေမြင့်တို့ရဲ့ ဖတ်သင့်ဖတ်ထိုက်တဲ့စာအုပ် တချို့ကို လည်းညွှန်းဖြစ်လိုက်ပါသေးတယ်။

ကျောင်းအတွင်းမှာ ရွေးချယ်စရာတွေများသလို ကျောင်းပြင်ပမှာလည်း ရွေးချယ်စရာတွေအများကြီးပါ။ အားကစား၊ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ ကုန်ရောင်းကုန်ဝယ်၊ အကျိုးဆောင် စသည်ဖြင့်အများကြီးပါ။ ကိုယ်ကအကောင်းဆုံး အားကစားသမား၊ အကောင်းဆုံးအယ်ဒီတာ၊ အကောင်းဆုံးသရုပ်ဆောင်၊ အကောင်းဆုံးဒါရိုက်တာ၊ အကောင်းဆုံးအဆိုတော်၊ အကောင်းဆုံးသီချင်းရေးဆရာ၊ အကောင်းဆုံးဈေးသည်၊ အကောင်းဆုံးအကျိုးဆောင် ဖြစ်ဖို့ပဲအရေးကြီးပါတယ်။

ဆိုပါစို့။ ကိုယ်ကစီမံခန့်ခွဲမှုပညာရပ်ကို စိတ်ဝင်စားတယ်၊ ကျောင်းပြီးတာကမြန်မာစာ။ ဒါပေမယ့်ဘာဖြစ်လဲ၊ အပြင်မှာ စီမံခန့်ခွဲမှု သင်တန်းမျိုးစုံကိုလိုက်တက်နေမယ်၊ စီမံခန့်ခွဲမှုနဲ့ဆိုင်တဲ့စာအုပ်တွေ တစ်လသုံးအုပ်နှုန်းအနည်းဆုံး ဖတ်ပစ်နေလိုက်မယ်၊ အင်တာနက်ကတစ်ဆင့် စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ စာအုပ်တွေကိုလည်း ရှာဖတ် ဝယ်ဖတ်နေလိုက်မယ်။ အဲဒီလိုသာ တစိုက်မတ်မတ် လုပ်ပစ်လိုက်စမ်းပါ။ သုံးနှစ်လောက် ကြာလာတဲ့အခါ အကောင်းဆုံးစီမံခန့်ခွဲမှုပညာရှင်တစ်ယောက် ဖြစ်လာပါလိမ့်မယ်။ ဒါဆို ကုမ္ပဏီများစွာက အသင့်ကြိုနေမှာပါ။

နောက်ဆုံး မုန့်ဟင်းခါးရောင်းမယ်ဆိုရင်တောင် အကောင်းဆုံးမုန့်ဟင်းခါးသည်ဖြစ်အောင် တည်ဆောက်ယူရပါ့မယ်။



မုန့်ဟင်းခါးချက်နေတဲ့အချိန်မှာ ခန္ဓာကိုယ်ကို သန့်ရှင်းနိုင်သမျှသန့်ရှင်းအောင်ထားပြီးချက်မယ်။ ပုဂံခွက်ဇွန်းတွေကိုလည်း သန့်သန့် ရှင်းရှင်းဆေးကြောပေးမယ်။ ပြီးတော့ "ငါတို့မိသားစု ထမင်းစားနေရတာ ဒီဈေးဝယ်သူတွေကို အမှီပြုပြီးစားနေရတာ၊ ဈေးဝယ်သူတွေဟာ ငါတို့ရဲ့ ကျေးဇူးရှင်တွေ၊ ဈေးဝယ်သူတွေကို အစဉ်သဖြင့်မေတ္တာပို့နေသင့်တယ်"ဆိုပြီး မုန့်ဟင်းခါးချက်နေဆဲမှာလည်း "ဒီနေ့ ငါတို့ဆိုင်လာစားမယ့် စားသုံးသူတွေ ကိုယ်ဆင်းရဲကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ" စသည်ဖြင့် မေတ္တာပို့ပေးနေမယ်၊ နောက်ဈေးရောင်းနေဆဲမှာလည်း မေတ္တာတွေ ဆင့်ကာ ဆင့်ကာ ပို့နေမယ်ဆိုရင် ပစ္စုပ္ပန်ဘဝအတွက်သာမကဘဲ တစ်မလွန်ဘဝအတွက်ပါ အကျိုးပေးနေပါလိမ့်မယ်။

ဒါတင်မကပါဘူး၊ မေတ္တာပို့နေတဲ့လူတစ်ယောက်ရဲ့သန္တာန်မှာ လောဘ၊ ဒေါသ၊ မာန၊ ဣဿာမစ္ဆရိယစတဲ့ အကုသိုလ်တရားတွေကိုလည်း ပယ်ပြီးသားဖြစ်နေသလို မေတ္တာရဲ့အကျိုးတွေဖြစ်တဲ့ 'ချမ်းသာအိပ်နိုး၊ အိမ်မက်ဆိုးကင်း၊ ချစ်ခြင်းလူနတ်၊ နတ်စောင့်တတ်လျက်၊ လက်နက် ဆိပ်မီး၊ မရောက်ပြီးခဲ့၊ စိတ်လည်းတည်စွာ၊ မျက်နှာကြည်လင်၊ သေလျှင် မတွေ၊ သေသောအခါ၊ ဗြဟ္မာ့ရွာ၊ လားရာမေတ္တာအကျိုးတည်း'ဆိုတဲ့ အတိုင်း၊ မေတ္တာရဲ့အကျိုး(၁၁)မျိုးကိုလည်း ရရှိခံစားရဦးမှာပါ။

ဆေးတက္ကသိုလ်ပဲတက်တက်၊ စိုက်ပျိုးရေးတက္ကသိုလ်ပဲ တက်တက်၊ နိုင်ငံခြားဘာသာတက္ကသိုလ်ပဲတက်တက်၊ အယ်ဒီတာပဲ လုပ်လုပ်၊ ဂျာနယ်လစ်ပဲလုပ်လုပ်၊ ကျူရှင်ဆရာပဲလုပ်လုပ်၊ မုန့်ဟင်းခါးပဲ ရောင်းရောင်း၊ ဒရိုင်ဘာပဲလုပ်လုပ်၊ စပယ်ယာပဲလုပ်လုပ်၊ စည်ပင်မိလ္လာ သယ်တဲ့သူပဲလုပ်လုပ်၊ အကောင်းဆုံးဖြစ်ဖို့နဲ့ မေတ္တာပါဖို့ပဲ အရေးကြီးပါတယ်။

အလင်းတန်းဂျာနယ်
၂၇.၁၀.၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com





# မင်္ဂလာ ဝတ္ထုများ ။၂။

**ဝနယောစသုသ်ကွတော၊ တော်မင်္ဂလမှတ္တမ်။**
**ကိုယ်ကျင့်ဝိနည်းစည်းကမ်းကို သင်ခြင်း၊**
**ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။**
**လူနှင့်ဆိုင်ရာကျင့်ဝတ်များကို၊**
**ကောင်းစွာသင်ကြားနားလည်စေ။**

တစ်ခါတုန်းက ဂန္ဓာရတိုင်းမှာ ဘုရားအလောင်းက မင်းအဖြစ် အုပ်ချုပ်နေပါတယ်။ နာမည်ကလည်း ဂန္ဓာရမင်းပါပဲ။ ဝိဒေဟတိုင်း မှာလည်း ဝိဒေဟမင်းက မင်းအဖြစ်နဲ့ အုပ်ချုပ်နေပါတယ်။ သူတို့နှစ်ဦးဟာ သံတမန်နည်းအရပဲသိရပြီး လူချင်းတစ်ခါမှမတွေ့ဖူးပါဘူးတဲ့။ ဒါပေမယ့် သူတို့နှစ်ဦးဟာ အလွန်ချစ်ကြပါသတဲ့။

တစ်နေ့တော့ ဂန္ဓာရမင်းဟာ လေသာပြတင်းကနေ လပြည့်ညရဲ့ လမင်းကြီးကို ကြည့်နေပါတယ်။ လမင်းကြီးကိုကြည့်ပြီး စိတ်ထဲမှာလည်း ကြည်နူးနေပါတယ်။ အဲဒီလိုကြည့်ပြီး ကြည်နူးနေတုန်း လကိုရာဟု ဖမ်းလိုက်ပါတယ်။ (လကြတ်သွားတယ်ပေါ့)။ ရာဟုဖမ်းလိုက်တာနဲ့ လမင်းကြီးရဲ့အလင်းရောင်လည်း ပျောက်သွားပါတယ်။

ဂန္ဓာရမင်းဟာ လကိုရာဟုဖမ်းတာကြည့်ပြီး အကြီးအကျ

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်သံဝေဂ ရပါတယ်။ ဒါကြောင့် ချက်ချင်းပဲ မင်းအဖြစ်ကိုစွန့်ပြီး တောထွက် ရသေ့ပြုသွားပါတော့တယ်။ ပြီးတော့တရားကျင့်လိုက်တာ ဈာန်အဘိညာဉ်တွေလည်းရသွားတယ် ဆိုပါတော့။

ဝိဒေဟတိုင်းမှာမင်းလုပ်နေတဲ့ ဝိဒေဟမင်းက ဒီသတင်းကြားလိုက်ရတော့ သူလည်း တောထွက် ရသေ့ ပြုသွားပါတယ်။

တစ်နေ့မှာတော့ ရသေ့နှစ်ပါးဟာ ဟိမဝန္တာရဲ့တစ်နေရာမှာ ဆုံတွေ့ကြပါတယ်။ ဒါပေမယ့် သူကတော့ ဂန္ဓာရမင်းပဲ၊ သူကတော့ ဝိဒေဟမင်းပဲ ဆိုပြီးမသိကြပါဘူးတဲ့။

တစ်ည ဂန္ဓာရရသေ့နဲ့ဝိဒေဟရသေ့ စကားပြောနေစဉ်မှာ လကို ရာဟုဖမ်းပါတယ်။ ဂန္ဓာရမင်းလည်း တိုက်တိုက်ဆိုင်ဆိုင် ဒုတိယအကြိမ်လာဖြစ်နေတာနဲ့ သူက ရာဟုဖမ်းတာကိုတွေ့ပြီး ရသေ့ပြုခဲ့တာဖြစ်ကြောင်း ဝိဒေဟရသေ့ကို ပြောပြလိုက်ပါတယ်။ ဝိဒေဟရသေ့က "ဆရာ…သင် ဂန္ဓာရမင်းလား"လို့ မေးကြည့်လိုက်ပါတယ်။ ဂန္ဓာရရသေ့ကလည်း ဟုတ်မှန်ကြောင်းပြောပြပြီး တစ်ပါးအကြောင်းတစ်ပါး မေးရင်းနဲ့ အကြောင်းစုံသိသွားပါတယ်။ ဒီတော့ ရသေ့နှစ်ပါးဟာ ယခင်ကထက် ပိုချစ်သွားပါသတဲ့။

တစ်နေ့ ဆွမ်းခံလို့ရလာတဲ့ဆားကို ဘုဉ်းပေးကြရင်း ပိုနေတဲ့ ဆားကို ဝိဒေဟရသေ့က ကျောင်းသက်ကယ်မိုးမှာ သိမ်းထားလိုက်ပါတယ်။ နောက်တစ်နေ့ ဆားမရတဲ့အခါကျတော့ ဝိဒေဟရသေ့က သက်ကယ်မိုးမှာ သိမ်းထားတဲ့ ဆားကို ထုတ်ကပ်ပါတယ်။ ဒီတော့ ဂန္ဓာရ ရသေ့က တအံ့တသြနဲ့ မေးလိုက်ပါတယ်။

"ဒီနေ့ ဆွမ်းခံတာ ဆားမရပါဘူး၊ ဒီဆားက ဘယ်ကရတာလဲ"

"မနေ့ကပိုနေတဲ့ဆားကို သိမ်းထားတာပါ"

"အို…တိုင်းပြည်ကိုတောင်စွန့်ခဲ့ပြီး ဆားကလေးကျမှ မက်မက်မောမော သိမ်းထားရတယ်လို့"

"ဆရာ…သင်က ကိုယ့်ကိုယ်ကိုဆုံးမဖို့ဆိုပြီး တောထွက်လာတာ၊ အခု သူတစ်ပါးကို ဆုံးမနေရသလား"

"ဝိဒေဟ…ငါကမမှုကို ပြောနေတာ၊ အမမှုကို ပြောနေတာ မဟုတ်ဘူး၊ မမှုကိုပြောတဲ့ငါ့မှာ မကောင်းမှု ဖြစ်စရာအကြောင်းမရှိဘူး"



"မမှုဆိုပေမယ့် သူတစ်ပါးစိတ်နှလုံးကိုထိခိုက်တယ်ဆိုရင် မပြောသင့် ပါဘူး"

"သူတစ်ပါးထိလို့ ဖွဲပြာလိုပဲလွင့်သွားစေဦးတော့၊ မမှုကို ပြောရမှာတော့ ငါ့တာဝန်ပဲ၊ ဝိဒေဟ…လူ့ဝိနည်း လူ့စည်းကမ်းကို မသင်တဲ့ လူတွေဟာ တောထဲကကျွဲကန်းကြီး မမြင်မစမ်းနဲ့ သွားနေရသလိုပဲ တွေတွေဝေဝေနဲ့ နေရတယ်။ ဆရာသမားတွေဆီမှာ လူ့ဝိနည်း လူ့စည်းကမ်းကို သင်ဖူးထားတဲ့ သူဟာ စိတ်တည်တည်ငြိမ်ငြိမ်နဲ့ နေရတယ်။ အခုသင့်ကို သိသင့်သိထိုက်တဲ့ ဝိနည်းစည်းကမ်းတစ်ခုကို ငါက ပြောပြနေတာပဲ"

ဂန္ဓာရရသေ့က စကားကို ခပ်ရှည်ရှည်လေး ဆုံးမလိုက်မှ ဝိဒေဟရသေ့လည်း သဘောပေါက်သွားပါတယ်။

နောက် ဂန္ဓာရရသေ့ဆီက ဝိနည်းစည်းကမ်းအကျင့်တွေသင်ယူပြီး တရားကျင့်လိုက်တာ ဈာန်အဘိညာဉ်တွေပါ ရသွားပါတော့တယ်။

**(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု – ဂန္ဓာရဇာတ်)**

ဝိဒေဟရသေ့အနေနဲ့ ငါလည်းမင်း သူလည်းမင်း၊ ငါလည်းရသေ့ သူလည်းရသေ့ဆိုတဲ့ မာနလေးသာ ဝင်လာခဲ့ရင် ဇာတ်လမ်းက တော်တော် အကျည်းတန်သွားနိုင်ပါတယ်။ သတိရှိတော့လည်း လမ်းချော်မသွားပါဘူး။

ဝိနယသုသိက္ခိတမင်္ဂလာဆိုတာ ကိုယ်ကျင့်ဝိနည်းစည်းကမ်းကို သင်ခြင်း၊ ကျင့်ခြင်းပါတဲ့။

ဒါက စာဆန်ဆန်ပြောနေတာပါ၊ လူဖြစ်လာရင် လူ့ကျင့်ဝတ်ကို သင်ရမယ်၊ သင်ပြီးရင်ကျင့်ရမယ်၊ ဒါပါပဲ။

ဘာတွေသင်ရမလဲ၊ ဘာတွေကျင့်ရမလဲဆိုတော့ အဋ္ဌကထာမှာ အကုသလကမ္မပထမမှုတရား(၁၀)ပါး ကိုသင်ရမယ်၊ ကျင့်ရမယ်တဲ့။

သိင်္ဂါလောဝါဒသုတ်မှာလာတဲ့ မိဘဝတ်၊ ဆရာ့ဝတ်၊ မင်း ကျင့်ဝတ်၊ ပြည်သူလူထုကျင့်ဝတ် စသည်တွေနဲ့ ကိုယ်နေထိုင်တဲ့ ဒေသတွင်း နိုင်ငံတွင်းမှာ ထုတ်ပြန်ထားတဲ့ စည်းမျဉ်းဥပဒေတွေ၊ ကိုယ်လုပ်နေတဲ့ အလုပ်ရုံ၊ ကုမ္ပဏီ၊ ကိုယ်တက်နေတဲ့ ကျောင်း၊ တက္ကသိုလ်က ထုတ်ပြန်ထားတဲ့ စည်းမျဉ်းဥပဒေတွေ၊ ကိုယ့်မိသားစုအတွင်းမှာ ထုတ်ပြန်ထားတဲ့ စည်းမျဉ်းဥပဒေတွေပါ။

www.burmeseclassic.com

www.burmeseclassic.com



လူ့ကျင့်ဝတ်၊ ဝိနည်းဥပဒေ၊ သီလ၊ သိက္ခာပုဒ် စသည်ဖြင့် ဝေါဟာရတွေ ကွဲနေပေမယ့် ဝိနယသုသိက္ခိတ မင်္ဂလာထဲမှာ အကုန်အကြုံးဝင်ပါတယ်။

ဒီနေရာမှာတော့ သီလဆိုတဲ့စကားလုံးကလေးက ပိုလှနေသလားလို့ပါ၊ ဒါကြောင့် သီလဆိုတဲ့စကားလေးနဲ့ပဲ သုံးသွားရအောင်ပါ။

သီလမှာရှောင်ကြဉ်ရေးသီလနဲ့ လိုက်နာကျင့်သုံးရေးသီလဆိုပြီး ရှိပါတယ်။ ပါဠိလိုပြောရင်တော့ ရှောင်ကြဉ်ရေး သီလက ဝါရိတ္တသီလပါ။ လိုက်နာကျင့်သုံးရေး သီလက စာရိတ္တသီလပါ။ ထင်သာအောင်ပြောရင် မလုပ်ပါနဲ့လို့ တားမြစ်ထားတာကို ရှောင်ကြဉ်တာက ဝါရိတ္တသီလပါ။ ဥပမာ– ပါဏာတိပါတ စသည်တွေပေါ့။ လုပ်ပါလို့ တိုက်တွန်းထားတာကို တကူးတက ပြုလုပ်တာက စာရိတ္တသီလပါ။ ဥပမာ– မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ လောကကောင်းကျိုးအတွက် ဆောင်ရွက်ရတဲ့ လောကဝတ် စသည်တွေပေါ့။ ရှောင်ကြဉ်ရေးကော လိုက်နာကျင့်သုံးရေးကော ဟန်ချက်ညီနေရပါ့မယ်။

တကယ်တော့ မင်္ဂလသုတ်ဆိုတာ ရွတ်ဖို့ထက် ကျင့်ဖို့က အဓိကပါ။ ဘာသာရေးတက်ကျမ်းတစ်စောင်လို သဘောထားပြီးကို ကျင့်သုံးသင့်ပါတယ်။ မင်္ဂလာကျင့်စဉ်တွေဟာ ဗုဒ္ဓဘာသာမှတင် မဟုတ်ပါဘူး၊ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် ကျင့်ရင်ကျင့်သလောက်အကျိုးရှိမှာပါ။

ရုပ်ဝတ္ထုအကျိုးသက်ရောက်မှုကို ခဏထားပါဦး။ သီလမင်္ဂလာရှိနေရင် စိတ်ချမ်းသာမှုနဲ့ လူ့တန်ဘိုးက ဦးစွာ ဝင်ရောက်လာတာပါ။

ဥပမာ – ကားစီးရင်းပဲဖြစ်ဖြစ်၊ လမ်းသွားရင်းပဲဖြစ်ဖြစ်၊ အများသုံးနေတဲ့လမ်းမပေါ်မှာ အမှိုက်ပစ်ချတာ၊ ကွမ်းတံတွေး နပ်သလိပ် ထွေးချတာတွေကို ကျူးလွန်ဖို့အခွင့်ကြုံပေမယ့် အထူးသတိကပ်ပြီးလိုက်နာတာ၊ အများသုံးရထားပေါ်မှာ မုန့်ပဲသရေစာစားရင်း ထွက်လာတဲ့အမှိုက်တွေကို ရထားပေါ်မှာမပစ်မိအောင် အထူးသတိကပ်ပြီးလိုက်နာတာ၊ အများသုံးအိမ်သာကို အသုံးပြုပြီးတဲ့အခါတိုင်း လိုအပ်တာထက်ပိုပြီး သန့်ရှင်းရေးလုပ်ခဲ့တာစသည်ဖြင့်ပေါ့။ မိမိအတွက်နဲ့ လူအများ စိတ်အနှောင့်အယှက်ဖြစ်မယ့် ကိစ္စမှန်သမျှကို အထူးသတိကပ်ပြီး လိုက်နာကျင့်သုံးနေတဲ့



လူတစ်ယောက်ဟာ ကိုယ့်ရဲ့စိတ်ဓာတ်တန်ဘိုး ဘယ်လောက်အထိ မြင့်တက်လာတယ်ဆိုတာ လက်တွေ့ကျင့်သုံးနေသူက အသိဆုံးပါ။

တကယ်လို့များ လမ်းသွားရင်း ကြွပ်ကြွပ်အိတ်တစ်ခုကို လမ်းမပေါ်ပစ်ချဖို့အခွင့်ကြုံလာတယ်။ ဒါပေမယ့် ကိုယ့်မှာ သတိက ရှိနေပြီးသား "ငါ– ဒီကြွပ်ကြွပ်အိတ်ကို လမ်းမပေါ်ချခဲ့ရင် လမ်းပေါ်မှာ သွားတဲ့သူမှန်သမျှ စိတ်ဆင်းရဲမယ်။ သူတစ်ပါးကို စိတ်ဆင်းရဲအောင် ဖန်တီးတဲ့သူဟာ တစ်နေ့မှာ တူသောအကျိုးကို ပေးမှာပဲ၊ မင်္ဂလာစည်းကမ်းအရ ဒါဟာ အမင်္ဂလာအမှုပဲ၊ အမင်္ဂလာတွေများလာရင် စီးပွားရေးပဲလုပ်လုပ်၊ ပညာရေးပဲလုပ်လုပ် အဆင်ပြေစရာအကြောင်း မရှိဘူး"စသည်ဖြင့် ဆင်ခြင်ပြီး ကြွပ်ကြွပ်အိတ်ကို အမှိုက်ပုံး၊ ဒါမှမဟုတ် အမှိုက်ပုံးရှိရာကို ရောက်အောင်သွားပြီး ပစ်လိုက်မယ်ဆိုရင် ကိုယ့်သန္တာန်မှာ ဝိနယသုသိက္ခိတမင်္ဂလာ ဝင်လာပါလိမ့်မယ်။

သူတစ်ပါးစိတ်ချမ်းသာအောင် ဖန်တီးတဲ့သူဟာ ကံ့ကံရဲ့သဘောအရ ကိုယ်လည်းစိတ်ချမ်းသာရတတ်ပါတယ်။ စိတ်ချမ်းသာချင်တယ်ဆိုရင်တော့ ကြွပ်ကြွပ်အိတ်ကို လမ်းမပေါ် ပစ်မချလိုက်ပါနဲ့နော်။

အလင်းတန်းဂျာနယ်
၃.၁၁.၂၀၀၃

www.burmeseclassic.com





# ...တွေးများ ၂၁၀

**သုဘာသိတာစ ယာဝါစာ၊ ဝေါမင်္ဂလမုတ္တမံ။**
**စကားကိုကောင်းမွန်စွာ ပြောဆိုခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**မှန်ကန်ယဉ်ကျေး ချိုသာအေး၊**
**ဆိုရေးတတ်ပါစေ။**

တစ်ခါတုန်းက သူဌေးသားလူငယ်လေးယောက်ဟာ လမ်းတစ်နေရာမှာ ရပ်ပြီး ထွေရာလေးပါး ပြောနေကြပါတယ်။ အဲဒီအချိန်မှာ မုဆိုးတစ်ယောက်က သူတောလိုက်လို့ရတဲ့ သားကောင်အမဲတွေကို လှည်းနဲ့တင်ပြီး မောင်းလာပါတယ်။

ဒီတော့သူဌေးသားလေးယော... တစ်ယောက်ကထွက်ပြီး "ဟေ့...မုဆိုး ငါ့ကိုအမဲဟစ်တုံးလောက် ပေးစမ်းပါ"လို့ တောင်းလိုက်ပါတယ်။ မုဆိုးကလည်း လှည်းကိုရပ်ပြီး "လူငယ်...သင့်စကားဟာ အမြွေးနဲ့တူတယ်၊ ဒါကြောင့် အမြွေးကိုသာယူပေတော့"ဆိုပြီး အမြွေးကိုပေးလိုက်ပါတယ်။

နောက်သူဌေးသားတစ်ယောက်က တောင်းပြန်ပါတယ်။

"အစ်ကို ငါ့ကို အမဲတစ်တုံးလောက်ပေးပါ"

"အင်း...အစ်ကိုဆိုတဲ့စကားဟာ ကိုယ်အင်္ဂါကိုအစွဲပြုပြီး ခေါ်ကြတာပဲ၊ ဒါကြောင့် ရော့...ကိုယ်သားကိုယူပေတော့"

မုဆိုးကလည်း ဒသနဆန်ဆန်ပြောပြီး ပေးလိုက်ပြန်ပါတယ်။

နောက်သူဌေးသားတစ်ယောက် ထွက်တောင်းပြန်ပါတယ်။

"အဖေ...ကျွန်တော့်ကို အမဲတစ်တုံးလောက်ပေးပါ"

"အင်း...အဖေဆိုတဲ့စကားဟာ ကြားရတဲ့သူ့ရဲ့နှလုံးကို တုန်လှုပ်စေတယ်၊ ဒါကြောင့် ရော့...သင်က နှလုံးကိုယူပါ"

မုဆိုးကလည်း သူ့ဒသနကို အဲဒီလိုပြောပြီး ပေးလိုက်ပြန်ပါတယ်။

နောက်သူဌေးသားတစ်ယောက်က ထွက်တောင်းပြန်ပါတယ်။

"ချစ်သောမိတ်ဆွေကြီး ... ကျွန်တော့်ကို အမဲတစ်တုံးလောက်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ပေးပါလား"

"အင်း...လူဆိုတာ တစ်ဦးတစ်ယောက်ထည်း ရပ်တည်လို့မရဘူး၊ မိတ်ဆွေများစွာနဲ့ ရပ်တည်ရတာ၊ မိတ်ဆွေဆိုတာ ခန္ဓာကိုယ်တစ်ခုလုံးနဲ့ ဆက်စပ်နေတယ်၊ ဒါကြောင့် သင်ကတော့ ခန္ဓာကိုယ်နဲ့ဆက်စပ်သမျှ အသားအားလုံးကို ယူပေတော့"

မုဆိုးကြီးက သူ့ဒဿနတွေကို သူ့ဟာသူပြောရင်း နောက်ဆုံး သူ့ဌေးသားကိုတော့ ကောင်းမြတ်တဲ့အသားများစွာကို ပေးလိုက်ပါတော့တယ်။

(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု - သဗ္ဗမံသလာဘဇာတ်)

မုဆိုးပြောတဲ့ ဒဿနတွေဟာ မှန်ချင်လည်းမှန်မယ်။ မှားချင်လည်းမှားမယ်။ ဒါပေမယ့် သူကကြားရတဲ့စကားသံကို အခြေခံပြီး သူ့ဒဿနနဲ့သူ ဆုံးဖြတ်သွားတာပါ။

သုဘာသိတာစယ်ာဝါစာ စကားကိုကောင်းမွန်စွာ ပြောဆိုခြင်းတဲ့။

ဒီတော့စကားကိုဘယ်လိုပြောမလဲ..?။

မြတ်စွာဘုရားက အင်္ဂါ(၄)ပါးနဲ့ပြည့်စုံတဲ့စကားကို ပြောပါတဲ့။ အင်္ဂါ(၄)ပါးဆိုတာက -

၁။ သုဘာသိတာ = ကောင်းသောစကား။

၂။ ဓမ္မ = တရားသောစကား။

၃။ ပိယ = ချစ်ဖွယ်စကား။

၄။ သစ္စ = အမှန်စကား တို့ဖြစ်ပါတယ်။

ဒီ (၄)ပါးကို "စကားအရာ အင်္ဂါလေးတန်"လို့လည်း ဆိုပါတယ်။

ဒါကိုထပ်ဖွင့်ပြထားပါတယ်။ ဖွင့်ပုံက ဒီလိုပါ။

ချစ်ခင်နေတဲ့လူနှစ်ယောက် အချင်းချင်း မတည့်အောင် ရန်တိုက်ပေးခြင်းဆိုတဲ့ ပိသုဏာဝါစာကို မပြောဘဲ ကွဲပြားနေတဲ့သူတွေ ညီညွတ်လာအောင်၊ ညီညွတ်နေတဲ့သူတွေ ပိုပြီးညီညွတ်လာအောင် ပြောဆိုတဲ့စကားက သုဘာသိတ=ကောင်းသောစကားလို့ဆိုပါတယ်။

ပြောသူနားထောင်သူအကျိုးမရှိတဲ့ အတင်းအဖျင်းစကားဖြစ်တဲ့ သမ္ဖပ္ပလာပဝါစာကိုမပြောဘဲ အဖြစ်အပျက်မှန်၊ အကြောင်းအရာမှန်



သဘာဝမှန်ကို ပြောဆိုတဲ့စကားက ဓမ္မ=တရားသောစကားလို့ ဆိုပါတယ်။

ဆဲရေးကျိန်ဆဲခြင်း ကြမ်းကြမ်းကြုတ်ကြုတ်ပြောခြင်းဆိုတဲ့ ဖရုသဝါစာကို မပြောဘဲ ချစ်ခင်နှစ်လိုဖွယ်ဖြစ်အောင် ပြောဆိုတဲ့စကားက ပိယ=ချစ်ဖွယ်သောစကားလို့ ဆိုပါတယ်။

မုသာဝါဒကို မပြောဘဲအမှန်အတိုင်းပြောဆိုတဲ့စကားက သစ္စ=အမှန်စကားပါ။

နည်းနည်းရှုပ်သွားလားမသိဘူး။ မရှုပ်ပါဘူး။ လိုရင်းကတော့ ဝစီဒုစရိုက်လေးပါးမှရှောင်ကြဉ်ပြီး ပြောဆိုတာပါပဲ။

"စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်" ဆိုတဲ့ လင်္ကာလေးကိုလည်း စာဖတ်သူတွေကြားဖူး ရဖူးပါလိမ့်မယ်။

၁။ မမှန်စကား၊ ကျိုးမပွား၊ ကြားသူမနှစ်သက်။

၂။ အမှန်ပြောကြား၊ ကျိုးမပွား၊ ကြားသူမနှစ်သက်။

၃။ အမှန်ပြောကြား၊ အကျိုးများ၊ ကြားသူမနှစ်သက်။

၄။ မမှန်စကား၊ ကျိုးမပွား၊ ကြားသူလွန်နှစ်သက်။

၅။ အမှန်ပြောကြား၊ ကျိုးမပွား၊ ကြားသူလွန်နှစ်သက်။

၆။ အမှန်ပြောကြား၊ အကျိုးများ၊ ကြားသူလွန်နှစ်သက်။

အဲဒီစကား(၆)ခွန်းထဲက နံပါတ်(၃)နဲ့ နံပါတ်(၆)က မင်္ဂလာစကားဖြစ်တယ်လို့ ဆိုပါတယ်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။

သုဘာသိတမင်္ဂလာကိုရေးဖို့ စာတွေဖတ်ပြီးစလည်းဖြစ်၊ ရေးဖို့ စဉ်းစားနေဆဲစလည်းဖြစ်တဲ့ အချိန်လေးမှာ ဆရာမ မမိုးမြေနဲ့ တွေ့ဖြစ်ပါတယ်။ စကားပြောနေရင်း ဆရာမက "ကိုယ့်ကိုမုန်းစေမယ့်စကား မပြောသင့်ဘူး"လို့ ပြောလိုက်ပါတယ်။

ပြောနေတဲ့စကားနဲ့ သိပ်အဆက်အစပ်တော့မရှိပါဘူး။ ဆရာမက သူ့ခံယူချက် သူ့ခံစားချက်ကို အခြေခံပြီး ပြောလိုက်သလားမသိပါဘူး။

ထပ်တိုက်ဆိုင်တာက ဆရာမ မမိုးမြေနဲ့စကားပြောပြီး မကြာခင်မှာပဲ အမျိုးသမီးတစ်ယောက်ကို တော်တော်လေး ဒေါသဖြစ်မိပါတယ်။ ဒေါသအလျောက်လည်း ပြန်ပြောပစ်ချင်ပါတယ်။ ပြောဖို့စကားလုံးကလည်း

www.burmeseclassic.com

www.burmeseclassic.com



သိပ်သိပ်သည်းသည်းနဲ့ အသင့်ရှိပြီးသားပါ၊ အဲဒီစကားလုံးကို ပြောလိုက်ရင် ကိုယ့်ကိုမုန်းမှာလည်းအသေအချာပါ။

"ကဲပါလေ ကိုယ်ရေးမယ့်စာ ကိုယ်ကအရင် လက်တွေ့ကျင့်သုံးသင့်ပါတယ်။ ထူးထူးခြားခြား လာလည်း တိုက်ဆိုင်နေတာဆိုတော့"ဆိုပြီး လျှာကိုဘရိတ်အုပ်လိုက်ရပါတယ်။

ပြန်ပြောလိုက်ချင်တာမှလျှာကိုယားနေတာပါပဲ။ တကယ်ပါ။ ကော်ဖီသောက်ချင်ပါလျက်နဲ့ မသောက်ရတာထက်တောင် ပိုဆိုးပါသေးတယ်။ အခုဒီစာရေးနေဆဲအထိကို ပြောချင်တဲ့လျှာက ယားနေတုန်းပါ။

မြတ်စွာဘုရားက "မွေးလာသောယောကျ်ားပါးစပ်ထဲ၌ ဓားမကြီးရှိနေ၏။ ယင်းဓားမကြီးဖြင့် လူမိုက်သည် မကောင်းပြောလျက် မိမိကိုယ်ကိုဖြတ်ပိုင်းတတ်၏"လို့ သံယုတ်ပါဠိတော်မှာ ဟောထားပါတယ်။ ဓားမကြီးဆိုတာက လျှာကိုတင်စားပြောထားတာပါ။ ကိုယ့်လျှာက ကိုယ့်ကို စီးပွားပျက်သွားအောင်၊ အောင်မြင်မှုတွေနဲ့ဝေးသွားအောင်၊ ထောင်ကျသွားအောင်၊ နောက်ဆုံး အသက်ပါဆုံးရှုံးသွားအောင် ပြုတတ်ပါတယ်။ ဒါက လျှာကို အသုံးမချတတ်သူတွေအတွက်ပါ။

လျှာကိုအသုံးချတတ်သူတွေကတော့ လျှာကိုပဲအမှီပြုပြီး စီးပွားရေးတွေ တိုးတက်အောင်၊ အောင်မြင်မှုတွေ ရအောင်၊ အလုပ်အကိုင်တွေ အဆင်ပြေအောင်၊ နောက်ဆုံး သံသရာအထိ ကောင်းကျိုးတွေရအောင် အသုံးချတတ်ကြပါတယ်။

တကယ်တမ်း သေချာစဉ်းစားကြည့်တော့ ကိုယ့်ကိုချစ်အောင်လုပ်တာလည်း ဒီစကားပဲ၊ ကိုယ့်ကိုမုန်းအောင်လုပ်တာလည်း ဒီစကားပဲ။ ဒီတော့ ကိုယ့်ကိုမုန်းစေမယ့်စကားလေးတွေကိုရှောင်ပြီး ကိုယ့်ကိုချစ်စေမယ့် စကားလေးတွေကိုပဲ ရွေးပြီးပြောသင့်ပါတယ်။

ပြောသူအတွက် ထူးထူးခြားခြားအားစိုက်ပြီး ပြောရတာလည်း မဟုတ်တော့ ကျင့်စဉ်တစ်ခုလုံး အကျင့်တစ်ခုလို သဘောထားပြီး ပြောသင့်ပါတယ်။ အကျင့်ဆိုတာက စွဲတတ်တဲ့သဘောရှိပါတယ်။ မုန်းစေမယ့်စကားကိုရှောင်ပြီး၊ ချစ်စေမယ့်စကားကို ပြောတတ်တဲ့အကျင့်လေးကို သတိထားပြီးကျင့်သွားမယ်ဆိုရင် ကာလကြာလာတာနဲ့အမျှ ချစ်စကား



မပြောရရင် မနေနိုင်လောက်အောင် စွဲသွားပါလိမ့်မယ်။ ပထမစွဲသွားဖို့ အရေးကြီးပါတယ်။ စွဲသွားပြီဆိုရင် နောက်ပိုင်းစကားတွေဟာ သီးသန့်ကြောင့်ကြစိုက်စရာ မလိုတော့ပါဘူး။ ပြောသမျှစကားတွေဟာ ချစ်စကားတွေပဲဖြစ်နေပါလိမ့်မယ်။

စကားတွေက အိပ်ရာထကနေ အိပ်ရာဝင်ချိန်အထိ ပြောချင်သည်ဖြစ်စေ၊ မပြောချင်သည်ဖြစ်စေ ပြောနေကြရမှာပါ။

ဒီတော့ မနက်အိပ်ရာထပြီဆိုရင် "ငါဒီနေ့ မုန်းစကားတွေ မပြောဘူး၊ ချစ်စကားတွေပဲပြောမယ်"ဆိုပြီး ငါးခေါက်ထက်မနည်း နှလုံးသွင်းဆင်ခြင်လိုက်ပါ။ မနက်အိပ်ရာထလိုက်တာနဲ့ နေ့တစ်နေ့ရဲ့ ပထမဆုံးပြောမယ့်စကားဟာ မင်္ဂလာစကားပဲဖြစ်သင့်ပါတယ်။ ဒါကလည်း သိပ်ပြီးခက်ခဲမယ့်ကိစ္စတော့မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ် ပထမဆုံးတွေ့ရမယ့်သူတွေက ကိုယ့်မိသားစုဝင်တွေပဲဖြစ်နေမှာဖြစ်လို့ပါ။ အိမ်ကထွက်ပြီး အပြင်လောကရောက်တာနဲ့ ကိုယ်ပြောမယ့်စကားတွေကို သတိထားနေဖို့ပါ။ "မုန်းစကားလား၊ချစ်စကားလား"ဆိုတာ မပြောခင်လည်း သိနေရမယ်၊ ပြောဆဲမှာလည်းသိနေရမယ်၊ ပြောပြီးမှာလည်း သိနေရပါ့မယ်။ တစ်နေ့တာကုန်ဆုံးလို့ အိပ်ရာဝင်တဲ့အခါမှာလည်း "ငါဒီနေ့ မုန်းစကားတွေပြောဖြစ်လား၊ ချစ်စကားတွေပြောဖြစ်လား"ဆိုတာ ပြန်ဆင်ခြင်ကြည့်ပါ။ ဒါဆို ကိုယ့်သန္တာန်မှာ အကျင့်ကောင်းတစ်ခု ရလာမှာပါ။

ဘာပဲပြောပြော လောကကြီးမှာ အချစ်ခံရတာပဲကောင်းပါတယ်။ အမုန်းခံရတာမကောင်းပါဘူး။ ဒီတော့ အချစ်ခံရဖို့အတွက် ချစ်စကားတွေ တွင်တွင်ပြောနေတတ်ဖို့ပဲ အရေးကြီးပါတယ်။

အလင်းတန်းဂျာနယ်
၁၀.၁၁.၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com





မာတာပိတု ဥပဋ္ဌာန်၊ စတ်မင်္ဂလမုတ္တမ်။
မိဘကိုလုပ်ကျွေးပြုစုခြင်းသည်
မြတ်သောမင်္ဂလာမည်၏။
မြင်းမိုရ်ရွှေတောင် မိဘကျေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။

တစ်ခါတုန်းကပေါ့၊ တစ်ခါတုန်းကဆိုပေမယ့် လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်ကပါ။တက္ကသိုလ်ဆရာတစ်ယောက်က အသက်နှစ်ဆယ်ဝန်းကျင် တက္ကသိုလ်ကျောင်းသားလေးတစ်ယောက်ကို လက်ဖက်ရည်ဆိုင်မှာ အောက်ပါသမိုင်းရာဇဝင်လေးတစ်ခုကို ပြောပြပါတယ်။





"မင်းတုန်းမင်းကြီးလက်ထက်က ပညာရှိအမတ်ကြီးဦးချိမ့်ဆိုတာ ရှိတယ်။ ဦးချိမ့်ဟာ သူ့အမေရဲ့ထဘီကို ကိုယ်တိုင်လျှော်ပေးတယ်။ အိမ်ဖော်လို့ခေါ်တဲ့ အခိုင်းအစေတွေရှိပေမယ့် ဘယ်တော့မှ မလျှော်နိုင်းဘူးတဲ့။ သူ့ရဲ့လျှော်ပုံကတော့ သူ့အမေရဲ့ထဘီကို အင်တုံထဲမှာ တစ်ညဦ စိမ်ထားလိုက်တယ်။ မနက်ကျတော့မှ အင်တုံထဲထည့်ထားတဲ့ ထဘီကို နှိပ်ညှစ်ပြီး အင်တုံထဲမှာရှိနေတဲ့ ထဘီချေးရေတွေကို သွန်မပစ်ဘဲ သိမ်းထား လိုက်တယ်။ ထဘီကိုတော့ဆက်လျှော်ပေါ့။

တအောင့်လောက်ကြာတော့ ထဘီစိမ်ထားတဲ့အင်တုံထဲက အပေါ်ယံ ရေကြည်တွေကို သွန်ပစ်လိုက်တယ်၊ ဒီတော့ အင်တုံထဲမှာက ထဘီချေး အနှစ်ကလေးတွေ ကျန်နေခဲ့တယ်။ အဲဒီချေးအနှစ်ကလေးတွေကို နေလှမ်း၊ ခြောက်တဲ့အခါကျတော့ ကျောက်ပြင်မှာ မှုန့်အောင်ကျိတ်တယ်။ အမှုန့်

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေလည်းရှိလာရော သူတို့ခေတ်ကရှိတဲ့ နံ့သာဆီတို့ ပန်းပေါင်းဆီတို့ သနပ်ခါးတို့နဲ့ရောကျိုတ်ပြီး နားပန်တယ်။ ပညာရှိ အမတ်ကြီး ဦးချိမ့်ဟာ နန်းတော်ဘုရင့်ဆီ အခစားဝင်တဲ့အခါတိုင်း စောစောကပြောခဲ့တဲ့ အမေ့ထဘီချေးမှုန့်လေးတွေကို ပန်ပန် ဝင်လေ့ ရှိတယ်တဲ့။ သူတို့ခေတ်ကတော့ နားပန်တာပေါ့လေ။

ပညာရှိအမတ်ကြီးဦးချိမ့်ဟာ အမေ့ထဘီချေးကိုအမြဲပန်ခဲ့တာနဲ့ပဲ ဘဝမှာ အစစအရာရာ အဆင်ပြေခဲ့တယ်တဲ့။ ဘုရင်ကလည်း ဘွဲ့တွေ အများကြီး ချီးမြှင့်ခဲ့တယ်။ ပြီးတော့ အင်္ဂလန်၊ ပြင်သစ်၊ စပိန်၊ အီတလီစတဲ့ နိုင်ငံတွေကိုလည်း သံတမန်အနေနဲ့ သွားရောက်ခဲ့ရတယ်။ အဲဒီနိုင်ငံက နိုင်ငံခေါင်းဆောင်ကြီးတွေကလည်း သူ့ကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တွေ ဆပ်ကပ်လိုက်တယ်တဲ့"

ဆရာလုပ်သူက တပည့်ကျောင်းသားကို ဦးချိမ့်အကြောင်းအပြင် တခြားရာဇဝင်တွေကိုလည်း လက်ဖက်ရည်သောက်ရင်းနဲ့ ဆက်ပြောပြနေပါသေးတယ်။

လက်ဖက်ရည်ဆိုင်ကပြန်တော့ တက္ကသိုလ်ကျောင်းသားလေးဟာ သူ့ဆရာပြောလိုက်တဲ့ ဦးချိမ့်အကြောင်းကို ခေါင်းထဲက မထွက်တော့ပါဘူး။ ဒါကြောင့် အိမ်ပြန်ရောက်ရောက်ချင်းပဲ အမေဖြစ်သူရဲ့ထဘီကို ပုံးလေးတစ်ခုထဲမှာ စိမ်ထားလိုက်ပြီး ပညာရှိအမတ်ကြီးဦးချိမ့် ပြုမူခဲ့တဲ့အတိုင်း ပြုမူတော့တာပါပဲတဲ့။

ဒီဘက်ခေတ်မှာတော့ ထဘီချေးမှုန့်လေးတွေနဲ့ ရောလိမ်းစရာ အလှဆီပစ္စည်းတွေက ယောကျ်ားသုံး၊ မိန်းမသုံးဆိုပြီး အများကြီးရှိနေပါပြီ။ ဒီတော့ တက္ကသိုလ်ကျောင်းသားလေးဟာ ကျောင်းသွားခါနီးတိုင်း အမေ့ထဘီ ချေးမှုန့်လေးတွေကို သနပ်ခါးနဲ့ မျက်နှာမှာ လိမ်းလိမ်းသွားလေ့ ရှိပါသတဲ့။

တစ်နေ့တော့ နိုင်ငံခြားပညာတော်သင်လွှတ်ဖို့ ကျောင်းသား သုံးယောက် ရွေးချယ်မယ့်သတင်း ထွက်လာပါတယ်။ သုံးယောက်ပဲ လွှတ်မှာ ဆိုပေမယ့် အရွေးပြိုင်မယ့် ကျောင်းသားတွေက အယောက်တစ်ရာလောက် ရှိနေပါတယ်။

တက္ကသိုလ်ကျောင်းသားလေးလည်း မနက်ရောက်တာနဲ့ အမေ့



ထဘီချေးမှုန့်လေးတွေကို မျက်နှာတင်မကတော့ဘဲ ခန္ဓာကိုယ်အထက်ပိုင်း တစ်ခုလုံးကို လိမ်းပြီး ရေမွှေး နှုတ်မွှေးတွေနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ နောက်ဆုံးတော့ ပညာသင်လွှတ်ဖို့ ကျောင်းသားသုံးယောက်ရွေးချယ်တဲ့အထဲမှာ တက္ကသိုလ်ကျောင်းသားလေး ပါသွားတော့တာပါပဲ။

နောက်ဆက်တွဲ ထပ်သိရတာကတော့ အဲဒီတက္ကသိုလ်ကျောင်းသားလေးဟာ (အခုတော့လေးဆယ်ကျော် လူလတ်ပိုင်း တစ်ယောက်ပေါ့လေ) အမေ့ထဘီကို ဒီနေ့အထိ လျှော်ပေးနေသလို အလုပ်အတွက် အရေးကြီးတဲ့ လူကြီးတွေနဲ့ တွေ့ဆုံရတဲ့အခါမျိုးတွေမှာ အမေ့ထဘီချေးမှုန့်လေးတွေကို လိမ်းပြီးသွားလေ့ရှိပါတယ်တဲ့။

ရယ်စရာပြောတာတော့ မဟုတ်ပါဘူး၊ သူချစ်တဲ့ ကောင်မလေးကို ရည်းစားစကား သွားပြောတုန်းကလည်း အမေ့ထဘီချေးမှုန့်လေးကို လိမ်းပြီး သွားပြောလိုက်တာ အဖြေကို တစ်ခါတည်း တန်းရခဲ့ပါသတဲ့။

(ပညာယိုကြီးများအကြောင်း၊ မော်ပီဆရာသိန်းကြီး)

ဒီသာခကေ ဝတ္ထုလေးထုတ်ပြလိုက်တော့ စာဖတ်သူတချို့ဆီက မေးခွန်းတချို့ထွက်လာနိုင်ပါတယ်။ အဲဒီမေးခွန်းကတော့ သားသမီးတွေ အရွယ်မရောက်ခင်မှာဘဲ သားသမီးတွေကို ထားခဲ့ပြီး နောက်ယောကျ်ားယူသွားတဲ့ အမေမျိုး၊ အရွယ်မရောက်သေးတဲ့ ကလေးတွေကို ထားခဲ့ပြီး နောက်အိမ်ထောင်ပြု၊ သားသမီးတွေကို လုံးဝပြန်လှည့်မကြည့်တော့တဲ့ အဖေမျိုး၊ မိဘတာဝန် လုံးဝ မကျေပွန်တဲ့မိဘမျိုး၊ အဲဒီမိဘမျိုးတွေရဲ့ ပုဆိုးထဘီတွေကိုကော လျှော်ပေးပြီး ချေးမှုန့်တွေကို မျက်နှာမှာ လိမ်းသင့်သလား....?

ဒီမေးခွန်းကလေးက သိပ်ပြီးမေးသင့်တဲ့မေးခွန်းလေးပါ။ အဲဒီ မေးခွန်းလေးကို နည်းနည်း ဆွေးနွေးကြည့်ရအောင်ပါ။

လောကမှာ တာဝန်တွေရှိပါတယ်။ တာဝန်ကျေတဲ့သူဟာ ကျက်သရေ ရှိပါတယ်။ တာဝန်မကျေတဲ့သူဟာ ကျက်သရေမရှိပါဘူး။ ဒါ ဘုရားဟော ပါ။

အဖေက အဖေတာဝန်ကျေရင် အဖေကျက်သရေ ရှိတယ်။ အမေက အမေတာဝန်ကျေရင် အမေကျက်သရေ ရှိတယ်။ သားက သားတာဝန်ကျေရင်

www.burmeseclassic.com

www.burmeseclassic.com



သားကျက်သရေ ရှိတယ်။ သမီးက သမီးတာဝန်ကျေရင် သမီးကျက်သရေ ရှိတယ်။ဆရာက ဆရာတာဝန်ကျေရင် ဆရာကျက်သရေ ရှိတယ်။ တပည့်က တပည့်တာဝန်ကျေရင် တပည့်ကျက်သရေ ရှိတယ်။ဆိုလိုတာကတော့ တာဝန်ကျေတဲ့သူဟာ ကျက်သရေရှိတယ်။ တာဝန်မကျေတဲ့သူဟာ ကျက်သရေမရှိဘူး။ ဒီတော့ မိဘတာဝန်မကျေတာကိုကြည့်ပြီး ကိုယ်ကလည်း တာဝန်မကျေသူ သားသမီးတစ်ယောက်အဖြစ်နဲ့ ဘဝကို တည်ဆောက်သွားမလား....?

ပြီးတော့ မြတ်စွာဘုရား ဟောပြထားတဲ့ မိဘထက် အသိအလိမ္မာ ဉာဏ်ပညာ ကြီးကျယ်မြင့်မြတ်တဲ့ အတိဇာတသားသမီး၊ မိဘနဲ့ အသိအလိမ္မာ တန်းတူရှိတဲ့ အနုဇာတသားသမီး၊ မိဘအောက် အသိအလိမ္မာ နိမ့်ကျတဲ့ အဝဇာတသားသမီး၊ အဲဒီ သားသမီးသုံးမျိုးထဲက ကိုယ်က ဘယ်လိုသားသမီးမျိုးအဖြစ်နဲ့ ဘဝကိုတည်ဆောက်ချင်တာလဲ....?

ဒီမေးခွန်းကို ကိုယ့်ဟာကိုယ်ပဲ ပြန်ဖြေကြည့်ပါ။

တာဝန်ဆိုတဲ့စကားလေးဟာ ဘဝကို အဓိပ္ပာယ်ရှိရှိ တည်ဆောက်လိုသူတွေရဲ့ နှလုံးသားထဲမှာ အစဉ်သဖြင့် သန္ဓေတည်သင့်နေတဲ့ စကားလေးပါ။

မာတာပိတု ဉပဋ္ဌာန မင်္ဂလာဆိုတာ တာဝန်ပါ။ ဝတ္တရားမဟုတ်ပါဘူး။ ဝတ္တရားကို ကြောင့်ကြမဲ့ နေလို့ရပေမယ့်၊ တာဝန်ကိုကျတော့ ကြောင့်ကြမဲ့နေလို့မရပါဘူး။

စာရေးသူ ပြောပြချင်တာကတော့ မိဘတာဝန်မကျေခဲ့တာကို သူ့အပိုင်းနဲ့သူ ထားလိုက်ပါတော့။ တာဝန်ဆိုတဲ့ စကားလေးကိုပဲ နှလုံးသွင်းပြီး မျက်စိမှိတ် ထောက်ပံ့ကူညီပစ်လိုက်ပါ။

တာဝန်ကျေလိုက်တာနဲ့ ဘဝဆိုတာ ပိုအဓိပ္ပာယ်ရှိသွားတာပါပဲ။ စာစကားနဲ့ပြောရရင် မာတာပိတုဉပဋ္ဌာနမင်္ဂလာ ဖြစ်ထွန်းသွားတာပါပဲ။ မင်္ဂလာဖြစ်ထွန်းနေတဲ့လူတစ်ယောက်ကို မင်္ဂလာတရားက ပစ်မထား ပါဘူး။ ယူချင်သည်ဖြစ်စေ မယူချင်သည်ဖြစ်စေ မင်္ဂလာတရားက တစ်စုံတစ်ရာကိုတော့ မုချပြန်ပေးမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မင်္ဂလာတစ်ပါးစီမှာ ကြောင်းကျိုးသတ္တိတွေ ကိုယ်စီရှိနေကြလို့ပါ။



ဒါတွေကတော့ မိဘနဲ့သဟဇာတမဖြစ်တဲ့ သားသမီးတွေအတွက်ပါ။

မိဘနဲ့သဟဇာတဖြစ်တဲ့ သားသမီးတွေအတွက်ကတော့ အထူးပြောနေစရာ မလိုပါဘူး။ စားသောက်ဖွယ်တွေ ပစ္စည်းဝတ္ထုတွေနဲ့ ထောက်ပံ့နေမှာဖြစ်သလို ဝေယျာဝစ္စပြုစုမှုတွေနဲ့လည်း ကျေးဇူးဆပ်နေကြမှာပါ။ ဒါတွေကတော့ လောကီနည်းနဲ့ ကျေးဇူးဆပ်နည်းတွေပါပဲ။

လောကီနည်းနဲ့ကျေးဇူးဆပ်ပြီးရင် တဆင့်တက်ပြီး လောကုတ္တရာနည်းနဲ့ ကျေးဇူးဆပ်ဖို့လည်း လိုပါတယ်။

လောကုတ္တရာနည်းနဲ့ ကျေးဇူးဆပ်ပုံကတော့ ၁။ သဒ္ဓါတရား မရှိသေးတဲ့ မိဘတွေ သဒ္ဓါတရားရှိလာအောင်။ ၂။ သီလမဆောက်တည်ဖြစ်တဲ့ မိဘတွေ သီလဆောက်တည်ဖြစ်အောင်။ ၃။ ဒါနမပြုဖြစ်တဲ့မိဘတွေ ဒါနပြုဖြစ်လာအောင်။ ၄။ တရားအားမထုတ်ဖြစ်သေးတဲ့မိဘတွေ တရားအားထုတ်ဖြစ်လာအောင် ပရိယာယ်နဲ့ပဲဖြစ်ဖြစ်၊ တိုက်ရိုက်ပဲဖြစ်ဖြစ် ဖန်တီးစီစဉ်ပေးရပါမယ်။

မိဘကို လောကီနည်း လောကုတ္တရာနည်းနှစ်မျိုးနဲ့ ကျေးဇူးဆပ်နေတဲ့ သားသမီးကို မင်္ဂလာတရားက သူ့ရဲ့ကြောင်းကျိုးသတ္တိအားလျော်စွာ ကျေးဇူးပြုသွားမှာပါ။

တစ်ကယ်လို့ ဘဝမှာ အခက်အခဲတစ်စုံတစ်ရာ ကြုံခဲ့ရင်တောင်မှ ကိုယ်ပြုခဲ့တဲ့မာတာပိတု ဉပဋ္ဌာနမင်္ဂလာကို သစ္စာဆိုပြီးဖြေရှင်းပစ်လို့ ရပါတယ်။

ကဲ.....စာဖတ်သူ ညီငယ်ညီမငယ်တို့ရေ၊ ပညာရှိအမတ်ကြီး ဦးချိမ့်ရဲ့နည်းကို နည်းနည်းလောက် စမ်းကြည့်လိုက်ပါလား။ အစစ အရာရာ အဆင်ပြေသွားအောင်လေ။

အလင်းတန်းဂျာနယ်
၁၇.၁၁.၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com





ပုဏ္ဏဒါရသသင်္ဂဟော၊ ဧတံမင်္ဂလမုတ္တမံ။
သားမယားကို ချီးမြှင့်ထောက်ပံ့ခြင်းသည်
မြတ်သောမင်္ဂလာမည်၏။
ကြွေးသစ်ချကာ သားနှင့်မယားကို၊
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။

တစ်ခါတုန်းက သားအဖနှစ်ယောက် အိမ်ညှော်ခန်းမှာ ဆုံကြတော့ အဖေလုပ်တဲ့သူက ဒီလိုစပြောပါတယ်။

"ဟော့ကောင် မင်း မာတာပိတု ဥပဋ္ဌာနံ မိဘကိုလုပ်ကျွေးရမယ်ဆိုတဲ့ မင်္ဂလာတရားကို မကြားဖူးဘူးလား၊ မင်းအခု ငါ့ကို ဘာလုပ်ကျွေးဖူးလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့သားဖြစ်သူကလည်း အောက်ပါအတိုင်း ပြန်ချေပလိုက်ပါတယ်။

"အဖေကလည်း ပုတ္တဒါရသသင်္ဂဟောဆိုတဲ့ မင်္ဂလာတရားနဲ့အညီ ကျွန်တော့်ကို ကျွေးမွေးထောက်ပံ့ဦးမှပေါ့"

ကိုယ့်တာဝန်ကိုယ်မမြင်ကြဘဲ သူများတာဝန်ပဲမြင်တတ်ကြတဲ့ သားအဖနှစ်ယောက်ရဲ့ တာဝန်မကျေမှုကို သရော်ထားတဲ့ ပုံဝတ္ထုလေးပဲ ပြောပါတော့။

ရေးနေကြအတိုင်း သာဓကဝတ္ထုလေးကို ဆက်ရေးပြလိုက်ပါရစေဦး။

တစ်ခါတုန်းက သိကြားမင်းဟာ ရထားထိန်းမာတလိနတ်သားကို ဟိုဟိုဒီဒီလှည့်လည်ဖို့ ရထားပြင်ခိုင်း လိုက်ပါတယ်။ မာတလိနတ်သားလည်း သိကြားမင်းခိုင်းတဲ့အတိုင်း ရထားကိုပြင်ဆင်လိုက်တယ်ပေါ့။

ရထားပြင်ပြီးတော့ ပြင်ပြီးတဲ့အကြောင်း သိကြားမင်းကို သွားအကြောင်းကြားပါတယ်။

ဒီတော့ သိကြားမင်းက ဝေဇယန္တာပြာသဒ်ကဆင်းပြီး ရထားပေါ် မတက်ခင် လက်အုပ်ချီပြီး အရပ်လေးမျက်နှာကို ရှိခိုးနေပါသတဲ့။

သိကြားမင်းက အရပ်လေးမျက်နှာကို ရှိခိုးနေတော့ မာတလိနတ်သားက နည်းနည်းအံ့သြသွားပါတယ်။ ဒါကြောင့် သိကြားမင်းကို မေးကြည့်လိုက်ပါတယ်။

"အရှင်သိကြားမင်း......ကမ္ဘာမြေမှာရှိတဲ့ ပုဏ္ဏားတွေ၊ မင်းတွေ၊ လူတွေ၊ နတ်ပြည်မှာရှိတဲ့ နတ်မင်းကြီးတွေကသာ သိကြားမင်းကို ရှိခိုးကြ ပါတယ်။ အခု အရှင်သိကြားမင်းက ဘယ်သူ့တွေကို ရှိခိုးနေတာပါလဲ"

"ဟုတ်တယ် မာတလိ၊ သင်ပြောတာမှန်ပါတယ်၊ ငါရှိခိုးနေတဲ့ သူတွေကတော့ သီလရှိတဲ့ ရဟန်းတွေရယ်၊ ပြီးတော့ တရားနဲ့အညီ သားမယားကို လုပ်ကျွေးထောက်ပံ့နေတဲ့ လင်ယောကျ်ားတွေရယ်၊ သူတို့နှစ်ဦးကို ရှိခိုးနေတာပါ"

"အရှင်သိကြားမင်း သီလရှိတဲ့ရဟန်းတွေကို ရှိခိုးတာတော့ ထားလိုက်ပါတော့။ သားမယားကို လုပ်ကျွေးထောက်ပံ့နေတဲ့ လင်ယောကျ်ားတွေကို ဘာလို့ရှိခိုးရတာလဲ"



"မာတလိရေ၊ ငါရှိခိုးနေတာ လူဆိုတဲ့ သတ္တဝါပညတ်ကို ရှိခိုးနေတာ မဟုတ်ပါဘူး။ သူ့ရဲ့ တာဝန်ကျေတတ်တဲ့ဂုဏ်ကို ရှိခိုးတာပါ"

သိကြားမင်းလည်း မာတလိရဲ့ အမေးစကားကို ဖြေပြီးတာနဲ့ ရထားပေါ်ကို တက်သွားပါတော့တယ်။

( သံယုတ် ပါဠိတော်၊ ပ–တွဲ၊ ဂဟဋ္ဌဝန္ဒနာသုတ် )

သားမယားအပေါ် တာဝန်ကျေပွန်တဲ့ ယောကျ်ားတွေကို သိကြားမင်းကတောင် ရှိခိုးတယ်လို့ စာမှာဆိုထားပါတယ်။ အထက်က ပြခဲ့တဲ့ သားအဖနှစ်ယောက်လိုလူမျိုးကို သိကြားမင်း တွေ့ခဲ့မယ်ဆိုရင်တော့ ရှိခိုးဖို့ နေနေသာသာ ဝရဇိန်လက်နက်နဲ့တောင် ပစ်ထည့်ချင်စိတ် ပေါက်သွားမလား မသိပါဘူး။

လူဆိုတာ မွေးလာကတည်းက လောကတာဝန်တွေက ကပ်ပါလာပြီးသားပါ။ ကိုယ့်အတွက်တာဝန်၊ ကိုယ့်မိသားစုအတွက်တာဝန်၊ ကိုယ့်မိတ်ဆွေအတွက်တာဝန်၊ ကိုယ့်လူမျိုးအတွက်တာဝန်၊ ကိုယ့်နိုင်ငံအတွက်တာဝန် စသည်ဖြင့်ပေါ့။

တချို့က လောကကြီးထဲရောက်လာတယ်။ လောကတာဝန် တွေကို ကျေပွန်စွာဆောင်ရွက်ပြီး လောကကြီးထဲက ပြန်ထွက်သွားတယ်။ တချို့က လောကကြီးထဲရောက်လာတယ်။ လောကတာဝန်တွေ ဘာတစ်ခု မှ မလုပ်ဘဲ လောကကြီးထဲက ပြန်ထွက်သွားတယ်။ အဲဒီတော့ လောကကြီး ထဲမှာ ကိုယ်က ဘယ်လိုလူသားတစ်ယောက်အဖြစ်နဲ့ နေသွားချင်တာ လဲ....?

တာဝန်မဲ့မဲ့နဲ့ အနှစ်တစ်ရာပတ်လုံး အသက်ရှင်နေရတာထက် တာဝန်တွေနဲ့ တစ်ရက်ပဲ အသက်ရှင်နေရတာက ပိုမြတ်ပါတယ်။

စာရေးသူနဲ့ခင်တဲ့ ကဗျာဆရာ၊ စာရေးဆရာတချို့ရှိပါတယ်။ သူတို့ရေးတဲ့ကဗျာတွေ၊ ဝတ္ထုတွေဟာ တကယ့်အနုပညာမြောက် စာပေတွေပါ။ ဒါပေမယ့် ကိုယ့်အိမ်ရဲ့ ဆန်အိုးထဲမှာ ဆန်ရှိတယ်၊ မရှိဘူးဆိုတာ သူတို့မသိဘူး။ မယားလုပ်သူနဲ့ သားသမီးတွေ စားဝတ်နေရေးကို ဘယ်လိုဖြေရှင်းနေရတယ်ဆိုတာ သူတို့မသိဘူး။ ရလာတဲ့စာမူခဆိုတာလည်း အရက်သောက်ပစ်တာနဲ့ ကုန်တာပါပဲ။

စာပေသမားပဲဖြစ်ဖြစ်၊ အနုပညာသမားပဲဖြစ်ဖြစ်၊ ကုန်သည်ပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီပိုင်ရှင်ပဲဖြစ်ဖြစ်၊ ဆိုက်ကားသမားပဲဖြစ်ဖြစ်၊ သူတောင်းစားပဲဖြစ်ဖြစ် မိသားစုရှိရင် မိသားစုအပေါ် တာဝန်ကျေရမှာပါ။ တာဝန်မယူချင်ရင် အစကတည်းက အိမ်ထောင်မပြုရုံပါပဲ။

မင်္ဂလာတရားတော်အရ ပုတ္တဒါရဿသင်္ဂဟော သားမယားကို ချီးမြှောက်ခြင်းတဲ့။ အဲဒီမှာ သင်္ဂဟ= ချီးမြှောက်ခြင်း၊ ဘာနဲ့ချီးမြှောက်မလဲ။ သင်္ဂဟတရားလေးပါးနဲ့ ချီးမြှောက်ရုံပါပဲ။

သင်္ဂဟတရားလေးပါးဆိုတာက –

၁။ ဒါန = ပစ္စည်းဝတ္ထုငွေကြေးပေးခြင်း။

၂။ ပေယျဝဇ္ဇ = ချစ်ဖွယ်စကားကိုသာပြောကြားခြင်း။

၃။ အတ္ထစရိယာ = သူ့ရဲ့အကျိုးစီးပွားကို ပြုကျင့်ပေးခြင်း။

၄။ သမာနတ္တတာ = ကိုယ်နဲ့တန်းတူထား၍ဆက်ဆံခြင်းတို့ပါပဲ။

သင်္ဂဟတရားလေးပါကို ကိုယ်ကိုယ်တိုင်ပဲ ချဲ့ထွင်ပြီးသိပါတော့။ ကိုယ့်သားမယားမွေးနေ့မှာ မွေးနေ့လက်ဆောင်ပေးတာ၊ ပွဲလမ်းသဘင် ရှိရင် လိုက်ပို့တာ စသည်ဖြင့်ပေါ့။

ဒါတွေကတော့ လောကီနည်းနဲ့ ချီးမြှောက်မှုတွေပါ။

နောက်တစ်ဆင့်တက်ပြီး ဒါနတွေပြုဖြစ်အောင်၊ သီလတွေ ဆောက်တည်ဖြစ်အောင်၊ ဝိပဿနာတွေ ပွားများဖြစ်အောင်လည်း စီစဉ်ပေးနိုင်ရပါ့မယ်။ မိဘကို လုပ်ကျွေးတာက ကြွေးဟောင်းဆပ်တာ၊ သားမယားကို လုပ်ကျွေးတာက ကြွေးသစ်ချတာဆိုတော့ တာဝန်ဆိုတာကြီးက အရိပ်တစ်ခုလို ကပ်ပါလာပြီးသားပါ။ လုပ်ချင်သည်ဖြစ်စေ မလုပ်ချင်သည် ဖြစ်စေ လုပ်ကိုလုပ်ရတော့မှာပါ။ ဒီတော့ တာဝန်ကို တာဝန်လို သဘောမထားတော့ဘဲ တရားသဘောပါအောင် ဆောင်ရွက်နိုင်ရင်တော့ အကောင်းဆုံးပါပဲ။

ဆိုပါစို့။

ယောက်ျားလုပ်သူက ကိုယ့်မယားကို တစ်နေ့တာရှာလို့ရတဲ့ ငွေတွေအပ်တော့မယ်ဆိုရင် ဒီတိုင်းမပေးသေးဘဲ "ဒီငွေတွေသုံးပြီး ငါ့ဇနီး၊ ငါ့သားသမီးတွေ ကိုယ်ဆင်းရဲကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ လောကီကျိုး၊ လောကုတ္တရာကျိုးတွေ ဆောင်ရွက်နိုင်ပါစေ"လို့ မေတ္တာပို့ပြီးပေးရင်



မင်္ဂလာကုသိုလ်အပြင်၊ ဒါနကုသိုလ်၊ မေတ္တာကုသိုလ်တွေလည်း ရသွားပါတယ်။

ဒီလိုပါပဲ မယားလုပ်သူကလည်း လင်ယောက်ျားလုပ်သူဆီက လာတဲ့ ငွေတွေနဲ့ ထမင်းဟင်းချက်တဲ့အခါ ပြင်ဆင်ပြီး ကျွေးမွေးရတဲ့ အခါတွေမှာ "ငါချက်ထားတဲ့ ထမင်းဟင်းတွေစားပြီး ငါ့လင်သား၊ ငါ့သားသမီးတွေ ကိုယ်ဆင်းရဲ ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ လောကီအကျိုး၊ လောကုတ္တရာအကျိုးတွေ ဆောင်ရွက်နိုင်ပါစေ"လို့ မေတ္တာပို့ပြီး ထမင်းဟင်း ချက်မယ် ကျွေးမွေးမယ်ဆိုရင် မင်္ဂလာကုသိုလ်အပြင်၊ ဒါနကုသိုလ်၊ မေတ္တာ ကုသိုလ်တွေပါ ပူးတွဲရနေတာပါ။

လင်မယားနှစ်ယောက် ဒီလိုအပြုအမူတွေနဲ့ အပြန်အလှန်ပြုမူ နေတာမှ တကယ့်မင်္ဂလာဆောင်တာ အစစ်ပါ။ အဲဒီလိုအပြုအမူတွေနဲ့ အပြန်အလှန် နေ့စဉ်မင်္ဂလာဆောင်ဖြစ်နေတဲ့ လင်မယားနှစ်ယောက်ရဲ့ အိမ်ဟာ "မင်္ဂလာဂေဟာ"လေး ဖြစ်နေပါလိမ့်မယ်။

"မင်္ဂလာဂေဟာ"လေးဖြစ်ဖို့ လင်မယားနှစ်ယောက်လုံးမှာ တာဝန်ရှိပါတယ်။ မင်္ဂလာဂေဟာလေးမှာနေနေတဲ့ မိသားစုဟာ ပစ္စုပ္ပန်ဘဝမှာ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာနဲ့ နေကြရမှာဖြစ်သလို တမလွန်ဘဝမှာလည်း ကိုယ်ချမ်းသာ စိတ်ချမ်းသာနဲ့ နေကြရမှာပါ။

ဒီတော့ဘာလုပ်မလဲ....?

လင်မယားနှစ်ယောက်လုံး နေ့စဉ်နေ့တိုင်း မင်္ဂလာဆောင်ဖြစ်နေဖို့ ပါပဲလေ။

အလင်းတန်းဂျာနယ်

၂၄.၁၁.၂၀၀၃

www.burmeseclassic.com



# မင်္ဂလာ
# ကဗွေးများ ၁၃

အနာကုလာစကမ္မန္တာ၊ တော်မင်္ဂလမုတ္တမ်း။
ရှုတ်ထွေးခြင်းကင်းသောအလုပ်ကိုလုပ်ခြင်းသည်
မြတ်သောမင်္ဂလာမည်၏။
အလုပ်တာဝန်မလစ်ဟင်းစေနှင့်၊
အပြစ်ကင်းအောင်လုပ်ပါလေ။

www.burmeseclassic.com



တစ်ခါတုန်းက ဘုရားအလောင်းရှုဠသူဌေးဟာဘုရင့်ဆီ အခစားဝင်ဖို့သွားရင်း လမ်းမှာ ကြွက်သေတစ်ကောင်ကို တွေ့လိုက်ရပါတယ်။ ဘုရားအလောင်း စူဠသူဌေးဟာ ပညာရှိသလို နက္ခတ်နိမိတ်တွေကိုလည်း တတ်ကျွမ်းပါတယ်။ ကြွက်သေဟာ နက္ခတ်ကောင်း နိမိတ်ကောင်းနဲ့ ယှဉ်နေတာ ဖြစ်လို့ ကြွက်သေကိုကြည့်ပြီး "ဒီကြွက်သေကို အရင်းတည်ပြီး စီးပွါးရေးလုပ်တဲ့သူဟာ မကြာခင် သူဌေးဖြစ်နိုင်တယ်"လို့ ဟောကိန်းထုတ်သွားပါတယ်။ စူဠသူဌေး ပြောလိုက်တဲ့စကားကို ကြွက်သေအနားမှာရှိနေတဲ့ စူဠန္တေဝါသီဆိုတဲ့ ဆင်းရဲသားတစ်ယောက်က ကြားလိုက်ရပါ တယ်။ ဒီတော့ စူဠန္တေဝါသီဆိုတဲ့ ဆင်းရဲသားက "ဒီသူဌေးဟာ မသိဘဲနဲ့ မဆိုလောက်ဘူး၊ ဘာပဲပြောပြော လုပ်ကြည့်ဦးမှပဲ"ဆိုပြီး ကြွက်သေကို ယူပြီး ဈေးမှာ ကြောင်စာအဖြစ် သွားရောင်းတာ အသပြာတစ်ခြင်းရွေး ရခဲ့ပါတယ်။ ရလာတဲ့ အသပြာတစ်ခြင်းရွေးကို တင်လဲခဲ ဝယ်လိုက်ပါ တယ်။

ရေအိုးထဲမှာရေထည့်ပြီး ပန်းရောင်းသမားတွေ နားခိုတဲ့အနားကို သွားပြီး တင်လဲခဲနဲ့ ရေတိုက်ပါတယ်။ပန်းရောင်းသမားတွေကလည်း ရေဆာနေတုန်း ရေသောက်လိုက်ရတဲ့အတွက် စူဠန္တေဝါသီကို ပန်း တစ်စည်းစီ ပေးသွားပါတယ်။ ရလာတဲ့ပန်းတွေကို ဈေးမှာသွားရောင်း လိုက်တော့ ငွေရလိုက်ပြန်ပါတယ်။ ရတဲ့ငွေနဲ့ တင်လဲခဲဝယ်ပြီး ရှေ့နည်း အတိုင်း ပန်းသည်တွေကို တိုက်ကျွေးပြန်ပါတယ်။ ပန်းသည်တွေကလည်း တစ်ဝက်ပဲခူးရသေးတဲ့ ပန်းပင်တွေကို ပေးလိုက်ပြန်ပါတယ်။ အဲဒီပန်းတွေ ရောင်းလိုက်တော့ ရှစ်အသပြာ ရပြန်ပါတယ်။

တစ်နေ့မှာ လေကြီးမိုးကြီးကျလိုက်တာ မင်းဥယျာဉ်ထဲက သစ်ပင်တွေ လဲကျကုန်ပါတယ်။ ဒီသတင်းကို စူဠန္တေဝါသီ ကြားရတော့ ဥယျာဉ်စောင့်ဆီသွားပြီး လဲကျနေတဲ့သစ်ပင်တွေကို ရှင်းပေးပါရစေ၊ ပြီးတော့ အဲဒီသစ်ပင်တွေကိုလည်း ယူပါရစေလို့ ခွင့်တောင်းပါတယ်။ ဥယျာဉ်စောင့်ကလည်း သူရှင်းရမယ့်သစ်ပင်တွေကို ရှင်းပေးမယ့်သူ ပေါ်လာတော့ တစ်ခါတည်းပဲ ခွင့်ပြုလိုက်ပါတယ်။

စူဠန္တေဝါသီက ကလေးတွေကို တင်လဲခဲကျွေးပြီး ကလေးတွေ အကူအညီနဲ့ သစ်ကိုင်းသစ်ရွက်တွေကို ဥယျာဉ်နဲ့မလှမ်းမကမ်းမှာ စုပုံထားလိုက်



ပါတယ်။

နောက် ဘုရင့်အိုးထိန်းသည်တွေ အိုးဖုတ်ဖို့ ထင်းလိုက်ရှာတာနဲ့ ကြုံလို့ ရောင်းလိုက်တာ တစ်ဆယ့်ခြောက်အသပြာနဲ့ အိုးကြီးငါးလုံး ရလိုက်ပါတယ်။

ရလာတဲ့အသပြာနဲ့ တင်လဲခဲဝယ်ပြီး မြက်ရိတ်သမားတွေကို ရေနဲ့ တင်လဲခဲ သွားတိုက်ကျွေးပြန်ပါတယ်။ မြက်ရိတ်သမားတွေကလည်း ကျေးဇူးတင်လို့မဆုံးဖြစ်ပြီး အကူအညီလိုတဲ့အခါပြောပါလို့ မှာလိုက်ပါတယ်။

စူဠန္တေဝါသီဟာ ငြိမ်မနေပါဘူး၊ အလုပ်တစ်ခုခုကို အမြဲတမ်း လုပ်နေတတ်ပါတယ်။ ဒီကြားထဲမှာ ကုန်းလမ်းအလုပ်သမား၊ ရေလမ်း အလုပ်သမားတွေနဲ့လည်း မိတ်ဖွဲ့ထားလိုက်ပါသေးတယ်။

မကြာခင်မှာဘဲ သူမိတ်ဖွဲ့ထားတဲ့ ကုန်းလမ်းအလုပ်သမားတစ်ယောက်က မြင်းကုန်သည်ငါးရာ မကြာမီရောက်လာမယ့်အကြောင်း သတင်းပေးလာပါတယ်။ ဒီတော့ စူဠန္တေဝါသီက သူ့ကျေးဇူးပြုထားဖူးတဲ့ မြက်ရိတ်သမားတွေဆီသွားပြီး မြက်စည်းတစ်စည်းစီ တောင်းပါတယ်။ ပြီးတော့ သူမရောင်းမီ မြက်တွေမရောင်းဖို့လည်း မှာခဲ့ပါတယ်။ စူဠန္တေဝါသီဟာ မြင်းကုန်သည်တွေကို ဦးဦးဖျားဖျား ရောင်းလိုက်ရတဲ့ အတွက် ငွေတစ်ထောင်ရ လိုက်ပြန်ပါတယ်။

မြက်ရောင်းပြီး မကြာခင်မှာဘဲ ရေလမ်းအလုပ်သမားတွေဆီက သတင်းတစ်ခု ဝင်လာပြန်တယ်။ ကုန်များစွာပါတဲ့ သင်္ဘောကြီးတစ်စင်း ရောက်လာမယ်ဆိုတဲ့သတင်းပါ။

စူဠန္တေဝါသီလည်း ကုန်သင်္ဘောကြီးရောက်လာတာနဲ့ ကုန်ပိုင်ရှင် ဆီ လက်စွပ်ကို စရံအဖြစ်ပေးပြီး ကုန်အားလုံးကို ဝယ်ပစ်လိုက်ပါတယ်။ တစ်ကယ်တော့ သူ့မှာ ကုန်အားလုံးဝယ်နိုင်လောက်အောင် ငွေမရှိပါဘူး၊ ကံဆိုးကံကောင်း စွန့်စားလိုက်ရတာပါ။ မြို့ထဲက ကုန်ဝယ်မယ့်လူတွေ ရောက်လာတော့ ကုန်ပိုင်ရှင်က စူဠန္တေဝါသီက စရံပေးပြီး ကုန်အားလုံးကို ဝယ်ပြီးသွားကြောင်း ပြောလိုက်ပါတယ်။ ဒီတော့ ကုန်ဝယ်မယ့်လူအားလုံးက စူဠန္တေဝါသီဆီ လာကြပြီးညှိကြတော့ နောက်ဆုံး စူဠန္တေဝါသီဟာ ကုန်သည်တစ်ရာဆီက တစ်ယောက်နှစ်ထောင်စီနှုန်းနဲ့ ငွေနှစ်သိန်း

www.burmeseclassic.com

www.burmeseclassic.com



အသားတင်ရလိုက်တာပါပဲ။

ရှုဠ္ဌေဝါသိဟာ ငွေနှစ်သိန်းရလာတော့ ဒီငွေတွေဟာ ရှုဠ္ဌသူဌေး ကြောင့် ရတာပဲဆိုပြီး ရှုဠ္ဌသူဌေးကို တစ်သိန်းသွားကန်တော့ပါတယ်။ ပြီးတော့ ရှုဠ္ဌသူဌေးကိုလည်း အကျိုးအကြောင်းပြောပြပါတယ်။ ရှုဠ္ဌသူဌေးက သဘောကျသွားပြီး သူ့သမီးနဲ့ ပေးစားလိုက်ရောဆိုပါတော့။ သူဌေး သမီးနဲ့ညားလိုက်တော့ တခါတည်း သူဌေးဖြစ်သွားတော့တာပါပဲ။

(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ရှုဠ္ဌသေဋ္ဌိဇာတ်)

ဒီ အနာကုလာစကမ္မန္တမင်္ဂလာဟာ စီးပွါးရေးနဲ့ပတ်သက်လို့ လမ်းညွှန် ပြထားတဲ့ မင်္ဂလာလေးပါ။ ဒါကြောင့်လည်း အများသိပြီးဖြစ်တဲ့ ဈေးကွက် စီးပွါးရေးဆောင်တဲ့ "ကြွက်သေတစ်ခုအရင်းပြု" သာဓကဝတ္ထုလေးကို ထုတ်ပြလိုက်တာပါ။

ရှုပ်ထွေးခြင်းကင်းတဲ့အလုပ်ကိုလုပ်တာ မင်္ဂလာဖြစ်ပါတယ်တဲ့။

ရှုတ်ထွေးခြင်းကင်းတဲ့အလုပ်ဟာ ဘယ်လိုအလုပ်မျိုးလဲ...၊ ရှုပ်ထွေးခြင်းကင်းပုံနဲ့ပတ်သက်လို့ ရှေးရှေးဆရာတော်တွေ ဖွင့်ပြထားတာ သိပ်စိတ်ဝင်စားဖို့ကောင်းပါတယ်၊ ဒါပေမယ့် ဒီနေရာမှာ ရှေးရှေး ဆရာတော်တွေ ဖွင့်ပြပုံတွေကို ပြောပြချင်ပေမယ့် ပြောပြဖို့ အခြေအနေ မပေးပါဘူး။ ဒါကြောင့် ဆရာတော်တွေရဲ့ ဖွင့်ပြမှုတွေကို ကျော်လိုက်ပါရစေ။

မနက် အိပ်ရာက ထလိုက်တာနဲ့ ပထမဆုံး တွေးလိုက်ရမယ့် အတွေးက "ငါ ဒီနေ့ ဘာတွေလုပ်မလဲ"ဆိုတဲ့အတွေးပါ၊ ဒီအတွေးကို အကျင့်တစ်ခုဖြစ်နေအောင်ကို ကျင့်ယူထားသင့်ပါတယ်။

အတွေးထဲမှာ အချိန်ဇယားကို တိတိကျကျဆွဲပြီး သတ်မှတ်ချိန် ရောက်တာနဲ့ အလုပ်ကိုလုပ်ရပ်သွားဖို့ပါ။ အချိန်တိတိကျကျနဲ့ အလုပ် လုပ်တတ်တဲ့လူတောင် တစ်ခါတလေ အကြောင်းကြောင်းတွေကြောင့် ပျက်သွားတတ်ပါတယ်။ ကျောင်းသားဆိုရင်လည်း ဘယ်အချိန် ကျောင်း သွားမယ်၊ ဘယ်အချိန်ကျူရှင်သွားမယ်၊ ဘယ်အချိန်စာကျက်မယ်၊ ဘယ်အချိန် ဘယ်စာပိုဒ်ကို ရအောင်ကျက်မယ်စသည်ဖြင့် အတွေးနဲ့ သတ်မှတ်ပြီး သတ်မှတ်ထားတဲ့အတိုင်း လုပ်သွားဖို့ပါ။



စာရေးသူကိုယ်တိုင်ကိုယ်က ဟိုလိုလိုဒီလိုလိုနဲ့ အလုပ် မယ်မယ် ရရ မလုပ်ဖြစ်ဘဲ အချိန်တွေ ကုန်ကုန်သွားခဲ့ဖူးလို့ပါ။ ဒါမျိုးက တစ်ခါ တလေတောင် မဟုတ်ပါဘူး။ မကြာခဏဖြစ်ဖြစ်နေတတ်ပါတယ်။

လူတစ်ယောက်မှာ ထိရောက်တဲ့ အလုပ်တစ်ခုခုတော့ ပုံမှန် ရှိနေ သင့်ပါတယ်။ အလုပ်မရှိတဲ့ လူတစ်ယောက်မှာ မကောင်းတဲ့စိတ်ဝင်ဖို့ သိပ်လွယ်ကူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညွှတ်စရာသီးခြားအလုပ် အာရုံ မရှိရင် ပုထုဇဉ်ရဲ့စိတ်ကိုက မကောင်းတဲ့စိတ်ဆီကိုပဲ ရောက်ရောက် နေတတ်လို့ပါ။ စိတ်ဝင်စားတဲ့ အလုပ်တစ်ခုခုကို လုပ်နေခြင်းဟာလည်း မကောင်းတဲ့စိတ်ကို တားတန်သလောက်တားပြီးသား ဖြစ်နေတတ်ပါ တယ်။ စိတ်ဆိုတာ အာရုံနှစ်ခု ယူလို့မရတာဆိုတော့ ကိုယ်လုပ်နေတဲ့ အလုပ်ပဲ စိတ်ညွှတ်နေရင် တခြားအာရုံဆီကို စိတ်ကမရောက်တော့ပါဘူး။

သိကျွမ်းတဲ့တချို့ဆိုရင် ရထားတဲ့အမွေတွေကို ကိုယ်နဲ့သွေးသား မကင်းတဲ့ အမျိုးတွေရဲ့ လုပ်ငန်းတစ်ခုခုမှာ မြှုပ်နှံထားပြီး ကိုယ်ကတော့ ဘာမှမလုပ်တော့ဘဲ ရိပ်သာသွားလိုက်၊ ဘုရားသွားလိုက်နဲ့ပဲ အချိန်ကုန် နေတတ်ကြပါတယ်။ ဓမ္မရေးရာရှုထောင့်က ကြည့်ရင်တော့ သိပ်ကောင်းတဲ့ အပြုအမူပါပဲ။

ဒါပေမယ့် လောကရေးရာဘက်ကကြည့်ရင်တော့ ကွက်လပ်တစ်ခု ဖြစ်နေတာ အသေအချာပါ။ နိုင်ငံအတွက် နစ်နာသလို ကာယကံရှင်အတွက် လည်း မမြင်နိုင်တဲ့ နစ်နာမှုတွေနဲ့ ကြုံတွေ့နိုင်ပါတယ်။ အရွယ်လည်း ရှိနေ သေးတယ်၊ လုပ်ဖို့အခြေအနေလည်း ပေးနေသေးတယ် ဆိုရင်တော့ အလုပ် တစ်ခုခုကို လုပ်ကိုလုပ်နေရပါ့မယ်။ အလုပ်မလုပ်ဘဲ နေနိုင်တာကိုပဲ နေနေတာကိုပဲ ဂုဏ်တစ်ခုလို့ နှလုံးသွင်းနေမယ်ဆိုရင်တော့ အလွန်မှားယွင်း တဲ့ အယူအဆတစ်ခုလို့ ပြောရတော့မှာပါပဲ။

ကိုယ်က ဓမ္မအပေါ် အချိန်ပြည့် အာရုံညွှတ်ထားနိုင်တယ်ဆိုရင်တော့ အကောင်းဆုံးပေါ့။ အဲဒီလိုမှ မဟုတ်ရင်တော့ အကုသိုလ်ဆိုတဲ့ မကောင်းတဲ့ စိတ်တွေက ပုထုဇဉ်တစ်ယောက်ဆီကို ဘယ်အချိန်ဝင်လို့ရမလဲဆိုတာ အချိန်ပြည့် စောင့်ကြည့်နေတာပါ။ လစ်တာနဲ့ဝင်မှာပါ။ ညွှတ်စရာအာရုံ တစ်ခုခုမရှိတာနဲ့ သူကဝင်နေရာယူတော့တာပါပဲ။ လူတစ်ယောက် အလုပ်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘဲ နေနေတာကိုက အကုသိုလ်ကို ဖိတ်ခေါ်တာနဲ့ အတူတူပါ။ လူဟာ အလုပ်မရှိရင် လူနဲ့အနီးဆုံးဖြစ်တဲ့ မကောင်းတဲ့အတွေး တစ်ခုခုကို တွေးနေတတ်တာ လူ့သဘာဝတစ်ခုဖြစ်နေလေတော့ အလုပ်တစ်ခုခုကို လုပ်နေခြင်းဟာလည်း မကောင်းတဲ့စိတ်ကို တားတန်သလောက် တားထားတယ်ဆိုတာ အထူးသတိပြုဖို့ပါ။

မြတ်စွာဘုရားက အလုပ်လုပ်ပါတဲ့။ ပြီးတော့ ရှုပ်ထွေးခြင်း ကင်းတဲ့ အလုပ်ကိုလုပ်ပါတဲ့။

စာမှာ အလုပ်မရှုပ်ထွေးကြောင်းငါးပါးကို ပြထားပါတယ်။

၁။ အချိန်သိခြင်း = လုပ်ရမယ့်အချိန်ကိုသိဖို့၊ သတ်မှတ်ထားတဲ့ အချိန်မှာပြီးဖို့၊ အလုပ်လက်ခံထားရင်လည်း ကတိခံထားတဲ့အချိန်မှာ ပေးနိုင်ဖို့တွေပါ။

၂။ သင့်လျော်အောင်ပြုခြင်း = သင့်လျော်တဲ့လုပ်ငန်း၊ သင့်လျော်တဲ့အရပ်၊ သင့်လျော်တဲ့ပုဂ္ဂိုလ် စသည်တွေကို ရွေးချယ်ပြီး ပြုလုပ်ရပါမယ်။

၃။ ပျင်းရိခြင်းမရှိခြင်း = အဲဒီအပျင်းဓါတ်ဟာ အလုပ်ရှုပ်ထွေးရုံတင်မကဘဲ ဘဝတက်လမ်းကိုလည်း တော်တော်နှောင့်နှေးစေပါတယ်။ တချို့အခွင့်အရေးတွေဟာ အပျင်းဓါတ်ကြောင့် ဆုံးရှုံးရတာပါ။

၄။ လုံ့လရှိခြင်း = ရှေ့မှာပျင်းရိခြင်းမရှိခြင်းကို ပြပြီးပေမယ့် မိမိအလုပ်မှတစ်ပါး အခြားအလုပ်ကို စိတ်မဝင်စားမိဖို့ ထပ်ပြရတာပါတဲ့။

၅။ မပျက်စီးစေခြင်း = မိန်းမ၊ အရက်၊ လောင်းကစား စသည်တွေကြောင့် လုပ်နေတဲ့အလုပ် မပျက်စီးအောင် သတိထားရပါ့မယ်တဲ့။

ဒီမင်္ဂလာမှာ ဒွန်တစ်ခုအနေနဲ့ တွယ်ပါလာတာကတော့ ကိုယ်ကိုယ်တိုင်က ရှုပ်ထွေးခြင်းကင်းတဲ့၊ အနှောင့်အယှက်ကင်းတဲ့ အလုပ်လုပ်ဖြစ်ဖို့လိုသလို ကိုယ်လုပ်လိုက်တဲ့ အလုပ်တစ်ခုအတွက်ကြောင့်လည်း တစ်ဖက်သားမှာ မရှုပ်ထွေးဖို့ အနှောင့်အယှက်မဖြစ်ဖို့ လိုပါတယ်။ အထူးသဖြင့် ကိုယ့်အပြုအမူကြောင့် တစ်ဖက်သားမှာ စိတ်အနှောင့်အယှက်မဖြစ်ဖို့ပါ။ ဒါလည်း အထူးသတိထားရမယ့်အချက်ပါ။ ဘာပဲပြောပြော အလုပ်တစ်ခုခု လုပ်နေတာတော့ အကောင်းဆုံးပါ။

အလုပ်တွေတော့ အများကြီးလုပ်ပါရဲ့။ ဒါပေမယ့် ကိုယ်လုပ်တဲ့



အလုပ်တွေဟာ သူတစ်ပါးကို စိတ်အနှောင့်အယှက် ဖြစ်နေတယ်ဆိုရင်လည်း ဘုရားအလိုကျ မဟုတ်ပြန်ပါဘူး။


ဒီတော့ ညအိပ်ရာဝင်တဲ့အခါ နဖူးပေါ်လက်တင်ပြီး စဉ်းစားပါ။ "ဒီနေ့ ငါလုပ်ရမယ့် အလုပ်တွေ အကုန်လုပ်ဖြစ်ရဲ့လား။ ငါ့အတွက် အနှောင့်အယှက်ကင်းတဲ့ အလုပ်တွေဖြစ်ရဲ့လား။ ပြီးတော့ ငါလုပ်ခဲ့တဲ့ အလုပ်တွေဟာ သူတစ်ဖက်သားအတွက်ကော အနှောင့်အယှက်ကင်းရဲ့လား"ဆိုတာပါ။ လုပ်ဖြစ်ခဲ့တယ်ဆိုရင်တော့ အနာကုလာစကမ္မန္တာမင်္ဂလာနဲ့ ပြည့်စုံတဲ့ နေ့တစ်နေ့ အဖြစ်နဲ့ပဲ နှစ်ခြိုက်စွာအိပ်လိုက်ပါတော့။

အလင်းတန်းဂျာနယ်
၁.၁၂.၂၀၀၃

www.burmeseclassic.com







# မင်္ဂလာ စာစွေးများ (၁၄)

ဒါနဥ္စ စေတ်မင်္ဂလမုတ္တမံ။
ပေးကမ်းလှူဒါန်းခြင်းသည်
မြတ်သောမင်္ဂလာမည်၏။
သုံးတန်စေတနာ ဖြူစင်လန်းလို့၊
ပေးကမ်းဝေမျှလှူနိုင်စေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက ကဿပဘုရားရှင်လက်ထက်တော်အခါကာလက သူငယ်ချင်း ရဟန်းနှစ်ပါး ရှိခဲ့ဖူးပါတယ်။ အကျင့်ပဋိပတ်ကို နှစ်ပါးလုံး ကျင့်နေကြတာပါ။

ဒါပေမယ့် ဝတ်ဖြည့်ကျင့်ပုံခြင်းကျတော့ မတူပါဘူး။ တစ်ပါးက သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်ပါတယ်။ တစ်ပါးက ဘတ္တဂ္ဂကျင့်ဝတ်ကို ဖြည့်ကျင့်ပါတယ်။

တစ်နေ့တော့ သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်နေတဲ့ ရဟန်းက ဘတ္တဂ္ဂဝတ်ကို ဖြည့်ကျင့်နေတဲ့ ရဟန်းကို ဒီလိုပြောလာပါတယ်။

"ငါ့ရှင် မပေးလှူတဲ့သူဟာ အကျိုးဆိုတာ မရှိဘူး။ မိမိရအပ်တဲ့ ပစ္စည်းကို သူတစ်ပါးကို ပေးလှူပြီးမှ သုံးဆောင်သင့်တယ်"

ဒီတော့ ဘတ္တဂ္ဂဝတ်ကို ကျင့်နေတဲ့ ရဟန်းက ဒီလိုပြန်ပြောပါတယ်။

"ငါ့ရှင် သင် ဘာမှမသိပါလား၊ အလှူခံရလာတဲ့ လှူဘွယ်ပစ္စည်းတွေကို မပျက်ဆီးစေသင့်ဘူး။ မိမိအတွက် မျှတရုံပဲ အလှူခံပြီး ဘတ္တဂ္ဂဝတ်ကို ဖြည့်ကျင့်သင့်တယ်"

သာရဏီယဝတ်ကို ကျင့်နေတဲ့ ရဟန်းက သူငယ်ချင်းရဟန်းကို ဘတ္တဂ္ဂဝတ်အပြင် ဒါနလေးပါတွဲပြီး ပြုကျင့်စေပုံရပါတယ်။

ဒါပေမယ့် သူငယ်ချင်း ရဟန်းနှစ်ပါးဟာ တစ်ပါးရဲ့ အယူအဆကို တစ်ပါးက မချေဖျက်နိုင်ကြပါဘူးတဲ့။

ဒီလိုနဲ့ သူငယ်ချင်း ရဟန်းနှစ်ပါးဟာ ကိုယ့်ရဲ့အကျင့်ကို ဖြည့်ကျင့်ပြီး စုတေတော့ ကာမာဝစရနတ်ပြည်မှာ ဖြစ်ကြရပါတယ်။

နတ်ပြည်မှာဖြစ်ကြတော့ သာရဏီယကျင့်ဝတ်ကို ကျင့်ခဲ့ဖူးတဲ့ နတ်သားက ဘတ္တဂ္ဂဝတ်ကို ကျင့်ခဲ့ဖူးတဲ့နတ်သားထက် အသက်, အဆင်း, ချမ်းသာ, အခြံအရံ, အစိုးရခြင်းဆိုတဲ့ အကြောင်းငါးမျိုးနဲ့ လွှမ်းမိုးယူနိုင်ခဲ့ပါတယ်တဲ့။

သူငယ်ချင်း နတ်သားနှစ်ယောက်ဟာ နတ်ပြည်၊ လူ့ပြည် ကျင်လည်ရင်း ဂေါတမဘုရားရှင်လက်ထက်ရောက်လာတော့ သာရဏီယ



ဝတ်ကျင့်ခဲ့တဲ့နတ်သားက ကောသလမင်းကြီးနဲ့ မိဖုရားကြီးရဲ့ဝမ်းမှာ ဝင်စားပါတယ်။ သူငယ်ချင်းနတ်သားကတော့ မိဖုရားကြီးရဲ့အလုပ်အကျွေးလုပ်သူ အမျိုးသမီးရဲ့ဝမ်းမှာ ဝင်စားပါတယ်။

မွေးဖွားတော့လည်း တစ်နေ့တည်းမှာပဲ အတူမွေးဖွားခဲ့ပါတယ်။ ကလေးနှစ်ယောက်ကို ကျက်သရေရှိတဲ့တိုက်ခန်းမှာ ရေချိုးပြီး အတူသိပ်ထားလိုက်ပါတယ်။

သာရဏီယဝတ်ကို ကျင့်ခဲ့ဖူးတဲ့သူငယ်က မျက်စိကိုဖွင့်ကြည့်လိုက်တော့ အပေါ်မှာ ထီးဖြူရယ်၊ ကျက်သရေရှိတဲ့ အိပ်ရာရယ်၊ နန်းတော်ရယ်ကို မြင်လိုက်ရတော့ မင်းအိမ်မှာဖြစ်နေပြီဆိုတာ သိလိုက်ရပါတယ်။

သူငယ်ချင်း ဘယ်မှာလဲလို့ ဆင်ခြင်လိုက်တော့ ခပ်နိမ့်နိမ့်နေရာမှာ တွေ့လိုက်ရပါတယ်။

ဒီတော့ မင်းရဲ့သားဖြစ်နေရသူက သူငယ်ချင်းကို စကားလှမ်းပြောပါတယ်။

"သူငယ်ချင်း သင်ဟာ ငါ့ရဲ့စကားကို နားမထောင်ခဲ့ဘူး"

"ဘာကြောင့်လဲ"

"ငါ့ရဲ့ စည်းစိမ်တွေကို ကြည့်စမ်း၊ ထီးဖြူနဲ့ ကျက်သရေရှိတဲ့ အခင်းနဲ့ နေရတယ်၊ သင်ကတော့ နိမ့်တဲ့နေရာမှာ နေရတယ်၊ ကြမ်းတမ်းတဲ့ အခင်းမှာ အိပ်နေရတယ်"

"သင်က ထီးဖြူ အိပ်ရာကို အမှီပြုပြီး မာနဖြစ်နေတာလား၊ တကယ်တော့ ထီးဖြူ အိပ်ရာဟာ ပထဝီဓာတ်ပါပဲ"လို့ ပြန်ပြောလိုက်ပါတယ်။

ဒီစကားတွေကို သုမနာမင်းသမီးက ကြားလိုက်ရပါတယ်။ မင်းသမီးက "ငါ့မောင်ငယ်တွေဟာ ဓာတ်ဆိုတဲ့ စကားတွေပြောနေတယ်။ မိဘတွေသိရင်တော့ ဘီလူးတွေလို့ထင်ပြီး နှင်ထုတ်ကုန်တော့မှာပဲ"ဆိုပြီး မြတ်စွာဘုရားဆီ ထွက်ခဲ့ပါတယ်။

မြတ်စွာဘုရားရှင်ဆီရောက်တော့ မင်းသမီးက "မြတ်စွာဘုရား သာသနာမှာ တပည့်နှစ်ဦးဟာ သဒ္ဓါ, သီလ, ပညာ ရှိကြပါတယ်။ တစ်ဦးက ပေးလှူပြီး တစ်ဦးက မပေးလှူပါ။ သေတဲ့အခါ နတ်ပြည်ရောက်ရ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အဲဒီနှစ်ယောက်ဟာ ထူးခြားချက်ရှိပါသလားဘုရား"လို့ လျှောက်ပါတယ်။ ဒီတော့ မြတ်စွာဘုရားက –

"သုမနာ ပေးလှူတဲ့သူဟာ မပေးလှူတဲ့သူကို အသက်၊ အဆင်း၊ ချမ်းသာ၊ အခြံအရံ၊ အစိုးရခြင်းငါးမျိုးနဲ့ လွှမ်းမိုးနိုင်တယ်"လို့ မိန့်ပေးပါတယ်။

နောက်လူဖြစ်ပြန်ရင်လည်း အကြောင်းငါးမျိုးနဲ့ လွှမ်းမိုးနိုင်တဲ့ အကြောင်း ဆက်ဟောပြလိုက်ပါတယ်။

**(အင်္ဂုတ္တိုရ်ပါဠိ၊ သုမနသုတ်၊ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ နှာ–၁၅၊ ၁၆)**

ဘယ်အချိန်ကြည့်ကြည့် ဘယ်နေရာကြည့်ကြည့် ချမ်းသာဆင်းရဲကွာဟနေတာတော့ အစဉ်သဖြင့် တွေ့နေရမှာပါ။ တစ်ရေးနိုး ထကြည့်လည်း ကွာဟမှု သဘာဝပြဇာတ်တစ်ခုက က,ပြနေမှာပါပဲ။ အဲဒီကွာဟမှု သဘာဝပြဇာတ်ထဲမှာ ရဟန်းလည်းတွေ့ရမယ်၊ လူလည်းတွေ့ရမယ်၊ တိရစ္ဆာန်လည်းတွေ့ရမယ်။

ဘာဖြစ်လို့ အဲဒီလို ခွဲခြားသရုပ်ဆောင်နိုင်းထားသလဲမေးရင် ဒါမှမဟုတ် ဘယ်သူက ခွဲခြားသရုပ်ဆောင်နိုင်းထားသလဲမေးရင် ဒါန ဆိုတဲ့ ကံဇာတ်ညွှန်းဆရာက ခွဲခြားပေးလိုက်တာပါပဲ။

ကိုယ်က ဒီသဘောဇလေးတွေကို နှလုံးသွင်းပြီး ချမ်းသာတဲ့သူဆိုရင်လည်း "ဩော်... ငါအတိတ် ဒါနကံကောင်းခဲ့လို့ အခုလို ချမ်းသာနေတာ နောင်အနာဂတ်ဘဝတွေမှာလည်း အခုလိုချမ်းသာအောင် ဒါနတွေ ဆင့်ကာဆင့်ကာ ပြုနေသင့်တယ်"လို့ နှလုံးသွင်းပြီး ဒါနတွေ ဆင့်ကာဆင့်ကာ ပြုနေဖို့ပါ။

ကိုယ်က ဆင်းရဲတဲ့သူဆိုရင်လည်း ဘယ်သူ့မှအပြစ်တင်မနေဘဲ ကိုယ့်ကံကိုယ် အပြစ်တင်ပြီး "ဩော်... ငါအတိတ်ဘဝက ဒါနနည်းခဲ့လို့ ခုလိုဆင်းရဲနေတာ နောင်အနာဂတ်ဘဝတွေမှာတော့ အခုလိုမဆင်းရဲရအောင် ဒါနတွေ ဆင့်ကာဆင့်ကာ ပြုနေသင့်တယ်"လို့ နှလုံးသွင်းပြီး ဒါနတွေ ဆင့်ကာဆင့်ကာ ပြုနေဖို့ပါ။

ဒါနပြုတဲ့နေရာမှာ အားကျစံထားစရာ သာဓကဝတ္ထုလေးတွေ တစ်ပုဒ်လောက်တော့ ကိုယ်စီ ရှိထားသင့်ပါတယ်။ ဒါနပြုခါနီးမှာ ကိုယ်



အားကျစံထားတဲ့ ဝတ္ထုလေးကို အာရုံပြုပြီး ပြုရင် ပိုပြီးစေတနာတရား ဖြစ်စေသလို ပိုလို့လည်း လက်သွက်စေပါတယ်။ အထက်ကပြခဲ့တဲ့ ဝတ္ထုလေးကတော့ စာရေးသူအားကျစံထားတဲ့ ဝတ္ထုလေးပါ။ ဘုရင့်သားဖြစ်ချင်လို့တော့ မဟုတ်ပါဘူး၊ ဘဝမှာ မဆင်းရဲချင်လို့ပါ။

မြတ်စွာဘုရားက ဒါနဆိုတာ ရဟန်းကော၊ လူကော ပြုသင့်တဲ့ အရာလို့ မိန့်မှာထားပါတယ်။ ဒါနဆိုတာ ဘယ်ဘာသာ ဘယ်လူမျိုးပဲ ပြုပြု၊ ပြုတဲ့လူဟာ ပြုတဲ့အကျိုးအားလျော်စွာ ခံစားရမှာပါ။ ဝိပဿနာသာ နိုင်ငံတိုင်း၊ ဘာသာတိုင်းဆီမှာ မရှိချင်နေမယ်၊ ဒါနကတော့ နိုင်ငံတိုင်း၊ ဘာသာတိုင်းမှာ ရှိပါတယ်။ ကူညီတယ်၊ ထောက်ပံ့တယ်၊ ပံ့မိုးဟယ်၊ ပရဟိတလုပ်တယ် စသည်တွေဟာ စကားလုံးအရကွဲနေပေမယ့် သဘောသက်ရောက်မှုကတော့ ဒါနတွေပါပဲ။

ဒီတော့ ဒါနတစ်ခုဖြစ်ဖို့အတွက် ဘာတွေလိုအပ်မလဲ၊ စေတနာရယ်၊ ပစ္စည်းဝတ္ထုရယ်၊ အလှူခံပုဂ္ဂိုလ်ရယ်ပါ၊ အဲဒီအင်္ဂါသုံးခု ပြည့်စုံရင် ဒါနဆိုတာ ဖြစ်သွားတာပါပဲ။ အလှူခံပုဂ္ဂိုလ်ဆိုတာကလည်း တစ်ကျိပ်လေးယောက်တောင်ရှိတာဆိုတော့ ရှာရမခက်ပါဘူး။ အဲဒီအလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေးယောက်ကို ဗဟုသုတအဖြစ် မှတ်ထားလိုက်ပါဦး။

၁။ တိရစ္ဆာန်၊ ၂။ သီလမရှိသူပုထုဇဉ်၊ ၃။ သီလရှိသူပုထုဇဉ်၊ ၄။ သာသနာပရသေ့၊ ၅။ သောတာပန်ဖြစ်အောင်ကျင့်နေသူ၊ ၆။ သောတာပန်ပုဂ္ဂိုလ်၊ ၇။ သကဒါဂါမ်ဖြစ်အောင်ကျင့်နေသူ၊ ၈။ သကဒါဂါမ်ပုဂ္ဂိုလ်၊ ၉။ အနာဂါမ်ဖြစ်အောင်ကျင့်နေသူ၊ ၁၀။ အနာဂါမ်ပုဂ္ဂိုလ်၊ ၁၁။ ရဟန္တာဖြစ်အောင်ကျင့်နေသူ၊ ၁၂။ ရဟန္တာပုဂ္ဂိုလ်၊ ၁၃။ ပစ္စေကဗုဒ္ဓါ၊ ၁၄။ မြတ်စွာဘုရား။

ပစ္စည်းဝတ္ထုဆိုတာလည်း ကိုယ့်အတိုင်းအတာနဲ့ကိုယ် ရှိနေကြတာ ဆိုတော့ မခက်လှပါဘူး။

ဒါနဖြစ်ဖို့ အင်္ဂါ(၃)ပါးထဲမှာ စေတနာဖြစ်ဖို့သာ အခက်ဆုံးပါ။

အကျိုးပေးတယ်ဆိုတာကလည်း အဲဒီစေတနာကပဲ ပေးသွားတာပါ။ ဒါကြောင့် ဒါနပြုတဲ့နေရာမှာ စေတနာဓောထက်သန်နေအောင် သတိထားရပါမယ်။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစေတကေသိက်သန့်မှု ရှိ မရှိသိရအောင် ဘာနဲ့တိုင်းတာမလဲ ဆိုရင် ကိုယ်ပြုလိုက်တဲ့ဒါနဟာ ဝမ်းမြောက်မှုရှိမရှိဆိုတာနဲ့ တိုင်းတာရပါမယ်။

ကိုယ်ပြုလိုက်တဲ့ဒါနဟာဝမ်းမြောက်မှုရှိလား မရှိဘူးလား။ ရှိတယ်ဆိုရင်လည်း ဘယ်အတိုင်းအတာထိရှိလဲစသည်ဖြင့် ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်ပေါ့။ များများဝမ်းမြောက်နေရင် များများအကျိုးပေးတော့မှာပါ။

"ဒါနအရာ ဝမ်းမြောက်တာ မှန်စွာအဓိကဖြစ်ပေသည်"ဆိုတဲ့အတိုင်း ဒါနပြုတိုင်းပြုတိုင်း ဝမ်းမြောက်နေတတ်ဖို့ အရေးကြီးပါတယ်။

ဒါနတစ်ခုခုကို နေ့စဉ်ပြုဖြစ်နေအောင်၊ ဒါနပြုပြီး ပျော်တတ်နေအောင်၊ ဒါနတစ်ခုခု မပြုလိုက်ရရင်ဘဲ ညအိပ်လို့မရလောက်အောင် ကျင့်စဉ်တစ်ခုလို လေ့ကျင့်ထားသင့်ပါတယ်။

ဘယ်သွားသွား၊ ဘယ်လာလာ၊ ဘာလုပ်လုပ်၊ ဘာစားစား ဒါနသဘောပါအောင် သွားတတ် လာတတ် လုပ်တတ် စားတတ်ရပါမယ်။ ဥပမာ ထမင်းစားတော့မယ်ဆိုရင် ခန္ဓာကိုယ်ထဲမှာ ကိုယ်မမြင်ရတဲ့ ပိုးများစွာရှိနေ တာဆိုတော့ "ငါ့ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ ပိုးသတ္တဝါလေးတွေ ငါစားတဲ့ အစားအစာလေးတွေစားပြီး ကိုယ်ဆင်းရဲ ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ" လို့ နှလုံးသွင်းစားလိုက်ရင် မေတ္တာပါတဲ့ ဒါနကုသိုလ် ဖြစ်သွားတာပါပဲ။

သူငယ်ချင်းမိတ်ဆွေတွေကို အကြောင်းတစ်စုံတစ်ခုနဲ့ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်တိုက်ရတဲ့ အခါတွေမှာလည်း အလုပ်သဘောအပျော်သဘောမဆန်ဘဲ ဒါနသဘောဆန်အောင် ဒါနသဘောပါအောင် "ငါဟာ ဒါနတစ်ခုပြုနေတယ်"လို့ နှလုံးသွင်းတိုက်ရင် ဒါနကုသိုလ် ဖြစ်သွား ပါတယ်။

ကိုယ်က စာရေးဆရာတစ်ယောက်ဆိုရင်လည်း "ငါရေးလိုက်တဲ့စာတွေဖတ်ပြီး ပရိသတ်တွေ အသိပညာတွေ တိုးပွါးပါစေ၊ တရားမှုအကျင့်စရဏတွေ သိသွားပါစေ၊ သိသည့်အားလျော်စွာ ကျင့်ကြံနိုင်ကြပါစေ"လို့ နှလုံးသွင်းပြီးရေးရင် အမြတ်ဆုံးမှုဒါနကုသိုလ်ဖြစ်သွားသလို ကိုယ်က အယ်ဒီတာတစ်ယောက်ဆိုရင်လည်း "ငါတည်းဖြတ်လိုက်တဲ့



စာတွေဖတ်ပြီး စာဖတ်ပရိသတ်တွေ အသိပညာဗဟုသုတတွေ ရသွားကြပါစေ၊ စိတ်ငြိမ်းအေးမှုတွေ ရသွားကြပါစေ"လို့ နှလုံးသွင်းပြီး တည်းဖြတ်လိုက်မယ်ဆိုရင်လည်း သုတကုသိုလ်ဖြစ်သွားတာပါပဲ။

တချို့ဒါနတွေဟာ နောင်ဘဝအထိ စောင့်မနေပါဘူး၊ ပစ္စုပ္ပန်ဘဝမှာပဲ ကိုယ့်ရဲ့စေတနာစေတနာအားလျော်စွာ အကျိုးပေးတတ်ပါတယ်။

ဒါကြောင့် ဒါနတစ်ခုခုကိုတော့ နေ့စဉ်ပြုဖြစ်နေအောင် အကျင့်လေး လုပ်ထားလိုက်ပါလား။ ဘုရင့်သား မဖြစ်တောင်မှ ဒါနနဲ့ညီမျှတဲ့ သား တစ်ယောက်ယောက်တော့ ဖြစ်မှာပါ။


အလင်းတန်းဂျာနယ်
၈.၁၂.၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com







# မင်္ဂလာဂွေးများ
## (၁၅)

**မွေ့စရိယာစ တော်မင်္ဂလမုတ္တမံ။**
**သုစရိုက်တရားကို ကျင့်ခြင်းသည် မြတ်သော**
**မင်္ဂလာမည်၏။**
**ကိုယ်နှုတ်စိတ်ကြံ မရိုက်မှားနဲ့၊**
**သုစရိုက်တရားကို ကျင့်ပါလေ။**

တစ်ခါတုန်းက မွေ့ပါလလို့အမည်ရတဲ့ သူငယ်လေးတစ်ယောက်ဟာ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးဆီမှာ တခြားတပည့်ငါးရာနဲ့အတူ ပညာသင်နေပါတယ်။ တစ်နေ့တော့ ပါမောက္ခဆရာကြီးရဲ့သားငယ်တစ်ယောက်သေဆုံးသွားပါတယ်။ ဒီတော့ကျန်တဲ့တပည့်တွေက ငိုင်းငိုကြပါတယ်။ မွေ့ပါလကတော့မငိုပါဘူး။ မငိုတဲ့အပြင် အံ့လည်းအံ့ဩနေပါတယ်။ ဒါကြောင့် မွေ့ပါလက သူငယ်ချင်းတွေအနားသွားပြီး မေးကြည့်ပါတယ်။

"အမောင်တို့ ... လူဆိုတာ ကြီးမှသေရတာမဟုတ်လား၊ ဘာဖြစ်လို့ငယ်ငယ်လေးနဲ့သေရတာလဲ"

"လူဆိုတာကြီးကြီးငယ်ငယ်သေကြတာပဲ၊ သင်မသိဘူးလား"

"ကျွန်တော်တော့ အခုမှမြင်ဖူးတာပါ။ ကျွန်တော်တို့ဆီမှာ တော့လေ ငယ်ငယ်နဲ့မသေကြဘူး၊ ကြီးမှပဲ သေကြတယ်"

မွေ့ပါလနဲ့ သူငယ်ချင်းတွေအပြန်အလှန် ပြောနေကြတာကို ပါမောက္ခဆရာကြီးက ကြားသွားပါတယ်၊ ဒါကြောင့် ဆရာကြီးက မွေ့ပါလကို ခေါ်ပြီးမေးပါတယ်။

"မွေ့ပါလ ... သင်တို့ဆီမှာငယ်ငယ်ရွယ်ရွယ်နဲ့ မသေဘူးလို့ သင်ပြောသလားလို့"

"ဟုတ်ပါတယ်ဆရာကြီး၊ ကျွန်တော်တို့ဆီမှာ ငယ်ငယ် ရွယ်ရွယ်နဲ့ မသေကြပါဘူး၊ ကြီးမှပဲသေကြတာပါ"

ဆရာကြီးက မွေ့ပါလဆီက စကားဆန်းဆန်းကိုကြားရတော့ အံ့ဩနေပါတယ်။ သူ့တပည့် မလိမ်ဘူးဆိုတာလည်းသိနေပါတယ်။ ဒီတော့ ဘယ်လိုတွေးမိသလဲဆိုတော့ 'အသက်ရှည်ရှည်နေရတဲ့နည်း သူတို့ ဆီမှာရှိမှာပဲ၊ ငါသွားစုံစမ်းရင်တော့ နည်းသိရမှာပဲ'လို့ တွေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သေသွားတဲ့သားအတွက် သင်္ဂြိုဟ်မှုကိစ္စတွေပြီးလို့ ခုနစ်ရက်ရှစ်ရက် လွန်တဲ့အခါကျတော့ တပည့်အားလုံးကို ဓမ္မပါလဆီအပ်ခဲ့ပြီး တပည့်တစ်ဦး နဲ့အတူ ဓမ္မပါလတို့ဇာတိရွာကို ထွက်ခဲ့ပါတယ်။ ဆရာကြီးက သူ့ရဲ့ လွယ်အိတ်ထဲမှာ ဆိတ်ရိုးတွေလည်း ထည့်ခဲ့ပါတယ်။

ဆရာကြီး ဓမ္မပါလတို့မိဘတွေအိမ် ရောက်တော့ အိမ်ဖော်ဖြစ်တဲ့ သူတွေက ထီးယူတဲ့သူကယူ၊ အိတ်ယူတဲ့သူကယူ၊ ဖိနပ်ယူတဲ့သူကယူနဲ့ ဝိုင်းပြီး ခရီးဦးကြိုဆိုကြပါတယ်။

ဓမ္မပါလမိဘတွေက ဆရာကြီးကို ခေတ္တခဏနားစေပြီး ထမင်းကျွေးပါတယ်။ ထမင်းစားပြီးလို့ မိသားစုနဲ့ စကားထိုင်ပြောကြတော့ ဆရာကြီးက စိတ်မကောင်းဟန်နဲ့ ပြောပါတယ်။

"ပုဏ္ဏားကြီး ... စိတ်မကောင်းတော့မဖြစ်ပါနဲ့၊ သင်တို့သားဟာ (၁၈)ရပ်သောအတတ်ကိုလည်း တတ်ပြီးပါပြီ၊ လိမ်လည်းလိမ္မာပါတယ်၊ ဒါပေမယ့် မကြာသေးခင်က ရောဂါတစ်ခုနဲ့ ကွယ်လွန်သွားပါပြီ"

ဆရာကြီးရဲ့စကား ကြားလိုက်ရတော့ ဓမ္မပါလရဲ့ဖခင် ပုဏ္ဏားကြီးက လက်ခုပ်တွေတီးပြီး ထရယ်ပါတယ်။ ဒီတော့ဆရာကြီးက "ဘာဖြစ်လို့ ရယ်တာလဲ"လို့ မေးပါတယ်။

ပုဏ္ဏားကြီးကလည်း အရယ်မပျက် ပြန်ဖြေပါတယ်။

"ဆရာကြီး ... ကျွန်တော်တို့သား မသေပါဘူး၊ တခြားတစ်ယောက်ယောက်သေတာ ဖြစ်မှာပါ"

"ဒီမှာပုဏ္ဏားကြီး ... ဒါ သင့်သားရဲ့အရိုးတွေပဲ၊ သင်တို့အတွက် ယူခဲ့တာပါ"

"ဒီအရိုးတွေဟာ ဆိတ်ရိုးတွေလည်း ဖြစ်ချင်ဖြစ်မယ်၊ ခွေးရိုးတွေလည်း ဖြစ်ချင်ဖြစ်မယ်၊ ကျွန်တော်တို့သား ဓမ္မပါလကတော့ လုံးဝ မသေပါဘူး၊ ကျွန်တော်တို့ဆီမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘယ်သူမှ မသေပါဘူး၊ ဆရာကြီး မုသားပြောတာပဲဖြစ်မှာပါ"

ဒီတစ်ကြိမ်မှာတော့ အနားမှာရှိတဲ့မိသားစုဝင်တွေကပါ လက်ခုပ်တွေ တီးပြီး ရယ်ကြပါတယ်။

ဒီတော့မှ ပါမောက္ခဆရာကြီးလည်း တပည့်ဖြစ်သူ ဓမ္မပါလ



ပြောတာကို ခိုင်ခိုင်မာမာ ယုံသွားပါတယ်၊ ဒါကြောင့် ပါမောက္ခ ဆရာကြီးက သူအသိချင်ဆုံးမေးခွန်းကို မေးလိုက်ပါတယ်။

"ပုဏ္ဏားကြီး သင်တို့ဆီမှာ ဘာဖြစ်လို့ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြတာလဲ၊ ဘယ်လိုကျင့်ကြံနေထိုင်ကြလို့လဲ၊ သင်တို့ဆီမှာကျင့်သုံးတဲ့ အကျင့်စရဏတွေကိုပြောပါဦး"

"ဆရာကြီး ... ကျွန်တော်တို့တစ်ရွာလုံးဟာ သုစရိုက်တရား(၁၀)ပါးကို ကျင့်ကြံကြပါတယ်။ ဒါကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြတာပါ။ တရားကိုစောင့်တဲ့သူကို တရားက ပြန်စောင့်တဲ့သဘောပါ"

အဖြေသိရတော့မှ ပါမောက္ခဆရာကြီးက "ပုဏ္ဏားကြီး သင်တို့သား မသေပါဘူး၊ အခုယူခဲ့တာလည်းဆိတ်ရိုးတွေပါ။ စုံစမ်းဖို့သက်သက် လာခဲ့တာပါ"လို့ပြောပြီး ပုဏ္ဏားကြီးဆီက သုစရိုက်တရား(၁၀)ပါး စာရင်းကိုကူးပြီး တက္ကသိုလ်ပြည်ကို ပြန်ခဲ့ပါတော့တယ်။

**(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု–မဟာဓမ္မပါလဇာတ်)**

ဓမ္မစရိယာဆိုတာ သုစရိုက်တရား(၁၀)ပါးကို ကျင့်ခြင်းလို့ ဆိုလိုပါတယ်။

သတ်ခြင်း၊ ခိုးခြင်း၊ သူတစ်ပါးမယားပြစ်မှားခြင်းဆိုတဲ့ ကာယဒုစရိုက် သုံးပါး၊ လိမ်ပြောခြင်း၊ ရန်တိုက်ကုန်းတိုက်စကားပြောခြင်း၊ ကြမ်းတမ်းသောစကားပြောခြင်း၊ အကျိုးမရှိ သိမ်ဖျင်းသောစကားပြောခြင်းဆိုတဲ့ ဝစီဒုစရိုက်လေးပါး၊ သူတစ်ပါးစည်းစိမ် ကိုယ့်စည်းစိမ်ဖြစ်ရန် ရှေ့ရှုကြံခြင်း၊ သူတစ်ပါးပျက်စီးစေရန် ဒုက္ခရောက်စေရန်ကြံခြင်း၊ အယူမှားခြင်းဆိုတဲ့ မနောဒုစရိုက်သုံးပါး၊ အဲဒီ(၁၀)ပါးကို ဒုစရိုက်(၁၀)ပါးလို့ ခေါ်ပါတယ်။ ဒုစရိုက်(၁၀)ပါးမှ ရှောင်ကြဉ်တာကို သုစရိုက်တရား(၁၀)ပါးကို ကျင့်တယ်လို့ခေါ်ပါတယ်။

မြတ်စွာဘုရားက သုစရိုက်တရား(၁၀)ပါးကို ကိုယ်နှုတ်စိတ် အမူအရာတိုင်းမှာ သတိကပ်ပြီးကျင့်ပါတဲ့။

ဘာဖြစ်လို့သုစရိုက်တရား(၁၀)ပါးကို ကျင့်ရသလဲမေးရင် ဘေးလေးမျိုးနဲ့ မတွေ့ကြုံရအောင်ပါတဲ့။

ဘေးလေးမျိုးဆိုတာက –

၁။ အတ္တာနုဝါဒဘေး = မိမိကိုယ်ကို မိမိကိုယ်တိုင် စွပ်စွဲသော

www.burmeseclassic.com

www.burmeseclassic.com



ဘေး၊ မကောင်းတာလုပ်ခဲ့တဲ့သူဟာ 'ငါမကောင်းတာလုပ်ခဲ့ပါလား၊ ငါမကောင်းတာ လုပ်ခဲ့ပါလား'ဆိုပြီး ကိုယ့်ကိုယ်ကို အပြစ်တင်နှလုံးမသာမယာ ဖြစ်နေ တာပါ။

၂။ ပရာနုဝါဒဘေး = သူတစ်ပါးစွပ်စွဲသောဘေး။ 'မင်းဟာမကောင်းတာပြုခဲ့တဲ့သူ'လို့ ပတ်ဝန်းကျင်ကဝိုင်းပြီး လက်ညှိုးထိုး ရှုံ့ချ အပြစ်တင်ခံရတဲ့ဘေးပါ။

၃။ ဒဏ္ဍဘေး = မင်းပြစ်မင်းဒဏ်ဘေး။

၄။ ဒုဂ္ဂတိဘေး = အပါယ်ကျရောက်ရသည့်ဘေးတို့ဖြစ်ပါတယ်။

ဒုစရိုက်(၁၀)ပါးကို ကျူးလွန်တဲ့သူဟာ အထက်က ဘေးလေးမျိုးနဲ့ ကြုံရတတ်ပါတယ်။

ဘေးလေးမျိုးထဲမှာ သတိထားဖို့အကောင်းဆုံးနဲ့ စိတ်ဝင်စားဖို့အကောင်းဆုံးဘေးက အတ္တာနုဝါဒဘေး ဆိုတဲ့ မိမိကိုယ်ကိုမိမိ ပြန်စွဲချက်တင်တဲ့ဘေးပါ။

မကောင်းမှုပြုခဲ့သမျှကို ကိုယ်ကိုယ်တိုင်ပဲအသိဆုံးဆိုတော့ အဲဒီမကောင်းမှုတွေကိုပြန်တွေးလိုက်တိုင်း 'ငါမကောင်းမှုတွေပြုခဲ့တယ်၊ ငါမကောင်းမှုတွေပြုခဲ့တယ်'ဆိုပြီး ပြုခဲ့သမျှမကောင်းမှုတွေက တစ်ကိုယ်ထဲတစ်စိတ်ထဲကနေ တရားခံ တရားလို နှစ်ကိုယ်ခွဲပြီး စွပ်စွဲ တော့တာပါပဲ။

အရွယ်ရှိတုန်း ကျန်းမာတုန်းမှာ အတ္တာနုဝါဒဘေးကို အထိုက်အလျောက် တွန်းလှန်နိုင်ပေမယ့် ရုပ်အိုနာမ်အိုပြီး သေခါနီးကာလမှာတော့ အတ္တာနုဝါဒဘေးကို မတွန်းလှန်နိုင်တော့ပါဘူး။ အဲဒီအတ္တာနုဝါဒဘေးကို အာရုံပြုပြီး သေသွားမယ်ဆိုရင် အပယ်ဒုဂ္ဂတိ ကျရောက်ဖို့ပဲ ရှိပါတော့တယ်။

ဘယ်လောက်ပဲ ပြည့်စုံမှုတွေရရှိရရှိ မကောင်းမှုကိုမှီပြီး ရရှိတဲ့ပြည့်စုံမှုတွေရဲ့နောက်မှာ ဘေးလေးမျိုးက အသင့်ကပ်ပါလာပြီးသားပါ။ အရာဝတ္ထုသဏ္ဌာန်တစ်ခုအနေနဲ့ ကပ်ပါလာတာမဟုတ်လေတော့ သတိမထားမိဘူးပေါ့။

ကိုယ်ကျင့်သီလမဲ့တဲ့သူက ပတ်ဝန်းကျင်ကိုကြည့်တဲ့အခါ အဆိုးမြင်ဝါဒနဲ့ ကြည့်တတ်ပါတယ်။ ကိုယ်ကျင့်သီလရှိတဲ့သူက ပတ်ဝန်းကျင်ကို ကြည့်တဲ့အခါ အကောင်းမြင်ဝါဒနဲ့ ကြည့်တတ်ပါတယ်။



အမြင့်မတူတဲ့အကြည့်နှစ်ခုဟာ ရလဒ်လည်းမတူပါဘူး။

အဆိုးမြင်ဝါဒနဲ့ ကြည့်သူရဲ့ရလဒ်က မငြိမ်းချမ်းမှုပါ။ အကောင်းမြင်ဝါဒနဲ့ ကြည့်သူရဲ့ရလဒ်က ငြိမ်းချမ်းမှုပါ။

ငြိမ်းချမ်းမှု၊ မငြိမ်းချမ်းမှုတွေဟာ ပြည့်စုံခြင်း၊ မပြည့်စုံခြင်းတွေနဲ့မဆိုင်ပါဘူး၊ ကိုယ်ကျင့်သီလအပေါ် မှာပဲမူတည်သွားပါတယ်။

ကိုယ်ကိုယ်တိုင်ငြိမ်းချမ်းဖို့၊ ကိုယ့်ဝန်းကျင်ငြိမ်းချမ်းဖို့ ကိုယ်ကျင့်သီလကို မမေ့သင့်ပါဘူး၊ 'အူမတောင့် မှသီလစောင့်နိုင်တယ်'ဆိုတဲ့ စကားရှိပေမယ့် ပုထုဇဉ်ရဲ့အူမဟာ သေတဲ့အထိတောင့်မလာနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပုထုဇဉ်ရဲ့အူမဟာ အာရုံဆန်းဆန်းတွေကို အမြဲတမ်း တောင့်တနေတတ်သလို ရောင့်ရဲသွားတယ်ဆိုတာလည်း မရှိပါဘူး။

ကိုယ့်ကျင့်သီလကိုစတေးပြီးမှ ရရှိမယ့် ပစ္စည်းဝတ္ထု၊ ရာထူး ဂုဏ်သိမ်အောင်မြင်မှုတွေကို မမက်မောစမ်းပါနဲ့၊ ကိုယ့်ဘဝသမိုင်းကို ကိုယ်ပြန်ကြည့်လိုက်တိုင်း အစဉ်သဖြင့် လိပ်ပြာသန့်နေဖို့၊ စာလိုပြောရင်တော့ အတ္တာနုဝါဒဘေး ကင်းနေဖို့ပဲ အရေးကြီးပါတယ်။

တကယ်တော့ လူဆိုတာ ကိုယ့်ရဲ့ကိုယ်ကျင့်သီလကို ပြန် ကြည်ညိုပြီး စိတ်ချမ်းသာအောင် နေနေတတ်တာကိုက လူ့ဘဝရဲ့ အဓိပ္ပာယ်တွေထဲက အဓိပ္ပာယ်တစ်ခုပါပဲလေ။

အလင်းတန်းဂျာနယ်
၁၅-၁၂-၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်သာရတွေးများ

## ၁၈

**ဥာတကာ၀နဥသင်္ဂဟော၊ တော်မင်္ဂလမုဏ္ဍမိ။**
**ဆွေမျိုးတို့ကို ရီးမြောက်ထောက်ပံ့ခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊**
**သင်္ဂဟတရားနဲ့ ရီးမြောက်လေ။**

တစ်ခါတုန်းက ဟိမ၀န္တာတောရဲ့အနီး ဂင်္ဂါမြစ်ကမ်းနားမှာ အလွန်အရသာရှိတဲ့ သရက်ပင်ကြီးတစ်ပင် ရှိပါတယ်။ အဲဒီသရက်ပင် ကြီးက သီးတဲ့အသီးတွေကို စားသုံးနေသူတွေကတော့ မျောက်အုပ်စု တစ်စုပါ။ မျောက်အုပ်စုကို အုပ်ချုပ်နေသူက ဘုရားအလောင်း မျောက်မင်းပါ။

ဘုရားအလောင်းမျောက်မင်းက သရက်ကိုင်းတချို့ ဂင်္ဂါမြစ်ထဲ ကိုင်းညွှတ်နေတာကိုကြည့်ပြီး အန္တရာယ်ကို ကြိုမြင်ထားပါတယ်။ ဒါကြောင့် မြစ်ဘက်ကိုင်းညွှတ်နေတဲ့သရက်ကိုင်းတွေဆီက အပွင့်တွေ အသီးကင်းတွေ ဖြစ်လာရင် တခါတည်းဖျက်ဆီးပစ်ဖို့ မှာထားပါတယ်၊ ဒါပေမယ့် အရွက်တွေနဲ့ဖုံးနေတဲ့ သရက်သီးတစ်လုံးကိုတော့ ဘယ်မျောက်မှ မမြင်မိကြပါဘူး။

အချိန်တန်တော့ မျောက်တွေမမြင်ခဲ့တဲ့ မဖျက်ဆီးဖြစ်ခဲ့တဲ့ သရက်သီးက ဂင်္ဂါမြစ်ထဲကျသွားပါတယ်။ အဲဒီအချိန် ဂင်္ဂါမြစ်ရဲ့ တစ်နေရာမှာ ဗာရာဏသီမင်းက ရေကစားနေတာဆိုတော့ သူတို့ရဲ့ ပိုက်ကွန်မှာ သွားငြိပါတော့တယ်။ ဗာရာဏသီမင်းက သရက်သီးကို သူ့ရဲ့မုဆိုးတွေကို အရင်စားကြည့်စေပြီး မုဆိုးတွေ မသေဘူးဆိုကာမှ သူက စားကြည့်ပါတယ်။ တစ်ခါမှမကြုံဖူးတဲ့ အရသာကို တွေ့လိုက်ရတော့

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့စစ်သည်ဗိုလ်ပါတွေနဲ့အတူ သရက်သီးရှာပုံတော် ဖွင့်တော့တာပါပဲ။

နောက်ဆုံးတော့ သရက်ပင်ဆီ ရောက်ကြရောဆိုပါတော့။

ဗာရာဏသီမင်းနဲ့စစ်သည်ဗိုလ်ပါတွေဟာ သရက်သီးတွေကို အားရပါးရစားပြီး သရက်ပင်အောက်မှာပဲ အိပ်ကြပါတယ်။

လူတွေအိပ်ပြီဆိုမှ မျောက်တွေက သူတို့စားနေကြ သရက်ပင်ပေါ် တက်ပြီး သရက်သီးတွေစားကြပါတယ်။ မျောက်တွေစားနေဆဲမှာပဲ ဗာရာဏသီမင်း နိုးသွားပါတယ်။ ဒီတော့ သူ့ရဲ့လေးသည်တော်တွေကို သရက်ပင်ကို ဝိုင်းထားစေပြီး ထွက်ပြေးတဲ့မျောက်ကို ပစ်စေလို့ အမိန့် ထုတ်လိုက်ပါတယ်။

ဒါပေမယ့် လေးသည်တော်တွေလည်း တစ်ညလုံး မစောင့်နိုင်ကြပါဘူး။ အိပ်ချိန်ကျတော့ အိပ်ပျော်ကုန်တယ် ထင်ပါတယ်။

မျောက်အားလုံးက အခြေအနေကိုရိပ်မိပြီး ထိတ်ထိတ်လန့်လန့် ဖြစ်ကုန်ပါတယ်။ ဒါကြောင့်သူတို့ရဲ့ခေါင်းဆောင် ဘုရားအလောင်း မျောက်မင်းကို သူတို့ဘာလုပ်ရမလဲဆိုတာ သွားမေးကြပါတယ်။ ဘုရားအလောင်း မျောက်မင်းက 'မကြောက်ပါနဲ့၊ စီမံပေးပါ့မယ်'လို့ပြောပြီး သူ့ငယ်သား မျောက်တွေကို ဖြေသိမ့်ပါတယ်။

ဘုရားအလောင်းမျောက်မင်းက အဲဒီလိုပြောပြီး သရက်ပင်ရဲ့ အမြင့်ဆုံးလည်းဖြစ်၊ မြစ်ကမ်းဘက်ကို ထိုးထွက်နေတဲ့အကိုင်းလည်း ဖြစ်တဲ့ အကိုင်းပေါ်တက်သွားပြီး ဟိုဘက်ကမ်းကိုခုန်ကူးလိုက်ပါတယ်။

ဟိုဘက်ကမ်းရောက်သွားတဲ့ ဘုရားအလောင်းမျောက်မင်းက ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း မီလောက်တဲ့ နွယ်ကြိုးကို စိတ်မှန်းနဲ့ ဖြတ်လိုက်ပါတယ်။ ဖြတ်ထားတဲ့နွယ်ကြိုးရဲ့အစတစ်ခုကို ဟိုဘက်ကမ်းမှာရှိတဲ့ သစ်ပင်တစ်ခုမှာ ခိုင်ခိုင်မာမာချည်လိုက်ပါတယ်။ ကျန်နေတဲ့ကြိုးတစ်စကိုတော့ မိမိရဲ့ခါးကို ချည်ပြီး ဒီဘက်ကမ်းမှာရှိတဲ့ သရက်ပင်ဆီတအားပြန်ခုန်လိုက်တာ နွယ်ကြိုးကို စိတ်မှန်းနဲ့ဖြတ်စဉ်က တစ်လံလောက်တိုသွားတဲ့အတွက် သစ်ပင်ပေါ်အထိ တစ်ကိုယ်လုံး လွတ်လွတ် ကျွတ်ကျွတ် မရောက်နိုင်တော့ဘဲ မိရာသရက်ကိုင်းကိုပဲ ဆွဲကိုင်ထားလိုက်ရပါတယ်။



ဘုရားအလောင်း မျောက်မင်းဟာ ခါးမှာချည်ထားတဲ့ကြိုး တန်းလန်းကြီးနဲ့ပဲ သူ့ငယ်သား မျောက်တွေကို သူ့ကိုယ်ပေါ်နင်းပြီး တစ်ဖက်ကမ်းကိုကူးဖို့ အမိန့်ပေး လိုက်ပါတယ်။

ငယ်သားမျောက်တွေဟာ ဘုရားအလောင်းမျောက်မင်းကို ရှိခိုးကန်တော့ပြီးမှ ကိုယ်ပေါ်ကို ဖွဖွညင်ညင်သာသာလေးနင်းပြီး ဟိုဘက်ကမ်းကို ကူးသွားကြပါတယ်။

ဒေဝဒတ်အလောင်းမျောက်ကတော့ ခပ်မြင့်မြင့်အကိုင်းပေါ် တက်ပြီး ဘုရားအလောင်းမျောက်မင်းရဲ့ ကိုယ်ပေါ်ကို အားရပါးရခုန်ချပြီးမှ ဟိုဘက်ကမ်းကိုကူးသွားပါတယ်။

ဘုရားအလောင်းမျောက်မင်းဟာ ဒေဝဒတ်အလောင်းမျောက် ခုန်ချလိုက်တဲ့ဒဏ်ရာနဲ့ပဲ နှလုံးကွဲပြီး သေဆုံးသွားပါတော့တယ်။

(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု-မဟာကပိဇာတ်)

မြတ်စွာဘုရားက ဆွေမျိုးတွေကိုပစ်မထားပါနဲ့တဲ့။ သင်္ဂဟတရားလေးပါးနဲ့ ချီးမြှောက်ပါတဲ့။ စီးပွားဥစ္စာ ပျက်လို့ပဲဖြစ်ဖြစ်၊ မကျန်းမမာဖြစ်လို့ပဲဖြစ်ဖြစ်၊ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် အခက်အခဲဖြစ်နေတဲ့ ဆွေမျိုးတွေကို စွမ်းနိုင်သလောက် ထောက်ပံ့တာဟာ မင်္ဂလာတစ်ပါးဖြစ်တယ်လို့ ဆိုပါတယ်။

မြတ်စွာဘုရားရဲ့ပါရမီတော်တွေထဲမှာ စရိယာသုံးပါးဆိုတာ ပါပါတယ်။ အဲဒီစရိယာသုံးပါးဆိုတာက

၁။ လောကတ္ထစရိယာ = လောကတွင်းမှာရှိတဲ့ သတ္တဝါတွေ ဘေးကင်းဖို့၊ ကြီးပွားချမ်းသာဖို့၊ ပညာရေးတိုးတက်ဖို့ စသည်တို့အတွက် ကျင့်တော်မူခြင်း။

၂။ ဉာတတ္ထစရိယာ = ဆွေမျိုးတွေဘေးကင်းဖို့၊ ကြီးပွား ချမ်းသာဖို့၊ ပညာရေးတိုးတက်ဖို့ စသည်တို့အတွက် ကျင့်တော်မူခြင်း။

၃။ ဗုဒ္ဓတ္ထစရိယာ = ဘုရားဖြစ်ဖို့ကျင့်တော်မူခြင်း တို့ဖြစ်ပါတယ်။

ပြောလိုတာက မြတ်စွာဘုရားဟာ ဆွေမျိုးတွေအတွက်ဆိုပြီး ကျင့်စဉ်တစ်ခုအနေနဲ့ကို ကျင့်ခဲ့တာပါ။ ဒါကို မိမိတို့က ခပ်မေ့မေ့နေလို့ မရပါဘူး၊ သတိထားရမယ့် အချက်တစ်ချက်အဖြစ် သိထားရပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ စိတ်အဝင်စားဆုံးနဲ့အကြောက်အလန့်ဆုံးကတော့ ကံတရားပါပဲ။ လူတစ်ယောက်ဟာ ဒီဆယ်စုနှစ်အတွင်းမှာ ချမ်းသာနေပေမယ့် နောက်ဆယ်စုနှစ်အတွင်းမှာ ဆင်းရဲသွားနိုင်သလို ဒီဆယ်စုနှစ်အတွင်းမှာ ဆင်းရဲနေပေမယ့်လည်း နောက်ဆယ်စုနှစ်အတွင်းမှာ ချမ်းသာသွားနိုင်ပါတယ်။

လူတစ်ဦးတစ်ယောက်ရဲ့ဘဝဟာ အမြဲတမ်း ပုံသေရှိမနေနိုင်ပါ ဘူး။ ကံတရားအလျောက်ပြောင်းလဲနေရမှာပါ။ ကိုယ်ကပြည့်စုံနေတုန်းမှာ ဆွေမျိုးတွေနဲ့ခပ်ကင်းကင်းနေခဲ့ပြီး ကံတရားအလျောက်မပြည့်စုံတဲ့ဘဝကို ရောက်ရတဲ့အခါမှာ၊ အကူအညီလိုအပ်လာတဲ့အခါမှာ ဆွေမျိုးတွေဆီက အကူအညီကို ဘယ်လိုမျက်နှာနဲ့တောင်းခံမလဲ၊ လူဆိုတာ အတုံ့ရှိမှ အလှည့်ရှိတာပါ။

တွေ့ဖူးတဲ့မိသားစုတစ်စုဆိုရင် ပြည့်စုံနေတုန်းမှာဆွေမျိုးတွေနဲ့ အမျိုးမတော်သလိုကို ခပ်ကင်းကင်း နေခဲ့ပါတယ်။ အချိန်ကျလာလို့လား မသိပါဘူး။ အမှုတွေဖြစ်၊ ထောင်တွေကျ၊ စီးပွားရေးတွေပျက်ပြီး မပြည့်စုံတဲ့ ဘဝတစ်ခုကို နေ့ချင်းညချင်းရောက်သွားပါတယ်။ အဲဒီအချိန်မှာ သူတို့ခပ်ကင်းကင်းနေခဲ့တဲ့ဆွေမျိုးတွေက စီးပွားရေးတွေအဆင်ပြေလာတာပါပဲ၊ အံ့သြဖို့ကောင်းတာက သူတို့တစ်ချိန်က ခပ်ကင်းကင်းနေခဲ့တဲ့ ဆွေမျိုးတွေက သူတို့ရဲ့အဆင်မပြေမှုတွေကို လျစ်လျူရှုမထားကြပါဘူး၊ ဝိုင်းဝန်းပံ့ပိုးကူညီကြတာပါ။ ပစ္စည်းဝတ္ထုတွေနဲ့ပံ့ပိုးကူညီရုံတင်မကပါဘူး၊ တရားရိပ်သာတွေလိုက်ပို့ပေး၊ ဆရာတော်ဘုရားတွေနဲ့မိတ်ဆက်ပေး၊ အထူးသဖြင့် ဝိပဿနာတရားတွေအားထုတ်ဖြစ်အောင် ပံ့ပိုးကူညီခဲ့ပါ တယ်။

လူတစ်ဦးတစ်ယောက်ရဲ့ဘဝကို ပုံသေသွားတွက်လို့မရပါဘူး။ ဒီနေ့ ကိုယ်က သူ့ကို မောက်မောက်မာမာ ဆက်ဆံခွင့်ရလိုက်ပေမယ့် နောက်နေ့မှာ သူဟာ ကိုယ့်ရဲ့အသက်သခင်ကျေးဇူးရှင် ဖြစ်ချင်ဖြစ်နေ တတ်ပါတယ်။

မမြဲတဲ့ရုပ်နာမ်ပစ္စည်းဝတ္ထုတွေကို မြဲနေဆဲကာလလေးမှာ အမိပ္ပါယ်ရှိရှိ သုံးစွဲတတ်ဖို့ပါ။

မြတ်စွာဘုရားက ရရှိထားတဲ့ ပစ္စည်းဝတ္ထုတွေကို ဥာတကာနဥ္စ သင်္ဂဟမင်္ဂလာဖြစ်အောင် သုံးစွဲဖို့ မယှကငှက်ကို ဥပမာပေးပြီး ဟောပြ



ထားပါတယ်။

တောင်ကြားတွေမှာကျက်စားတတ်တဲ့ မယှကငှက်ဟာ ညောင်ပင်ပေါ်က ညောင်သီးမှည့်မှည့်တွေကို တွေ့ပြီဆိုရင် 'ငါ့ဥစ္စာ ငါ့ဥစ္စာ'ဆိုပြီး အော်တတ်ပါတယ်တဲ့။ အဲဒီမယှကငှက်ရဲ့အော်သံကြားတော့ ကျန်တဲ့ငှက်တွေက ရောက်လာကြပြီး ညောင်သီးမှည့်တွေကို ဝိုင်းစားကြတော့တာပါပဲတဲ့။ မယှကငှက်ဟာ ကိုယ်တိုင်လည်းမစား၊ တခြားငှက်တွေကိုလည်း မစားစေလိုဘဲ တစ်ချိန်လုံး 'ငါ့ဥစ္စာ ငါ့ဥစ္စာ'လို့ပဲ အော်နေတာပါပဲတဲ့။ ရောက်လာတဲ့ငှက်တွေက စားပြီးလို့ ပြန်သွားတာတောင် မယှကငှက် ကတော့ အော်လို့ကျန်ခဲ့တုန်းပါပဲတဲ့။

အဲဒီလိုပါပဲ၊ တချို့ပုဂ္ဂိုလ်တွေဟာ ပစ္စည်းတွေအများကြီးရှာပြီး ကိုယ်တိုင်လည်းမသုံးဆောင်၊ ဆွေမျိုးတွေကိုလည်း မထောက်ပံ့ဘဲနဲ့ နေနေတတ်ပါတယ်တဲ့၊ အဲဒီပုဂ္ဂိုလ်တွေသေတော့ သူတို့မချစ်တဲ့ အမွေခံတွေက သုံးဆောင်ဖြစ်ကြပါတယ်တဲ့။

သတိရှိတဲ့လူတွေကတော့ ကိုယ်တိုင်လည်းသုံးဆောင်၊ ဆွေမျိုးတွေကိုလည်းကူညီထောက်ပံ့ပြီး သေလွန်တဲ့အခါ နတ်ပြည်ကို သွားရောက်ကြရပါတယ်တဲ့။

မြတ်စွာဘုရားက ဆွေမျိုးတွေကိုပစ်မထားဖို့ ကူညီထောက်ပံ့ဖို့ အခါအခွင့်သင့်တိုင်း ဟောဟောပြပါတယ်။ မြတ်စွာဘုရားက အကျိုးအပြစ်တွေကို ကြိုသိနေလို့ ဟောပြနေတော့ တပည့်သာဝကဖြစ်တဲ့ မိမိတို့က လည်း လိုက်နာကျင့်သုံးရုံပါပဲ။

ပုထုဇဉ်တစ်ယောက်ရဲ့ဘဝဟာ ဘာမှမရေရာလှပါဘူး။ ရေရာ နေဆဲ ပစ္စုပ္ပန်ကာလအခိုက်အတန့်လေးမှာ ရေရာတဲ့အလုပ်ကလေးတစ်ခု ကို လုပ်မိလိုက်ဖို့ပါပဲလေ။

အလင်းတန်းဂျာနယ်
၂၂-၁၂-၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com






# မင်္ဂလာတွေးများ ၊၁၇၊

**အနဝဇ္ဇာနိကမ္မာနိ၊ ဧတံမင်္ဂလမုတ္တမံ။**
**အပြစ်ကင်းသောအလုပ်တို့ကို ပြုလုပ်ခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**သန့်စင်ပြစ်မျိုးလူထုအကျိုး၊**
**သယ်ပိုးဆောင်ရွက်စေ။**

တစ်ခါတုန်းက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းမှာ အမှုတွေကို ဆုံးဖြတ်ပေးတဲ့ တရားသူကြီးတစ်ယောက် ရှိပါတယ်။ သူ့ရဲ့ထူးခြားချက်ကတော့ လာဘ်စားတာပါပဲ။ ဒါပေမယ့် တရားသူကြီးကသာ လာဘ်စားတာ တရားသူကြီးရဲ့ ဘုရင်မင်းမြတ်ကတော့ ဥပုသ်သီလကို ကိုယ်တိုင်ဆောက်တည်သလို မှူးမတ်ငယ်သားတွေကိုလည်း ဆောက်တည်စေပါတယ်။

တစ်နေ့မနက်ခင်းတစ်ခုမှာတော့ တရားသူကြီးဟာ အမှုတစ်ခုကို လာဘ်စားခဲ့ပြီး ဘုရင့်ဆီ အခစားဝင်လာပါတယ်။ ညီလာခံသဘင်မှာ ဘုရင်မင်းမြတ်က တိုင်းရေးပြည်ရေးကိစ္စတွေ မဆွေးနွေးခင် သူ့ရဲ့ မှူးမတ်

www.burmeseclassic.com

www.burmeseclassic.com



တွေကို 'ဒီနေ့ဥပုသ်နေ့ ဥပုသ်ဆောက်ဖြစ်လား'ဆိုတဲ့မေးခွန်းကို အရင်မေးနေပါတယ်။ မှုးမတ်တွေကလည်း "ဆောက်ဖြစ်ပါတယ်"ဘုရားပေါ့။ အဲဒီမှုးမတ်တွေကတော့ တကယ်ဥပုသ်ဆောက်တဲ့သူတွေပါ။

တရားသူကြီးဝင်လာတော့လည်း ဘုရင်မင်းမြတ်က 'ဆရာ တရားသူကြီး ဒီနေ့ ဥပုသ်ဆောက်ဖြစ်လား'လို့ မေးပါတယ်။ တရားသူကြီးကလည်း ရှေ့မှုးမတ်တွေဖြေတဲ့အတိုင်းပဲ 'ဆောက်တည်ဖြစ်ပါတယ်ဘုရား'လို့ ညာဖြေလိုက်ပါတယ်။

တရားသူကြီးညာဖြေတာကို အကြောင်းသိ ပုရောဟိတ်ပုဏ္ဏားတစ်ယောက်က ကောင်းကောင်းသိပါတယ်။ ဒါကြောင့် ညီလာခံသဘင်ပြီးလို့ အပြင်ရောက်တဲ့အခါ အကြောင်းသိပုရောဟိတ်ပုဏ္ဏားက 'ဆရာ ... ဒီနေ့ ဥပုသ်မဆောက်ဖြစ်ဘူး မဟုတ်လား'လို့ မေးပါတယ်။ ဒီတော့ တရားသူကြီးက 'ဟုတ်တယ်၊ ငါမဆောက်ဖြစ်ဘူး၊ မနက်က အပြစ်မကင်းတဲ့ အလုပ်တစ်ခုကို လုပ်ခဲ့တယ်။ ဒါပေမယ့် ဒီညမှာတော့ ခံတွင်းကို ဆေးပြီး ညစာမစားဘဲ ဥပုသ်ဆောက်မယ်၊ ဒါဆို ငါ့အတွက် ဥပုသ်တစ်ဝက်တော့ ရမှာပဲ'လို့ ပြန်ပြောလိုက်ပါသတဲ့။

တရားသူကြီးဟာ ပြောတဲ့အတိုင်းပဲ အိမ်ရောက်တော့ ဥပုသ် ဆောက်ပါတယ်။ ဒီလိုနဲ့ မနက်ရောက်လာတော့ ဥပုသ် အမြဲဆောက်လေ့ရှိတဲ့ အမျိုးသမီးတစ်ယောက်က အမှုလာအပ်ပါတယ်။ အမှုအကြောင်း ပြောကြဆိုကြရင်းနဲ့ မွန်းတည့်ခါနီး ရောက်သွားရောဆိုပါတော့။ ဒီတော့ အမှုလာအပ်တဲ့ အမျိုးသမီးက ခံတွင်းဆေးဖို့ပြင်ပါတယ်။ သူတို့ခေတ်ကတော့ ခံတွင်းကို ဆေးပြီးမှ ဥပုသ်ဆောက်လေ့ရှိပါတယ်။ နည်းယူဖို့ ကောင်းတဲ့ ဓလေ့တစ်ခုပါ။ အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ တရားသူကြီးကို သရက်သီးတွေ လာကန်တော့ပါတယ်။ တရားသူကြီးကလည်း လာကန်တော့တဲ့ သရက်သီးတွေနဲ့ပဲ 'ဒီသရက်သီးတွေ စားလိုက်ပြီး ဥပုသ်ဆောက်ပါ'လို့ပြောပြီး ပေးလှူလိုက်ပါတယ်။ အမျိုးသမီးကလည်း တရားသူကြီးပြောတဲ့အတိုင်း ပြုပါတယ်။

ဒီလိုနဲ့ သက်တမ်းကုန်ဆုံးတဲ့အခါကျတော့ တရားသူကြီး စုတေခဲ့ရောဆိုပါတော့။



စုတေတော့ ဘယ်မှာသွားဖြစ်သလဲဆိုတော့ သရက်ဥယျာဉ်ကြီးတစ်ခုမှာ နတ်သားအဖြစ် ရွှေဗိမာန်ကြီးနဲ့ ထင်ရှားသွား ဖြစ်ပါသတဲ့။ အခြံအရံနတ်သမီးတွေကလည်း တစ်သောင်းခြောက်ထောင်တောင် ရှိပါသတဲ့။

နတ်တစ်ဖြစ်လဲ တရားသူကြီးဟာ ညဘက်မှာသာ နတ်စည်းစိမ်ကို ခံစားနေရပေမယ့် မနက် အရုဏ်တက်တာနဲ့ နတ်အသွင်နဲ့ နတ်စည်းစိမ်တွေ ကွယ်ပျောက်သွားပြီး ဝေမာနိကပြိတ္တာ ဖြစ်သွားတော့တာပါပဲ။

ပြိတ္တာဖြစ်သွားတော့ စားရမဲ့သောက်ရမဲ့ဘဝနဲ့ ကိုယ့်ရဲ့အသားကို ပြန်စားနေရပါတယ်။ ကိုယ့်အသား ကိုယ်ပြန်စားနေရတာဆိုတော့ သွေးသံတရွဲရွဲနဲ့ တစ်ချိန်လုံး အော်ဟစ်ငိုကြွေးနေရပါတယ်တဲ့။

ကံအကြောင်းအကျိုးတွေပြန်ကြည့်တော့ ဥပုသ်ဆောက်တည်သူ အမျိုးသမီးကို သရက်သီးလှူခဲ့တဲ့အတွက် သရက်ဥယျာဉ်ကြီးရတာပါတဲ့။ လာဘ်စားခဲ့တဲ့အတွက် နေ့မှာပြိတ္တာဖြစ်ရတာပါတဲ့။ ဥပုသ်တစ်ဝက် ဆောက်တည်ခဲ့တဲ့အတွက် ညဥ့်မှာနတ်စည်းစိမ်ခံစားရတာပါတဲ့။

(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု–ကိုးဆန္ဒဇာတ်)

အနဝဇ္ဇကမ္မ = အပြစ်ကင်းတဲ့အလုပ်ဆိုတာ လောကပြစ်၊ ဓမ္မပြစ်၊ ပစ္စုပ္ပန်ပြစ် သံသရာပြစ်ကင်းတဲ့အလုပ်တွေပါ။

အဲဒီမှာစိတ်ဝင်စားဖို့ကောင်းတာက အဋ္ဌကထာမှာ အနဝဇ္ဇကမ္မ = အပြစ်ကင်းတဲ့အလုပ်တွေကို ဖွင့်ပြတဲ့နေရာမှာ ဥပုသ်ဆောက်ခြင်း၊ ကိုယ့်ဝန်းကျင်မှာ ဝေယျာဝစ္စပြုလုပ်ပေးခြင်း၊ ရဟန်း၊ လူ၊ တိရစ္ဆာန်တို့ နားခိုဖို့ သစ်ပင်စိုက်ခြင်း၊ ဥယျာဉ်တည်ခြင်း၊ လမ်းပြင်ခြင်း၊ တံတားခင်းခြင်း၊ ရေတွင်းရေကန်များတူးခြင်း စတဲ့ အများစိတ်ချမ်းသာစေမယ့် ပရဟိတလုပ်ငန်းတွေ ဖြစ်တယ်လို့ ဖွင့်ပြထားပါတယ်။

အများစိတ်ချမ်းသာစေမယ့် ပရဟိတလုပ်ငန်းတွေဟာ တကယ် အပြစ်ကင်းတဲ့အလုပ်တွေ ဖြစ်တဲ့အတွက် လုပ်ဖြစ်အောင်လုပ်ဖို့လည်း တိုက်တွန်းထားပါတယ်။

ဒါကြောင့် ဒီအဋ္ဌကထာဖွင့်ကိုကြည့်ပြီး ဆရာကြီးဒဂုန်ဦးထွန်းမြင့်က 'သန့်စင်ပြစ်မျိုး လူထုအကျိုး သယ်ပိုးရွက်ဆောင်စေ'လို့ စပ်ဆိုထား

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

လူတိုင်း ခန္ဓာကိုယ်ကြီးကို ရထားကြတာဆိုတော့ ခန္ဓာကိုယ်ရဲ့ တောင်းဆိုချက်တွေဖြစ်တဲ့ စားဖို့၊ ဝတ်ဖို့၊ နေဖို့ဆိုတဲ့ ဖို့သုံးဖို့ကို မဖြစ်မနေ ရှာကြရမှာပါ။ အဲဒီလိုရှာဖွေကြတဲ့အခါ အပြစ်ကင်းတဲ့ရှာဖွေမှုမျိုးတွေ ဖြစ်နေဖို့ လိုပါတယ်။

အိမ်ထောင်ဦးစီးတော်တော်များများဟာ ကိုယ့်ခန္ဓာကိုယ်အတွက် အပြင် ကိုယ်နဲ့ဆက်စပ်နေတဲ့ မိသားစုခန္ဓာကိုယ်တွေအတွက်ပါ ရှာရ၊ လုပ်ရ တာဆိုတော့ ပိုလို့တောင်သတိထားဖို့ကောင်းပါတယ်။

ကိုယ်က အပြစ်မကင်းတဲ့အလုပ်တွေကို တစ်ယောက်ထဲ သိမ်းကြုံး လုပ်၊ သုံးဆောင်တော့ မိသားစုတစ်စုလုံး သုံးဆောင်၊ သံသရာမှာ အပြစ် ခံရတော့ ကိုယ်တစ်ယောက်ထဲဆိုရင် နေရာမကျပါဘူး။ မိသားစုအတွက် ကိုယ်ကသံသရာပြစ်ခံရုံသက်သက် လုပ်ကိုင်ရှာဖွေကျွေးမွေးနေရတဲ့သဘော သက်ရောက်နေတယ်ဆိုရင်တော့ ရရှိထားတဲ့လူ့ဘဝဟာ အဓိပ္ပါယ် မဲ့နေပါ လိမ့်မယ်။

အပြစ်တစ်ခုဟာ ပြုပါများလာရင် အပြစ်ကိုအပြစ်လို့ မမြင်တတ် တော့ပါဘူး။ လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုလိုပဲ မြင်သွားတတ်ပါတယ်။ အပြစ်ကိုအပြစ်လို့ မမြင်တတ်တော့ဘူးဆိုရင် ကိုယ်ယုံကြည်ထားတဲ့ ဘာသာ တရားအပေါ် သစ္စာဖောက်တာနဲ့ အတူတူပါပဲ။

ပြုခဲ့တဲ့ကံတွေက အလကားမနေပါဘူး၊ ပြုပြီးတာနဲ့ ကံဆိုတာ မြောက်သွားတာပါ။ ကံမြောက်သွားတာနဲ့ ကံရဲ့အကျိုးတွေက လာတော့ မှာပါ။

လူတစ်ယောက်ရဲ့ဘဝမှာ အရေးကြီးဆုံး တရားသုံးပါးရှိပါတယ်။ အဲဒီသုံးပါးက ကံရယ်၊ ကမ္မနိမိတ်ရယ်၊ ဂတိနိမိတ်ရယ်ပါ။

အဲဒီတရားသုံးပါးဟာ ဘယ်အချိန်မှာ ထင်ရှားဖြစ်သလဲဆိုရင် သေခါနီးမှာ ထင်ရှားဖြစ်ပြပါတယ်။

ကံ=ဆိုတာ ပြုခဲ့သမျှ ကောင်းမှု၊ မကောင်းမှုတွေပါ။

ကမ္မနိမိတ်=ဆိုတာက သေခါနီးမှာ ကိုယ်ပြုခဲ့တဲ့ကံတွေ ပြန်ထင် တာ၊ ပြန်မြင်ယောင်တာပါ။



ဥပမာ – ကျောင်းဆောက်လှူဒါန်းခဲ့တယ်ဆိုရင် ကျောင်းအဆောက်အဦ ပုံစံတွေ ပေါ်လာတာပါ။ နွားတွေဝက်တွေသတ်ခဲ့တယ်ဆိုရင်လည်း နွားတွေဝက်တွေ အရိုးတွေ ပေါ်လာတာပါ။

ဂတိနိမိတ် = ဆိုတာက သေခါနီးမှာ ကိုယ်နောက်ဘဝ လားရောက် ရမယ့် ဂတိအာရုံတွေ ထင်လာတာပါ။

ဥပမာ – နတ်ပြည်လားရောက်ရမယ်ဆိုရင် ဥယျာဉ်၊ ဗိမာန်၊ ပဒေသာပင်၊ နတ်သားနတ်သမီးတွေပါ။ ငရဲလားရောက်ရမယ်ဆိုရင် ခွေးနက်ကြီး၊ လင်းတ၊ ငရဲသား၊ ငရဲမီးလျှံတွေပါ။ တိရစ္ဆာန်ဖြစ်မယ်ဆိုရင် တောတောင် ချုံစသည်တွေပါ။ ပြိတ္တာဖြစ်မယ်ဆိုရင် အမိုက်မှောင်၊ သမုဒ္ဒရာ မြစ်ကမ်း စသည်တွေပါ။ လူ့ပြည်ပြန်ဖြစ်မယ်ဆိုရင် ကမ္ဗလာလို နီတဲ့အဆင်းရှိတဲ့ အမိဝမ်းရေးစသည်တွေပါ။

နိမိတ်ထင်တယ်ဆိုတာက ပြုခဲ့တဲ့ကံတွေကို မှီပြီးထင်တာ ဆိုတော့ အပြစ်ကင်းတဲ့ကံတွေပြုဖြစ်နေဖို့ အရေးကြီးပါတယ်။ အပြစ်မကင်းတဲ့ကံတွေ ပြုခဲ့ပြီး သေခါနီးကျမှ နောင်တရနေမယ်ဆိုရင်လည်း အချိန်က နှောင်းသွား ပါပြီ။

ဘဝတစ်ခုရဲ့နောက်ဆုံးအချိန်မှာ နိမိတ်ကောင်းကောင်းလေးတွေ ထင်ဖို့ပဲ အရေးကြီးပါတယ်။ နိမိတ်ကောင်းကောင်းလေးတွေ ထင်ဖို့ အတွက် ကတော့ .....။

အလင်းတန်းဂျာနယ်
၂၉.၁၂.၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com





# မျက်နှာအတွေးများ

## ၁၈

**အာရုဏ်ပါပါ တော်မင်္ဂလာမှတ္တမ်း။**
**မကောင်းမှုများကို စိတ်ဖြင့်ရှောင်ကြဉ်ခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**မကောင်းမှုတွေဟူသမျှကို၊**
**မတွေ့ခင်ကရှောင်ကြဉ်လေ။**

တစ်ခါတုန်းက သူဌေးသားတစ်ယောက်ဟာ လမ်းတစ်နေရာမှာ ရပ်နေပါတယ်။ အဲဒီအချိန်မှာပဲ သူဌေးသားရဲ့ရှေ့မှာ အလွန်လှတဲ့ လင်မယားနှစ်ယောက် လျှောက်လာပါတယ်။

သူဌေးသားဟာ လင်မယားနှစ်ယောက်ကို ကြည့်ရင်းကြည့်ရင်းနဲ့ ဘာဖြစ်လာသလဲဆိုတော့ မျက်လုံးထဲမှာ ယောကျ်ားလုပ်သူကို မမြင်တော့ဘဲ မိန်းမလုပ်သူကိုပဲ မြင်တော့ပါသတဲ့။

ဒီတော့သူဌေးသားရဲ့စိတ်ထဲမှာ ဘာတွေဖြစ်လာသလဲဆိုတော့ ကိုယ့်ရှေ့မှာ လျှောက်လာနေတဲ့ အမျိုးသမီးအပေါ်မှာ ပြစ်မှားလိုတဲ့စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာပါသတဲ့။

သူဌေးသားဟာ အမျိုးသမီးကို မျက်တောင်မခတ်ဘဲကို ကြည့်နေမိရင်း အဘိဓမ္မာသဘောတရားတစ်ခုဖြစ်တဲ့ ရူပါရုံနဲ့စက္ခုပသာဒ ပေါင်းဆုံမိခြင်းကြောင့် ရာဂဆိုတဲ့သားတွေ တစ်ယောက်ပြီးတစ်ယောက် မွေးဖွားနေပါတော့တယ်။

သူဌေးသားကသာ အမျိုးသမီးကြည့်ပြီး ရာဂဆိုတဲ့သားတွေ တစ်ယောက်ပြီးတစ်ယောက် မွေးဖွားနေတာ၊ အမျိုးသမီးဖြစ်သူကတော့ သူဌေးသားကို သတိမထားမိပါဘူး။ သူ့ခင်ပွန်းနဲ့သူ ရယ်လို့မောလို့ စကားတပြောပြောနဲ့ပါ။

သူဌေးသား ဖောက်ပြန်ပြစ်မှားတဲ့စိတ်တွေ ဖြစ်နေဆဲမှာပဲ စုံတွဲ လင်မယားနှစ်ယောက်က သူဌေးသားရဲ့ရှေ့က ဖြတ်ကျော်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးသားက လင်မယားနှစ်ယောက် သူ့ရှေ့ကဖြတ်ကျော်သွားမှပဲ သူမကောင်းတဲ့စိတ်တွေ ဖြစ်နေပါလားဆိုတာ သိလိုက်ရပါတယ်။

သတိပြန်ဝင်လာတာနဲ့အတူ 'ငါ့သန္တာန်မှာဖြစ်နေတဲ့ ရာဂဟာ အပါယ်ကျကြောင်းပဲ'ဆိုပြီး တော်တော်လေး တုန်လှုပ်သွားပါတယ်။

သူဌေးသားဟာ မတ်တပ်ရပ်လျက်ပဲ ဖြစ်နေတဲ့ရာဂစိတ်ကလေး ကို သတိထားကြည့်လိုက်ပါတယ်။

"ရာဂလေးကဘယ်လိုလေးလဲ၊ ဘယ်လိုလေးဖြစ်နေတာလဲ" စသည်ဖြင့် သဘောလေးအထိ မိအောင် ရှုစိုက်ပြီးကြည့်ပါတယ်။ စိတ်ကို စိတ်နဲ့ ပြန်ကြည့်တာပါ။ ပြီးတော့ "ရာဂဖြစ်တယ်၊ ရာဂဖြစ်တယ်"ဆိုပြီး ဝိပဿနာရှုမှတ်ပစ်လိုက်တာ ဉာဏ်စဉ်တွေ အဆင့်ဆင့်ဝင်လာပြီး နေရာမှာတင် ပစ္စေကဗုဒ္ဓါ ဖြစ်သွားပါတော့တယ်။

(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ပါနီယဇာတ်)

ကိုယ့်ကိုယ်ကို သတိပေးတဲ့အနေနဲ့ ဆရာတော်ဦးဇောတိက၊ အရှင်ဆန္ဒာဓိကတို့ရဲ့စာအုပ်တွေ ပြန်ဖတ်ဖြစ်တိုင်း ဝင်လာနေကျ အတွေးလေး တစ်ခု ရှိပါတယ်။ အဲဒီအတွေးလေးကတော့ 'ငါ့စိတ်ထားတွေ မြင့်မြတ်နေအောင် ဘယ်လိုနေထိုင်မလဲ'ဆိုတဲ့ အတွေးလေးပါ။ အဲဒီအတွေးလေးနဲ့ မရေးမနှောင်းမှာဘဲ အတွေးစည်းမျဉ်းတချို့လည်း ဆင့်ကဲဆင့်ကဲ ပေါ်လာတတ်ပါတယ်။

အတွေးစည်းမျဉ်းတချို့ကတော့ 'ငါအရာရာကို ကိုယ်ချင်းစာ စိတ်နဲ့ ပြုမူနေထိုင်မယ်။ တစ်ဖက်သား စိတ်ဆင်းရဲစေမယ့် အတွေးမျိုး အပြောမျိုး မတွေးဘူး၊ မပြောဘူး'ဆိုတဲ့ စည်းမျဉ်းလေးပါ။

အဲဒီအတွေးစည်းမျဉ်းလေးတွေဖြစ်နေတုန်း နှစ်ရက် သုံးရက် အတွင်း သတိကပ်နေဖြစ်တာဆိုတော့ ကိုယ့်ကိုယ်ကိုကြည်ညိုမှုလေးတွေနဲ့ စိတ်ငြိမ်းချမ်းမှုလေးတွေကို မသိမသာလေးရနေခဲ့ပါတယ်။ နှစ်ရက်သုံးရက် လွန်တဲ့အခါမှာတော့ အတွေးစည်းမျဉ်းတွေက ဘယ်လိုကနေဘယ်လို ပျက်ပြယ်သွားတယ်ဆိုတာ ကိုယ်တိုင်တောင် သတိမထားဖြစ်လိုက်ပါဘူး။

စည်းမျဉ်းတွေပျက်ပြယ်တဲ့အချိန်မှာ အာရုံတစ်ခုကို အမှီပြုပြီး ထုံးစံအတိုင်း ခပ်ညံ့ညံ့စိတ်ထားလေးတွေ ဝင်လာတော့တာပါပဲ။



အဲဒီခပ်ညံ့ညံ့စိတ်ထားလေးတွေကို တွေးမိရင်း 'ငါဒီဘဝ စိတ်ထား မြင့်မြတ်သူ မဖြစ်နိုင်တော့ဘူးလား'ဆိုပြီး စိတ်ဆင်းရဲရပြန်ပါရော။ နောက်ဆုံးတော့ 'ကိုယ့်စိတ်ထားညံ့နေတာလေးကို သိနေတာလေးရယ် စိတ်ထားမြင့်မြတ်ချင်တဲ့ စိတ်ကလေး ရှိနေတာလေးရယ်ကကို စိတ်ထား မြင့်မြတ်ဖို့ ဖြစ်နိုင်စရာ အခွင့်အရေးတစ်ခုပဲလေ'ဆိုပြီး ကိုယ့်ကိုယ်ကို ဖြေသိမ့်လိုက်ရပါတယ်။

အာရတီပါပါ = မကောင်းမှုတွေကို စိတ်နဲ့ ရှောင်ပါတဲ့။ ဘယ်လို ရှောင်မလဲ..?

စိတ္တာနုပဿနာသတိပဋ္ဌာန်ပွားများပြီးရှောင်တာကို မြတ်စွာ ဘုရားက အနှစ်သက်ဆုံး၊ သဘောအကျဆုံးပါပဲ။

ဒါကြောင့် ဝိပဿနာအခြေခံသဘောလေးကို နည်းနည်းလောက် ရေးပြပါရစေ။

ဝိပဿနာရှုမှတ်တဲ့ယောဂီဟာ အခြေခံနှစ်ချက်ကို သတိထားရ ပါမယ်။ အဲဒီနှစ်ချက်က (၁) ပစ္စုပ္ပန်တည့်တည့်ဖြစ်ရမယ်။ (၂) ကိုယ့်ရဲ့ အရှုခံအာရုံဟာ ထင်ရှားရှိရမယ်ဆိုတဲ့ အချက်နှစ်ချက်ပါ။ ဥပမာ – ရေချိုး နေတုန်းမှာ ဝင်တယ် ထွက်တယ်၊ ဒါမှမဟုတ် ဖောင်းတယ်၊ ပိန်တယ်လို့ ရှုမှတ်လို့မရပါဘူး။ ရေချိုးနေတာထင်ရှားနေတဲ့အတွက် ရေချိုးနေတဲ့ ကိုယ်အမူအရာကိုပဲ မှတ်ရမှာပါ။ အထူးသဖြင့်တော့ ကိုယ့်ရဲ့အရှုခံအာရုံ ဟာ ထင်ရှားရှိနေဖို့ပါ။

စိတ်အမူအရာ ဖြစ်တိုင်းဖြစ်တိုင်း လိုက်လိုက်မှတ်နေတာ၊ လိုက်လိုက် သိနေတာကို စိတ္တာနုပဿနာ သတိပဋ္ဌာန်လို့ခေါ်ပါတယ်။ ရှင်းအောင် ပြောရရင်တော့ ရှေ့စိတ်ဖြစ်နေတာလေးကို နောက်စိတ်ကလေးက လိုက်လိုက် သိနေတာပါ။ ဒါကို ယောဆရာတော်ဘုရားရဲ့ "ရှေ့စိတ်ဖြစ်ဘိ၊ နောက်စိတ်သိ၊ သိတိုင်းအပူစင်"ဆိုတဲ့ လင်္ကာလေးနဲ့ ကပ်မှတ်ထားလိုက်စေချင်ပါတယ်။

ဆိုပါစို့။

ကိုယ်က လူတစ်ယောက်ကို အကြောင်းကိစ္စတစ်ခုနဲ့ ဒေါသ ဖြစ်လိုက်ပြီ။ ဒါဆို လုပ်နေတဲ့အလုပ်ကို ချက်ချင်းရပ်ပစ်လိုက်ပြီး ဖြစ်နေ တဲ့ ဒေါသလေးကို သတိထားစိုက်ကြည့်လိုက်ပါ။ ဒေါသလေးက ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



လေးလဲ၊ ဘယ်လိုလေးဖြစ်နေတာလဲ စသဖြင့် ဒေါသရဲ့သဘောလေးအထိ မိအောင် သတိထားကြည့်ပါ။ ဒါဆို နှလုံးက ပုံမှန်ထက်ခုန်နေတာ၊ ခန္ဓာကိုယ်က တင်းကျပ်နေတာ၊ (တချို့ဆို အသားတွေတောင် တဆတ်ဆတ်တုန်နေတတ်ပါတယ်) ပင်ပန်းနေတာ၊ ပူလောင်နေတာစသည်တွေကို တွေ့ရပါလိမ့်မယ်။

အဲဒီဒေါသရဲ့သဘောလေးတွေကို သိနိုင်သမျှသိအောင် သတိ ကပ်ပြီး 'ဒေါသဖြစ်တယ်၊ ဒေါသဖြစ်တယ်'လို့ အချက်သုံးဆယ် လေးဆယ် လောက် မှတ်ပစ်နေလိုက်ပါ။ တကယ်တော့ ဝိပဿနာမှာ စကားလုံးဆိုတာ မလိုပါဘူး။ ဒါပေမယ့် ဝိပဿနာ အားမထုတ်ဖူးသေးတဲ့ သူတစ်ယောက် အနေနဲ့တော့ စကားလုံးကို အကူအညီယူပြီး မှတ်တာ ပိုအဆင်ပြေတတ်ပါတယ်၊ ဝိပဿနာကို တော်တော်လေး အားထုတ်ထားဖူးတဲ့သူကတော့ စကားလုံး မလိုပါဘူး။ ဖြစ်နေတဲ့ ဒေါသလေးကို သိနေဖို့ပါပဲ။

အတိတ်အတိတ်ဘဝက ဝိပဿနာအထုံပါရမီပါခဲ့သူ၊ ဒါမှမဟုတ် လက်ရှိပစ္စုပ္ပန်ဘဝမှာ ဝိပဿနာတရားကို တော်တော်လေး အားထုတ်ထားဖူးတဲ့သူဆိုရင် စူးစိုက်ပြီးရှုမှတ်နေစဉ်မှာပဲ ဖြစ်နေတဲ့ဒေါသလေးလည်း ကုန်ပျက်ကုန်ပျက်သွားတာ၊ မှတ်သိနေတဲ့ မှတ်သိစိတ်ကလေးလည်း ကုန်ပျက်ကုန်ပျက်သွားတာကို တွေ့လိုက်ရပါလိမ့်မယ်။ အဲဒီလို ကုန်ပျက်နေတဲ့ သဘောလေးကို သိခွင့်ရလိုက်မယ်၊ သိခွင့်ရလိုက်ပြီဆိုရင်တော့ "သြော်...ငါ့နှယ်ဖြစ်မှဖြစ်ရလေ"ဆိုပြီး ကိုယ့်ကိုယ်ကို ရှက်ပြုံးလေးတောင် ပြုံးမိလိုက်ပါဦးမယ်။

အကုသိုလ်စိတ်ဖြစ်၊ ဖြစ်တာနဲ့သိ၊ သိတာနဲ့မှတ်ပြီး ပယ်ပစ်တဲ့ အကျင့်လေးကို စွဲနေအောင် ရှေ့ဘဝအထိ အထုံဝါသနာပါသွားအောင် အထူးလေ့ကျင့်ထားသင့်ပါတယ်။ အကျင့်ဆိုတာ ကျင့်ပါများရင် စွဲသွား တာပါ။

အဓိကကတော့ စဖြစ်ဖို့ပါ၊ စဖြစ်ရင် စွဲသွားတာပါပဲ။

မကောင်းတဲ့စိတ်ဖြစ်တာက အကုသိုလ်ပါ၊ မကောင်းတဲ့စိတ်ဖြစ်တာကို သိလိုက်တာက ကုသိုလ်ပါ။ သာမန်ကုသိုလ်တောင် မဟုတ်ပါဘူး၊ ဘာဝနာကုသိုလ်ပါ။ ဖြစ်တုန်းကတော့ အကုသိုလ်ပါပဲ၊ မှတ်လိုက်တော့ ကုသိုလ်ဖြစ်သွားပါတယ်။ အကုသိုလ်ဖြစ်တာတောင် ကျေးဇူးတင်ဖို့



ကောင်းပါတယ်။ ပုထုဇဉ်ပီပီ အကုသိုလ်စိတ် မကောင်းတဲ့စိတ်တွေ ကတော့ ဖြစ်နေမှာပါပဲ၊ စိတ်မပျက်ပါနဲ့။ စိတ်ပျက်ရမယ့်အရာလည်း မဟုတ်ပါဘူး။ ဖြစ်တာနဲ့သိ၊ သိတာနဲ့မှတ်ပစ်နိုင်ဖို့ပဲအရေးကြီးပါတယ်။ အကုသိုလ်စိတ်တစ်ခုကို ရှုမှတ်ပြီး ပယ်ပစ်လိုက်နိုင်တယ်ဆိုရင်ပဲ ကိုယ့်ကိုယ်ကို ကြည်ညိုမှုပီတိတွေဖြစ်လာမှာပါ။ အဲဒီကြည်ညိုမှုပီတိတွေ ဖြစ်လာရင် ဘာနဲ့မှ နှိုင်းယှဉ်လို့မရအောင် ပျော်ရွှင်သွားတယ်ဆိုတာ ရှုမှတ်ဖူးသူတွေ ပိုသိပါတယ်။

ဒီလိုပါပဲ၊ ကိုယ့်စိတ်ညှို့ကလေးကို ပြုပြင်ယူယူသွားရတာပါပဲ။ ကိုယ်က ပြုပြင်ချင်တဲ့စိတ်ရယ်၊ မြင့်မြတ်ချင်တဲ့စိတ်ရယ် ရှိဖို့ပဲ အရေးကြီးပါတယ်။ ပြုပြင်ရင်းပြုပြင်ရင်းနဲ့ပဲ စိတ်ထားတွေမြင့်မြတ်သွားရတာပါ။ ထိုက်သင့်သလောက် စိတ်ထားမြင့်မြတ်သူဖြစ်လာပြီဆိုရင် ကိုယ်တစ်ချိန်က ဖြစ်ခဲ့တဲ့အကုသိုလ်တွေ၊ မကောင်းတဲ့စိတ်တွေ ပြန်တွေးမိရင် ရယ်ချင်စရာတွေတောင် ဖြစ်နေပါဦးမယ်။

ကဲ...စာဖတ်သူ၊ မကောင်းတဲ့စိတ်ဖြစ်တာနဲ့သိ၊ သိတာနဲ့ မှတ်ပစ်ကြည့်ပါလား၊ အကုသိုလ်ကနေ အမြတ်ဆုံး ဝိပဿနာကုသိုလ် ဖြစ်သွားအောင်လေ။

အလင်းတန်းဂျာနယ်
၅.၁.၂၀၀၄

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





# မင်္ဂလာရှာဖွေးများ
၁၉

ဝိရတီပါပါ စေတ်မင်္ဂလမုတ္တမ်။
မကောင်းမှုများကို ကိုယ်နှုတ်ဖြင့်ရှောင်
ကြဉ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊
အထူးသဖြင့်စောင့်စည်းနေ။

တစ်ခါတုန်းက သီဟိုဠ်ကျွန်းမှာ စက္ကနဆိုတဲ့ ဆယ်ကျော်သက် ကောင်လေးတစ်ယောက် ရှိပါတယ်။ တစ်နေ့တော့ စက္ကနရဲ့အမေမှာ ရောဂါ တစ်ခု ဝင်လာပါတယ်။ ဒီတော့ စက္ကနက အမေ့ရောဂါကို ကုဖို့ ဆေးဆရာ သွားပင့်ပါတယ်။ ဆေးဆရာကလည်း စက္ကနနဲ့အတူ တစ်ခါတည်း အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



တန်းလိုက်ခဲ့ပါတယ်။

အိမ်ရောက်တော့ ဆေးဆရာက စက္ကုနအမေရဲ့ရောဂါရာဇဝင်ကို မေး၊ ရောဂါကိုစစ်ဆေးပြီး ဘာပြောလိုက်သလဲဆိုတော့ "ခါတ်စာဆေးအတွက် လတ်လတ်ဆတ်ဆတ် ယုန်သားလိုချင်တယ်"လို့ ပြောလိုက်ပါတယ်။

ဆေးဆရာပြောလိုက်တဲ့အချိန်မှာ စက္ကုနအပြင် စက္ကုနရဲ့အစ်ကိုတစ်ယောက်ကလည်း ရောဂါသည်အမေအနားမှာ ရှိနေပါတယ်။

ဆေးဆရာရဲ့စကားကြားတာနဲ့ အစ်ကိုလုပ်သူက "ညီလေး ... အမေ့အတွက် တောထဲကို ယုန်သွားရှာချေပါ၊ ငါက ဒီမှာ အမေ့ကိုကြည့်ထားလိုက်မယ်"လို့ ခိုင်းလိုက်ပါတယ်။ စက္ကုနလည်း အမေ့အတွက်ဆိုတဲ့ အသိနဲ့ တောထဲကို ထွက်ခဲ့ပါတယ်။

ကံကောင်းချင်တော့ တောထဲရောက်တာနဲ့ စပါးနုလေးတွေ စားနေတဲ့ယုန်တစ်ကောင်ကို တန်းတွေ့ပါတယ်။ ထပ်ပြီးကံကောင်းချင် တော့ ယုန်က စက္ကုနကိုမြင်တာနဲ့ လန့်ဖြန့်ပြီးပြေးလိုက်တာ ခြုံတစ်ခြုံရဲ့နွယ်နဲ့ ငြိနေပါတော့တယ်။ စက္ကုနက အလွယ်တကူပဲ ယုန်ကို ဖမ်းယူလိုက်ပါတယ်။

စက္ကုနလက်ထဲရောက်နေတဲ့ ယုန်ကလေးက ထိတ်ထိတ်လန့်လန့် နဲ့ 'ကိရိ ကိရိ'လို့ အော်နေပါတယ်။ (ပါဠိစာထဲမှာ ကိရိ ကိရိလို့ပဲ ပြထားပါတယ်။ အဲဒီ ကိရိ ကိရိ ပါဠိကို ဘယ်လိုမြန်မာပြန်ရမှန်းလည်း မသိပါဘူး။ ပကတိယုန်အော်သံလည်း တစ်ခါမှမကြားဖူးတော့ ပါဠိရှိတဲ့ အတိုင်းပဲရေးပြလိုက်ပါတယ်၊ ဆရာတော်ဘုရားတချို့ကတော့ 'ကျိရိ ကျိရိ' လို့ ပြန်ပြပါတယ်။)

ပထမတော့ စက္ကုနက "ငါ့အမေရောဂါအတွက်ဆေးရပြီ"ဆိုပြီး ပျော်သွားပါတယ်။ အပျော်စိတ်တွေဖြစ်ပြီး မရှေးမနှောင်းမှာ ကြောက်ကြောက်လန့်လန့်နဲ့ အော်နေတဲ့ လက်ထဲက ယုန်ကလေးကိုကြည့်ပြီး အတွေးတစ်ခု ဝင်လာပါတယ်။

"ငါ့အမေအသက်ရှင်ဖို့အတွက် တစ်စုံတစ်ယောက်ကိုသတ်ရမယ်၊ တစ်စုံတစ်ယောက်က သေပေးရမယ်ဆိုတာ အဓိပ္ပါယ်မရှိသေးပါဘူး။ ပြီးတော့ ဒီအပြုအမူဟာ ပြုသင့်တဲ့အပြုအမူလည်းမဟုတ်ပါဘူး"



စက္ကုနက အဲဒီလိုတွေးပြီး "ယုန်ကလေးရေ .. တောထဲမှာ မင်းရဲ့အဖော်တွေနဲ့ မြက်နုကလေးတွေစားပြီး ချမ်းချမ်းသာသာနေပါတော့" လို့ ပြောပြီး လွှတ်ပေးလိုက်ပါတယ်။

ဒီလိုနဲ့ စက္ကုနအိမ်ပြန်ခဲ့ပါတယ်။ အိမ်ရောက်တော့ အစ်ကိုဖြစ်သူက "ယုန်ရခဲ့လား"လို့ ဆီးမေးပါတယ်။ စက္ကုနကလည်း ဖြစ်စဉ်ကို ပြောပြပါတယ်။ ဒီတော့အစ်ကိုဖြစ်သူက "ဘာကြောင့်တာလဲ"ဆိုပြီး ထဆဲပါ သတဲ့။

စက္ကုနက အစ်ကိုဖြစ်သူကို ဘာမှခွန်းတုံ့ပြန်မနေတော့ဘဲ ရောဂါသည်အမေအနားကို သွားပြီး "ငါသည် လူမှန်းသိတတ်စကတည်းက သူတစ်ပါးအသက်ကို မသတ်ခဲ့ပါ။ ဤသစ္စာစကား မှန်ကန်ပါက အမေ့ရောဂါပျောက်ကင်းပါစေ"လို့ သစ္စာဆိုလိုက်ပါတယ်။ သစ္စာဆိုပြီး မကြာခင်မှာဘဲ စက္ကုနအမေရဲ့ရောဂါဟာ တစ်ခါတည်း ပျောက်သွားပါတော့တယ်။

(အဋ္ဌသာလိနီအဋ္ဌကထာ၊ စာမျက်နှာ ၁၄၆)

ဝိရတီပါပါ=မကောင်းမှုတွေကို ကိုယ်နှုတ်နဲ့ရှောင်ကြဉ်ပါတဲ့။

ဒီနေရာမှာ မေးခွန်းတစ်ခု ဝင်လာနိုင်ပါတယ်။ အာရတီ မင်္ဂလာကလည်း မကောင်းမှုကို ရှောင်ကြဉ်ခိုင်းတယ်။ ဝိရတီမင်္ဂလာကလည်း မကောင်းမှုကို ရှောင်ကြဉ်ခိုင်းတယ်။ ဒီမင်္ဂလာနှစ်ပါး ဘာထူးသလဲမေးရင် အာရတီက မကောင်းမှုကို စိတ်နဲ့ရှောင်တာပါ။ ဝိရတီက မကောင်းမှုကို ကိုယ်နှုတ်နဲ့ ရှောင်တာပါ။

ရှင်းအောင်ပြောရရင်တော့ အာရတီမင်္ဂလာက မကောင်းတာ တွေးနေတဲ့ အတွေးစိတ်ကို ရှောင်ကြဉ်တာပါ။ ဝိရတီမင်္ဂလာက ကာယကံမြောက် ဝစီကံမြောက် လွန်ကျူးဖို့ ကြုံလာတဲ့အာရုံကို မလွန်ကျူးမိအောင် ကိုယ်နဲ့ နှုတ်ကို အထူးစောင့်စည်းလိုက်တာပါ။

ရှေ့မှာပြခဲ့တဲ့ သာဓကဝတ္ထုလေးနှစ်ပုဒ်ကို အာရုံပြုကြည့် လိုက်ပါ။ သူဌေးသားက သူ့စိတ်ထဲမှာ ဖြစ်နေတဲ့ရာဂစိတ်ကို စိတ္တာ နုပဿနာပွားပြီး ရှောင်ကြဉ်ပါတယ်။ စက္ကုနက ကိုယ့်လက်ထဲမှာ ကာယကံမြောက် လွန်ကျူးခွင့်ရှိတဲ့အာရုံကို ကိုယ်နှုတ်ကို အထူးစောင့်စည်းပြီး ရှောင်ကြဉ်လိုက်ပါတယ်။

လိုရင်းကတော့ အာရတီက အတွေးကို ရှောင်ကြဉ်တာပါ။ ဝိရတီက အတွေ့ကို ရှောင်ကြဉ်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဝိရတီမင်္ဂလာအရ အတွေ့အာရုံကို ဘယ်လိုရှောင်မလဲ။

မိမိရဲ့အမျိုး၊ မိမိရဲ့အရွယ်၊ မိမိရဲ့ပညာ၊ မိမိရဲ့ရာထူးတစ်ခုခု၊ ဒါမှမဟုတ် လေးခုလုံးကို ဆင်ခြင်ပြီး ပယ်ရမယ်လို့ဆိုပါတယ်။

ဥပမာ–မကောင်းမှုပြုဖို့ အာရုံတစ်ခုခုနဲ့ ရင်ဆိုင်တွေ့ပြီဆိုပါတော့။

"ငါ့ရဲ့ဘိုးဘွားမိဘအမျိုးတွေဟာ ဒီလိုမကောင်းမှုကိုမပြုကြဘူး၊ ပြီးတော့ ငါ့အရွယ်၊ ငါ့ပညာ၊ ငါ့ရာထူးမျိုးနဲ့ ဒါမျိုးမပြုသင့်ပါဘူးလေ" အဲဒီလို ဆင်ခြင်လိုက်ပါတဲ့။

ဘယ်သူပဲဖြစ်ဖြစ် မကောင်းမှုကို မပြုချင်ကြပါဘူး။ ပြုချင်တဲ့ဆန္ဒလည်း မရှိကြပါဘူး၊ ဒါပေမယ့် အာရုံနဲ့အတွေ့မှာ သတိလွတ်သွားပြီး အာရုံက ကိုယ့်ရဲ့စိတ်ကို အနိုင်ယူလိုက်နိုင်လို့ လွန်ကျူးဖြစ်သွားကြတာပါ။

ဒီလိုကိစ္စမျိုးက သာမန်ပုထုဇဉ်လူသားတွေမဆိုထားနဲ့ အကျင့်စရဏကို ပြင်းပြင်းထန်ထန် ကျင့်ကြံနေကြတဲ့ တချို့ရသေ့ရဟန်းတွေ တောင် အတွေ့အာရုံနဲ့တွေ့ရင် မလွန်ဆန်နိုင်ကြပါဘူး။ သီလပျက်သွား တာတွေ၊ ဈာန်လျှောသွားတာတွေ အများကြီးပါ။ ဒါကြောင့် ဆရာတော် တွေက 'အတွေးအာရုံကို ရှောင်ဖို့လွယ်ပေမယ့် အတွေ့အာရုံကိုတော့ ရှောင်ဖို့ခက်တယ်'လို့ ဩဝါဒပေးခဲ့ပါတယ်။

တကယ်တော့ မကောင်းမှုကို လွန်ကျူးလိုက်တဲ့အချိန်ကာလလေးက ဘာမှမကြာလိုက်ပါဘူး၊ မိနစ်ပိုင်း၊ စက္ကန့်ပိုင်း၊ နာရီပိုင်းအတွင်း ခဏလေးပဲဖြစ်မှာပါ။ ပြုပြီး ကမ္မသတ္တိအဖြစ် ကျန်ခဲ့တာကြီးက ပြန်တွေးလိုက်ရင် တော်တော်ဝမ်းနည်းစရာကြီးပါ။ အာရုံနဲ့တွေ့လို့ မရှောင်နိုင်လို့ လွန်ကျူးလိုက်၊ ကမ္မသတ္တိတစ်ခုက ကျန်ခဲ့လိုက်။ လွန်ကျူးလိုက်၊ ကမ္မသတ္တိတစ်ခုက ကျန်ခဲ့လိုက်ဆိုရင် ကြာလာရင် ကမ္မသတ္တိတွေ များလာတော့မှာပါ။ ကမ္မသတ္တိတွေများလာရင် ကမ္မသတ္တိအားလျော်စွာ အကျိုးတွေက လာတော့မှာပါ။

ဝိရတီမင်္ဂလာရဲ့သဘောကလည်း အာရုံနဲ့ရင်ဆိုင်အတွေ့ကို ရှောင်လိုက်နိုင်မှ ဝိရတီမင်္ဂလာဖြစ်ပါတယ်။ တစ်နေ့လုံးဘာအာရုံနဲ့မှ မတွေ့လို့ ဘာမှမလွန်ကျူးဖြစ်တာကို ဝိရတီမင်္ဂလာလို့ မဆိုပါဘူး။

မကောင်းမှုတစ်ခုကို ရှောင်လိုက်နိုင်တာနဲ့ ကိုယ့်သန္တာန်မှာ



သတ္တိတစ်ခုဝင်လာတာပါ။ ကောင်းတဲ့သတ္တိတွေ များလာရင် စိတ်ဓါတ်စွမ်းရည်တွေလည်း အလိုလိုမြင့်လာမှာပါ။ မကောင်းမှုတစ်ခုခုကို ရှောင်လိုက်နိုင်တယ်ဆိုတာ ကိုယ်တစ်ယောက်တည်းအကျိုးရှိတာမဟုတ်ပါဘူး၊ လူ့ဝန်းကျင်၊ လူ့အဖွဲ့အစည်းအတွက်ပါ အကျိုးရှိသွားတာပါ။ ဝိရတီ မင်္ဂလာကို ဖြည့်ကျင့်လိုက်တာဟာ လူ့ဝန်းကျင်၊ လူ့အဖွဲ့အစည်းကို တစ်ဖက်တစ်လမ်းက ကျေးဇူးပြုလိုက်တာပါ။ တော်တော်များများဟာ လွန်ကျူးမယ်လို့ ကြိုတင်ကြံစည်မထားကြပါဘူး။ အာရုံနဲ့အတွေ့မှာ သတိလွတ်သွားလို့ ဖြစ်သွားကြရတာပါ။ လူငယ်တွေပြောတဲ့အတိုင်းပြောရရင် ရင်ဆိုင်အတွေ့မှာ ဖင်ထိုင်မေ့သွားတာပါ။

အဓိကကတော့ အာရုံနဲ့အတွေ့မှာ သတိလေးဝင်လိုက်ဖို့ပါ။ သာမန်သတိမဟုတ်ဘဲ ဆင်ခြင်မှုပါတဲ့သတိလေး ဝင်လိုက်ဖို့ပါ။

ဆိုပါစို့။

မကောင်းတဲ့စကား၊ မကောင်းတဲ့အပြုအမူတစ်ခုခုကို ပြောတော့မယ် ပြုတော့မယ်ဆိုရင် ကိုယ့်အမျိုး၊ ကိုယ့်အရွယ်၊ ကိုယ့်ပညာ၊ ကိုယ့်ရာထူးလေးကို အာရုံပြုပစ်လိုက်ပါ။ အာရုံပြုလိုက်တာနဲ့ မကောင်းတာပြောချင်တဲ့စိတ်၊ မကောင်းတာပြုချင်တဲ့စိတ်ဟာ အလိုလိုတန့်သွားပါလိမ့်မယ်။ အာရုံပြုလိုက် အလိုလိုတန့်သွားလိုက်၊ အာရုံပြုလိုက် အလိုလိုတန့်သွားလိုက်နဲ့ တန့်ပါများလာရင် မကောင်းတာ ပြောချင်ပြုချင်တဲ့စိတ်လည်း လျော့လျော့သွားတော့မှာပါ။

အာရုံတွေမျိုးစုံကြားမှာ ဆင်ခြင်စရာကျင့်စဉ်လေးတစ်ခုတော့ သိထားသင့်တာပါပဲလေ။

အလင်းတန်းဂျာနယ်
၁၉.၁.၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com





# မင်္ဂလာ ဝတ္ထုများ
## ၂၀

**မဇ္ဇပါနာစသံယမော၊ တော်မင်္ဂလမုတ္တမံ။**
**သေရည်အရက်သောက်ခြင်းမှစောင့်စည်းခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**အရက်သေစာမသောက်စားနဲ့၊**
**မှောက်မှားတတ်တဲ့အရာပေ။**

တစ်ခါတုန်းက သုရာဆိုတဲ့မုဆိုးတစ်ယောက် ရှိပါတယ်။ တစ်နေ့တော့ သူ့ထုံးစံအတိုင်း သားကောင်ရှာဖို့ ဟိမဝန္တာတောကို ထွက်ခဲ့ပါတယ်။ ဒီလိုနဲ့ထွက်လာခဲ့ရင်း သစ်ပင်ကြီးတစ်ပင်အောက်ရောက်တော့ ခေတ္တနားပါတယ်။

အဲဒီသစ်ပင်ကြီးက အလယ်မှာ ခက်မသုံးခုဖြာထွက်ပြီး ခက်မသုံးခုရဲ့ အလယ်မှာ အိုးကြီးတစ်လုံးစာလောက် သစ်ခေါင်းကြီးလည်း ဖြစ်နေပါ





www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီသစ်ခေါင်းကြီးမှာ သဘာဝရာဇဝင်တစ်ခုက အလိုလို ဖြစ်နေခဲ့ပါတယ်။

ဖြစ်ပုံကဒီလိုပါ။

မိုးတွင်းကျရင် သစ်ခေါင်းထဲမှာ မိုးရေတွေပြည့်နေတတ်ပါတယ်။ သစ်ခေါင်းရှိတဲ့သစ်ပင်ကြီးဘေးမှာ သဖန်းခါးပင်၊ သျှိသျှားပင် စတဲ့အပင်တွေကလည်း သစ်ပင်ကြီးကို နွယ်တက်နေပါတယ်။ ဒီတော့ သူတို့ရဲ့အသီးတွေဟာ သစ်ခေါင်းကြီးထဲကို အလိုအလျောက် ကြွေကျပြီးသား ဖြစ်နေပါတယ်။ နောက် သစ်ပင်ကြီးရဲ့ဝန်းကျင်မှာ သလေးစပါးပင်တွေလည်း ရှိနေတာဆိုတော့ ငှက်တွေက သလေးစပါးတွေချီလာပြီး သစ်ကိုင်းတွေမှာနားရင်း သလေးစပါးတွေ သစ်ခေါင်းကြီးထဲ ပြုတ်ကျကုန်ပြန်ပါတယ်။ ဒီလိုနဲ့ နွေရောက်လာတဲ့အခါကျတော့ နေနဲ့ချက်သလို ဖြစ်ပြီး အရောင်ကလည်း အနီရောင်ဖြစ်ကုန်တော့တာပါပဲ။

ငှက်တွေက အဲဒီသစ်ခေါင်းထဲက သဘာဝစိမ်ရည်တွေသောက်ပြီး သစ်ပင်ရင်းပြုတ်ကျ၊ အတန်ငယ် အိပ်ပျော်ပြီးမှ မြူးမြူးထူးထူးနဲ့ ထပျံတတ်ကြပါတယ်။ ဒီသစ်ပင်နဲ့ ဒီငှက်တွေနဲ့ ဒီဖြစ်စဉ်တွေက ဒီနေရာမှာ အစဉ်သဖြင့် ဖြစ်နေကြတာပါ။

သုရာဆိုတဲ့မုဆိုး ရောက်လာတော့လည်း ဒီဖြစ်စဉ်က သူ့သဘာဝအတိုင်း ဖြစ်နေတုန်းပါ။ သုရာဆိုတဲ့မုဆိုးက ငှက်တွေပြုတ်ကျပြီး ပြန်ထပျံတာတွေ့ရတော့ 'ဒါအဆိပ်တော့မဖြစ်နိုင်ဘူး၊ သောက်ကြည့်ဦးမှပဲ' ဆိုပြီး သောက်ကြည့်ပါတယ်။ သုရာလည်း ငှက်တွေနည်းတူ မူးယစ်ပြီး အိပ်ပျော်သွားပါတယ်။ ကိုရွှေသုရာအတွက် ပိုပြီးအဆင်ပြေနေတာက သစ်ပင်ရင်းပြုတ်ကျလာတဲ့ငှက်တွေက သူ့ရဲ့အမြည်းဖြစ်ကုန်တာပါပဲ။ သုရာဆိုတဲ့မုဆိုးဟာ သစ်ပင်ရင်းမှာပဲ ဒီပုံစံနဲ့ စိမ်ကျနေပါတော့တယ်။

သစ်ပင်ကြီးနဲ့မနီးမဝေးမှာ ဝရုဏဆိုတဲ့ ရသေ့တစ်ပါးလည်း သီတင်းသုံးနေပါတယ်။ မုဆိုးနဲ့ရသေ့ဟာ အစကတည်းက သိကျွမ်းခဲ့ကြတာဆိုတော့ မုဆိုးက ရသေ့ကို သဘာဝစိမ်ရည်နဲ့ငှက်ကင် သွားကပ်ပါတယ်။ ရသေ့လည်း တစ်ခါတည်း သဘောကျသွားပါတယ်။ သဘာဝစိမ်ရည်ရဲ့ အမည်ကိုလည်း သုရာ ဒါမှမဟုတ် ဝရုဏဆိုပြီး အမည်နှစ်မျိုး



ပေးလိုက်ပါတယ်။ အမည်နှစ်မျိုးပေးခဲ့ပေမယ့် သုရာဆိုတဲ့အမည်ပဲ ဒီနေ့ခေတ်အထိ တွင်ကျန်ရစ်ခဲ့ပါတယ်။

ဒီလိုနဲ့မုဆိုးနဲ့ရသေ့တို့ မြို့တက်ပြီး သဘာဝစိမ်ရည်ကို သူတို့ ဘုရင်မင်းမြတ်ဆီ ဆက်ကပ်ကြပါတယ်။ ဘုရင်လည်း သဘောကျသွားပြီး တောထဲမှာရှိနေသေးတဲ့ စိမ်ရည်တွေကို ထပ်ယူခိုင်းတော့တာပါပဲ။

နောက်ဆုံးတော့ မင်းနဲ့ပြည်သူတွေ သုရာဆိုတဲ့အရက် စွဲကုန်ပြီး တစ်တိုင်းပြည်လုံး ဆင်းရဲသွားတော့တာပါပဲ။

တစ်တိုင်းပြည်လုံး အရက်စွဲပြီး ဆင်းရဲသွားကြပြီဆိုတော့ မုဆိုးနဲ့ရသေ့လည်း ချမ်းသာတဲ့ ဗာရာဏသီပြည်ကို ထွက်ခဲ့ပါတယ်။ ဗာရာဏသီပြည်ရောက်တော့လည်း ထုံးစံအတိုင်း ဘုရင်ကိုဆက်ကပ်ပြီး တစ်တိုင်းပြည်လုံး အရက်စွဲ ဆင်းရဲသွားကြပြန်ပါရော။

ဗာရာဏသီပြည် အရက်စွဲပြီး ဆင်းရဲသွားပြီဆိုတော့ သာကေတပြည်ကို ရွှေ့ကြပြန်ပါတယ်။ နောက် သာကေတပြည် အရက်စွဲသွားတော့ သာဝတ္ထိပြည် ရွှေ့ကြပြန်ရော။ သာဝတ္ထိပြည်မှာအုပ်ချုပ်နေတဲ့ မင်းရဲ့အမည်က သဗ္ဗမိတ္တတဲ့။

ထုံးစံအတိုင်း ဘုရင့်ခွင့်ပြုချက်နဲ့ အရက်ချက်ကြပါတယ်။ ဘုရင်ကလည်း အရက်ချက်ဖို့ သစ်ခေါက်သစ်မြစ်၊ သလေးစပါး၊ မုံ့ညက် စသည်တွေ စီစဉ်ပေးပါတယ်။ ချက်ပြီးသားအရက်တွေကို အိုးစရည်းကြီးတွေနဲ့ ထည့်ထားပါတယ်။ ပြီးတော့ အိုးစရည်းထဲက အရက်တွေကို ကြွက်တွေလာမသောက်နိုင်အောင်ဆိုပြီး ကြောင်တွေကိုလည်း ကြိုးချည်ပြီး စောင့်ခိုင်းထားလိုက်ပါတယ်။

အရက်တွေဆူဝေလာပြီး အိုးအထက်ကနေ ယိုစီးလာပါတယ်။ ဒီတော့ ကြောင်တွေက သောက်ပြီး အိပ်ပျော်ကုန်ရောဆိုပါတော့။ ကြွက်တွေရောက်လာတဲ့အချိန်မှာ ဘာမှမသိတော့ဘဲ ကြွက်တွေကတောင် ကြောင်တွေကို တို့ကနန်းဆိတ်ကနန်း လုပ်သွားပါသေးတယ်။

ကြောင်တွေအရက်သောက်ပြီး အိပ်ပျော်ကုန်တာကို သေကုန်ပြီအထင်နဲ့ မှူးမတ်တွေက မုဆိုးနဲ့ရသေ့ ချက်တာတွေဟာ အဆိပ်တွေ ဖြစ်ရမယ်ဆိုပြီး ဘုရင်ကိုသွားပြီးလျှောက်တော့ ဘုရင်ကလည်း သတ်စေဖို့

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း အမိန့်ချလိုက်ပါတယ်။

မုဆိုးနဲ့ရသေ့ကို သတ်ပြီးမှ ကြောင်တွေက အိပ်ပျော်ရာက နိုးလာပါတယ်။ ဒီတော့ဘုရင်က 'ဒါ အဆိပ် မဖြစ်နိုင်ဘူး၊ အလွန်ချိုမြိန်တဲ့အရာဖြစ်ရမယ်၊ ငါတို့သောက်ကြမယ်၊ အခမ်းအနားပြင်လို့' မိန့်လိုက်ပါတယ်။

အရက်သောက်တာကို ရိုးရိုးမသောက်ကြဘဲ မဏ္ဍပ်တွေ၊ ရာဇပလ္လင်တွေ၊ ထီးဖြူတွေနဲ့ပါ သောက်ဖို့ ပြင်ဆင်ကြပါတယ်။

သိကြားမင်းက ဒီမြင်ကွင်းကိုတွေ့သွားပြီး 'မဖြစ်ချေဘူး၊ ငါသွားတားမှ'ဆိုပြီး ပုဏ္ဏားယောင်ဆောင်၊ အရက်တစ်အိုးကို လက်ကကိုင် ဘုရင့်ဆီ အရက်လာရောင်းပါတယ်။

ဒီနေရာမှာ သိကြားမင်းရဲ့အရက်ရောင်းနည်းက သိပ်စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဒီလိုအရက်ရောင်းနည်းမျိုးက ကမ္ဘာမှာတောင် ရှိမယ် မထင်ပါဘူး။ သိကြားမင်း အရက်ရောင်းပုံကို ကြည့်ပါဦး-

'အရှင်မင်းကြီး ဒီအရက်အိုးကို ဝယ်တော်မူပါ'

'အရှင်ပုဏ္ဏား ... ဒီအရက်ရဲ့ စွမ်းအင်သတ္တိတွေကို ပြောပြပါဦး'

'အရှင်မင်းကြီး ဒီအရက်ဟာ ထောပတ်လည်းမဟုတ်ပါ၊ တင်လဲလည်း မဟုတ်ပါ၊ ပျားရည်လည်းမဟုတ်ပါ၊ ဒီအရက်သောက်မိတဲ့သူဟာ-

၁။ လမ်းသွားတိုင်းယိမ်းယိုင်လဲကျတတ်ပါတယ်။
၂။ မစားသင့်တဲ့အစာကိုလည်းစားမိပါတယ်။
၃။ စိတ်အစိုးမရဖြစ်တတ်ပါတယ်။
၄။ ကိုးကွယ်ရာမရှိသူလို ဟိုဟိုဒီဒီသွားလာတတ်ပါတယ်။
၅။ သီချင်းလည်းအော်ဆိုတတ်ပါတယ်။ က,လည်းကတတ်ပါတယ်။
၆။ တက္ကတွန်းလို အဝတ်မဝတ်ဘဲသွားလာတတ်ပါတယ်။
၇။ တွေတွေဝေဝေနဲ့ အကြာကြီးလည်း အိပ်တတ်ပါတယ်။
၈။ လက်တုန်ခြေတုန် ဖြစ်တတ်ပါတယ်။
၉။ မီးလောင်သလို ပူပူလောင်လောင်နဲ့ အိပ်ရတတ်ပါတယ်။
၁၀။ သူတစ်ပါးတို့ရဲ့ ထိုးကြိတ်ခြင်းကိုလည်း ခံရတတ်ပါ တယ်။
၁၁။ လူများရှေ့မှာလည်း မပြောသင့်တဲ့စကားကိုလည်း ပြောတတ်ပါတယ်။



၁၂။ ကိုယ့်အန်ဖတ်တွေနဲ့ကိုယ် အိပ်ရတတ်ပါတယ်။
၁၃။ ငါ့လောက်မိုက်တဲ့သူမရှိဘူးလို့လည်း ကြွေးကြော်တတ်ပါတယ်။
၁၄။ မျက်စိတွေလည်းနီလာတတ်ပါတယ်။
၁၅။ လိုအပ်တာထက်ပိုပြီး မာန်တက်တတ်ပါတယ်။
၁၆။ ငြင်းလည်းငြင်းခုံတတ်ပါတယ်။
၁၇။ ရုပ်ရည်အဆင်းတွေလည်း တဖြည်းဖြည်းလျော့လျော့လာပြီး အိုလွယ်တတ်ပါတယ်။
၁၈။ သူခိုးတွေရဲ့နေရာဒေသကိုလည်း ရောက်တတ်ပါတယ်။
၁၉။ စည်းစိမ်ဥစ္စာတွေလည်းကုန်တတ်ပါတယ်။
၂၀။ မိဘ၊ ယောက္ခမ စသည်ကိုလည်း ဆဲရေးမိတတ်ပါတယ်။
၂၁။ ချွေးမစသည်ကိုလည်း မှားယွင်းပြီး ကိလေသာဖြစ်တတ်ပါတယ်။
၂၂။ မိန်းမရဲ့ ဆဲရေးခြင်းကိုလည်း ခံရတတ်ပါတယ်။
၂၃။ ရဟန်း၊ ပုဏ္ဏား စသည်တို့ကိုလည်း ရိုက်ပုတ်မိတတ်ပါတယ်။
၂၄။ ငွေပေးပြီး မဟုတ်မမှန်ထွက်ဆိုဖို့ သက်သေလိုက်ခိုင်းခံရတတ်ပါတယ်။
၂၅။ တစ်ခုခုခိုင်းလိုက်ရင်လည်း လေးဖင့်နေတတ်ပါတယ်။
၂၆။ မြေကြီးပေါ်မှာလည်း အိပ်တတ်ပါတယ်။

အရှင်မင်းကြီး ကျွန်ုပ်လက်ထဲမှာရှိတဲ့အရက်ဟာ အဲဒီလိုစွမ်းအင်တွေ ရှိပါတယ် ဝယ်တော်မူပါ'

ဘုရင်လည်း ပုဏ္ဏားရဲ့အရက်ရောင်းသံအဆုံးမှာ သတိတွေပြန်ဝင်လာခဲ့ပါတယ်။

နောက်ဆုံးတော့ အရက်အိုးအားလုံးကို ရိုက်ခွဲခိုင်းလိုက်ပါတော့တယ်။

(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ကုမ္ဘဇာတ်)

www.burmeseclassic.com

www.burmeseclassic.com



(အရက်စတင်ဖြစ်ပေါ်လာပုံသမိုင်းဇာတ်လမ်းကလေးကို ညီငယ်တဖတ်ပရိသတ်တွေ သိထားစေချင်တဲ့ စေတနာနဲ့ ရေးပြလိုက်တာ နည်းနည်းတောင် ရှည်သွားပါပြီ ခွင့်လွှတ်ပါဦး)

အနုပညာလောကမှာ အမျိုးသမီးအနုပညာရှင်တွေက အသက်ရှည်ရှည် နေရတတ်ပြီး၊ အမျိုးသားအနုပညာရှင်တွေက အသက်တိုတိုနဲ့ သေကြရတယ်လို့ ယေဘုယျပြောလို့ရပါတယ်။ အဖြေကိုလည်း ယေဘုယျဖြေရင် အရက်ကြောင့်လို့ပဲ ဖြေရမှာပါ။

တချို့အနုပညာရှင်တွေဟာ ပါရမီရှင်လို့ပြောရလောက်အောင် တော်ကြပါတယ်။ ဒါပေမယ့်သူတို့ဟာ အရက်ကြောင့် သက်တမ်းစေ့မနေကြရရှာပါဘူး။

တစ်ခါက အနုပညာရှင်ကြီးတစ်ယောက် ကွယ်လွန်တော့ တစ်တိုင်းပြည်လုံးနီးပါး ဝမ်းနည်းကြရ၊ စိတ်မကောင်းဖြစ်ကြရပါတယ်။ အရက်ကြောင့်ဆိုတာသိရတော့ ပိုပြီးစိတ်မကောင်းဖြစ်ကြရပါတယ်။ သူတို့က သေသွားပြီး ဘာမှမသိရတော့ပေမယ့် ကျန်ခဲ့တဲ့ သူတို့ပရိသတ်ကတော့ ခံစားပြီး ကျန်ခဲ့ရတာပါ။ ပရိသတ်က အဲဒီလောက်အထိ ချစ်ကြတာပါ။ အနုပညာသမားတွေ အရက်မသောက်ရဆိုတဲ့ ဥပဒေတောင် ထုတ်ထားဖို့ကောင်းပါတယ်။ အနုပညာရှင်တစ်ယောက်ဟာ ကိုယ့်ပရိသတ်ကို ကိုယ်တကယ်ချစ်တယ်ဆိုရင် ကိုယ့်အသက်ကို အထူး စောင့်ရှောက်သင့်ပါတယ်။

ဒါတွေကတော့ ထင်သာမြင်သာတဲ့ အနုပညာနယ်ပယ်က ထုတ်ပြလိုက်တာပါ။

လူငယ်တစ်ယောက်ဟာ ကိုယ့်တိုင်းပြည်နဲ့လူမျိုးကို တကယ်ချစ်တယ်၊ တိုင်းပြည်နဲ့လူမျိုးရဲ့အကျိုးကို ဆောင်ရွက်ချင်တဲ့စိတ် တကယ်ရှိတယ်ဆိုရင် အသက်တိုမယ့်ကိစ္စတွေကို ငယ်ငယ်ကတည်းက ရှောင်ရှားသင့်ပါတယ်။

အရက်မသောက်ဘဲနေတာဟာ ကိုယ်တစ်ယောက်ထဲတင် အကျိုးရှိတာ မဟုတ်ပါဘူး၊ ကိုယ့်မိသားစု၊ ကိုယ့် ဝန်းကျင်၊ ကိုယ့်နိုင်ငံအတွက်ပါ အကျိုးရှိတာပါ။



အရက်တော့မသောက်ဘဲနေပါရဲ့၊ အရက်တွေကျတော့ တွင်တွင်ရောင်းနေတယ်ဆိုရင်လည်း အဓိပ္ပါယ်မရှိလှပါဘူး။ တကယ်တော့ အရက်ရောင်းတယ်ဆိုတာ အသက်တိုဆေး ရောင်းနေတာပါ။ နိုင်ငံနဲ့လူမျိုး အတွက် အကျိုးရှိမယ့်လူတစ်ယောက်၊ ကိုယ်ရောင်းလိုက်တဲ့ အရက် သောက်ပြီး အသက်တိုသွားတယ်ဆိုရင် နိုင်ငံအတွက် အများကြီးနစ်နာ ပါတယ်။ ကိုယ့်တိုင်းပြည်နဲ့လူမျိုးကို တကယ်ချစ်တယ်ဆိုရင် အသက်တို ဆေးကို လုံးဝမရောင်းသင့်ပါဘူး။ အရက်မရောင်းရလို့လည်း ထမင်းငတ်မသွားနိုင်ပါဘူး။

မြန်မာတစ်နိုင်ငံလုံး အရက်ရောင်းမယ့်လူမရှိ၊ အရက်သောက် မယ့်လူမရှိရင် သိပ်ကောင်းမှာပါ။ ဒါဆို အရက်အတွက် ကုန်မယ့်ငွေတွေထွက်လာမှာပါ။ အဲဒီငွေတွေနဲ့ ဆေးရုံတွေ၊ စာသင်ကျောင်းတွေ၊ မိဘမဲ့ပရဟိတဂေဟာတွေသာ ဆောက်လိုက်ရလို့ကတော့။ ထားပါတော့။

သုရာမေရယသိက္ခာပုဒ်မှာ အင်္ဂါလေးပါးရှိပါတယ်။

၁။ အရက်တစ်မျိုးမျိုးဖြစ်ခြင်း။

၂။ သောက်စားလိုသည့်စိတ်ရှိခြင်း။

၃။ သောက်ခြင်း။

၄။ မူးယစ်ခြင်း။

ဒီအင်္ဂါလေးပါးနဲ့ညီရင် သုရာမေရယကံမြောက်သွားတာပါ။

ဘာပဲပြောပြော ကိုယ့်တိုင်းပြည်နဲ့လူမျိုးကို တကယ်ချစ်တယ် တိုင်းပြည်နဲ့လူမျိုးအကျိုးကို တကယ်ဆောင်ရွက်ချင်တယ်ဆိုရင်တော့ အရက်မသောက်ဖို့နဲ့ အရက်မရောင်းဖို့ပါပဲလေ။

အလင်းတန်းဂျာနယ်
၂၆-၁-၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com





# မင်္ဂလာဓွေးများ
# ၊၂၁၊

အပ္ပမာဒေါစဓမ္မေသု၊
ဧတံမင်္ဂလမုတ္တမံ။
ကုသိုလ်တရားတို့၌မမေ့မလျော့ခြင်းသည်
မြတ်သောမင်္ဂလာမည်၏။
လုပ်ကိုင်ပြောကြားသတိထား၊
တရားမမေ့စေ။





www.burmeseclassic.com

www.burmeseclassic.com



"အာနန္ဒာ ... ငါဘုရားပင်ပန်းလှပြီကွယ်၊ အင်ကြင်းပင်တွေရဲ့ အကြား မြောက်ဘက်ကို ခေါင်းထားပြီး ညောင်စောင်းပြင်ပါတော့၊ လျောင်းစက် ဦးမယ်"

ကုသိနာရုံပြည် မလ္လမင်းတွေရဲ့အင်ကြင်းဥယျာဉ်ထဲမှာ မြတ်စွာဘုရားက အရှင်အာနန္ဒာကို မိန့်လိုက်တာပါ။

အရှင်အာနန္ဒာကလည်း မြတ်စွာဘုရာမိန့်ကြားတဲ့အတိုင်း ညောင်စောင်းလို့ခေါ်တဲ့ကုတင်ကို မြောက်ဘက်ခေါင်းထားပြီး ပြင်ပေးပါတယ်။

မြတ်စွာဘုရားက အရှင်အာနန္ဒာပြင်ပေးတဲ့ညောင်စောင်းပေါ်မှာပဲ ညာခြေတော်ပေါ်မှာ ဘယ်ခြေတော်ကို စဉ်းငယ်လွန်လွန်လေးတင်ပြီး ညာဘက်နံ့တောင်းနဲ့ လျောင်းစက်တော်မူပါတယ်။

ပင်ပန်းနွမ်းနယ်ရုံတင်မကဘဲ အားအင်ပါနည်းနေတဲ့ မြတ်စွာဘုရားကို ကြည့်ပြီး အရှင်အာနန္ဒာက နှလုံးမသာမယာ ဖြစ်ရပြန်ပါတယ်။

မြတ်စွာဘုရား ဘယ်လောက်ပင်ပန်းနွမ်းနယ်ပြီး အားအင်နည်းနေတယ်ဆိုတာ အရှင်အာနန္ဒာ အသိဆုံးပါ။ မြို့အဆင့်ဆင့်ကို ခြေလျင်ကြွတော်မူခဲ့တာ၊ ဒကာစုန္ဒရဲ့ ဝက်သားဆွမ်းစားအပြီးမှာ ဝမ်းသွေးသွန်ရောဂါဖြစ်လာတာ၊ ဒကာစုန္ဒ စိတ်မကောင်းဖြစ်နေမှာစိုးလို့ "ဒကာစုန္ဒ...သုဇာတာရဲ့ ဃနာနို့ဆွမ်းဟာ မြတ်စွာဘုရားရဲ့ ပထမဆုံးဆွမ်းဖြစ်သလို သင့်ရဲ့ဆွမ်းဟာလည်း မြတ်စွာဘုရား ဘုဉ်းပေးခဲ့တဲ့ ဆွမ်းတွေထဲမှာ နောက်ဆုံးဆွမ်းပဲ၊ သင် သိပ်အရတော်တာပဲ၊ သင် သိပ်ကံကောင်းတာပဲ"လို့ မြတ်စွာဘုရား တစ်ဆင့်ပြောခိုင်းခဲ့တာ၊ ပါဝါပြည်နဲ့ ကုသိနာရုံပြည် သုံးဂါဝုတ်ပဲဝေးတာကို လမ်းခရီးမှာ နှစ်ဆယ့်ငါးကြိမ် တိတိနားခဲ့တာ စသည်စသည်တွေပါ။

ပင်ပန်းနွမ်းနယ်နေတဲ့ကြားကပဲ သုဘဒ္ဒပရိဗိုဇ်ကို တရားဟောပြီး ရဟန်းပြုပေးခိုင်းလို့ ပြုပေးလိုက်ရပါသေးတယ်။ ဒါကြောင့် အရှင်အာနန္ဒာအနေနဲ့ မြတ်စွာဘုရားကို နောက်ထပ်ပင်ပန်းမယ့်အပြုအမူမျိုး မလုပ်စေချင်တော့ပါဘူး။

အရှင်အာနန္ဒာက သူ့နောက်ကိုပြန်လှည့်ကြည့်လိုက်တော့ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုမယ်ဆိုတာသိလို့ ရောက်လာတဲ့ပရိသတ်တွေကို



တွေ့လိုက်ရပါတယ်။ ပရိသတ်တွေထဲမှာ ရဟန်းပရိသတ်၊ လူပရိသတ်သာမက နတ်ဗြဟ္မာပရိသတ်တွေပါ တွေ့ရပါတယ်။

ပရိသတ်အားလုံးက မြတ်စွာဘုရားဆီက ဘယ်လိုမိန့်ကြားသံထွက်လာမလဲဆိုတာ စောင့်မျှော်နေကြပါတယ်။ သိပ်မကြာလိုက်ပါဘူး။ တိတ်ဆိတ်မှုတွေကြားက အနူးငင်းမဲ့အသံတော်တစ်ခု ထွက်ပေါ်လာပါတယ်။

"ဟန္ဒဒါနိဘိက္ခဝေ၊
အာမန္တယာမိဝေါ။
ဝယဓမ္မာသင်္ခါရာ၊
အပ္ပမာဒေန သမ္ပာဒေထ"

"ရဟန်းတို့ ... သင်တို့ကို ယခုနောက်ဆုံး ငါဘုရားမှာကြားခဲ့မယ်။ ရုပ်နာမ်ဓမ္မဆိုတဲ့ သင်္ခါရတရားတွေဟာ ပျက်စီးတတ်တဲ့သဘော ရှိကြတယ်။ မမေ့မလျော့ သတိတရားနဲ့ အစစအရာရာ ပြည့်စုံအောင် နေကြကုန်လော့"

မိန့်ကြားသံအဆုံးမှာ နောက်ထပ်ဘာအသံတောင်မှ ထွက်မလာတော့ပါဘူး။ (၄၅)ဝါပတ်လုံး ဟောခဲ့ပြောခဲ့တဲ့အထဲက နောက်ဆုံးစကားတော်လေးပါပဲ။

အရှင်အာနန္ဒာရဲ့နားထဲမှာတော့ မြတ်စွာဘုရားရဲ့ "အပ္ပမာဒေန သမ္ပာဒေထ၊ မမေ့နဲ့အစစအရာရာသတိနဲ့နေကြ"ဆိုတဲ့ စကားလေးက အကြိမ်များစွာ ပဲ့တင်ထပ်လျက် ရှိနေခဲ့ပါတယ်။

(သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်)

မင်္ဂလာ(၃၈)ပါးထဲမှာ အပ္ပမာဒမင်္ဂလာက အဓိကအကျဆုံးဖြစ်သလို မင်္ဂလာ(၃၈)ပါးကိုလည်း အဲဒီအပ္ပမာဒမင်္ဂလာကပဲ ပြန်ချုပ်ပါတယ်။ ပြီးတော့ ဗုဒ္ဓဘာသာဝင်တစ်ယောက်မှာ မဖြစ်မနေ ရှိရမယ့် မင်္ဂလာတစ်ပါးလည်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအပ္ပမာဒ မင်္ဂလာဟာ ပစ္စုပ္ပန်အကျိုးတင်မကဘဲ ဗုဒ္ဓဘာသာဝင်တွေရဲ့ နောက်ဆုံး ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်အထိရောက်အောင် ပို့ပေးမယ့် မင်္ဂလာဖြစ်နေလို့ပါ။

အပ္ပမာဒမင်္ဂလာရဲ့လိုရင်းကတော့ အစစအရာရာသတိနဲ့နေဖို့ပါ။ စာသံပေသံနဲ့ပြောရရင်တော့ သတိပဋ္ဌာန် ဝိပဿနာတရားနဲ့နေဖို့ပါ။

သတိနဲ့ဘယ်လိုနေမလဲ ...?။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ဘဝ တစ်နေ့တာ လှုပ်ရှားမှုပုံရိပ်တွေကို အာရုံပြုကြည့်လိုက်ပါ။

မနက် အိပ်ရာကနိုးမယ်၊ ကိုယ်လက်သန့်စင်ခန်း သွားမယ်၊ မိသားစု မနက်စာအတွက် ထမင်းချက်မယ်၊ ထမင်းကြော်မယ်၊ ရေနွေးကျိုမယ်၊ ပေါင်မုန့်မီးကင်မယ်၊ ကော်ဖီဖျော်မယ်၊ ပြီးရင် မိသားစု မနက်စာစားကြမယ်၊ ဈေးမသွားခင် ရေချိုးမယ်၊ အဝတ်အစားလဲမယ်၊ ဈေးသွားမယ်၊ ဈေးထဲမှာ ဟိုဟိုဒီဒီကြည့်မယ်၊ စကားတွေပြောချင်သည်ဖြစ်စေ၊ မပြောချင်သည်ဖြစ်စေ ပြောရမယ်။ အဲဒီအခါမှာ ပီတိဖြစ်စရာ ဒေါသဖြစ်စရာ ကြုံမယ်။ အိမ်ပြန်ရောက်ရင် ချက်မယ်၊ ကြော်မယ်၊ အိမ်ရဲ့ ဝေယျာဝစ္စတွေ လုပ်မယ်။ ရေသောက်မယ်၊ ကျင်ကြီးကျင်ငယ် စွန့်မယ်၊ ညရောက်ရင်အိပ်မယ်။

ဒါတွေက ယေဘုယျပြောတာပါ။ ဒီထက်လည်း အသေးစိတ်ရှိကြမှာပါ။

လူတစ်ယောက်ရဲ့ တစ်နေ့တာမှာ ပထမဆုံး တွေ့ကြုံလိုက်ရမယ့် အမူအရာက အိပ်ရာကနိုးလိုက်တာပါပဲ။ ဒါ ပထမဆုံးတွေ့ကြုံရမယ့် အမူအရာပါ။

ဒီတော့ အဲဒီနိုးတာလေးကို ဘယ်လိုလုပ်ရမလဲဆိုတော့ မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ်မှာ "ဇာဂရိတေ သမ္ပဇာနကာရီဟောတိ" လို့ ဟောထားပါတယ်။ (ရှေ့မှာလည်း မဟာသတိပဋ္ဌာနသုတ်လာတဲ့ အတိုင်း ရေးသွားပါ့မယ်)အဓိပ္ပါယ်ကတော့ "နိုးရင်နိုးတယ်နိုးတယ်လို့ သိနေလိုက်ပါ"တဲ့။

နိုးလိုက်တာနဲ့တစ်ပြိုင်နက် တခြားဘာမှမတွေးလိုက်မိဖို့နဲ့ ငေါက်ကနဲ မထလိုက်မိဖို့ပါ။

နိုးသိစိတ်ကလေးကို အာရုံပြုပြီး "နိုးတယ်နိုးတယ်"လို့ မိနစ်ပိုင်းလောက် မှတ်နေလိုက်ရပါမယ်။ ဒီအပြုအမူဟာ ဘဝရဲ့ တစ်နေ့တာကို သတိပဋ္ဌာန်ဝိပဿနာနဲ့ ဖွင့်လိုက်တာပါ။

ထတော့မယ်ဆိုရင်လည်း ချက်ချင်းမထသေးဘဲ ထချင်တဲ့ စိတ်ကလေးကို အာရုံပြုပြီး "ထချင်တယ် ထချင်တယ်"လို့ မှတ်နေလိုက်ပါ။



ထရပြီဆိုတော့ ထဖို့အားယူတော့ "အားယူတယ် အားယူတယ်"၊ လက်ထောက်လိုက်တော့ "လက်ထောက်တယ်၊လက်ထောက်တယ်"လို့ လိုက်မှတ်နေရမှာဖြစ်သလို ခန္ဓာကိုယ်ကြီးအပေါ်ကို တရွေ့ရွေ့နဲ့ တက်သွားတာကို အာရုံပြုပြီး "ထတယ်ထတယ်"လို့ လိုက်မှတ်နေလိုက်ပါ။ မှတ်တယ်ဆိုတာ နားလည်အောင်ပြောရတာပါ။ မဟာသတိပဋ္ဌာန သုတ်လာအတိုင်း ပြောရရင် လိုက်လိုက်သိနေဖို့ပါပဲ။

ထတဲ့နေရာမှာ မဟာစည်ဆရာတော်ဘုရားကြီးက ခါးနာနေတဲ့ လူမမာလို ဖြည်းဖြည်းလေးထရမယ်လို့ မိန့်မှာထားပါတယ်။

နောက်–ခြင်ထောင်ကို မတာ၊ ခြေထောက်အောက်ကိုချတာ စတဲ့ ကိုယ်အမူအရာတွေကို လိုက်လိုက်သိနေရပါ့မယ်။ သတိလေးတွေနဲ့အတူ ခြင်ထောင်အပြင်ရောက်ပြီဆိုတော့ ကိုယ်လက်သန့်စင်ခန်း သွားတော့မှာပါ။ ဒီတော့ "ဂစ္ဆန္တောဝါ ဂစ္ဆာမီတိပဇာနာတိ" သွားရင် သွားတယ် သွားတယ်လို့ သိပါတဲ့။ တစ်လှမ်းချင်း လှမ်းလှမ်းသွားတာလေးကို လိုက်လိုက်သိနေဖို့ပါ။

ကိုယ်လက်သန့်စင်ခန်းအရောက်မှာ သွားတိုက်တံကိုင်တာ၊ သွားတိုက်ဆေးထည့်တာ၊ ရေခွက်ကိုင်တာ စတဲ့အမူအရာတွေကိုလည်း သတိလေးနဲ့ လိုက်လိုက်သိနေရပါမယ်။

ကိုယ်လက်သန့်စင်ပြီးပြီဆိုတော့ အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက်ဆိုရင် မိသားစုမနက်စာအတွက် ချက်ရ၊ ပြုတ်ရ၊ ကြော်ရတော့မှာပါ။

ထမင်းချက်တာ၊ ထမင်းကြော်တာ၊ ရေနွေးကျိုတာ၊ ကော်ဖီဖျော်တာ၊ ပေါင်မုန့်မီးကင်တာ စသည်ဖြင့် ကိုယ်အမူအရာ ပြုတိုင်းပြုတိုင်း လိုက်လိုက်မှတ်နေဖို့ လိုက်လိုက်သိနေဖို့ပါ။

ဥပမာ–ထမင်းကြော်တော့မယ်ဆိုရင် ဒယ်အိုးကို မီးဖိုပေါ်တင်တော့ "တင်တယ် တင်တယ်"၊ ဆီထည့်တော့ "ထည့်တယ် ထည့်တယ်"၊ ကြက်သွန်ထည့်တော့"ထည့်တယ် ထည့်တယ်"၊ ဆနွင်းမှုန့်ထည့်တော့ "ထည့်တယ် ထည့်တယ်"၊ နောက်–ထမင်းတွေ ဒယ်အိုးထဲကိုထည့်တာ၊ ပဲငံပြာရည်ထည့်တာ၊ စားတော်ပဲထည့်တာ၊ ယောက်မနဲ့မွှေတာ စသည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ပြုနေဆဲ ကိုယ်အမူအရာတိုင်းကို လိုက်လိုက်မှတ်နေဖို့၊ လိုက်လိုက်သိနေဖို့ပါ။

အမှတ်သတိနဲ့ ကြော်နေမယ်ဆိုရင် ထမင်းကြော်နေတယ်လို့တောင် ပြောဖို့မကောင်းပါဘူး။ ဝိပဿနာကြော်နေတယ်လို့တောင် ပြောဖို့ကောင်းပါတယ်။ မြတ်စွာဘုရားလက်ထက်တော်က အမှတ်သတိနဲ့ ထမင်းဟင်း ချက်ရင်း တရားထူးရသွားတဲ့ သာဓကဝတ္ထုတွေလည်း အများကြီး ရှိပါတယ်။

အဲဒီလိုမှမဟုတ်ဘဲ "ကိုကိုက ထမင်းကြော်ဆို သိပ်ကြိုက်တာ၊ အစို့ပေါက်နေတဲ့ စားတော်ပဲပြုတ်လေးနဲ့ကြော်ရင် ပိုတောင်ကြိုက်သေးတယ်"စသည်ဖြင့် ကိုကို့ကို ချင်ခင်စွဲလမ်းတဲ့တဏှာကိုတွေးပြီး ကြော်နေမယ် ဆိုရင်တော့ ထမင်းကြော်တာမဟုတ်တော့ဘဲ ကိုကိုတွေကြော်နေတာဖြစ်နေပါလိမ့်မယ်။

ဒါကြောင့် ထမင်းကြော်ခါနီးမှာ "ငါ ဝိပဿနာကြော်မလား၊ ကိုကိုကြော်မလား"ဆိုတာ ကိုယ့်ကိုယ်ကို ပြန်မေးပြီးမှ ကြော်ဖို့ ကောင်းပါတယ်။

ဒီလိုနဲ့ မိသားစုမနက်စာစားဖို့အချိန်ရောက်လာပြီပဲဆိုပါတော့။

"အသိတေပီတေခါယိတေသာယိတေ သမ္ပဇာနကာရီဟောတိ"

စားတဲ့အခါ၊ သောက်တဲ့အခါ၊ ခဲတဲ့အခါ၊ လျက်တဲ့အခါ သိလျက်ပြုပါ၊ သိသိနေပါတဲ့။

ဇွန်းကိုယူလိုက်တာ၊ ပါးစပ်ထဲခွံ့တာ၊ ဝါးတာ၊ အရသာကိုသိတာ၊ မျိုချတာ စသည်ဖြင့် အမူအရာတိုင်း လိုက်လိုက်သိနေရပါမယ်၊ လိုက်လိုက်မှတ်နေရပါမယ်။

ထမင်းဝိုင်းမှာ မိသားစုစုံလို့ စကားပြောတော့မယ် ဆိုရင်လည်း "ဘာသိတေသမ္ပဇာနကာရီဟောတိ" သိလျက် ပြောပါ၊ ပြောတာလေးကို သိနေပါတဲ့။

ရှေ့တည့်တည့်မှာရှိတဲ့ ခင်ပွန်းကိုကြည့်တဲ့အခါ၊ ညာဘက်ကသားကို ကြည့်တဲ့အခါ "အာလောကိတေဝိ လောကိတေသမ္ပဇာနကာရီဟောတိ"တူရူတည့်တည့်ကြည့်တဲ့အခါ စောင်းငဲ့ပြီးကြည့်တဲ့အခါမှာလည်း



သိလျက် ကြည့်ပါတဲ့။

ဟင်းခွက်ကို လှမ်းခပ်ဖို့ လက်ကိုဆန့်လိုက်တဲ့အခါ၊ ဟင်းခပ်ပြီးလို့ ပန်းကန်ထဲထည့်ဖို့ လက်ကိုကွေးလိုက်တဲ့အခါ "သမိဉ္ဇိတေပသာရိတေသမ္ပဇာနကာရီဟောတိ" ဆန့်တဲ့အခါကွေးတဲ့အခါတွေမှာလည်း သိလျက်ပဲပြုပါတဲ့။

စားသောက်ပြီးလို့ ကျင်ကြီးကျင်ငယ်စွန့်တော့မယ်ဆိုရင်လည်း "ဥစ္စာရပဿာဝကမ္မေသမ္ပဇာနကာရီဟောတိ" ကျင်ကြီးကျင်ငယ်စွန့်တဲ့အခါမှာလည်း သိလျက်စွန့်ပါ၊ သိနေပါတဲ့။ "စွန့်ချင်တယ်စွန့်ချင်တယ်၊ စွန့်တယ်စွန့်တယ်" စသည်ဖြင့် အမှတ်သတိလေးနဲ့စွန့်ပါတဲ့။

မြတ်စွာဘုရားက အောက်ထစ်ဆုံး ကျင်ကြီးကျင်ငယ်စွန့်တဲ့နေရာမှာတောင် ဝိပဿနာတရားအားထုတ်ဖို့ မိန့်မှာထားပါတယ်။

ရှေ့မှာရေးခဲ့တာတွေ ပြန်ချုပ်ရင် ကိုယ်အမူအရာပြုတိုင်းပြုတိုင်း လိုက်လိုက်သိနေဖို့နဲ့ စိတ်အမူအရာဖြစ်တိုင်းဖြစ်တိုင်း လိုက်လိုက်သိနေဖို့ပါ။

တရားအားထုတ်တယ်ဆိုတာ ဘုရားရှေ့မှာ တင်ပလ္လင်ခွေထိုင်မျက်စိမှိတ်အားထုတ်နေမှ အားထုတ်တာ မဟုတ်ပါဘူး။ သွားဆဲ ရပ်ဆဲ ထိုင်ဆဲ အိပ်ဆဲ စားဆဲ သောက်ဆဲ ပြောဆဲ ဝတ်ဆဲ စွန့်ဆဲ စတဲ့အမူအရာတွေမှာ အမှတ်သတိပါနေရင်လည်း၊ သတိလေးနဲ့ပြုနေရင်လည်း တရားအားထုတ်နေတာပါပဲ။

ဂျာနယ်စာမျက်နှာငဲ့ပြီး ကျန်တဲ့အသေးစိတ်တွေကိုတော့ ကိုယ်တိုင်ပဲချဲ့ထွင်ပြီး သိပါတော့။

ညအိပ်တဲ့အခါမှာလည်း အမှတ်သတိလေးနဲ့ အိပ်ရမယ်လို့ ဆိုထားပါတယ်။

ကြိုက်တဲ့ဣရိယာပုတ်နဲ့ တရားမှတ်လို့ရတာဆိုတော့ အိပ်ရာပေါ်မှာလှဲအိပ်နေတဲ့အခါ နှာသီးဖျားလေးဆီကို စိတ်ပို့လိုက်ပြီး "ဝင်တယ်ထွက်တယ်"ပဲမှတ်မှတ်၊ ဒါမှမဟုတ် ဝမ်းဗိုက်ဆီကို စိတ်ကိုပို့လိုက်ပြီး "ဖောင်းတယ် ပိန်တယ်"ပဲမှတ်မှတ် နှစ်သက်ရာကမ္မဋ္ဌာန်းတစ်ခုခုကို ပွားပြီး အိပ်သင့်ပါတယ်။

စာရေးသူမှာ အိပ်မပျော်တဲ့ရောဂါ ရှိပါတယ်။ ကျန်တဲ့အချိန်

www.burmeseclassic.com

www.burmeseclassic.com



တွေသာ တရားမမှတ်ဖြစ်ချင်နေမယ် အိပ်တဲ့အချိန်မှာတော့ မဖြစ်မနေ မှတ်ဖြစ်အောင်တော့ ကြိုးစားရပါတယ်။ ကုသိုလ်လိုချင်လို့တော့ မဟုတ်ပါဘူး။ မြန်မြန် အိပ်ပျော်ချင်လို့ပါ။ အဲဒီလိုမှမဟုတ်ရင် တောင်တွေးမြောက်တွေးနဲ့ တော်တော်နဲ့အိပ်မပျော်တော့ပါဘူး။

တရားမှတ်ပြီးအိပ်တဲ့အကျင့်လေးကို စွဲနေအောင်လေ့ကျင့်ထားဖို့ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရားမှတ်ပြီးအိပ်ရင် မြန်မြန်အိပ်ပျော်သလို မနက်အိပ်ရာကထရင်လည်း လန်းလန်းဆန်းဆန်း ဖြစ်နေတတ်ပါတယ်။ အဓိကကတော့ မှတ်လျက်ပဲ အိပ်ပျော်သွားဖို့ပါ။

ဘဝတစ်နေ့တာရဲ့အစကို ဝိပဿနာနဲ့ဖွင့်ပြီး ဘဝတစ်နေ့တာရဲ့အဆုံးကို ဝိပဿနာနဲ့ပဲ ပြန်ပိတ်လိုက်ရတာဟာ ရေးနေတဲ့စာခေါင်းစဉ်အတိုင်း ပြောရရင် တော်တော်လေးမင်္ဂလာရှိသွားတာပါ။

ဝိပဿနာတရားဆိုတာ လက်တွေ့ဘဝထဲအထိ၊ လက်တွေ့လုပ်ငန်းခွင်ထဲအထိရောက်အောင် အားထုတ်ရပါတယ်။ လက်တွေ့ဘဝထဲအထိ၊ လက်တွေ့လုပ်ငန်းခွင်ထဲအထိရောက်အောင် အားထုတ်နိုင်မှ၊ အသုံးချနိုင်မှလည်း အဓိပ္ပာယ်ရှိတာပါ။ ရိပ်သာတွေတော့ အကြိမ်ကြိမ်ဝင်ပါရဲ့၊ ရိပ်သာတွေနဲ့လည်း နီးနီးစပ်စပ်နေပါရဲ့၊ ဆရာတော်တွေနဲ့လည်း ရင်းရင်းနှီးနှီးရှိပါရဲ့၊ ဒါပေမယ့် ဒေါသတွေကြီးကြီးပြနေမယ်၊ ဟိုလူ့အပြစ်ဒီလူ့အပြစ် ပြောပြောနေမယ်ဆိုရင်တော့ ကိုယ်အားထုတ်နေတဲ့ ဝိပဿနာတရားဟာ လက်တွေ့ဘဝထဲအထိ မရောက်သေးဘူးဆိုတာ၊ လက်တွေ့ဘဝထဲအထိရောက်အောင် အားမထုတ်နိုင်သေးဘူးဆိုတာ ပြသရာလည်းရောက်ပါတယ်။ ပြီးတော့ "ဟွန်း ...တရားတွေတော့ အားထုတ်နေပြီးတော့" လို့လည်း ကွယ်ရာမှာ အပြစ်တင်ခံရပါလိမ့်မယ်။

အစစအရာရာ သတိနဲ့နေတတ်တဲ့အကျင့်လေးကို အမြဲမဟုတ်တောင် တစ်ပတ်တစ်ခါ ကိုယ့်ရဲ့မွေးနေ့လေးတွေမှာတော့ သတိထားနေကြည့်သင့် ပါတယ်။ တစ်နေ့လုံးမတတ်နိုင်ရင်တောင် အချိန်ပိုင်းလေးနဲ့ပေါ့။

တကယ်တော့ အလုပ်ကိုအလုပ်လို့ သဘောမထားဘဲ အလုပ်တိုင်းကို တရားတွေလို့ နှလုံးသွင်းထားလိုက်မယ်ဆိုရင် အလုပ်တိုင်းဟာ ကိုယ့်အတွက် တရားတွေ ဖြစ်နေတော့မှာပါပဲလေ။



(မဟာသတိပဋ္ဌာနသုတ်၊ မဟာစည်ဆရာတော်ဘုရား၊ သဒ္ဓမ္မရံသီ ဆရာတော် ဘုရား၊ ဆရာတော် ဦးဇောတိက၊ အရှင်ဆန္ဒာဓိက တို့ရဲ့ စာအုပ်တွေကို အခြေခံပြီးရေးပါတယ်။)


အလင်းတန်းဂျာနယ်
၂.၂.၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com







# မင်္ဂလာ ဝတ္ထုများ ။၂၂။

**ဂါရဝေါ စ တော်မင်္ဂလမုတ္တမံ။**
**ရိုသေထိုက်သူကို ရိုသေခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊**
**ဆည်းကပ်စေား ရိုသေလေ။**

တစ်ခါတုန်းက မြို့တစ်မြို့မှာသားအမိနှစ်ယောက် ရှိပါတယ်။ သားဖြစ်သူက အမေကို နတ်လိုသဘောထားပြီး လုပ်ကျွေးနေတာပါ။

တစ်နေ့တော့ အမေဖြစ်သူက သားဖြစ်သူကို အိမ်ထောင်ပြုဖို့

www.burmeseclassic.com

www.burmeseclassic.com



ပြောလာပါတယ်။ လူဆိုတာ အာရုံနဲ့မတွေ့သေးရင် တကယ့်အဖြူထည် လေးပါ။ အာရုံကြောင့်သာ အရောင်တွေပြောင်းသွားကြတာပါ။ တကယ့် အဖြူထည်ဖြစ်တဲ့ သားဖြစ်သူက အဖြူထည်စိတ်ရင်းအတိုင်းပဲ "အမေရယ် လူစိမ်းဝင်လာရင် ပြဿနာတွေလည်း ဝင်လာပါလိမ့်မယ်၊ ဒီအတိုင်းလေးပဲ ကောင်းပါတယ်"လို့ ပြန်ပြောပါတယ်။

ဒီတော့အမေလုပ်သူက "သားပြောတာမှန်ပါတယ်၊ ဒါပေမယ့် သားဘဝရှေ့ရေးက ရှိသေးတယ်၊ ပြုလိုက်ပါသားရယ်"လို့ အကြိမ်ကြိမ် ပြောလာတော့ သားဖြစ်သူလည်း နောက်ဆုံးတော့ မိခင်အလိုကျ အိမ်ထောင်ပြုလိုက်ရပါတယ်။

ဇနီးဖြစ်သူက ပထမတော့ ယောက္ခမဖြစ်သူကို ခင်ပွန်းအလိုကျ ပြုစုပါသေးတယ်။ နောက်ဆုံးတော့ ထုံးစံအတိုင်း ပိကျိပိကျိလုပ်လာတော့ တာပါပဲ၊ အဲဒီအချိန်မှာ သားဖြစ်သူကလည်း အာရုံသစ်နဲ့တွေ့လာပြီ ဆိုတော့ အဖြူထည်သက်သက် မဟုတ်တော့ပါဘူး။ အရောင်လေးတွေ ပြောင်းလာ ပါပြီ။ ဒီကြားထဲမှာ သူတို့လင်မယားအတွက် ကလေးမရတာကလည်း အဓိကပြဿနာတစ်ခု ဖြစ်လာပါတယ်။

အဲဒီကလေးမရတဲ့ပြဿနာဟာ နောက်ဆုံး အမေဖြစ်သူဆီ ရောက်လာပါတော့တယ်။ ဇနီးဖြစ်သူရဲ့စွပ်စွဲချက်ကတော့ မင်္ဂလာမရှိတဲ့ ဒီအမေကြီး အိမ်မှာရှိနေလို့ ကလေးမရတာပေါ့။

သားဖြစ်သူကိုယ်တိုင်ကလည်း "အမေရယ် တခြားမှာ သွားနေ ပေးပါ"လို့ တောင်းပန်လာပါတယ်။ အမေလုပ်သူကလည်း သား စိတ်ချမ်းသာ အောင် တခြားအိမ်တစ်အိမ်မှာ အိမ်စေသဘောမျိုးနဲ့သွားနေ ပေးပါတယ်။

တိုက်ဆိုင်ချင်တော့ အမေလုပ်သူထွက်သွားပြီး မကြာခင်မှာဘဲ ဇနီးဖြစ်သူမှာ ကိုယ်ဝန်ရလာပါသတဲ့။ ဒီတော့ ဇနီးဖြစ်သူက "တွေ့တယ် မဟုတ်လား၊ မင်္ဂလာမရှိတဲ့ ရှင့်အမေမရှိတာနဲ့ ကိုယ်ဝန်တန်းရတယ်"လို့ သက်သေထူပါတော့တယ်။ ဇနီးဖြစ်သူက ဒီစကားကို ခင်ပွန်းဖြစ်သူသာ မကဘဲ အိမ်နီးချင်းတွေပါလိုက်ပြောနေပါသတဲ့။

တစ်ဆင့်စကားနဲ့ ဒီသတင်းက အမေလုပ်သူဆီ ရောက်သွားပါ တယ်။ ဒီတော့ အမေလုပ်သူက ဘယ်လိုတွေးသလဲဆိုတော့ "အင်း ...



သူတို့ ပြောတဲ့စကားအတိုင်း ငါ့ကိုနှင်ထုတ်လိုက်လို့ ကိုယ်ဝန်ရတယ် ဆိုရင်တော့ လောကမှာ တရား သေသွားလို့ပဲဖြစ်မယ်။ တကယ်လို့ တရား မသေခဲ့ဘူး ဆိုရင် ငါ့ကိုနှင်ထုတ်လိုက်တဲ့အကုသိုလ်ကံက သူတို့ကို အကျိုးပေးရမှာ၊ အခုတော့ တရား သေသွားပြီ၊ သေသွားတဲ့တရားအတွက် ငါ့အနေနဲ့ ဆွမ်းသွတ်ပေးရမယ်"လို့ အတွေးဖြစ်ပါသတဲ့။

အမေလုပ်သူဟာ သူတွေးဖြစ်တဲ့အတိုင်း သေသွားတဲ့တရား အတွက် ဆွမ်းသွတ်ပေးမယ်ဆိုပြီး သုသာန်မှာသွားပြီး ထမင်းဟင်းချက်ဖို့ ပြင်ဆင်ပါတယ်။ ဘာဖြစ်လို့ သုသာန်မှာသွားပြီး ထမင်းဟင်းချက်တယ် ဆိုတာကို စာထဲမှာပြမထားလို့ မသိရပါဘူး။ သူတို့ခေတ်က ဓလေ့တစ်ခု ဖြစ်ဟန်ထင်ပါတယ်။

သုသာန်မှာ သေသွားတဲ့တရားကို ဆွမ်းသွတ်ပေးဖို့ ထမင်းဟင်း ချက်နေတဲ့ အမေအိုကို သိကြားမင်းက တွေ့သွားပါတယ်။ ဒီတော့ သိကြား မင်းလည်း မနေသာတော့ပါဘူး။

သိကြားမင်းက အမေအိုရှိရာကို ဆင်းလာပြီး သူ့တန်ခိုးအာနုဘော် နဲ့ပဲ အမေဖြစ်သူကို သားဖြစ်သူအိမ် ပြန်ရောက်အောင် စီစဉ်ပေးလိုက်ရပါ တော့သတဲ့။

(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ကစ္စာနီဇာတ်)

တစ်ဆင့်စကား သိရတာပါ။ ကိုယ်တွေ့တော့ မဟုတ်ပါဘူး။ ရိပ်သာတစ်ခုမှာ အဘွားကြီးတစ်ယောက် တရားဝင်နေပါသတဲ့။ တစ်လ ပြည့်တော့ သားသမီးတွေကရောက်လာပြီး နောက်တစ်လဆက်ဝင်ဖို့ ဆွမ်းစရိတ် ငွေလာသွင်းသွားပါသတဲ့။ ဒီလိုနဲ့ တစ်လပြည့်တိုင်းပြည့်တိုင်း ဆွမ်းစရိတ်ငွေ လာလာသွင်းပါသတဲ့။ အဲဒီလိုဆွမ်းစရိတ်ငွေ သွင်းလာ လိုက်တာ တစ်နှစ်ပြည့်ခါနီးရှိလာတော့ ရိပ်သာကလူကြီးတွေက ရိပ်မိ သွားပြီး စည်းမျဉ်းအသစ်တွေ ရေးဆွဲလိုက်ရပါသတဲ့။

နောက်တစ်ဆင့် ထပ်သိရတာကတော့ ဒီရိပ်သာမတိုင်ခင် တခြား ရိပ်သာတွေကိုလည်း အဲဒီလိုလှည့်ပို့ပေးနေတာပါတဲ့။ သူတို့ စီးပွားရေး ကြည့်တော့လည်း တော်တော်လေးပြေလည်ကြပါသတဲ့။

ဒီသတင်းကနားရှိလို့သာကြားရတယ်။ နည်းနည်းမှမကြားချင်သူပို

www.burmeseclassic.com

www.burmeseclassic.com



ရေးလည်းမပြချင်ပါဘူး။ ချစ်စရာကောင်းတဲ့ မြန်မာ့ဓလေ့နဲ့လည်း လုံးဝဆန့်ကျင်ဘက်ပါ။ ဒါမျိုးတွေ တစ်သန်းမှာတစ်ယောက်ပဲရှိပါစေလို့လည်း ဆုတောင်းရပါတယ်။

ကိုယ့်သန္တာန်မှာ ရှိသင့်ရှိထိုက်တဲ့တရား သေသွားပြီဆိုရင် လူ့ဘဝရဲ့ အသက်ရှင်နေထိုင်မှုဟာလည်း ဘာမှ အဓိပ္ပါယ်မရှိတော့ပါဘူး။ ဘဝရဲ့ အသက်ရှင်နေထိုင်မှုမှာ ဓမ္မပါ တွဲပါနေမှ အဓိပ္ပါယ်ရှိတာပါ။

တကယ်တော့ မိဘနှစ်ဦးလုံး ဒါမှမဟုတ် တစ်ဦးဦး အိမ်ဦးခန်းမှာ ရှိနေတာဟာ ကုသိုလ်ထုပ်ကြီးရထားတာနဲ့ အတူတူပါ။

ကိုယ်က ဂါရဝတရားကိုရှေ့တန်းတင်ပြီး ပြုစုလုပ်ကျွေးနေမယ် ဆိုရင် အမူအရာတိုင်း အမူအရာတိုင်း ကုသိုလ်တွေဖြစ်နေတာပါ။

စာထဲမှာ ရှိသေရမယ့်ဂါရဝ(၁၀)ပါးကို ပြထားပါတယ်။ အဲဒီ ဂါရဝ(၁၀)ပါးက –

၁။ ဗုဒ္ဓဂါရဝ၊ ၂။ ဓမ္မဂါရဝ၊ ၃။ သံဃဂါရဝ၊ ၄။ သိက္ခာဂါရဝ၊ ၅။သမာဓိဂါရဝ၊ ၆။ အပ္ပမာဒ ဂါရဝ၊ ၇။ ပဋိသန္ထာရဂါရဝ၊ ၈။ ဟိရီဂါရဝ၊ ၉။ ဩတ္တပ္ပဂါရဝ၊ ၁၀။ အညမညဂါရဝတို့ဖြစ်ပါတယ်။

ဂါရဝ(၁၀)ပါးထဲက ပဋိသန္ထာရဂါရဝအကြောင်းပဲ ရေးပြရအောင် ပါ။ ကျန်တဲ့(၉)ပါးကိုတော့ စာဖတ်သူတွေ ကိုယ့်ဟာကိုယ်ချဲ့ထွင်ပြီး သိနိုင် လောက်ပါတယ်။

"ဆရာဆိုတာ တပည့်ကို အာမိသ–ဓမ္မနှစ်ခုနဲ့ပိတ်ဆို့ထားရမယ်" ဆိုတဲ့စကားကို ငယ်ငယ်က သင်ဖူးပါတယ်။ ပိတ်ဆို့ခြင်းရဲ့ ပါဠိက ပဋိသန္ထာရပါ။ ပဋိသန္ထာရကို ပိတ်ဆို့ခြင်းလို့ မြန်မာပြန်ထားတော့ စကားလုံးက နည်းနည်းမော်ဒန်ဆန်နေသလားမသိပါဘူး၊ ဆိုလိုရင်းကတော့ ကိုယ့်အလိုကျဖြစ်နေအောင် ပစ္စည်းရယ် တရားရယ် နှစ်ခုနဲ့ ချီးမြှောက် ထောက်ပံ့ထားရမယ် ဆိုတာပါပဲ။

အဲဒီတုန်းကတော့ ပဋိသန္ထာရနဲ့ ဂါရဝ(၁၀)ပါး ဘယ်လိုဆက်စပ်နေတယ်ဆိုတာ မသိခဲ့ပါဘူး။ အခုမှ စာနှစ်ခု ယှဉ်ကြည့်ခွင့်ရလို့ သိရတာပါ။

လောကမှာ ဆရာနဲ့တပည့်၊ မိဘနဲ့သားသမီး၊ အလုပ်ရှင်နဲ့ အလုပ်



သမား စသည်ဖြင့် အထက်အောက် အလွှာအတွဲလေးတွေ ရှိပါတယ်။ ဒီအတွဲလေးတွေ အစဉ်သဖြင့် လက်တွဲနေနိုင်ဖို့ အထက်လွှာကလူက အောက်အလွှာကလူကို ပစ္စည်းတရားနှစ်ခုနဲ့ ပိတ်ဆို့ထားရပါတယ်။ အစေ့အစပ် ပြုထားရပါတယ်။ ချီးမြှောက်ထောက်ပံ့ထားရပါတယ်။ အဲဒီလို ချီးမြှောက်ထောက်ပံ့ထားတာကို ပဋိသန္ထာရပြုတယ်လို့ ဆိုပါတယ်။ ပဋိသန္ထာရပြုပေးနေတာကိုပဲ ပဋိသန္ထာရကိုရိုသေနေတယ်လို့ ဆိုလိုပါ တယ်။

အဲဒီမှာ စိတ်ဝင်စားဖို့ကောင်းတာက ပဋိသန္ထာရပြုတဲ့နေရာမှာ ပစ္စည်းဝတ္ထုနဲ့တင်မဟုတ်ဘဲ တရားဓမ္မနဲ့ပါပြုပေးဖို့ ဖွင့်ပြထားတာပါ။

ဥပမာ–ကိုယ်ကအလုပ်ရှင်ဆိုရင် သကြန်တွင်းလို ရက်ရှည် အလုပ်ပိတ်ရက်မျိုးတွေမှာ ဓုပေါင်းဒုလ္လဘရဟန်း ခံပေးတာ၊ ဓုပေါင်း သီလရှင်ဝတ်ပေးတာ၊ ဓုပေါင်းတရားစခန်းဝင်ဖို့ စီစဉ်ပေးတာ၊ နှစ်လ တစ်ခါ သုံးလတစ်ခါလောက် ဆရာတော် သံဃာတော်တွေပင့်ပြီး ဆွမ်းကပ် တရားနာယူစေတာ၊ အခွင့်အခါသင့်တဲ့အခါ စာရေးဆရာတွေ ဖိတ်ပြီး အတွေးအခေါ်မြင့်မားဖို့၊ စာရိတ္တသတ္တိရှိဖို့ ဟောပြောပွဲတွေ ပြုလုပ်ပေးတာ စသည်ဖြင့်ပေါ့။ ဒီအပြုအမူတွေဟာ တစ်ဖက်ကကြည့်ရင် အလုပ်ရှင် အတွက် ကုသိုလ်တွေဖြစ်နေသလို တစ်ဖက်ကကြည့်ပြန်ရင်လည်း ကိုယ့်အလုပ်သမား ကိုယ့်ဆီမှာမြဲနေအောင် စွဲဆောင်စည်းရုံးပြီးသားလည်း ဖြစ်နေပါတယ်။

ဒီခေတ်က ဈေးကွက်စီးပွားရေးခေတ်ဆိုတော့ ပဋိသန္ထာရဂါရဝကို အလုပ်ရှင်တိုင်း အာရုံပြုထားဖို့ ကောင်းပါတယ်။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဆိုတာ ဒါမျိုးကိုပြောတာပါ။

ဘာပဲပြောပြော ဈေးကွက်ဝေစုများများရဖို့ ကြိုးစားနေကြရတဲ့ ကာလမှာ ပဋိသန္ထာရဂါရဝမင်္ဂလာလေးကလည်း တစ်စိတ်တစ်ဒေသ အထောက်အကူ ပြုနေပါလိမ့်မယ်။

အလင်းတန်းဂျာနယ်
၉.၂.၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com





# မင်္ဂလာရတွေ့များ
## ။၂၃။

**နိဝါတောစ ဧတံမင်္ဂလမုတ္တမံ။**
**မိမိကိုယ်ကိုနှိမ့်ချခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**မာနတံခွန် ဂုဏ်မကြွနဲ့၊**
**ကိုယ့်ကိုနှိမ့်ချအမြဲနေ။**

တစ်ခါတုန်းက အရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ ကျောင်းဝင်းထဲမှာ စင်္ကြံကြွလာခဲ့ပါတယ်။ တစ်နေရာရောက်တော့ ခုနစ်နှစ်အရွယ်ကိုရင်ငယ်တစ်ပါးနဲ့တွေ့ပါတယ်။ ကိုရင်ငယ်က အရှင်သာရိပုတ္တရာကို မြင်တော့ လက်အုပ်ကလေး ချီလိုက်ပါတယ်။ လက်အုပ်ချီမှုနဲ့အတူ

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ငယ့်ဆီက အသံတစ်သံ ထွက်လာပါတယ်။

"အရှင်ဘုရား ... သင်္ကန်းဝတ်ထားတာ မညီပါဘုရား အရှင်ဘုရားရဲ့ သင်းပိုင်စွန်းက တွဲလျားကျနေပါတယ်ဘုရား"

ကိုရင်ငယ်ရဲ့လျှောက်ထားသံကြားတော့ အရှင်သာရိပုတ္တရာက ဘာမှခွန်းတုံ့မပြန်သေးဘဲ ကိုရင်ငယ်နဲ့ မလှမ်းမကမ်းတစ်နေရာကိုသွားပြီး မညီမညာဖြစ်နေတဲ့သင်းပိုင်ကို ပြန်ပြင်ဝတ်ပါတယ်။ ပြန်ပြင်ဝတ်ပြီးမှ ကိုရင့်ဆီ ပြန်လာပါတယ်။ ပြီးတော့ လက်အုပ်ကလေးချီလိုက်ပြီး "ကိုရင် ဒီလောက်ဆိုသင့်တော်ပါပြီလားဘုရား"လို့ မေးပါတယ်။

ကိုရင်ကလည်း လက်အုပ်ချီလျက်ပဲ "မှန်ပါဘုရား"လို့ ပြန်လျှောက်လိုက်ပါတယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ အဲဒီနေရာမှာတင် ဥဒါန်းတစ်ခုကို ကျူးလိုက်ပါတယ်။

တဒဟုပဗ္ဗဇိတောသန္တော၊
ဇာတိယာ သတ္တဝဿိကော။
သောပိမံအနုသာသေယျ၊
သမ္ပဋိစ္ဆာမိ မတ္ထကေ။

"ထိုနေ့၌ သင်္ကန်းဝတ်သော အသက်အားဖြင့် ခုနစ်နှစ်သာရှိသော ကိုရင်လေးကပင် သွန်သင်ဆုံးမလာလျှင် ထိုသွန်သင်ဆုံးမမှုကို ဦးခေါင်းထက်မှာ ထားပါ့မယ်"

(သံယုတ်အဋ္ဌကထာ၊ ပထမတွဲ၊ စာမျက်နှာ-၁၁၄)

နိဝါတ=မိမိကိုယ်ကိုနှိမ့်ချခြင်းတဲ့။

မိမိကိုယ်ကိုနှိမ့်ချခြင်းလို့ဆိုတဲ့နေရာမှာ အဓိက အရကောက် ကတော့ စိတ်ကိုနှိမ့်ချရမှာပါ။

နိဝါတမင်္ဂလာအရ မိမိကိုယ်ကိုနှိမ့်ချရမယ်လို့ ဆိုထားပေမယ့် နေရာတကာ တွေ့သမျှလူ ကြုံသမျှကိစ္စတိုင်းကို နှိမ့်ချနေစရာမလိုပါဘူး။ အဓိကကတော့ အမှန်တရားနဲ့ယှဉ်တဲ့နေရာမှာပဲ နှိမ့်ချရမှာပါ။ အမှန်တရားနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အဓမ္မအပေါ်တွေမှာပါ လိုက်လိုက်နှိမ့်ချနေရင် အဓမ္မအပေါ် အားပေးရာ ရောက်နေမှာပါ။



ဒီနေရာမှာ ပညာသင်နေတဲ့လူငယ်တစ်ယောက်မှာတော့ ရှိသင့်ရှိထိုက်တဲ့ မာနကတော့ ရှိကိုရှိရပါ့မယ်။ မာနမရှိရင် ကိုယ်ကကျန်ခဲ့မှာပါ။ ဒါကို ဘယ်လိုဥပမာပေးထားသလဲဆိုတော့ စပါးနှံနဲ့ ဥပမာပေးထားပါတယ်။

စပါးနှံတွေဟာ နို့ရည်တည်ကာစမှာ ထောင်ပြီးမတ်နေတတ်ပါတယ်။ နို့ရည်တည်ပြီး ဆန်စေ့အဖြစ်ရောက်လာတဲ့အခါမှာတော့ စပါးနှံဟာ သူ့အလိုလိုပဲ ငိုက်ကျသွားတတ်ပါတယ်။

ဒီလိုပါပဲ၊ ပညာသင်နေတဲ့လူငယ်တစ်ယောက်ဟာ နို့ရည် တည်ကာစ စပါးနှံလို ထောင်ပြီးမတ်နေရပါ့မယ်။ ရှိသင့်တဲ့မာန ရှိနေရပါ့မယ်။ အဲဒီလို ရှိနေမှလည်း ကိုယ့်ပညာသင်ကြားမှုမှာ အောင်မြင်မှုတွေနဲ့ နီးစပ်မှာပါ။ ကိုယ့်ပညာ သင်ကြားမှုမှာ အထောက်အကူပြုသွားမှာပါ။ ပညာတွေသင်ပြီးလို့ ပညာတတ်သွားပြီး လုပ်ငန်းခွင်ထဲရောက်လာပြီဆိုရင်တော့ ဆန်ဖြစ်သွားတဲ့ စပါးနှံလိုပဲ ငိုက်ကျသွားရမှာပါ။ ကိုယ့်ကိုယ်ကို နှိမ့်ချပြီးသား ဖြစ်နေရမှာပါ။

အဲဒီလိုမှမဟုတ်ဘဲ လုပ်ငန်းခွင်ထဲအထိ ဆက်မတ်နေမယ်ဆိုရင်တော့ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်တော့မှာ မဟုတ်ပါဘူး။ မာနရှိတဲ့သူကို ဘယ်သူကမှ မချစ်ကြသလို အခြေအနေအရ ဆက်ဆံနေရပေမယ့် မဆက်ဆံချင်ကြပါဘူး။ မာနထားတဲ့သူဟာ တဖြည်းဖြည်းနဲ့ မိတ်ကောင်းဆွေကောင်းတွေ ရှားလာတတ်ပါတယ်။ မိတ်ကောင်းဆွေကောင်းတွေ ရှားလာပြီဆိုရင် မိတ်ကောင်းဆွေကောင်းတွေဆီကပဲ ကြားရတတ်တဲ့ တရားဓမ္မတွေလည်း ကြားခွင့်ရတော့မှာ မဟုတ်တော့ပါဘူး။ အကျိုးဆက်တွေက သူ့ဟာနဲ့သူ နွယ်နေတာပါ။

ပညာတတ်တဲ့သူက ပညာကိုအမှီပြုပြီး မာနဖြစ်မယ်။ ရုပ်လှတဲ့သူက ရုပ်ကိုအမှီပြုပြီး မာနဖြစ်မယ်။ အသံကောင်းတဲ့သူက အသံကိုအမှီပြုပြီး မာနဖြစ်မယ်။ ရာထူးရှိတဲ့လူက ရာထူးကိုအမှီပြုပြီး မာနဖြစ်မယ်။ ငွေရှိတဲ့လူက ငွေကိုအမှီပြုပြီး မာနဖြစ်မယ်။ ဂျာနယ်လက်ကိုင်ရှိတဲ့သူက ဂျာနယ်ကို အမှီပြုပြီး မာနဖြစ်မယ်။ ဘာမှမရှိတဲ့သူက ဘာမှမရှိတာကိုအမှီပြုပြီး မာနဖြစ်မယ်။

တကယ်တော့ တွေ့ကြဆုံကြတယ်ဆိုတာကလည်း ကာလအခိုက်အတန့်လေးပါ။ နေရာဌာနတစ်ခုမှာ တစ်သက်လုံး တွေ့နေကြရမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ တရားသဘောနဲ့ ကြည့်ပြန်ရင်လည်း တစ်နေ့ သေကြရမှာပါ။ မသေခင်ကာလလေးမှာ ကိုယ့်မှာရှိတဲ့ ပညာ၊ ငွေ၊ ရာထူး၊ အောင်မြင်မှုစတဲ့ စွမ်းအင်တစ်ခုခုကို အမှီပြုပြီး ကိုယ့်ဝန်းကျင်အတွက် စွမ်းနိုင်သလောက် ကျေးဇူးပြုပေးနိုင်ဖို့ပဲ အရေးကြီးပါတယ်။

အတိတ်ကံအလျောက် ကိုယ့်မှာ စွမ်းအင်တစ်ခုခုရှိနေတယ်။ အဲဒီ စွမ်းအင်နဲ့ ကိုယ့်ဝန်းကျင်ကို စွမ်းနိုင်သလောက်လေး ကျေးဇူးပြုပေးနေတယ်။ တကယ်လို့များ စိတ်ညစ်တဲ့အခါမျိုးလေးတွေမှာ ကိုယ်ကျေးဇူး ပြုပေးခဲ့တာလေးကို အာရုံပြုလိုက်ရင် ချက်ချင်း စိတ်ချမ်းသာမှုတွေ ဝင်လာမှာပါ။

ဥပမာ–ကိုယ့်မှာ ဂျာနယ်မဂ္ဂဇင်းတွေ လက်ကိုင်ရှိနေတယ်။ ခန္ဓာရှိနေတဲ့အတွက် စားဝတ်နေရေးအတွက် ငွေရှာတာပဲ၊ ဘာဖြစ်လဲ၊ သဘာဝတစ်ခုမို့ ဘာမှလိပ်ပြာငယ်စရာမလိုပါဘူး။ ကိုယ့်ဂျာနယ်မဂ္ဂဇင်းရဲ့ အောင်မြင်မှုကို အမှီပြုပြီး အားယူပြီး ပရဟိတလေးတွေပါ ပါအောင် တွဲတွဲပြီး လုပ်သွားနိုင်ဖို့ပဲ အရေးကြီးပါတယ်။

လောကကြီးမှာ လိုအပ်နေတဲ့နေရာတွေ အများကြီးရှိပါတယ်။ ပြီးတော့ လူတစ်ယောက်ချင်းစီမှာလည်း စွမ်းအင်သတ္တိလေးတွေ ကိုယ်စီရှိနေကြပါတယ်။ ကိုယ့်ရဲ့စွမ်းအင်သတ္တိလေးတွေကို အသုံးချပြီး ပရဟိတလေးတွေပါ တွဲတွဲ လုပ်သွားဖို့ပါ။

ဆရာပါရဂူက လူတစ်ယောက်ရဲ့တန်ဘိုးကို တိုင်းတာတဲ့နေရာမှာ သူပရဟိတ ဘယ်လောက်အထိလုပ်သလဲဆိုတဲ့ ပေတံနဲ့ တိုင်းတာတယ်ဆိုတဲ့အကြောင်း ရေးထားတာဖတ်ရဖူးပါတယ်။

ကျန်တဲ့သူတွေတော့ မပြောတတ်ပါဘူး။ စာရေးသူကတော့ ဂျာနယ်မဂ္ဂဇင်းတွေမှာ ပရဟိတသတင်းလေးတွေ ပါလာပြီဆိုရင် ရင်ထဲကို ဆို့ဆို့သွားတာပါပဲ။ သက်ဆိုင်ရာအယ်ဒီတာတွေကိုလည်း လေးစားလို့ မဆုံးပါဘူး။ ဒီအပြုအမူအားလုံးဟာ ကံတွေပါ။ ပရဟိတတစ်ခုပြုပြီးတိုင်း ကံတစ်ခုမြောက်သွားတာဆိုတော့ ကောင်းကံလေးတွေစုပြီးသားလည်း ဖြစ်သွားပါတယ်။

အားတဲ့အချိန်လေးတွေမှာ ကိုယ်ပြုခဲ့တဲ့ ဒါမှမဟုတ် ကိုယ်တိုက်တွန်းပေးခဲ့တဲ့ ပရဟိတလေးတွေကို တွေးပြီး ဆင်ခြင်နေမယ်ဆိုရင်



လည်း အနုသာသတိ(၁၀)ပါးထဲက ပြုခဲ့တဲ့ဒါနကုသိုလ်ကိုပြန်အောက်မေ့တဲ့ စာဂါနုဿတိကုသိုလ်ဖြစ်နေတာပါ။ နောက်ဆုံးသေခါနီးမှာ ကိုယ်ပြုခဲ့တဲ့ ပရဟိတကံလေးတွေကို အာရုံပြုပြီးသေသွားမယ်ဆိုရင်တောင် ကောင်းရာသုဂတိကို ရောက်မှာပါ။


လူတိုင်းမှာ စွမ်းအင်သတ္တိလေးတွေကိုယ်စီ ရှိနေကြတာ ဖြစ်လေတော့ အဲဒီစွမ်းအင်သတ္တိလေးတွေကို အမှီပြုပြီး မာနတွေဖြစ်မနေဘဲ ကိုယ့်ဝန်းကျင်အတွက် စွမ်းနိုင်သလောက်လေး ကျေးဇူးပြုသွားနိုင်မယ် ဆိုရင်ဖြင့် .....။

အလင်းတန်းဂျာနယ်

၂၃-၂-၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com





# မင်္ဂလာစကားများ

။၂၄။

သန္တုဋ္ဌီ စ ေတာ်မင်္ဂလမုတ္တမံ။
ရောင့်ရဲလွယ်ခြင်းသည် မြတ်သော
မင်္ဂလာမည်၏။
လောဘအပို လိုမလိုက်နဲ့၊
ကိုယ်ထိုက်တာနဲ့ကျေနပ်လေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက သီဟိုဠ်ကျွန်းမှာ ဓမ္မကတိသဿဆိုတဲ့ မင်းကြီးတစ်ပါး ရှိခဲ့ဖူးပါတယ်။ တစ်နေ့တော့မင်းကြီး ရာဇပလ္လင်ပေါ်မှာ ထိုင်နေတုန်း ခါသားကင်သုံးကောင် လာဆက်ကပ်ပါတယ်။ အဲဒီခါသားကင်က မင်းကြီး နားကိုက်ရောဂါ ခံစားနေရတဲ့အတွက် သီလစင်ကြယ်တဲ့သူ တစ်ယောက်က ပုံသကူသားအဖြစ် အပ်အပ်စပ်စပ် စီစဉ်ပေးထားတဲ့ ခါသားကင်ပါ။

မင်းကြီးက ခါသားကင်ကို တစ်ဖွဲ့ ဖွဲ့ပြီး စားလိုက်စဉ်မှာပဲ ရှေ့ဆက် မစားဝံ့အောင် ဖြစ်သွားပါတယ်။ တခြားကြောင့်တော့ မဟုတ်ပါဘူး။ လှူနေကျ သံဃာတော်တွေကို သတိရသွားလို့ပါ။ ဒါကြောင့် ရှေ့ဆက် မစားတော့ပါဘူး၊ ခါသားကင်သုံးကောင်ကို သိမ်းထားခိုင်းလိုက်ပါတယ်။

ဆွမ်းခံချိန်ရောက်လာတော့ ကြွလာနေကျရဟန်းတော်တစ်ပါး ကြွလာပါတယ်။ ရဟန်းတော်ရဲ့နောက်မှာ တောထွက်ရဟန်းကြီးတစ်ပါး လည်း ကပ်ပါလာပါတယ်။ မင်းကြီးက ရဟန်းတော်နဲ့ တောထွက်ရဟန်း ကြီးကို ခါသားကင် တစ်ကောင်စီ လှူလိုက်ပါတယ်။ ရဟန်းတော်ကော တောထွက်ရဟန်းကြီးကော နေရာမှာတင် ထိုင်ဘုဉ်းပေးကြပါတယ်။

တစ်ဝက်လောက်ရောက်တော့ မင်းကြီးက သူစားဖို့ ရည်ရွယ်ထားတဲ့ ကျန်ရှိနေတဲ့ခါသားကင်တစ်ကောင်ကို လိုက်ပွဲအဖြစ် ရဟန်းတော်ကို ကပ်ပါတယ်။ ဒါပေမယ့် ရဟန်းတော်က လက်ကာပြီး တားလိုက်ပါတယ်။

တောထွက်ရဟန်းကြီးကိုကပ်တဲ့အခါမှာတော့ တောထွက်ရဟန်း ကြီးက ယူပြီး တစ်ခါတည်း အကုန်ဘုဉ်းပေးပစ်လိုက်ပါတယ်။ မင်းကြီး လည်း သူ့နားရောဂါအတွက် စားဖို့ရည်ရွယ်ထားတဲ့ ခါသားကင် မစားလိုက် ရတော့ စိတ်နှလုံးမသာမယာ ဖြစ်သွားပါတယ်။

ဆွမ်းစားခြင်းကိစ္စပြီးလို့ ပြန်ကြွမယ်လုပ်တော့ မင်းကြီးက ရဟန်းတော်အနားကပ်သွားပြီး

"အရှင်ဘုရား…နောက်တစ်ခါကြွရင် အလိုက်သိတဲ့ နောက်လိုက် ရဟန်းကို ခေါ်ခဲ့ပါဘုရား"လို့ တိုးတိုးလေးကပ်မှာ လိုက်ပါတယ်။

တကယ်တော့ ရဟန်းတော်က တောထွက်ရဟန်းကြီးကို မင်းကြီး ပင့်ထားတဲ့ရဟန်းလို့ ထင်နေသလို မင်းကြီးကလည်း တောထွက်ရဟန်း ကြီးကို ရဟန်းတော်ရဲ့နောက်လိုက်ရဟန်းလို့ ထင်နေတာပါ။ ဒါပေမယ့်



ရဟန်းတော်က တောထွက်ရဟန်းကြီး မင်းပြစ်မင်းဒဏ်သင့်မှာစိုးလို့ အသာငြိမ်နေလိုက်ပါတယ်။

နောက်တစ်နေ့ ဆွမ်းခံကြွတဲ့အခါမှာတော့ ရဟန်းတော်က ကိုရင်ငယ်တစ်ပါးကို နောက်လိုက်အဖြစ် ခေါ်ခဲ့ပါတယ်။

နန်းတော်ရောက်တဲ့အခါ မင်းကြီးက ယာဂုနဲ့ ခါသားကင် တစ်ကောင်ကို ရဟန်းတော်ကို အရင်ကပ်လိုက်ပါတယ်။ နောက် ကိုရင်ကို ကပ်တဲ့အခါမှာတော့ ကိုရင်က တစ်ဝက်သာကပ်ဖို့ လက်အမူအရာနဲ့ ပြပါ တယ်။

တစ်အောင့်လောက်ကြာတော့ မင်းကြီးက ရဟန်းတော်ကို လိုက်ပွဲ အဖြစ် ခါသားကင် ကပ်ပြန်ပါတယ်။ရဟန်းတော်က လက်ကာပြီး တားလိုက် ပါတယ်။ နောက် ကိုရင်ကို ကပ်ပြန်တော့ ကိုရင်ကလည်း လက်ကာပြီး တားလိုက်ပါတယ်။

မင်းကြီးလည်း မိမိစားချင်လှတဲ့ခါသားကင်ကို ရဟန်းတော်တွေကို ဦးစွာကပ်လိုက်ရတဲ့အတွက် တော်တော်လေး စိတ်ချမ်းသာသွားပါတယ်။ ဒါကြောင့် ရဟန်းတော်တွေနဲ့ မလှမ်းမကမ်းမှာထိုင်ပြီး

"အင်း … အလိုက်သိတတ်တဲ့ ရဟန်းတော်တွေ တွေ့ရတော့လည်း ငါစားချင်တဲ့ ခါသားကင်ကို စားခွင့်ရတော့ဟာပဲ"လို့ ပြောရင်း ခါသားကင်ကို စားလိုက်တာ စားနေဆဲမှာပဲ နားထဲက ပြည်ပုပ်တွေ ထွက်ကျလာပြီး နားရောဂါလည်း တစ်ခါတည်း ပျောက်သွားပါတော့တယ်။

မင်းကြီးက ကိုရင်ကို ကြည်ညိုသွားပြီး "ကိုရင့်ကို နေ့စဉ် ဆွမ်းရှစ်ပွဲ လှူပါတယ်"လို့ ဖိတ်လိုက်ပါတယ်။ကိုရင်ကလည်း "အဲဒီ ဆွမ်းရှစ်ပွဲကို ဥပဇ္ဈာယ်ဆရာတော်ကို လှူပါတယ်"လို့ ပြန်ပြောလိုက်ပါတယ်။ နောက် မင်းကြီးက ဆွမ်းအုပ်တွေ ဆင့်ကဲဆင့်ကဲလှူပေမယ့် ကိုရင်က ဆရာတွေချည်း လှူပစ်ပါတယ်။ ငါးခုမြောက်ကျမှပဲ မိမိအတွက် အလှူခံလိုက်ပါတော့တယ်။

**(သံယုတ်အဋ္ဌကထာ၊ တတိယတွဲ၊ ရထောပမသုတ်၊ စာမျက်နှာ–၆၉၊၇၀၊၇၁)**

သန္တုဋ္ဌိကို ပုဒ်ခွဲပြီး မြန်မာပြန်ရင် သ=မိမိမှာရှိနေတဲ့ဥစ္စာနဲ့၊ တုဋ္ဌိ=နှစ်သက်ခြင်း ရောင့်ရဲခြင်းလို့ ပြန်ရပါမယ်။ လိုရင်းကတော့ ရောင့်ရဲ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းပါ။

ဒီတော့ စီးပွားရှာတဲ့အခါ၊ ပညာရှာတဲ့အခါမှာ "ဒီလောက်ဆို တော်ရောပေါ့"ဆိုပြီး သန္တုဋ္ဌိလုပ်လိုက်ရမလားလို့ မေးစရာရှိပါတယ်။ အဲဒီအပြုအမူဟာ သန္တုဋ္ဌိ မဟုတ်ပါဘူး။ ဝီရိယမရှိတာနဲ့ ပျင်းရိတာပါ။

ခန္ဓာရှိနေတဲ့အတွက် မိသားစုရှိနေတဲ့အတွက် ပညာကော စီးပွားရေးကော ကြိုးကြိုးစားစား ရှာရပါမယ်။ တစ်နေ့တာရှာလို့ တစ်ထောင်ရလာရင် ငါးရာကို မိသားစုအတွက်သုံးပြီး ကျန်ငါးရာကို စုထားလိုက်တာကိုမှ သန္တုဋ္ဌိ လို့ ခေါ်ပါတယ်။

တရားတဲ့နည်းနဲ့ရှာတဲ့ အလုပ်မှန်သမျှ ဝီရိယကို လျှော့မချရပါဘူး။ တရားတဲ့နည်းနဲ့ရှာနေသမျှ ကာလပတ်လုံး သန္တုဋ္ဌိလို့ခေါ်ပါတယ်။ တရားတဲ့ နည်းနဲ့ရှာနေသမျှ ကာလပတ်လုံး သန္တုဋ္ဌိမပျက်ပါဘူး။ မတရားတဲ့နည်းတွေ ပါလာမှသာ သန္တုဋ္ဌိ ပျက်သွားတာပါ။

ဒါကြောင့်ဥဒါန်းအဋ္ဌကထာ(၂၀၇)မှာ –

မတရားတဲ့နည်းနဲ့ ပစ္စည်းရမှုကို ပယ်စွန့်ပြီး တရားတဲ့နည်းနဲ့ ပစ္စည်း ရမှုကို နှစ်သက်ခြင်း တရားသဖြင့် ရတဲ့ပစ္စည်းတွေကို နှစ်သက်ခြင်းကိုလည်း သန္တုဋ္ဌိလို့ခေါ်ကြောင်း ဖွင့်ပြထားပါတယ်။

သန္တုဋ္ဌိနဲ့ပရိယာယ်တူ ပါဠိတစ်ခုရှိပါသေးတယ်။ အဲဒါကတော့ သန္တောသဆိုတဲ့ ပါဠိပါ။

စာထဲမှာ သန္တောသသုံးမျိုးကို ပြထားပါတယ်။

သန္တောသ သုံးမျိုး ဆိုတာက –

၁။ ယထာလာဘသန္တောသ=ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ ရရသမျှသောပစ္စည်းတို့ဖြင့် ရောင့်ရဲခြင်း။

၂။ ယထာဗလသန္တောသ=မိမိရရှိထားသော ပစ္စည်းများထဲမှ မိမိ ကျန်းမာရေးကို ချင့်ချိန်ပြီး စားသင့်သည့်အစားအစာ၊ ဝတ်သင့်သည့်အဝတ် စသည်တို့ကို ရွေးချယ်သုံးဆောင်၍ ရောင့်ရဲခြင်း။

၃။ ယထာသာရုပ္ပသန္တောသ = မိမိရရှိထားသောပစ္စည်းထဲမှ ကောင်းနိုးရာရာဟူသမျှကို ပရဟိတအတွက် အသုံးချ၍ မိမိကတော့ သင့်တင့်သော ခပ်ညံ့ညံ့ပစ္စည်းများကိုသာ သုံးဆောင်၍ ရောင့်ရဲခြင်းတို့



ဖြစ်ပါတယ်။

နံပါတ်(၂)သန္တောသက ကျန်းမာရေးကို သတိပေးထားတာဖြစ်ပြီး နံပါတ်(၃)သန္တောသကတော့ ပရဟိတကို မမေ့ဖို့သတိပေးထားတာပါ။ မြတ်စွာဘုရားက ပရဟိတလုပ်တဲ့နေရာမှာလည်း ကိုယ်က ခပ်ညံ့ညံ့ကိုပဲ သုံးဆောင်ပြီး ပရဟိတအတွက်တော့ ကောင်းနိုးရာရာတွေကိုသာ သုံးစွဲပေး ဖို့ ကရုဏာတော်နဲ့ လမ်းညွှန်တော်မူခဲ့တာပါပဲ။

ပစ္စည်းဝတ္ထုတွေကို နေ့စဉ်နဲ့အမျှ သုံးစွဲနေကြရတာဆိုတော့ ကိုယ့်ရဲ့ သုံးစွဲမှုဟာ သန္တောသပါရဲ့လား၊ ပါတယ်ဆိုရင်လည်း ဘယ်လို သန္တောသမျိုး ပါတာလဲ၊ နံပါတ်(၃)သန္တောသမျိုးအထိ ပါနိုင်ပြီလားဆိုတာ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်သင့်ပါတယ်။

မျက်မှောက်ပစ္စုပ္ပန်ဘဝမှာ ရုပ်ရည်, ပညာ, ဥစ္စာ, ရာထူး စသည် တွေ ပြည့်စုံရုံတင်မကဘဲ ဘဝမှာ ဘာလုပ်လုပ် ပထမနေရာကိုပဲ ရောက်ကြ ရသူတွေ ရှိပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ အတိတ် အတိတ်ဘဝတွေက တတိယသန္တောသကို ဦးထိပ်ထားဖြည့်ဆည်းခဲ့ကြလို့ပါ။ လူငယ်စကားနဲ့ ပြောရရင်တော့ ရှယ်တွေပဲ ရွေးလှူခဲ့လို့ ဒီဘဝမှာ ရှယ်တွေပဲစုပြီး အကျိုး ပေးနေတာပါ။ ဒီတော့ ကိုယ်က နောက်ဘဝမှာ ရှယ်အကျိုးပေးခံချင်တယ် ဆိုရင်တော့ ရှယ်ပစ္စည်းဝတ္ထုတွေပဲ ရွေးရွေးလှူဖြစ်ဖို့ပါ။ စာလိုပြောရင်တော့ တတိယသန္တောသကို ဖြည့်ကျင့်ဖို့ပါပဲ။

သန္တောသအကြောင်းပြောရင် သန္တောသရဲ့ဆန့်ကျင်ဘက်ကိုပါ ထည့်ပြောမှ ပြည့်စုံမှာပါ။ သန္တောသရဲ့ ဆန့်ကျင်ဘက်တွေကတော့

၁။ ပါပိစ္ဆာ၊

၂။ မဟိစ္ဆာ၊

၃။ အတြိစ္ဆာတို့ပါပဲ။

ပါပိစ္ဆာဆိုတာက=မိမိမှာ သီလသမာဓိ စတဲ့ဂုဏ် မရှိဘဲနဲ့ ရှိသယောင် ဟန်ဆောင်လိုတာ၊ ဟန်ဆောင်ချင်တာပါ။

မဟိစ္ဆာဆိုတာက=မိမိမှာ သီလသမာဓိစတဲ့ဂုဏ် နည်းနည်းပဲ ရှိတာကို များများရှိသယောင် ဟန်ဆောင်လိုတာ၊ ဟန်ဆောင်ချင်တာပါ။

အတြိစ္ဆာဆိုတာက=မိမိရရှိတဲ့ပစ္စည်းဝတ္ထုကို အကောင်းမထင်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးရရှိတာကိုပဲ အကောင်းထင်နေတတ်တာပါ။

သုံးခုလုံးဟာ အလိုဆိုးချည်းပါပဲ။ အလိုဆိုးရှိတဲ့သူဟာ သန္တောသ မဖြစ်သလို သန္တောသရှိတဲ့သူဟာလည်း အလိုဆိုးမဖြစ်ပါဘူး။

ရောင့်ရဲခြင်းဟာ ရုပ်လှကြောင်းလို့လည်း ဓမ္မာဆိုထားပါတယ်။

ဘုရားအလောင်း တေမိမင်းသားဘ၀ တောထဲမှာ တစ်ပါးတည်း ရှိနေစဉ် ကာလမှာ ရုပ်ရည်အဆင်းတွေက နန်းတော်ထဲမှာ နေတာထက် ပိုလှနေပါတယ်။ ဒါကိုတွေ့တဲ့ ခမည်းတော်မင်းကြီးက

"ချစ်သား ... နန်းတော်ထဲမှာ အစားကောင်း အသောက်ကောင်းတွေ စားနေရတုန်းက ဒီလောက်မလှဘူး။ တောထဲမှာ တစ်ပါးတည်းနေပြီး အချက် အပြုတ် အကြော် ကင်းတဲ့ သစ်သီးသစ်ရွက်တွေပဲ စားနေရပြီး ဘာဖြစ်လို့ ရုပ်ရည်အဆင်းတွေက ပိုလှနေရတာလဲ"လို့ မေးတော့ ဘုရားအလောင်း တေမိမင်းသားက –

အတီတံနာနုသောစာမိ၊
နပ္ပဇပ္ပါမိနာဂတံ။
ပစ္စုပ္ပန္နေနယာပေမိ၊
တေနဝဏ္ဏောပသီဒတိ။

(ဇာတ်၊ ၅၊ ဆဌတွဲ၊ နှာ ၃၁)

"ခမည်းတော်...ကျွန်တော်ဟာ ဖြစ်ခဲ့ဖူးတဲ့ စည်းစိမ်ကို ပြန် တောင့်တပြီး ပူပန်မနေပါ။ မဖြစ်သေးတဲ့စည်းစိမ်ကိုလည်း တောင့်တ မျှော်လင့်မနေပါ။ ယခု ပစ္စုပ္ပန်ကာလမှာ ရနေတဲ့ စည်းစိမ်လာဘ်လာဘနဲ့ပဲ ရောင့်ရဲနေပါတယ်။ အဲဒီလိုရောင့်ရဲနေတဲ့အတွက် သားတော်ရဲ့အဆင်းဟာ ယခင်ကထက်ပိုလှနေတာပါ"လို့ ပြန်ပြောလိုက်ပါတယ်။

ခေတ်ကာလအလျောက် ပစ္စည်းဆန်းတွေကတော့ ဆင့်ကဲဆင့်ကဲ ပေါ်နေကြမှာပဲ။ တချို့ပစ္စည်းဆန်းတွေကိုတော့ အလုပ်တစ်ခုလို ဒါမှမဟုတ် မင်္ဂလာတစ်ခုလိုကို သဘောထားပြီး ရောင့်ရဲလိုက်ရပါတယ်။ ပြီးတော့ ပစ္စည်းဆန်းကို ဝယ်လို့ကုန်ကျမယ့်ငွေကို လောကအတွက် လိုအပ်နေမယ့် နေရာကို မျက်စိမှိတ်လှူပစ်ရပါတယ်။ အဲဒီအတွက် ပြန်ရတဲ့ပီတိက ဘာနဲ့မှမလဲနိုင်ပါဘူး။ အလုပ်တစ်ခုလို ပြုပြုသွားရင် စွဲသွားပါလိမ့်မယ်။




ဘာပဲပြောပြော သံသရာရဲ့ဘ၀တစ်ခုမှာ ပထမနေရာလေးကို ရဖူး လိုက်ချင်တယ်ဆိုရင်တော့ တတိယ သန္တောသလေးကို သတိရလိုက်ဖို့ပါပဲ လေ။

အလင်းတန်းရှာနယ်
၁.၃.၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com



# မင်းသားရွေးများ ။၂၀။

**ကတည္တာ တော်မင်္ဂလမုတ္တမ်။**
**ပြုရဲ့ဖူးသည့် ကျေးဇူးကိုသိခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး၊**
**အထူးသိတတ်စေ။**

တစ်ခါတုန်းက ပဉ္စသိခနတ်သားဟာ ဂန္ဓဗ္ဗနတ်မင်းကြီးရဲ့သမီး သူရိယဝစ္ဆသာဆိုတဲ့ နတ်သမီးလေးကို တစ်ဖက်သတ်ချစ်နေခဲ့ပါတယ်။ ဒါပေမယ့် သူရိယဝစ္ဆသာနတ်သမီးလေးက ပဉ္စသိခနတ်သားကို လုံးဝ ပြန်မချစ်ပါဘူး။ နတ်သမီးလေးချစ်နေတဲ့နတ်သားက ရထားထိန်းမာတလိရဲ့သား သိခဏ္ဍီဆိုတဲ့ နတ်သားလေးကိုပါ။

ပဉ္စသိခနတ်သားက အနုပညာသမားဆိုတော့ သူခံစားနေရတာတွေကို ဒီအတိုင်းမထားပါဘူး။ ခံစားမှုတွေကိုပဲ အရင်းတည်ပြီး သီချင်း (၁၄)ပုဒ်တိတိ ရေးပစ်လိုက်ပါတယ်။ သီချင်းရေးပြီးတဲ့အခါကျတော့ ပဉ္စသိခနတ်သားက သူ့ရဲ့လက်စွဲတော် ဗေဠုဝပဏ္ဍုဆိုတဲ့ နတ်စောင်းကြီးကို ယူပြီး သူရိယဝစ္ဆသာနတ်သမီးလေးနေတဲ့ဗိမာန်နားကို ထွက်ခဲ့ပါတယ်။ ဗိမာန်နားရောက်တော့ နတ်သမီးလေးကြားလောက်မယ့်နေရာကို ရွေးချယ်ပြီး သူရေးခဲ့တဲ့ သီချင်း(၁၄)ပုဒ်တိတိကို ဆိုတော့တာပါပဲ။

ပဉ္စသိခနတ်သားဆိုခဲ့တဲ့ သီချင်း(၁၄)ပုဒ်ထဲက နှစ်ပုဒ်လောက်ကို မြည်းကြည့်ပါဦး–

*ချစ်နှမသူရိယဝစ္ဆသာ...ချွေးထွက်နေသူတို့သည် လေနုအေးကို နှစ်သက်သကဲ့သို့ ရေငတ်နေသူတို့သည် ရေအေးကို နှစ်သက်သကဲ့သို့ ရဟန္တာအရှင်မြတ်တို့သည် လောကုတ္တရာတရားကို နှစ်သက်သကဲ့သို့ ငါကလည်း သင်နတ်သမီးကို နှစ်သက်လျက်ရှိပါတယ်။*

*ချစ်နှမသူရိယဝစ္ဆသာ...မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်သို့ ရောက်၍ ဝမ်းမြောက်ရသကဲ့သို့ ငါကလည်း သင်ချစ်နှမကို ရပါက*

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာရပါလိမ့်မယ်။

ပဥ္စသိခနတ်သားက သူ့ခံစားချက်တွေကို သီးသန့်မရေးဘဲ ဘုရားရဟန္တာတွေကိုပါ တိုင်တည်ပြီး ရေးသွားတာပါ။

ပဥ္စသိခနတ်သား သူရိယဝစ္ဆသာနတ်သမီးဗိမာန်နားကို သီချင်းသွားဆိုတဲ့ အချိန်ဟာ မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ကိုရပြီး ဘုရားဖြစ်ခါစ ကာလလည်း ဖြစ်ပါတယ်။

ဒီလိုနဲ့ ကာလတစ်ခုကြာလာတဲ့အခါမှာတော့ သိကြားမင်းမှာ အကြီးအကျယ် စိတ်ဆင်းရဲစရာကိစ္စကြီးတစ်ခုနဲ့ ကြုံလာရပါတယ်။ ကြုံလာတဲ့ကိစ္စကြီးကတော့ (၇)ရက်ကြာရင် နတ်သက်ကြွေပြီး သေရတော့မှာပါ။

စိတ်ဆင်းရဲစရာကြီးနဲ့ ကြုံတွေ့နေရတဲ့ သိကြားမင်း ပထမဆုံး သတိရလိုက်တာက မြတ်စွာဘုရားပါ။ ဒါပေမယ့် သူတစ်ယောက်ထဲ မြတ်စွာဘုရားဆီ မသွားရဲပါဘူး။ ဒါကြောင့် ပဥ္စသိခနတ်သားကို အဖော်အဖြစ် ခေါ်ရပါတယ်။ ပဥ္စသိခနတ်သားကလည်း လက်ချည်းသက်သက် လိုက်မလာပါဘူး။ သူ့ရဲ့လက်စွဲတော် ဗေဠုဝပဏ္ဍုဆိုတဲ့ နတ်စောင်းကြီးကိုပါ တစ်ပါတည်း ယူခဲ့ပြန်ပါတယ်။ မြတ်စွာဘုရား သီတင်းသုံးတဲ့နေရာ ရောက်တော့လည်း သိကြားမင်းက အရင်မဝင်ရဲပြန်ပါဘူး။ ဒါကြောင့် ပဥ္စသိခနတ်သားကိုပဲ အရင်ဝင်ခိုင်းရပြန်ပါတယ်။

ပဥ္စသိခနတ်သားကလည်း မြတ်စွာဘုရားဆီ ချက်ချင်း တန်းမဝင်သေးဘဲ မြတ်စွာဘုရားနဲ့မလှမ်းမကမ်းမှာ ထိုင်ပြီး သူဆိုနေကျသီချင်း (၁၄)ပုဒ်ကို ပါလာတဲ့နတ်စောင်းကြီး တီးခတ်ပြီး ဆိုတော့တာပါပဲ။

သီချင်းဆုံးသွားတော့ မြတ်စွာဘုရားကပဲ ပဥ္စသိခနတ်သားကို စနှုတ်ဆက်ပါတယ်။ ပြီးတော့ မြတ်စွာဘုရားက "ပဥ္စသိခနတ်သား ... သင့်ရဲ့စောင်းသံဟာ သီချင်းသံနဲ့ကိုက်ညီသလို သီချင်းသံကလည်း စောင်းသံနဲ့ ကိုက်ညီလှပါတယ်၊ သင် ဒီသီချင်းတွေကို ဘယ်တုန်းက ရေးထားတာလဲ"လို့ ချီးကျူးရင်း မေးလိုက်ပါတယ်။

ပဥ္စသိခနတ်သားကလည်း သူ့ခံစားချက်တွေကို ရင်ဖွင့်ချင် နေတာနဲ့ အတော်ဖြစ်သွားပြီး မြတ်စွာဘုရားကို အစအဆုံး ရင်ဖွင့်ပြတော့ တာပါပဲ။



ရင်ဖွင့်ရင်းနဲ့ နောက်မှာပါလာတဲ့ သိကြားမင်းကိုတောင် သတိမရတော့ပါဘူး။ ဒီတော့ သိကြားမင်းက "ဟော့ကောင် ငါ့ကိစ္စကိုလည်း လျှောက်ဦးကွ" လို့ လှမ်းသတိပေးရပါတော့တယ်။ ပဥ္စသိခနတ်သားလည်း သိကြားမင်း သတိပေးလိုက်မှ မြတ်စွာဘုရားကို လာရင်းကိစ္စလျှောက်ပြဖြစ်ပါတယ်။

နောက်ဆုံးတော့ မြတ်စွာဘုရားက သိကြားမင်းကို တရားဟော ပေးလိုက်တာ တရားနာနေဆဲမှာပဲ သိကြားအသစ် ပြန်ဖြစ်ပြီး သောတာပန် တည်သွားပါတယ်။

ဒီတော့ သိကြားမင်းက ပဥ္စသိခကို မေးခွန်းတစ်ခု မေးလိုက်ပါတယ်။

"ပဥ္စသိခရေ...သင့်ရဲ့ကျေးဇူး များလှတယ်၊ ဘာလိုချင်လဲ"

ပဥ္စသိခနတ်သားက ပြုံးစိစိနဲ့ ပြန်ဖြေပါတယ်။

"အရှင်သိကြားမင်းကလည်း သိသားနဲ့"

နောက်ဆုံးတော့ သိကြားမင်းက ကျေးဇူးကို အာရုံပြုပြီး သူ့ရဲ့ သိကြားမင်းအာဏာနဲ့ပဲ ပဥ္စသိခနတ်သားကို သူရိယဝစ္ဆသာနတ်သမီး လေးနဲ့ ပေးစားလိုက်ပါတော့သတဲ့။

(သုတ်မဟာဝါပါဠိတော်၊ သက္ကပဉှသုတ်)

သူတို့နတ်ပြည်မှာလည်း အဲဒီလို အချစ်ဇာတ်လမ်းလေးတွေက ရှိနေတာပါပဲ။ သိကြားမင်းရဲ့ ကျေးဇူးဆပ်နည်းကို တခြားသူတွေက သဘောမကျချင်နေမယ် ပဥ္စသိခနတ်သားကတော့ သဘောကျလို့ ဆုံးမှာ မဟုတ်ပါဘူး။ ပြီးတော့ တန်ပြန်အနေနဲ့ ကျေးဇူးလည်း ပြန်တင်ဖြစ်နေဦး မှာပါ။

❖ ❖ ❖ ❖ ❖

တစ်ခါတလေတော့လည်း ဘာရယ်တော့ မဟုတ်ပါဘူး။ အိပ်ရာပေါ် လှဲရင်း ကိုယ့်ဘဝကိုယ် ပြန်စဉ်းစားနေမိပါတယ်။ လောကီသဘောအရ အချမ်းသာကြီး အပြည့်စုံကြီးမဟုတ်တောင် သူ့အတိုင်းအတာလေးနဲ့သူတော့ တည်တည်ငြိမ်လေး ဖြစ်နေတာလေးကို တွေးမိပါတယ်။ ပြီးတော့ ဒီအခြေအနေလေးရအောင် ဝန်းကျင်မျိုးစုံက အနေအထားမျိုးစုံနဲ့ ကျေးဇူးပြုခဲ့လို့ပဲ လို့လည်း ဆက်တွေးဖြစ်ပါတယ်။ တွေးရင်းနဲ့ ကိုယ့်ဝန်းကျင်က ကိုယ့်ကို ကျေးဇူးပြုခဲ့ပုံ ပုံရိပ်လေးတွေကို မြင်လို့ရသလောက် မြင်ကြည့်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိသလောက်လေးတော့ ပုံရိပ်ကလေးတွေ ရိပ်ရိပ်ရိပ်ရိပ်နဲ့ ပေါ်လာတတ်ပါတယ်။

ပုံရိပ်အဖြစ် ပုံဖေါ်လို့မရတာလေးတွေ၊ ကိုယ်သိခွင့်မြင်ခွင့် မသာလိုက်ရတဲ့ ကျေးဇူးပြုမှုလေးတွေလည်း ရှိနေဦးမှာပါ။

အဲဒီအချိန်မှာ အကောင်းဆုံးကတော့ ပေါ်လာတဲ့ပုံရိပ်ကလေးတွေကို မေတ္တာပို့ပေးလိုက်တာထက်ကောင်းတာ ဘာမှမရှိပါဘူး။ ဒါမှလည်း ကြေးကျေမှာပါ။ မေတ္တာပို့ဖြစ်နေချိန်မှာ ဖြစ်နေတဲ့ တဒင်္ဂငြိမ်းအေးမှုလေးကလည်း တန်ပြန်သက်ရောက်မှုလေးတစ်ခုပါ။ ကိုယ့်ကိုယ်ကိုလည်း အဓိပ္ပါယ်ရှိနေသလိုလို ခံစားနေရတတ်ပါတယ်။

တစ်ခါတလေကျတော့လည်း အကြောင်းကိစ္စတစ်ခုကို အခြေခံပြီး လူတစ်ယောက်ကို မုန်းနေမိပြန်ပါရော။ ဘယ်လောက်အထိလဲဆိုရင် ပါးရိုက်ပစ်ချင်လောက်အောင်အထိကို မုန်းမိပါတယ်။ ကာယကံမြောက် ရိုက်ရဲလောက်အောင်တော့ သတ္တိမရှိပါဘူး။

အဲဒီအချိန်မှာ အိပ်ရာထဲလှဲပြီး အဲဒီလူကို ဖိမ်နဲ့ကို အားရပါးရ မုန်းနေမိပါတယ်။ သူ့ကိုမုန်းနေရတာကိုပဲ ကိုယ့်ကိုယ်ကို ကျေနပ်မိပြန်ပါတယ်။

တကယ်တော့ ပုထုဇဉ်တစ်ယောက်ရဲ့စိတ်ဟာ အာရုံတစ်ခုဆီမှာပဲ တည်တံ့မနေချင်ပါဘူး။ အာရုံအဆင့်ဆင့်ဆီ ရောက်နေချင်ပါတယ်။ သူ့အပေါ်မုန်းတဲ့စိတ်တွေဖြစ်နေရင်း သူ့အကြောင်းတွေ ဆက်တွေးနေဖြစ်တော့လည်း သူ့ရဲ့ပုံရိပ်ကလေးတွေက ဆင့်ကဲဆင့်ကဲ ပေါ်လာပြန်ပါတယ်။ ပုံရိပ်မျိုးစုံပေါ်လာတာဆိုတော့ ကိုယ့်အပေါ်ကျေးဇူးပြုခဲ့တဲ့ ပုံရိပ်ကလေးတွေလည်း တွဲပေါ်လာပါတယ်။

သူ့ရဲ့ ကျေးဇူးပုံရိပ်ကလေးတွေ ပေါ်လာတဲ့အချိန်မှာတော့ စောစောကဖြစ်နေတဲ့ အမုန်းစိတ်ကလေးတွေလည်း မသိမသာနဲ့ နောက်ကို ဆုတ်ဆုတ်သွားတတ်ပါတယ်။ "နေပါဦး၊ ဒီမှာမုန်းလို့တောင် အားမရသေးဘူး"လို့ တားတာတောင် မရပါဘူး။ ဒီတော့လည်း တသီးတသန့် အားမထုတ်ရဘဲနဲ့ သူ့အပေါ်နားလည်ခွင့်လွှတ်တဲ့ စိတ်ကလေးတွေ ဝင်လာပြန်ရော။ "ဩော်... ပုထုဇဉ်ရဲ့စိတ်ရယ် မမြဲပါလား"လို့ တွေးရင်း ကိုယ့်ဘာသာကိုယ် ပြုံးလိုက်မိပြန်ပါရော။



ကတညုတာပုဒ်ကို အဋ္ဌကထာမှာ ဘယ်လိုဖွင့်ထားသလဲဆိုတော့ နည်းနည်းများများ တစ်စုံတစ်ခုနဲ့ ကိုယ့်အပေါ်ကျေးဇူးပြုခဲ့တာကို သတိရနေခြင်းလို့ ဖွင့်ထားပါတယ်။

အဓိကကတော့ သူပြုထားတဲ့ကျေးဇူးကို သိတတ်ဖို့ပါ။

အမှန်တော့ သိရုံနဲ့တော့ မပြီးသေးပါဘူး။ သိပြီးရင် အခွင့်သာရင် ပြန်ဆပ်နိုင်ရပါမယ်။ ဒါကိုပဲ ကတညုတ = သူတစ်ပါးကျေးဇူး ပြုထားသည်ကို သိသူ၊ ကတဝေဒီ=သိသည့်အားလျော်စွာ ပြန်ဆပ်သူ၊ အဲဒီလို ပေါင်းပြီး ကတညုတ ကတဝေဒီပုဂ္ဂိုလ်လို့ ဆိုကြတာပါပဲ။

ကိုယ်က ကတဝေဒီပုဂ္ဂိုလ် မဖြစ်နိုင်သေးရင်တောင်မှ ကတညုတ ပုဂ္ဂိုလ် အဆင့်လောက်အထိတော့ ရှိထားသင့်ပါတယ်။

အဲဒီမှာ ပိုပြီးသတိထားဖို့ကောင်းတာက ကျေးဇူးပြုဖူးထားသူကို မပြစ်မှားမိဖို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျေးဇူးပြုထားသူနဲ့ မပြုထားသူ နှစ်ယောက်မှာ ကျေးဇူးပြုထားဖူးသူကို ပြစ်မှားမိရင် ပိုအပြစ်ကြီးကြောင်း စာမှာပြထားလို့ပါ။

တကယ်လို့များ တစ်စုံတစ်ယောက်အပေါ် အမုန်းစိတ်တွေများ ဖြစ်ခဲ့ရင် သူပြုခဲ့ဖူးတဲ့ ကျေးဇူးလေးတွေကို မြင်လို့ရသလောက်သာ ရှာကြည့်လိုက်ပါတော့။ ဒါဆို ဖြစ်ဆဲစိတ်ရဲ့နေရာမှာ အသွင်မတူတဲ့ စိတ်ကလေး ဝင်လာပါလိမ့်မယ်။

အလင်းတန်းဂျာနယ်
၈.၃.၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com





# မင်္ဂလာဝတ္ထုများ ၂၆

ကာလေန ဓမ္မဿဝနံ၊
ဧတံ မင်္ဂလမုတ္တမံ။
သင့်လျော်သောအခါ၌ တရားနာခြင်းသည်
မြတ်သောမင်္ဂလာမည်၏။
ကောင်းကျိုးဆောင်ပွား မြတ်တရား၊
နာကြားမပြတ်ပေ။

တစ်ခါတုန်းက ခုဇ္ဇုတ္တရာဆိုတဲ့ ကျွန်မတစ်ယောက် ရှိပါတယ်။ သူ့ရဲ့အလုပ်က သာမာဝတီမိဖုရားကို နေ့စဉ်နေ့တိုင်း ပန်းရှစ်ကျပ်ဖိုး ဝယ်ဝယ်ပေးရတဲ့ အလုပ်ပါ။

သူ့ရဲ့ပုံစံကတော့ ခါးကုန်းကုန်းနဲ့ ပုကွကွလေးပါ။

တကယ်တော့ သူ့နာမည်က ဥတ္တရာပါ။ ခါးကုန်းနေတဲ့အတွက် ခုဇ္ဇ=ခါးကုန်း=ဆိုတဲ့ပါဠိလေးကို ရှေ့ကထည့်ပြီး ခုဇ္ဇုတ္တရာလို့ ခေါ်လိုက်ကြတာပါ။

ပန်းရှစ်ကျပ်ဖိုး ဝယ်ဝယ်ပေးရပေမယ့် ခုဇ္ဇုတ္တရာက ဘယ်တော့မှ ရှစ်ကျပ်ဖိုးပြည့်အောင် ဝယ်မပေးပါဘူး။ လေးကျပ်ဖိုးပဲ ဝယ်ဝယ်ပေးပြီး ကျန်လေးကျပ်ကိုတော့ ပုံမှန်ခိုးခိုးထားလေ့ ရှိပါတယ်။ ဒါကို သူ နေ့စဉ် ပြုနေကျပါ။

တစ်နေ့တော့ ခုဇ္ဇုတ္တရာဟာ ငွေရှစ်ကျပ်ယူပြီး ဝယ်နေကျ ပန်းသည်ကြီးဆီကို ထွက်ခဲ့ပါတယ်။

ခုဇ္ဇုတ္တရာ ပန်းသည်ကြီးဆီရောက်တော့ ပန်းသည်ကြီးက တာဆီးပြောသလဲဆိုတော့ "ဥတ္တရာရေ့.. ဒီနေ့တော့ ပန်းရောင်းဖို့ မအားဘူး ဖြစ်နေတယ်။ ငါတို့သူဌေးက ဒီနေ့ မြတ်စွာဘုရား အမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်မှာ ငါက ပေးလှူဝတ္တကာဝန် ယူထားရတယ်၊ ဥတ္တရာလည်း ကြုံတုန်း ဝေယျာဝစ္စကုသိုလ် ယူသွားပြီး တရားဝင်နာသွားပါလား" လို့ ပြောလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခုဇ္ဇုတ္တရာကလည်း ပန်းသည်ကြီးပြောတဲ့အတိုင်း ဝေယျာဝစ္စကူလုပ်ပေးရင်း မြတ်စွာဘုရား တရားဟောချိန်ကျတော့ တရားဝင် နာပါတယ်။ တရားကို ရှုးစိုက်နာလိုက်တာ ခုဇ္ဇုတ္တရာ သောတာပန် တည်သွားပါတယ်။

တရားနာပြီး တရားဟောပြီးပြီဖြစ်လို့ နန်းတော်ပြန်ရတော့မှာပါ။ နန်းတော်မပြန်ခင် သူဝယ်ရမယ့်ပန်းကိုဝယ်တော့ ဝယ်နေကျ လေးကျပ်ဖိုးသာ မဝ◌ ်တော့ဘဲ ရှစ်ကျပ်ဖိုးအပြည့်ပဲ ဝယ်လိုက်ပါတယ်။

မြတ်စွာဘုရားတရားထဲမှာ အဒိန္နာဒါနရဲ့အကျိုးအပြစ်ကို သိခွင့်ရလိုက်တာရယ်၊ သောတာပန်တည်သွားသူတစ်ယောက်အနေနဲ့ ငါးပါးသီလကို မလွန်ကျူးတော့တာရယ်ကြောင့်ပါ။

နန်းတော်ရောက်တော့ သာမာဝတီမိဖုရားကို ပန်းတွေ ဆက်ကပ်ပါတယ်။ ပန်းတွေက ယခင်ဝယ်ပေးနေကျထက် များနေတာဆိုတော့ သာမာဝတီက ခုဇ္ဇုတ္တရာကို မေးခွန်းထုတ်ပါတယ်။

"အို...ဥတ္တရာ ဒီနေ့ပန်းတွေက များလှချည်လား၊ ဘာလဲ မင်းကြီးက ကျွန်မအပေါ် အချစ်တွေတိုးပြီး ငွေပိုပေးလိုက်လို့လား"

"ကျွန်မ အမှန်အတိုင်းပဲ ပြောပါရစေတော့၊ အရင်ရက်တွေက မင်းကြီးက ပန်းဝယ်ဖို့ ငွေရှစ်ကျပ် ရှစ်ကျပ် ပေးပေမယ့် လေးကျပ်ဖိုးပဲဝယ်ပြီး လေးကျပ်ကိုတော့ ကျွန်မ ခိုးခိုးထားမိပါတယ်။ ဒီနေ့တော့ မြတ်စွာဘုရားတရားကို နာကြားလိုက်ရလို့ အဒိန္နာဒါနအမှုကို မပြုတော့ပါဘူး။ ယခင်ခိုးခဲ့မိတာတွေကိုလည်း အရှင်မကို တောင်းပန်ပါတယ်"

"ခွင့်လွှတ်ပါတယ် ဥတ္တရာရေ၊ ဥတ္တရာနာခဲ့ရတဲ့ အဲဒီတရားကို ကျွန်မတို့ကို ပြန်ဟောပြပါဦး"

ခုဇ္ဇုတ္တရာကလည်း မြတ်စွာဘုရားဆီက နာကြားခဲ့ရတဲ့တရားကို ပြန်ဟောပြလိုက်တာ သာမာဝတီတို့ မောင်းမမိသံတစ်စုလုံး သောတာပန်တည်သွားပါတယ်။

သာမာဝတီတို့ မောင်းမမိသံတစ်စုလုံးက ခုဇ္ဇုတ္တရာကို အခိုင်းအစေဘဝက ကင်းလွတ်စေပြီး ဆရာအရာ၊ အမိအရာ ထားလိုက်ပါတော့သတဲ့။



ဒီတော့ ခုဇ္ဇုတ္တရာက "သြော်...တရားတစ်ပုဒ်ကို နာကြားလိုက် ရတာ လူတစ်ယောက်ရဲ့ဘဝတစ်ခုလုံးကို ပြောင်းလဲသွားစေပါလား"လို့ ဆင်ခြင်မိလိုက်ပါသတဲ့။

နောက်ဆုံး မြတ်စွာဘုရားရဲ့တရားတော်တွေကို ဆင့်ကာဆင့်ကာ နာလိုက်တာ မြတ်စွာဘုရားချီးမြှင့်တဲ့ ဗဟုသုတဧတဒဂ်ဘွဲ့ကို ရသွားပါတော့တယ်။

(ဓမ္မပဒအဋ္ဌကထာ၊ ပထမတွဲ၊ သာမာဝတီမိဖုရားဝတ္ထု)

ကာလေနဓမ္မဿဝနံ=သင့်လျော်တဲ့အခါ တရားနာပါတဲ့။ လူဆိုတာ စားဝတ်နေရေး၊ ဘဝရပ်တည်ရေး စသည်တွေက ရှိနေသေးတာဆိုတော့ အချိန်ပြည့်တရားနာနေဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီတော့ ဘယ်လို အခါမျိုးမှာ နာသင့်သလဲဆိုတော့ အဋ္ဌကထာမှာ(အဋ္ဌကထာဆိုတာ မင်္ဂလသုတ်ကို ဖွင့်ပြထားတဲ့ ခုဒ္ဒကပါဠအဋ္ဌကထာကိုပြောတာပါ)စိတ်ပျံ့နေတဲ့အခါ၊ ကာမဂုဏ်နဲ့စပ်တာကိုကြံတဲ့ ကာမဝိတက်၊ သူတစ်ပါးရဲ့ အကျိုးမဲ့ကိုကြံတဲ့ ဗျာပါဒဝိတက်၊ သူတစ်ပါးကို နှိပ်စက်ညှဉ်းဆဲဖို့ကြံတဲ့ ဝိဟိံသဝိတက်၊ အဲဒီဝိတက်သုံးပါးထဲက တစ်ပါးပါး လွှမ်းမိုးခံနေရတဲ့အခါမျိုးတွေမှာ အာရုံဆိုးတွေကို ဖျောက်နိုင်ဖို့ တရားနာရန် သင့်လျော်တဲ့ကာလ ဖြစ်တယ်လို့ ဆိုထားပါတယ်။

နောက် အာရုံဆိုးတွေနဲ့ မတွေ့ပေမယ့် ငါးရက်ကို တစ်ကြိမ်လောက်တော့ တရားနာသင့်တယ်လို့ အပရေ ဆရာတွေရဲ့ အဆိုကိုလည်း ဆက်ဖွင့်ပြထားပါသေးတယ်။

ဘာပဲပြောပြော တရားနာတာကိုတော့ အချိန်လေး သတ်မှတ်ပေးထားဖို့ ကောင်းပါတယ်။ တချို့အသိသစ်တွေကို တရားနာရင်းပဲ ယူရတာပါ။ ဒီအတိုင်းထိုင်နေလို့ကတော့ ဘာမှထူးသိလာမှာ မဟုတ်ပါဘူး။ ဘဝခရီးတစ်လျှောက်မှာ ဓမ္မအသိလေးတွေလည်း တွဲတွဲပါနေနိုင်မှ အဆင်ပြေမှာပါ။

ကိုယ့်ရဲ့စိတ်ဓာတ်အရည်အသွေးတွေ မြင့်သထက် မြင့်လာဖို့၊ ကိုယ်ကျင့်သိက္ခာတွေ မြင့်သထက်မြင့်လာဖို့၊ အာရုံတစ်ခုနဲ့တွေ့တဲ့အခါ မှန်မှန်ကန်ကန် နှလုံးသွင်းနိုင်ဖို့၊ လောကဓံနဲ့တွေ့တဲ့အခါ ရင်ဆိုင်နိုင်ဖို့၊ မေတ္တာကရုဏာထားတတ်ဖို့၊ လူကိုလူလိုမြင်တတ်ဖို့၊ ကိုယ်ချင်းစာစိတ်

www.burmeseclassic.com

www.burmeseclassic.com



မွေးတတ်ဖို့၊ ပြဿနာတစ်ခုဖြစ်လာတဲ့အခါ အမှန်ကန်ဆုံး ဆုံးဖြတ်နိုင်ဖို့ စသည်ဖြင့်ပေါ့။ ဒီအသိတရားတွေ ကိုယ့်ဆီရောက်လာဖို့ တရားနာမှုကိုပဲ အားကိုးရမှာပါ။

တရားနာတယ်ဆိုပေမယ့် တရားတိတ်ခွေနာမှ၊ တရားပွဲတွေ လိုက်နားထောင်မှ တရားနာတာမဟုတ်ပါဘူး၊ တရားစာအုပ်တွေဖတ်နေရင်လည်း တရားနာနေတာပါပဲ။

အဲဒီထဲမှာ ပုထုဇဉ်တွေဆိုတော့ ကိုယ်လက်ခံနိုင်တာလည်း ပါမယ်၊ လက်မခံနိုင်တာလည်းပါမယ်၊ လက်ခံနိုင်တာကိုတော့ လက်တွေ့ဘဝထဲ အထိရောက်အောင် ယူလိုက်ဖို့ပါ။

တချို့တရားတစ်ခွန်း စာတစ်ပိုဒ်ဟာ ဘဝတစ်ခုလုံးကို ပြောင်းလဲသွားနိုင်သလို ဘဝခရီးအတွက်လည်း တော်တော်လေး အထောက်အကူပြုသွားတာပါ။

စာရေးသူစိတ်ဝင်စားတဲ့ တရားစာပိုဒ်လေးနဲ့ပဲ ဥပမာ ပေးလိုက်ရအောင်ပါ။ ဆရာတော်ဦးဇောတိကရဲ့စာအုပ်ထဲက တရားစာပိုဒ်ကလေးပါ၊ ဆရာတော်က သူတစ်ပါးဟာ ကိုယ့်ရဲ့မှန်လိုပါပဲတဲ့။ သူတစ်ပါးမှာ ချို့ယွင်းချက်တစ်ခုခု မြင်လိုက်ရင် ငါ့မှာရော အဲဒီလိုချို့ယွင်းချက်မရှိဘူးလားဆိုပြီး ရှာကြည့်သင့်တယ်တဲ့။ ရှိနိုင်ပါတယ်၊ ရှိဖို့ပဲများပါတယ်တဲ့။ အရင်ဆုံး ကိုယ့်ကိုယ်ကို ပြုပြင်ရမယ်တဲ့။

တစ်ခါတလေ အင်း ... တစ်ခါတလေတောင်မဟုတ်ပါဘူးလေ၊ မကြာခဏဆိုသလိုပါပဲ၊ သူတစ်ပါးရဲ့အပြစ် သူတစ်ပါးရဲ့ ချို့ယွင်းချက်ကို ကြည့်မိတတ်ပါတယ်။ အဲဒီအခါမျိုးမှာအမြဲမဟုတ်တောင် ဆရာတော့်ရဲ့ တရားစာပိုဒ်ကလေးက အတွေးထဲကို ဝင်လာတတ်ပါတယ်။ ဝင်လာတဲ့ အခါ ကိုယ့်ကိုယ်ကို ပြန်ကြည့်တော့လည်း သူတစ်ပါးရဲ့ ချို့ယွင်းချက် မျိုးက ကိုယ့်မှာလည်း ရှိနေတာပါပဲ။

ဆရာတော်က ရှိရင် ကိုယ့်ကိုယ်ကိုအရင်ပြင်ပါတဲ့။ ချက်ချင်း မပြင်နိုင်သေးပေမယ့် စိတ်ကတော့ သူတစ်ပါးချို့ယွင်းချက်ဆီ ရှိမနေတော့ပါဘူး။ စိတ်က ကိုယ့်ဆီပဲ ပြန်ရောက်နေပါပြီ။ ဘာပဲပြောပြော သူတစ်ပါး ချို့ယွင်းချက်ဆီ ကိုယ့်စိတ်ကလေး ရှိမနေတော့တာကကို



ကိုယ့်အတွက် အကျိုးသက်ရောက်မှုတစ်ခု ဖြစ်နေပါပြီ။

တရားတစ်ပုဒ် စာတစ်ပုဒ်ကြောင့်ပဲ ဘာသာကူးပြောင်းသွားတာတွေ၊ တစ်သက်လုံး သာဘ်မစားတော့တာတွေ၊ လူ့ဘောင်ကို စွန့်ပြီး တစ်သက်လုံး သင်္ကန်းဝတ်သွားတာတွေ စသည်ဖြင့်ပေါ့ အများကြီးပါပဲ။ ဦးဇင်း အရှင်ဆန္ဒာဓိကဆိုရင် ဆရာတော်အရှင်ဇနကာဘိဝံသရဲ့ ဓမ္မစကြာ တရားတော် စာအုပ်ထဲက မာဂဏ္ဍိယ သုတ္တန်လာ စာပုဒ်ကိုဖတ်ပြီး သင်္ကန်းဝတ်လာတာ ပါတဲ့။ သူ့ရဲ့အတိတ်ပါရမီ ပါလာခဲ့တာလည်း ပါမှာပါ။ ဘာပဲပြောပြော တရားတစ်ပုဒ် စာတစ်ပုဒ်ဟာ လူတစ်ယောက်ရဲ့ဘဝကို ပြောင်းလဲသွားစေတာ တော့ အမှန်ပါ။

တစ်ခုတော့ရှိပါတယ်။ နာသူ၊ ဖတ်သူရဲ့ ပါရမီအနုအရင့်ကို မူတည်ပြီး အပြောင်းအလဲဆိုတာ ရှိနိုင်ပါတယ်။ ပါရမီရင့်ခဲ့ရင် ရင့်ခဲ့ သလောက် ပြောင်းလဲသွားပါလိမ့်မယ်။

စာရေးသူကတော့ တစ်ခါတလေ စိတ်မချမ်းမသာဖြစ်ရတဲ့ အခါ မျိုးတွေမှာ ခုတင်ပေါ်မှာ ခွေခွေလေးအိပ်ပြီး ယောဆရာတော်ဘုရားရဲ့ တရားခွေကို နာတတ်ပါတယ်။ ကိုယ့်ရဲ့ဟတ်(ထ်)ထိဖို့ဆိုတာကတော့ ကိုယ်ကိုယ်တိုင်ကလည်း ကြည်ညိုရင်းစွဲရှိဦးမှပါ။ အစကတည်းက ကြည်ညို ရင်းစွဲရှိတဲ့ ဆရာတော်ကို ရွေးချယ်ထားဖို့တော့လိုပါတယ်။

တစ်နစ်ထက်တစ်နစ် ကိုယ့်ရဲ့စိတ်ဓာတ်အရည်အသွေးတွေ မြင့်သထက် မြင့်လာပါမှ၊ ဓမ္မအသိသစ်တွေ အတွေးအခေါ် အယူအဆ အသစ်တွေ မြင့်သထက်မြင့်လာပါမှ ဘဝက အဓိပ္ပါယ်ရှိတာပါ။

အဲဒီလို စိတ်ဓာတ်အရည်အသွေးတွေ၊ ဓမ္မအသိသစ်တွေ၊ အတွေး အခေါ် အယူအဆအသစ်တွေ ကိုယ့်သန္တာန်မှာ မြင့်သထက်မြင့်လာဖို့ ကတော့ အချိန်ကလေးသတ်မှတ်ပြီး တရားတွေနာဖြစ်ဖို့၊ တရားစာအုပ်တွေ အတွေးအခေါ်စာအုပ်တွေ ဖတ်ဖြစ်ဖို့ပါပဲလေ။

အလင်းတန်းဂျာနယ်

၂၉-၃-၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com







# မင်္ဂလာရှုတွေးမျှား ။၂၃။

**ခန္တီစတော်မင်္ဂလမုတ္တမံ။**
**သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။**
**ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊**
**စိတ်ကိုချုပ်ထိန်း သည်းခံလေ။**

တစ်ခါတုန်းက သီဟိုဠ်ကျွန်းမှာ ဒီဃဘာဏကအဘယမထေရ် ဟာ ညတရားပွဲ ဟောနေပါတယ်။ မထေရ်က သီဟိုဠ်ကျွန်းမှာ ထင်ရှားတဲ့ ဓမ္မကထိကတစ်ပါးပါ။ မထေရ်ဟောနေတဲ့တရားက ပစ္စည်းဝတ္ထုတွေကို ရှောင့်ရဲပြီး ဝိပဿနာဘာဝနာတရားမှာ စွဲမြဲစွာနေဖို့ဟောတဲ့တရားပါ။

တရားနာပရိသတ်တွေထဲမှာ လူပရိသတ်သာမကဘဲ ရဟန်းပရိသတ်တွေလည်း ပါပါတယ်။ ရဟန်းပရိသတ်ထဲမှာတော့ ဒီဃဘာဏက အဘယမထေရ်အပေါ် မနာလိုတဲ့ မထေရ်ကြီးတစ်ပါးလည်း ပါနေပြန်ပါ တယ်။

တရားသံနဲ့အတူ မနာလိုဖြစ်နေတဲ့ မထေရ်ကြီးရဲ့ဆီက စကားသံ ထွက်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အလကားပါကွာ၊ အောင်မြင်မှုအားကိုးနဲ့ ဟောနေတာပါ၊ အနှစ်သာရ မရှိပါဘူး"

အသံကြားတော့ ဓမ္မကထိကမထေရ်ရဲ့ တပည့်တချို့က ငဲ့ကြည့်ကြပါတယ်။ မနာလိုဖြစ်နေတဲ့ မထေရ်ကြီးကတော့ ဘယ်သူမှ ဂရုမစိုက်ပါဘူး။ ဒီဃဘာဏကအဘယမထေရ်ဟောတဲ့ တရားတစ်ပိုဒ်ချင်းအပေါ်ကို သူက ဝေဖန်ဝေဖန်ပြနေပါတယ်။ တစ်ခါတလေ ဆဲရေးလိုက်တာတွေတောင် ပါလိုက်ပါသေးတယ်။

ပရိသတ်ကတော့ တရားသံကော ဝေဖန်ဆဲရေးသံကော နာနေကြရပါတယ်။

သတ်မှတ်ထားချိန်ရောက်တော့ ဒီဃဘာဏကအဘယမထေရ်က တရားကို အဆုံးသတ်လိုက်ပါတယ်။

တိုက်ဆိုင်ချင်တော့ ကိုယ့်ကျောင်းကိုယ်ပြန်ရတဲ့အခါမှာလည်း လမ်းက တစ်လမ်းတည်း ဖြစ်နေပြန်ပါတယ်။

မနာလိုဖြစ်နေတဲ့ မထေရ်ကြီးက ရှေ့ကကြွရင်း နောက်မှာကပ်ပါလာတဲ့ ဒီဃဘာဏကအဘယမထေရ်ကို တစ်လမ်းလုံး ဝေဖန်ဆဲရေးနေပြန်ပါတယ်။

ဒီလိုနဲ့ ကိုယ့်ကျောင်းကိုယ်သွားရမယ့် လမ်းခွဲ ရောက်လာတော့ ဒီဃဘာဏကအဘယမထေရ်က " အရှင်ဘုရား ... ဒီဘက်လမ်းက အရှင်ဘုရား ကြွရမယ့်လမ်းပါဘုရား "လို့ လျှောက်လိုက်ပါတယ်။

မနာလိုဖြစ်နေတဲ့ မထေရ်ကြီးက မကြားချင်ယောင်ဆောင်ပြီး သူ့ကျောင်းရှိရာလမ်းကို ခွဲထွက်သွားပါတယ်။

ဒီဃဘာဏကအဘယမထေရ် ကျောင်းပြန်ရောက်တော့ တပည့်ဖြစ်သူ ရဟန်းငယ်က သူ့ဆရာကို မေးခွန်းတစ်ခုမေးပါတယ်။

"ဆရာတော်ဘုရား...ဆရာတော်ဘုရားကို ဟိုမထေရ်ကြီးက တစ်လမ်းလုံး ဝေဖန်ဆဲရေးလာတာကို ဘာဖြစ်လို့ တစ်ခွန်းမှ ပြန်မပြောတာလဲဘုရား"

"ငါ့တပည့် ... ဝေဖန်ဆဲရေးတာက သူ့တာဝန်၊ သည်းခံရမှာက ငါတို့တာဝန်မဟုတ်လား၊ ပြီးတော့ ငါ့မှာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း



ကမ္မဋ္ဌာန်းအမှတ်နဲ့ သွားနေတာ၊ ကမ္မဋ္ဌာန်းအမှတ်နဲ့ကင်းတဲ့ ခြေလှမ်းရယ်လို့ တစ်လှမ်းမှ မရှိခဲ့ပါဘူး၊ ကိုယ့်ကမ္မဋ္ဌာန်းအမှတ်နဲ့ ကိုယ်ဆိုတော့လည်း အလိုလိုသည်းခံပြီးသား ဖြစ်နေတယ်လေ"

ဆရာမထေရ်ရဲ့ ခန္တီနဲ့ကမ္မဋ္ဌာန်းကို အားရကြည်ညိုလွန်းလို့ တပည့်ဖြစ်သူက နေရာမှာတင် ဦးချကန်တော့လိုက်ပါတယ်။

(မူလပဏ္ဏာသအဋ္ဌကထာ၊ ပထမတွဲ၊ စာမျက်နှာ–၈၂)

သည်းခံတာနဲ့ပတ်သက်ပြီး မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒလေးကိုပဲ အရင်ရေးပြရအောင်ပါ။ ဝိပဿနာရှုနည်းပထမတွဲစာအုပ်ထဲကပါ။ ဆရာတော်ဘုရားကြီးက–"**သူမသိရှာလို့ ကဲ့ရဲ့လေသည်၊ ထင်တိုင်းပြောဆိုတတ်ခြင်းမှာ မစောင့်စည်းသောသူတို့၏ ဓမ္မတာပင်တည်း၊ အကယ်၍သာ အမှန်အတိုင်း သိသွားပါက ကဲ့ရဲ့မိတဲ့အတွက် သူ့မှာ အများကြီး စိတ်မကောင်းဖြစ်ရှာလိမ့်မည်။ ငါ ယခုအကဲ့ရဲ့ခံရသည်မှာလည်း အပြစ်မရှိတဲ့သူကို ကဲ့ရဲ့ခဲ့ဖူးလို့ ဖြစ်ပေလိမ့်မည်၊ ဝဋ်ကြွေးရှိတဲ့အတွက် ခံရသည်မှာ စိတ်နာဘွယ်မရှိပေ**" လို့ သည်းခံရင်း နှလုံးသွင်းတတ်ဖို့ လမ်းညွှန်ဩဝါဒ ပေးထားခဲ့ပါတယ်။

အာရုံတစ်ခုခုနဲ့တွေ့ကြုံလာတဲ့အခါ ကိုယ့်မှာ နှလုံးသွင်းစရာ ဒါမှမဟုတ် အားကိုးစရာ လက်ကိုင်တစ်ခုခုတော့ ရှိနေမှပါ။ မရှိရင် ဣန္ဒြေမရဖြစ်သွားတတ်ပါတယ်။

တချို့ မနှစ်မြို့ဘွယ်အာရုံတွေကို တာဝန်တစ်ခုလို, ဝတ္တရား တစ်ခုလို, အလုပ်တစ်ခုလိုကိုသဘောထားပြီး သည်းခံရပါတယ်။ တစ်ဖက်က မနှစ်မြို့ဘွယ်အာရုံကို ဖန်တီးနေတဲ့သူရဲ့သန္တာန်မှာ ဖြစ်နေတာက ဓာတ်ဆိုးဓာတ်ညံ့တွေပါ။ အဲဒီဓာတ်ဆိုးဓာတ်ညံ့တွေကိုပဲ သန္ဓေတည်ပြီး မနှစ်မြို့ဘွယ်အာရုံတွေကို မွေးဖွားပြနေတာပါ။

ဓာတ်ဆိုတာက ကူးဆက်တတ်တဲ့သဘောရှိပါတယ်။ တစ်ဖက်မှာဖြစ်နေတဲ့ဓာတ်ဆိုးဓာတ်ညံ့တွေ ကိုယ့်ဆီကူးမလာဖို့ အထူးသတိထားရပါမယ်။ ဒါ့အပြင် ကိုယ်က မဖိတ်ခေါ်လိုက်မိဖို့နဲ့ ကိုယ့်ဆီကူးစက်လာခွင့်မရအောင်လည်း ကာကွယ်ရပါ့မယ်။

အကောင်းဆုံးကာကွယ်နည်းကတော့ အသံတစ်ခုအနေနဲ့ အနှောင့်

www.burmeseclassic.com

www.burmeseclassic.com



အပျက်ပေါ်လာရင် ကြားနေတဲ့အသံလေးကို အာရုံပြုပြီး "ကြားတယ် ကြားတယ်"လို့ ဝိပဿနာရှုမှတ်နေလိုက်ပါ။

"ကြားတယ်ကြားတယ်"လို့ ရှုမှတ်တဲ့နေရာမှာ တစ်ဖက်က အသံဖြစ်ရာ အသံလာရာ သဒ္ဒါရုံရယ်၊ ကြားတတ်တဲ့နား အကြည်ဓာတ်ခေါ်တဲ့ သောတပသာဒရယ်၊ ကြားတာကိုသိနေတဲ့ ကြားသိစိတ်ခေါ်တဲ့ သောတဝိညာဏ်ရယ် အဲဒီသုံးခုထဲက တစ်ခုခုကို သတိကပ်ပြီး ရှုမှတ်ရပါမယ်။

မြန်မာလိုပြောရရင်တော့ အသံရယ်၊ နားရယ်၊ ကြားသိစိတ်ရယ်ပါ။ အဲဒီသုံးခုထဲက ကိုယ်နှစ်သက်ရာ တစ်ခုခုကို သတိကပ်ပြီး "ကြားတယ် ကြားတယ်"လို့ ရှုမှတ်ရပါတယ်။ သုံးခုလုံးကို အာရုံမပြုရပါဘူး။ ပြုလို့လည်း မရပါဘူး။

ဥပမာ–သောတပသာဒမှာ သတိကပ်ပြီးမှတ်မယ်ဆိုရင် နားထဲမှာ ကြားတတ်တဲ့ နားအကြည်ဓာတ်ကလေး ရှိပါတယ်။ အဲဒီနားအကြည်ဓာတ်ကလေးကို သတိကပ်ပြီး "ကြားတယ် ကြားတယ်"လို့ ရှုမှတ်ရပါတယ်။

တချို့ကတော့ ပြောကြပါတယ်။ ဒီဘက်နားကကြားရင် ဟိုဘက်နားက ထပ်ဆုတ်ပစ်လိုက်ပါတဲ့။ ဒါ–စကားလုံးအရသာ ပြောလို့ရတာပါ။ တကယ်ထုတ်ပစ်နိုင်ဖို့မလွယ်ပါဘူး။ အကောင်းဆုံးကတော့ ကြားလာတဲ့ အာရုံကို ဝိပဿနာရှုမှတ်ပစ်လိုက်တာ အကောင်းဆုံးပါပဲ။

တကယ်ရှုမှတ်ပစ်နိုင်တယ်ဆိုရင်တော့ ကိုယ့်ကို ဝိပဿနာရှုဖြစ်အောင် ဖန်တီးပေးတဲ့သူကိုတောင် "သြော်... သူဖန်တီးပေးလို့ ငါ ဝိပဿနာရှုဖြစ်သွားတာ"လို့ ကျေးဇူးတောင်တင်ဖြစ်သွားဦးမှာပါ။

တစ်ခါတလေကျတော့လည်း ဝိပဿနာရှုပစ်နိုင်လောက်အောင် ပါရမီနည်းနေလို့ အခြေအနေမပေးတတ်တာတွေလည်း ရှိပါတယ်။ အဲဒီအခါ မျိုးမှာတော့ ကိုယ့်ရဲ့ဘဝရှေ့ရေးနဲ့ပတ်သက်ပြီး ထားရှိတဲ့ ရည်မှန်းချက်တွေကို အာရုံပြုပစ်လိုက်ရပါတယ်။ "ငါက နိုင်ငံခြားထွက်ပြီး ပညာသင်မှာ၊ ငါက ပရဟိတတွေလုပ်မှာ သူတို့ထက်မြင့်မြတ်တဲ့ ရည်မှန်းချက်တွေ ရှိပြီးသား၊ ငါလျှောက်ရမယ့်လမ်းခရီးမှာ ပန်းတိုင်မရောက်ခင် အနိုက်အတန့်တွေ့ရမယ့် အာရုံတွေပဲ၊ ကာလတစ်ခု လွန်တဲ့အခါ သူ့အလိုလို ပြီးသွားမှာပဲ၊ ငါ့ရဲ့မြင့်မြတ်တဲ့ရည်မှန်းချက်ပန်းတိုင်ရောက်ဖို့သာ အဓိက"



အဲဒီလို ကိုယ့်ရဲ့ မြင့်မြင့်မားမားရည်မှန်းချက်တွေကို အာရုံပြု လိုက်ရင်လည်း အလိုလိုသည်းခံပြီးသား ဖြစ်သွားတတ်ပါတယ်။

တစ်ခုတော့ရှိပါတယ်။ နေရာတကာ မှားမှားမှန်မှန် ခေါင်းကြီး ငုံ့ပြီး သည်းခံနေရမှာတော့ မဟုတ်ပါဘူး။

ကိုယ့်ရဲ့ကိုယ်ကျင့်သီလ၊ ကိုယ်ကျင့်သိက္ခာနဲ့ ပတ်သက်ပြီး မဟုတ်မမှန် ပြောဆိုလာရင်တော့ သည်းခံနေရင် ဝန်ခံရာရောက်မှာဖြစ်လို့ မဟုတ်မမှန်ရင် မဟုတ်မမှန်တဲ့အကြောင်း ချေဖျက်ပေးရမယ်လို့ စာမှာ ဆိုထားပါတယ်။

အဓမ္မနဲ့ယှဉ်ပြီး ဝင်လာတဲ့ကိစ္စတွေကိုတော့ ကာကွယ်ရမှာပါ။ ဆရာကြီးဦးရွှေအောင်ကတော့ ဒီလောကမှာ အဓမ္မ မထွန်းကားအောင် ဆောင်ရွက်ဖို့ လူသားတိုင်းမှာ တာဝန်ရှိတယ်လို့ ဆိုထားပါတယ်။

ရှေ့မှာပြခဲ့တာတွေကတော့ သူတစ်ပါးခန္ဓာကိုယ်နဲ့ဆက်စပ်ပြီး ဖြစ်ပေါ်လာတဲ့အာရုံတွေကို သည်းခံရတာတွေပါ။

နောက်သည်းခံရမယ့်အာရုံတွေကတော့ သူတစ်ပါးခန္ဓာကိုယ်နဲ့ မဆက်စပ်ဘဲ ကိုယ့်ခန္ဓာကိုယ်နဲ့ပဲဆက်စပ်နေတဲ့ အာရုံတွေပါ။ အဲဒါတွေကတော့ မစားဘဲနေလို့ရရင် မစားဘဲနေလိုက်တာ၊ မဝတ်ဘဲနေလို့ရရင် မဝတ်ဘဲနေလိုက်တာ၊ မကြည့်ဘဲနေလို့ရရင် မကြည့်ဘဲနေလိုက်တာ၊ မသွားဘဲနေလို့ရရင် မသွားဘဲနေလိုက်တာ စသည်ဖြင့်ပေါ့၊ မပြောဘဲနေလို့ရတာလေးတွေကို မပြောဘဲနေပြီး သည်းခံလိုက်တာတွေပါပဲ။ ဘဝမှာ မပြောဘဲနေလို့ရတဲ့ကိစ္စလေးတွေ တော်တော်များများ ရှိတတ်ပါတယ်။ အဲဒါလေးတွေကို ကိုယ်က သတိကပ်ပြီး သည်းခံပေးလိုက်ဖို့ပါ။

တကယ်တော့လည်း အာရုံတစ်ခုဟာ ကာလကြာကြာအထိ တည်တံ့မနေနိုင်ပါဘူး။ ကာလတစ်ခုကြာတဲ့အခါ သူ့အလိုလို ပြီးသွားတာပါ။ အာရုံနဲ့တွေ့နေစဉ်ကာလလေးမှာ ကိုယ့်စိတ်ကလေးကို သတိကပ်ပြီး ထိန်းချုပ်လိုက်နိုင်ဖို့ပါပဲလေ။

အလင်းတန်းဂျာနယ်

၅-၄-၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com





## ။၂၈။

**သောဝစသဿတာ တော်မင်္ဂလမုတ္တမံ။**
**ပြောဆိုဆုံးမလွယ်ကူခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**ကျိုးကြောင်းပြည့်စုံ ဆုံးမစကားကို**
**ပြောကြားလာက နာလွယ်စေ။**

တစ်ခါတုန်းက ဘုရားအလောင်းဟာ ရသေ့ရဟန်းဝတ်ပြီး တောမှာနေနေပါတယ်။ တစ်နေ့တော့ ဆွမ်းခံကပြန်အလာ ရေကန်တစ်ကန်ထဲဆင်းပြီးရေချိုးရင်း ကန်ထဲကပဒုမ္မာကြာကို နမ်းလိုက်ပါတယ်။

ဒါကို ရေကန်စောင့်နေတဲ့ နတ်သမီးက တွေ့သွားပြီး စိတ်ထဲမသက်မသာ ဖြစ်သွားပါတယ်။ ရဟန်းကိုလည်း အပြစ်စကား ဆိုလိုက်ပါတယ်။

"ရဟန်း ... ပိုင်ရှင်မပေးဘဲ ကြာပန်းကိုနမ်းတာဟာ ခိုးခြင်းအင်္ဂါတွေထဲက တစ်ခုပဲ၊ ဒါကြောင့် သင်ရဟန်းဟာ နံ့သာသူခိုးပဲ"

အစောင့်နတ်သမီးရဲ့ ပြစ်တင်စွပ်စွဲသံကြားတော့ ရဟန်းကလည်း ပြန်ချေပပါတယ်။

"နတ်သမီး ... ငါဟာ ကြာပန်းကို ယူလည်းမယူ၊ ချိုးလည်းမချိုး အဝေးကပဲ နမ်းတာပါ။ ဘာဖြစ်လို့ ငါ့ကို နံ့သာသူခိုးလို့ စွပ်စွဲတာလဲ၊ စောစောက ငါ့ရှေ့က ယောကျ်ားတစ်ယောက်ဟာ ရေကန်ထဲဆင်းပြီး ကြာစွယ်တွေကိုလည်းခူးတယ်၊ ကြာပန်းတွေကိုလည်း ချိုးဖျက်ယူတယ်၊ အဲဒီပုဂ္ဂိုလ်ကျတော့ ဘာဖြစ်လို့ ကြာသူခိုးလို့ မပြောတာလဲ"

နတ်သမီးက သူပြောမယ့်စကား ရဟန်းမကြားမှာစိုးလို့ ထင်ပါတယ်။ ရှေ့ကို ခြေလှမ်းတစ်လှမ်းတိုးရင်း လေသံပြင်းပြင်း မျက်နှာထားတည့်တည့်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြောလာပါတယ်။

"ရဟန်း ... မကောင်းမှုမျိုးစုံကို ပြုနေကြတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ အညစ်အကြေးတွေ အထပ်ထပ် ပေကျံနေတဲ့ လက်နှီးစုတ်လိုပဲ၊ အဲဒီလက်နှီးစုတ်ဟာ အညစ်အကြေးတစ်ခုခု ထပ်ပေကျံပေမယ့် ထူးပြီး မသိသာတော့ဘူး။ ဒီအတိုင်းပဲ အကုသိုလ်အညစ်အကြေးမျိုးစုံ ကပ်နေတဲ့ ပုဂ္ဂိုလ်မှာ နောက်အညစ်အကြေးတစ်ခု ထပ်ကပ်လို့လည်း ထူးပြီးမသိသာတော့ဘူး။ အဲဒီလိုပုဂ္ဂိုလ်မျိုးကိုတော့ ငါ့အနေနဲ့ ဘာမှ မပြောလိုဘူး၊ သင်ရဟန်းကိုသာ ပြောချင်တာ၊ စင်ကြယ်မှုကိုပဲ ရာမှီးနေတဲ့ ယောကျ်ားမြတ်ဟာ သားမြီးဖျားလောက်ရှိတဲ့ မကောင်းမှုကိုလည်း တိမ်တိုက်လောက် သဘောထားရတယ်၊ သိရဲ့လားရဟန်းရဲ့"

ရဟန်းက နတ်သမီး ဥပမာနဲ့ပြောလိုက်တဲ့စကားကို တော်တော်လေး သဘောကျသွားပါတယ်။ ဒါကြောင့် မျက်နှာချိုချိုလေးနဲ့ ပြန်ပြောပါတယ်။

"နတ်သမီး ... သင်ဟာ ငါ့ကို စင်ကြယ်သူလို့ အသိအမှတ်ပြုတယ်၊ ပြီးတော့ ငါ့ကို သတိပေးစောင့်ရှောက်တယ်၊ တကယ်လို့များ နောင်အခါ သင့်မျက်လုံးထဲမှာ အမြင်မတော်တာရှိခဲ့ရင် အခုလို ပြောဆိုပေးပါ"

"ရဟန်း ... ငါတို့ဟာ သင့်ကိုအမှီပြုပြီး အသက်မွေးနေတာ မဟုတ်ဘူး၊ သင့်ရဲ့အခစားလည်း မဟုတ်ဘူး၊ ဘယ်လမ်းဟာ သုဂတိသွားတဲ့ လမ်းဆိုတာ သင်သိတယ်၊ သိတဲ့အတိုင်း ကိုယ်တိုင်ပဲသွားပါ၊ ငါ့ကို အားမကိုးပါနဲ့"

ရဟန်းက နတ်သမီးရဲ့စကားရင့်ရင့်ကို လက်ခံသဘောတူတဲ့ အနေနဲ့ ကျေးဇူးစကား ပြန်ပြောပါတယ်။

"ကျေးဇူးတင်ပါတယ်နတ်သမီး အခုလိုသတိပေးတာကိုပဲ"

နတ်သမီးက ရဟန်းကို ခပ်ဆတ်ဆတ်လေး ပြောလိုက်မိပေမယ့် ပြောလွယ်ဆိုလွယ်ရှိတဲ့ ရဟန်းကို စိတ်ထဲက ကြည်ညိုနေပါတယ်။

ဘုရားအလောင်းဟာ နတ်သမီးရဲ့ဆုံးမမှုကို အခြေခံပြီး တရားကို ကြိုးကြိုးစားစား အားထုတ်လိုက်တာ ဈာန်တွေရသွားပြီး ဗြဟ္မာ့ပြည်ကို လားရောက်ခဲ့ရပါတယ်။

(ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ သိဃ်ပုပ္ဖဇာတ်)



မြောင်းထဲမှာ မြောင်းဖော်နေတဲ့သူတစ်ယောက် ရွှံ့တစ်စက် ပေသွားလို့ ဘာမှဖြစ်မသွားပါဘူး။ မြောင်းဘေးက ရပ်ကြည့်နေတဲ့သူ ရွှံ့တစ်စက် ပေသွား ရင်တော့ သိပ်သိသာတာပါ။

မကောင်းမှုမျိုးစုံပြုနေတဲ့လူတစ်ယောက် မကောင်းမှုတစ်ခုကို ကျူးလွန်လိုက်လို့လည်း ထူးပြီး မသိသာသွားသလို ပတ်ဝန်းကျင်ကလည်း ထူးပြီး စိတ်မဝင်စားပါဘူး။ စင်စင်ကြယ်ကြယ်နေတဲ့လူတစ်ယောက် မသင့်လျော်တာတစ်ခုခု လုပ်လိုက်ရင် သိပ်သိသာထင်ရှားတတ်ပါတယ်။

နောက်ဥပမာတစ်ခုကတော့ လက်နှီးစုတ်မှာ အိုးမဲတစ်ကွက် ထပ်ပေလို့ ထူးပြီးမသိသာပါဘူး။ အဝတ်ဖြူဖြူမှာ အိုးမဲတစ်ကွက် ပေကျံလိုက်ရင်တော့ သိပ်ပြီးသိသာနေတတ်ပါတယ်။ ကိုယ်က ကိုယ်၊ သူက သူ၊ ကိုယ်နဲ့သူ နှိုင်းယှဉ်ပြီး မနေကောင်းပါဘူး။

သောဝစဿတာမင်္ဂလာ ရေးမယ်လုပ်တော့ ငယ်ငယ်က ဆရာသမားတွေ ဆုံးမခဲ့တဲ့ ဒီဥပမာစကားလေးက ခေါင်းထဲကို အလိုလို ဝင်လာခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီဥပမာစကားလေးနဲ့နွယ်နေတဲ့ သိဃ်ပုပ္ဖဇာတ်ကလေးကိုပဲ ရေးပြလိုက်တာပါ။

အသောကကျောက်စာထဲမှာ "ကာယာနံမေဝ ဒေခတိ–လူတွေဟာ ကိုယ်လုပ်တဲ့ဟာဆိုရင် အကောင်းချည်း ထင်ကြတယ်"လို့ဆိုပါတယ်။ ဒီတော့ ကိုယ့်ရဲ့အပြစ်၊ ကိုယ့်ရဲ့ အားနည်း ချက်ကို မမြင်နိုင်တော့ပါဘူး။ အဲဒီလိုအခါမျိုးမှာ ကိုယ့်အပြစ်၊ ကိုယ့်အားနည်းချက်ကို ပြောပြနိုင်မယ့်သူ တစ်ယောက်ယောက်တော့ ကိုယ့်ဝန်းကျင်မှာ ရှိထားသင့်ပါတယ်။ ပြောပြနိုင်မယ့်သူရှိမှလည်း ကိုယ့်အားနည်းချက်ကို ကိုယ်သိပြီး ပြင်ခွင့်သာမှာပါ။

ပုထုဇဉ်တွေဆိုတော့ အပြစ်တို့ အားနည်းချက်တို့တော့ ရှိနေကြမှာပါ။ ကိုယ်က သိခွင့်ရဖို့ပဲ အရေးကြီးပါတယ်။

တစ်ခုတော့ရှိပါတယ်၊ ကိုယ်က ပြောဆိုဆုံးမလွယ်သူတော့ ဖြစ်နေဖို့ လိုပါတယ်။ ဒါမှလည်း အပြစ်ပြောပြသူက ပြောပြချင်စိတ် ရှိမှာပါ။

ဓမ္မပဒမှာ အပြစ်ပြဆုံးမသူကို ရွှေအိုးပေးသူလို့ သဘောထားရမယ်လို့ ဆိုထားပါတယ်။ ပြီးတော့ ရှင်ရာဟုလာဆိုတဲ့ ကိုရင်လေးက သဲကို လက်နဲ့ ဆုပ်ပြီး "ဤသဲလုံးနှင့်အမျှ ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဆုံးမညည့်သူရလျှင် ကောင်းလေစွ”လို့လည်း ဆုတောင်းလေ့ရှိပါတယ်။ ကိုယ့်အပြစ် ကိုယ့်အားနည်းချက်ကို သိချင်စိတ် ရယ်၊ သိပြီး ပြင်ချင်တဲ့စိတ်ရယ်၊ ပြင်ပစ်တဲ့စိတ်ရယ်၊ အဲဒါတွေဟာ စိတ်ဓာတ် အရည်အသွေး မြင့်မားဖို့အတွက် အထောက်အပံ့တွေပါ။

ကိုယ့်ရဲ့စိတ်ဓာတ်အရည်အသွေးတွေဟာ တစ်နှစ်ထက်တစ်နှစ် မြင့်သထက်မြင့်မြင့်လာပါမှ အဓိပ္ပာယ်ရှိပါတယ်။ မြင့်မြင့်လာအောင်လည်း ကိုယ်က အားထုတ်ရပါမယ်။ ဆိုဆုံးမလွယ်တာ၊ ကိုယ့်အားနည်းချက် ကိုယ်သိချင်တာ၊ သိပြီးပြင်ချင်တာတွေဟာ စိတ်ဓာတ်အရည်အသွေး မြင့်မားရာ မြင့်မားကြောင်းတွေပါ။

ဒါပေမယ့် တစ်ခုတော့ရှိပါတယ်။ လူတော်တော်များများမှာ လူတစ်ဖက်သားကို ဆုံးမချင်တဲ့ရောဂါ ရှိတတ်ကြပါတယ်။ လူငယ်စကားနဲ့ ပြောရင်တော့ ဆရာကြီးလုပ်ချင်တဲ့ရောဂါပါ။ အဲဒီလိုရောဂါရှိသူတွေရဲ့ ဆုံးမမှုမျိုးကိုတော့ သတိထားရပါမယ်။ ရောဂါကိုအခြေခံပြီး ဆုံးမလာတဲ့ ဆုံးမမှုမျိုးကတော့ ကိုယ့်စိတ်ဓာတ်အရည်အသွေး မြင့်မလာတဲ့အပြင် တစ်ခါ တလေ နိမ့်တောင်သွားဦးမှာပါ။ လူတစ်ဖက်သားကို ဆုံးမချင်တဲ့ရောဂါဟာ ကုရတော်တော်လေးခက်ပါတယ်။ အဲဒီလိုလူမျိုးကိုတော့ ဘယ်သူမှ မနှစ်မြို့ သလို သူ့ရဲ့ဆုံးမမှုမျိုးကိုလည်း မခံယူချင်ကြပါဘူး။ ဒါသဘာဝပါ၊ ဒါကြောင့် ကိုယ်ကိုယ်တိုင်ကလည်း ရောဂါတစ်ခုလို လူတစ်ဖက်သားကို ဆုံးမချင်တဲ့စိတ် ရှိမနေဖို့ လိုပါတယ်။

ကိုယ်ကိုယ်တိုင် ဆုံးမလွယ်သူဖြစ်ရမှာဖြစ်သလို ရောဂါတစ်ခု အနေနဲ့ မဟုတ်ဘဲ ကိုယ့်ဝန်းကျင်မှာ ပြောပြဖို့ ဆုံးမဖို့ အမှန်တကယ် လိုအပ်လာရင် လည်း တာဝန်တစ်ခုအနေနဲ့ကို ပြောပြပေးရမှာပါ။ ဆုံးမပေးရမှာပါ။

အဲဒီလိုပြောပြပေးဖို့၊ ဆုံးမပေးဖို့ အခွင့်ကြုံလာခဲ့ရင်တော့ အောက်ပါ အင်္ဂါ(၅)ပါးကို သတိထားရမယ်လို့ စာမှာဆိုထားပါတယ်။

၁။ မသင့်လျော်မလျောက်ပတ်တဲ့အခါ မပြောပြသေးဘဲ၊ မဆုံးမ သေးဘဲ သင့်လျော်လျောက်ပတ်တဲ့အခါကျမှ ပြောပြပေးခြင်း၊ ဆုံးမ ပေးခြင်း။



၂။ မဟုတ်မမှန်သောစကားကို ဖယ်ရှားပြီး၊ ဟုတ်မှန်တဲ့စကားနဲ့သာ ဆုံးမခြင်း။

၃။ ကြမ်းတမ်းခက်ထန် နားမခံနိုင်ဘွယ်စကားကို ဖယ်ရှားပြီး သိမ်မွေ့ နူးညံ့တဲ့ စကားနဲ့သာ ဆုံးမခြင်း။

၄။ အကျိုးမရှိတဲ့စကားကို ဖယ်ရှားပြီး အကျိုးရှိတဲ့စကားနဲ့သာ ဆုံးမခြင်း။

၅။ အမျက်ဒေါသမပါစေဘဲ မေတ္တာနဲ့သာဆုံးမခြင်း။

ဒီအင်္ဂါ(၅)ပါးကို ချိန်ပြီးပြောဆိုပါ၊ ဆုံးမပါတဲ့။

ဘဝခရီးမှာ ဆုံးမတတ်သူ၊ ဆုံးမအပ်သူဆိုပြီး အပြန်အလှန်တော့ တစ်လှည့်စီ ရှိနေကြမှာပါ။ ကြုံလာတဲ့အလှည့်မှာ တာဝန်ကျေဖို့နဲ့ သတိလေး ရှိနေဖို့ပါ။

ဘာပဲပြောပြော ဆိုဆုံးမလွယ်တဲ့သူကို လူတိုင်းက ချစ်ကြပါတယ်။ လူတိုင်းရဲ့အချစ်ကို ခံချင်တယ်ဆိုရင်တော့ .....။

အလင်းတန်းဂျာနယ်
၃.၅.၂၀၀၄


www.burmeseclassic.com

www.burmeseclassic.com









# မင်္ဂလာရွှေမြား
## ၊၂၈၊

**သမဏာနဉ္စဒဿနံ ဧတံမင်္ဂလမုတ္တမံ။**
**ရဟန်းတော်တို့ကို ဖူးမြင်ရခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**သူမြတ်ပုဂ္ဂိုလ်ဟူသမျှကို**
**မကြာခဏ တွေ့ဆုံလေ။**

တစ်ခါတုန်းက သီရိဓမ္မာသောကမင်းကြီးဟာ သူ့ရဲ့ဘိုးတော်ခမည်းတော်တို့ရဲ့ အစဉ်အလာတိုင်း ပရိဗိုဇ်ရဟန်းတွေကို ဆွမ်းကျွေးလှူဒါန်းနေပါတယ်။ ဆွမ်းကျွေးနေရပေမယ့် စားတာသောက်တာ နေတာထိုင်တာ ဣန္ဒြေမရဖြစ်နေတဲ့ ပရိဗိုဇ်ရဟန်းတွေကို ကြည့်ပြီး စိတ်မချမ်းမသာလည်း ဖြစ်နေရပါတယ်။

တစ်ခါမှာတော့ ပရိဗိုဇ်ရဟန်းတွေ နန်းတော်ထဲအရောက်မှာ 'အရှင်ဘုရားတို့ သင့်တော်ရာမှာ ထိုင်ကြပါ'လို့ သဘောတစ်ခုနဲ့ စမ်းလိုက်ပါတယ်။ ဒီတော့ ပရိဗိုဇ်တွေက တိုးတိုးဝှေ့ဝှေ့နဲ့ သူ့ထက်ငါဦးအောင်

www.burmeseclassic.com

www.burmeseclassic.com



လုထိုင်ကြပြီး ဘုရင့်ရဲ့ ရာဇပလ္လင်ကိုတော့ ဘယ်သူမှ တက်မထိုင်ဝံ့ကြပါဘူး။ ဒီမြင်ကွင်းကိုကြည့်ပြီး သီရိဓမ္မာသောကမင်းကြီးက ပုရိဗိုဇ်တွေရဲ့ အနှစ်သာရ မရှိကြောင်းကို ကောင်းကောင်းသိသွားပါသတဲ့။

ဒီလိုနဲ့ တစ်နေ့မှာတော့ နန်းတော်လေသာပြတင်းနားမှာ စင်္ကြံသွားနေပါတယ်။ အာရုံထဲမှာလည်း ဣန္ဒြေမရကြတဲ့ ပရိဗိုဇ်တွေပဲ မြင်ယောင်နေပါတယ်။

အဲဒီအချိန်မှာပဲ ခုနစ်နှစ်အရွယ် သာမဏေငယ်တစ်ပါးဟာ အရွယ်နဲ့ မလိုက်အောင် ဣန္ဒြေရရနဲ့ စက္ခုန္ဒြေချပြီး နန်းတော်ရင်ပြင်ကို ဖြတ်သွားတာ တွေ့လိုက်ရပါတယ်။ သာမဏေရဲ့နာမည်က နိဂြောဓတဲ့။ နိဂြောဓ သာမဏေငယ်ကို မြင်လိုက်တာနဲ့ ကြည်ညိုခြင်းအပြင် ချစ်ခြင်းပါ ဖြစ်သွားပါတယ်။

သီရိဓမ္မာသောကမင်းကြီးက ချက်ချင်းဆိုသလို သာမဏေငယ်ကို ပင့်နိုင်းလိုက်ပါတယ်။ သာမဏေငယ် မိမိအနားကို ရောက်လာတော့ 'ကိုရင်၊ ကိုရင်နဲ့သင့်တော်ရာကို ထိုင်ပါဘုရား'လို့ လျှောက်လိုက်ပါတယ်။

သာမဏေငယ်ကလည်း မင်းကြီးလျှောက်ထားလာတော့ သူ့ထက်ကြီးတဲ့ ရဟန်းများ ရှိလေမလားဆိုပြီး ဘေးဘီကိုကြည့်လိုက်ပါတယ်။ မရှိဘူးဆိုတာသိတာနဲ့ ရာဇပလ္လင်ပေါ်ကို တက်ထိုင်လိုက်ပါတယ်။

သာမဏေငယ်က သူ့တန်ဘိုးနဲ့ သူ့ပမာဏကို ပြလိုက်တော့မင်းကြီးလည်း တိုးပြီးကြည်ညိုသွားပါတယ်။ ပြီးတော့ ဆွမ်းဘောဇဉ်တွေကိုလည်း ဆက်ကပ်လှူဒါန်းပါတယ်။

ဆွမ်းဘုဉ်းပေးပြီးတော့ မင်းကြီးကပဲ စလျှောက်လိုက်ပါတယ်။

'ကိုရင်၊ ကိုရင့်ဆရာရဲ့ အဆုံးအမကို သိပါသလား'

'တချို့တစ်ဝက်တော့ သိပါတယ်မင်းကြီး'

'ဒါဆို သိသမျှလေးဟောပြပါဦးဘုရား'

'ဒါဖြင့်ရင်လည်း နားထောင်ပါမင်းကြီး . . .

အပ္ပမာဒေါ အမတံပဒံ၊

ပမာဒေါ မစ္စုနောပဒံ။

အပ္ပမတ္တာ နမီယန္တိ၊

ယေပမတ္တာ ယထာမတာ။



'မမေ့မလျော့ခြင်းဟာ မသေခြင်းရဲ့ အကြောင်းဖြစ်တယ်။ မေ့လျော့ခြင်းဟာ သေခြင်းရဲ့အကြောင်းဖြစ်တယ်။ မမေ့မလျော့ နေသူတို့ဟာ သေတယ်လို့မမည်ဘူး။ မေ့လျော့နေသူတို့သာ သေသူလို့ မည်တယ်'

ဉာဏ်ထက်တဲ့မင်းကြီးဆိုတော့ တရားဆုံးတာနဲ့ ဉာဏ်အလင်းပွင့်သွားပြီး သာဓုသုံးကြိမ်ခေါ်လိုက်ပါတယ်။ ပြီးတော့ မင်းကြီးက တစ်ဆက်တည်း မိန့်လိုက်ပါတယ်။

'ကိုရင့်အတွက် နေ့စဉ် ဆွမ်းရှစ်အုပ်လှူပါတယ်ဘုရား'

'ဆွမ်းရှစ်အုပ်ကို ဥပဇ္ဈာယ်ဆရာကို လှူဒါန်းပါတယ်'

'ဥပဇ္ဈာယ်ဆိုတာ ဘာကိုပြောတာလဲဘုရား'

'အပြစ်ကြီး အပြစ်ငယ်ကို ဆုံးမတဲ့သူကို ဥပဇ္ဈာယ်လို့ခေါ်ပါတယ်'

'နောက် ဆွမ်းအုပ်ရှစ်အုပ် ထပ်လှူဒါန်းပါတယ်ဘုရား'

'အဲဒီဆွမ်းရှစ်အုပ်ကို ဆရာကို လှူပါတယ်'

'ဆရာဆိုတာ ဘာကိုပြောတာလဲဘုရား'

'ဆရာဆိုတာ ဘုရားဟောဒေသနာတော်ကို သင်ပေးတဲ့သူပါ'

'ဒါဆို ဆွမ်းရှစ်အုပ် ထပ်လှူပါတယ်'

'အဲဒီဆွမ်းရှစ်အုပ်ကိုလည်း သံဃာကို လှူပါတယ်'

'သံဃာဆိုတာကော ဘာကိုပြောတာလဲဘုရား'

'ကိုရင်ပဲပြုပြု ရဟန်းပဲပြုပြု သံဃာရှိမှပြုလို့ရပါတယ်။ အဲဒါတွေကို သံဃာလို့ခေါ်ပါတယ်'

'ဒါဆိုနောက် ဆွမ်းရှစ်အုပ် ထပ်လှူပါတယ်ဘုရား'

'ကောင်းပါပြီ မင်းကြီး'

ဒီတစ်ခါမှာတော့ သာမဏေငယ်က သူ့အတွက် လက်ခံလိုက်ပါတယ်။

သီရိဓမ္မာသောကမင်းကြီး နိဂြောဓသာမဏေငယ်ကို ဖူးတွေ့လိုက်ရတာဟာ ဗုဒ္ဓသာသနာ့သမိုင်းစာမျက်နှာကို အပြောင်းအလဲကြီး ပြောင်းလဲသွားစေခဲ့ပါတော့တယ်။

(ပါရာဇိကဏ်အဋ္ဌကထာ (ပ) နှာ၊ ၃၄၊ ၃၅၊ ၃၆)

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်တွေကို ဖူးမြင်ရခြင်းဟာ မြတ်သောမင်္ဂလာပါတဲ့။

တချို့ သီလသမာဓိပြည့်စုံနေတဲ့ ရဟန်းတော်တွေရဲ့ မျက်နှာတော်ကို ကြည့်လိုက်ရင် ကြည်လင်နေတတ်ပါတယ်။ ဒီလိုမျက်နှာတော် ကြည်နေတဲ့ ရဟန်းတော်တွေကို ဖူးတွေ့လိုက်ရရင်ပဲ ရင်ထဲကို အေးမြသွားတာပဲမို့ ရဟန်းတော်တွေရဲ့ အအေးဓာတ်ဟာလည်း ကိုယ့်ကို လာကူးတဲ့ သဘောပါ။

ဒါတင်မကပါဘူး။ ကိုယ့်ရဲ့ အတိတ်ရေစက် ပါရမီရယ်၊ ရဟန်းတော်ရဲ့ အတိတ်ရေစက် ပါရမီရယ်၊ အဲဒီအတိတ်ပါရမီ ရေစက်နှစ်ခုဟာ ဒီဘဝ အကြောင်းတိုက်ဆိုင်စွာ ဆုံတွေ့ခွင့်ရလိုက်ရင် ဘဝဟာ တစ်ဆစ်ချိုးပြောင်းသွားနိုင်သလို ကိုယ့်ဝန်းကျင်အတွက်လည်း တစ်စုံတစ်ရာ အကျိုးသက်ရောက်မှု ဖြစ်သွားတတ်ပါတယ်။

ကိုယ်ဟာ ဘယ်လိုရဟန်းတော်နဲ့ ဘယ်လိုဆုံပြီး ဘယ်လို တရားထူးရနိုင်တယ်ဆိုတာ ကြိုတင်သိခွင့် ရမထားပေမယ့် 'ငါဟာ ရဟန်းတော်တစ်ပါးပါးကို အမှီပြုပြီး တရားထူးရနိုင်တယ်'ဆိုတာကိုတော့ နှလုံးသွင်းထားရပါတယ်။

တကယ်လို့များ ကိုယ်က ဒီရဟန်းတော်ကို အမှီပြုပြီး တရားထူးတရားမြတ်တွေရမယ်။ ဒါပေမယ့် ကိုယ်က အဲဒီရဟန်းတော်ကို တစ်စုံတစ်ရာနဲ့ သွားပြစ်မှားလိုက်မယ်ဆိုရင်တော့ ကိုယ်ရမယ့် တရားထူးတရားမြတ်တွေနဲ့ ဝေးသထက်ဝေးသွားပါလိမ့်မယ်။

ဘာပဲပြောပြော ရဟန်းတော်တွေကို ဖူးမြင်လိုက်ရတယ်ဆိုရင်ပဲ ကြည်နူးပီတိတော့ ဖြစ်သွားကြတတ်ပါတယ်။ အဲဒီအချိန်မှာ သဒ္ဒါတရားတွေ နိုးထလာပြီး ပစ္စည်းတစ်ခုခုကို လှူချင်စိတ် ပေါက်သွားလေ့ ရှိပါတယ်။ တကယ်လို့ ကိုယ့်မှာ လှူစရာပစ္စည်းမရှိဘူးဆိုရင် အဋ္ဌကထာမှာ ဘယ်လိုပြထားသလဲဆိုတော့ ချစ်မြတ်နိုးတဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတဲ့။ ဒါဆို ကုသိုလ်ဖြစ်မှုနဲ့အတူ ဘဝများစွာ မျက်လုံးအလှပိုင်ရှင် ဖြစ်ရတတ်ပါတယ်တဲ့။

ဒကာ ဒကာမတွေဟာ ရဟန်းတော်တွေနဲ့ တွေ့ရတဲ့အခါ –

၁။ မေတ္တာပါတဲ့ အပြုအမူနဲ့ ပြုမူရမယ်။



၂။ မေတ္တာပါတဲ့ အပြောအဆိုနဲ့ ပြောဆိုရတယ်။

၃။ ကိုယ်ဆင်းရဲကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ စသည်ဖြင့် မေတ္တာ ပါတဲ့ အတွေးကို တွေးရမယ်။

၄။ တတ်နိုင်ရင် ပစ္စည်းလေးပါးအလှူခံဖို့ ဖိတ်ရမယ်။

၅။ စွမ်းနိုင်ရင် ပစ္စည်းဝတ္ထုလှူဒါန်းရမယ်လို့ ဆိုထားပါတယ်။

ဒီလိုပါပဲ ရဟန်းတော်တွေကလည်း ကိုယ့်ကို ပစ္စည်းလေးပါး ထောက်ပံ့နေတဲ့ ဒကာဒကာမတွေကို

၁။ မသင့်လျော်တာ ပြုမူပြောဆိုနေရင် ဆုံးမတားမြစ်ပေးရမယ်။

၂။ ဒါနပြုဖို့ သီလစောင့်တည်ဖို့ ဝိပဿနာပွားများဖို့ တိုက်တွန်းပေးရမယ်။

၃။ ငါတို့ရဲ့ ဒကာ ဒကာမတွေ ကိုယ်ဆင်းရဲကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ စသည်ဖြင့် အကျိုးလိုလားစိတ်၊ သနားစိတ် ထားရမယ်။

၄။ မကြားဖူးသေးတဲ့ တရားကို ဟောပြောပေးရမယ်။

၅။ ကြားဖူးပြီးသားတရားကို အသိရှင်းသွားအောင် သံသယ ပျောက်သွားအောင် ရှင်းပြပေးရမယ်။

၆။ နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်းတွေကို ညွှန်ပြပေးရမယ်လို့ ဆိုထားပါတယ်။

ဘာပဲပြောပြော ဘဝမှာ မျက်လုံးအလှပိုင်ရှင် ဖြစ်ချင်တယ်ဆိုရင်တော့ ရဟန်းတစ်ပါးပါးကို ဖူးမြင်လိုက်ရတဲ့အခါ ချစ်မြတ်နိုးတဲ့စိတ်နဲ့ ကြည့်ဖြစ်လိုက်ဖို့ပါပဲလေ။

အလင်းတန်းဂျာနယ်
၁၀.၅.၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com



# မင်းလောင်းကြွေးများ

၊၂၀၊

**ကာလေန ဓမ္မသာကစ္ဆာ**
**ဧတံမင်္ဂလမုတ္တမံ။**
**သင့်လျော်သောအခါ တရားဆွေးနွေးခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**
**သဘာဝတွေး မှန်ကန်ရေး**
**ဆွေးနွေးမပြတ်ပေ။**

တစ်ခါတုန်းက ရာဇဂြိုဟ်ပြည်မှာ အဇာတသတ်မင်း အုပ်ချုပ်နေပါတယ်။ တစ်နေ့တော့ သတင်းထူးတစ်ခု ဝင်လာပါတယ်။ အဲဒါက ရာဇဂြိုဟ်ပြည်နဲ့ ဝေသာလီပြည်အကြားက တောင်ခြေတစ်နေရာမှာ အဖိုးများစွာ ထိုက်တန်တဲ့ သဘာဝပစ္စည်းတွေ ထွက်နေတယ်ဆိုတာပါပဲ။ ဒါပေမယ့် အဇာတသတ်မင်းက 'ဒီနေ့သွားယူမယ် မနက်ဖြန်သွားယူမယ်' ဆိုပြီး ပျင်းကြောဆွဲနေပါတယ်။

အဇာတသတ်မင်း ပျင်းကြောဆွဲနေတုန်းမှာပဲ လိစ္ဆဝီမင်းတွေက

www.burmeseclassic.com

www.burmeseclassic.com



သတင်းရသွားပြီး၊ ချက်ချင်းပဲ တောင်ခြေမှာ ထွက်နေတဲ့ သဘာဝပစ္စည်းတွေကို ဦးအောင်သွားယူပစ်လိုက်ပါတယ်။ ဒီတော့ အဇာတသတ်မင်းလည်း စိတ်ထဲ မခံချိမခံသာဖြစ်ပြီး လိစ္ဆဝီမင်းတွေကို နှိပ်ကွပ်ဖို့ စီစဉ်ပါတော့တယ်။

ဒါပေမယ့် အဇာတသတ်မင်း လိစ္ဆဝီမင်းတွေကို နှိပ်ကွပ်ဖို့ မလွယ်ဘူး ဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လိစ္ဆဝီမင်းတွေက တိုင်းရေးပြည်ရေး၊ စီးပွားရေး၊ ပညာရေးတွေကို မကြာခဏ ဆွေးနွေးပွဲလုပ်နေကြလို့ပါ။ ဆွေးနွေးပွဲတွေလုပ်နေတော့ အထူးသဖြင့် ညီညွတ်နေကြပြန်ပါတယ်။ ဒါကြောင့် နှိပ်ကွပ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။

ဒီတော့ အဇာတသတ်မင်းက သူ့ရဲ့အမတ်ချုပ်ကြီး ဝဿကာရကို အကျိုးအကြောင်း ပြောပြပါတယ်။ ဝဿကာရကလည်း 'မင်းကြီးဘာမှ မပူနဲ့၊ သူတို့ ဆွေးနွေးပွဲတွေ မကြာခဏလုပ်နေလို့ ညီညွတ်နေကြတာ၊ အဓိကကတော့ သူတို့ဆွေးနွေးပွဲတွေ မလုပ်ဖြစ်တော့ဘဲ စိတ်ဝမ်းကွဲသွားဖို့ပဲ။ ဒါဆို ကျွန်တော်မျိုးတို့ ကောင်းကောင်း နှိပ်ကွပ်လို့ရပါပြီ၊ ဒီကိစ္စ ကျွန်တော်မျိုး တာဝန်ထားပါ'လို့ ပြန်ပြောလိုက်ပါတယ်။

ပြီးတော့ ဝဿကာရက သူ့ကို အဇာတသတ်မင်းက တိုင်းပြည်က နှင်ထုတ်လိုက်တဲ့ပုံစံမျိုးနဲ့ ပရိယာယ်ဆင်ပြီး လိစ္ဆဝီမင်းသားတွေနဲ့ သွားပေါင်းနေလိုက်ပါတယ်။

အထိုက်အလျောက် ရင်းနှီးလာတော့ လယ်ထွန်နေတဲ့ မင်းသားတစ်ယောက်ကို သူများမကြားစေချင်တဲ့ ပုံစံမျိုးနဲ့ 'လယ်ထွန်နေတာလား' လို့ တိုးတိုးလေးမေးလိုက်ပါတယ်။ မင်းသားကလည်း 'ဟုတ်ပါတယ်'လို့ ပြန်ပြောလိုက်ပါတယ်။ ဒါကို တခြားမင်းသားတစ်ယောက်က တွေ့သွားပြီး 'စောစောက ဝဿကာရအမတ်ကြီး ဘာပြောတာလဲ'လို့ သွားမေးပါတယ်။ 'လယ်ထွန်နေတာလားလို့ မေးတာပါ'လို့ ပြန်ဖြေပါတယ်။ ဒါပေမယ့် မေးသူမင်းသားက မယုံပါဘူး။ 'လယ်ထွန်တာများ အဆန်းလုပ် မေးမလား၊ ငါမသိစေချင်တဲ့ အကြောင်း ဖြစ်မှာပါ'ဆိုပြီး စိတ်ထဲက တေးထားလိုက်ပါတယ်။

ဒီလိုပါပဲ နောက်တစ်ရက်ရောက်တော့ မင်းသားတစ်ယောက်ကို 'ထမင်းစားပြီးပြီလား၊ ဘာဟင်းနဲ့စားလဲ'လို့ တိုးတိုးလေး သွားမေးပါတယ်။



ဒါကို တခြားမင်းသားတစ်ယောက်က တွေ့သွားပြီး 'ဘာပြောသွားတာလဲ' လို့ သွားမေးကြည့်ပါတယ်။ အမေးခံရတဲ့ မင်းသားက ဝဿကာရ မေးတဲ့ အတိုင်း ပြန်ပြောပြပေမယ့် မယုံပါဘူး။ ဒါကြောင့် စိတ်ထဲက တေးထားလိုက်ပြန်ပါတယ်။

အဲဒီလို ဆင့်ကာဆင့်ကာ တိုးတိုး တိုးတိုးနဲ့ ကပ်မေးလိုက်တာ နောက်ဆုံးတော့ လိစ္ဆာဝီမင်းသားတွေ သွေးကွဲကုန်ပြီး ပြုနေကြ တိုင်ပင်ဆွေးနွေးမှုတွေ မလုပ်တော့ပါဘူး။ တိုင်ပင်ဆွေးနွေးမှုတွေ မလုပ်ဖြစ်တော့ ညီညွတ်မှုတွေလည်း မရှိတော့ပါဘူး။

ဒီတော့မှ ဝဿကာရအမတ်ကြီးက စစ်ချီလာဖို့ အဇာတသတ်မင်းဆီ သတင်းပို့လိုက်ပါတော့တယ်။ နောက်ဆုံးတော့ အဇာတသတ်မင်းက မညီမညွတ်ဖြစ်နေတဲ့ လိစ္ဆဝီမင်းတွေကို ကောင်းကောင်းနှိပ်ကွပ် အနိုင်ယူလိုက်နိုင်ပါတော့တယ်။

(သုတ်မဟာဝါအဋ္ဌကထာ၊ နှာ၊ ၁၀၆၊ ၁၁၂၊ ၁၁၃)

သင့်လျော်တဲ့အခါ တရားဆွေးနွေးတာ မင်္ဂလာပါတဲ့။

သင့်လျော်တဲ့အခါဆိုတာက စာသံပေသံ ပေါက်နေပါတယ်။ အရပ်သုံးစကားနဲ့ပြောရရင် အလုပ်အားတဲ့အခါပါပဲ။

ဒီမှာလည်း တရားဆွေးနွေးခြင်းလို့ ယေဘုယျဆိုထားပေမယ့် ဒါနအကြောင်း၊ သီလအကြောင်း၊ ဝိပဿနာအကြောင်း ဆွေးနွေးမှ တရားဆွေးနွေးတာ မဟုတ်ပါဘူး။ 'မတရားမှု'ကို ပယ်ပြီး 'တရားမှု'ကို အခြေခံလို့ ကိုယ့်မိသားစုအနာဂတ်အတွက်၊ ကိုယ့်ကုမ္ပဏီအနာဂတ်အတွက်၊ ကိုယ့်ဌာနအနာဂတ်အတွက်၊ ကိုယ့်ဂျာနယ် မဂ္ဂဇင်းအနာဂတ်အတွက်၊ ကိုယ့်ကျောင်း အနာဂတ်အတွက်၊ ကိုယ့်ဆေးရုံအနာဂတ်အတွက်၊ ကိုယ့်ရွာ ကိုယ့်မြို့ ကိုယ့်နိုင်ငံ အနာဂတ်အတွက် စသည်ဖြင့် ဆွေးနွေးမှုမှန်သမျှဟာ 'တရားတာ'ကို ဆွေးနွေးနေတဲ့အတွက် တရားဆွေးနွေးနေကြတာပါပဲ။

တစ်ပတ်တစ်ခါတော့ စကားဝိုင်းဖွဲ့ပြီး ဆွေးနွေးနေကြပါရဲ့၊ မတရားတာကို အခြေခံတဲ့ တစ်စုံတစ်ယောက်ရဲ့ အပြစ် အားနည်းချက်၊ ဒါမှမဟုတ် တိရစ္ဆာနကထာတွေဖြစ်တဲ့ မင်္ဂလာမဖြစ်ဘဲ ဖီလာဖြစ်တဲ့စကားတွေကိုပဲ အခြေခံပြီး ဆွေးနွေးနေမယ်ဆိုရင်တော့ မင်္ဂလာမဖြစ်ဘဲ အမင်္ဂလာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါလိမ့်မယ်။ အမင်္ဂလာတွေဖြစ်နေမယ်ဆိုရင်တော့ စကားဝိုင်း တက်ရောက်သူအားလုံး အကုန်အပါယ်ကျကုန်ပါလိမ့်မယ်။ ကိုယ်ရဲ့ ဆွေးနွေးမှုတွေဟာ ဒုဂ္ဂတိရောက်ကြောင်းတွေလား၊ သုဂတိ ရောက်ကြောင်း တွေလား ဆိုတာကိုတော့ အထူးသတိပြုဖို့လိုပါတယ်။

စိတ်ကောင်းထားတတ်ဖို့၊ ပရဟိတလုပ်တတ်ဖို့၊ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်ဖို့၊ ဒါနပြုဖြစ်ဖို့၊ သီလဆောက်တည်ဖြစ်ဖို့၊ ဝိပဿနာ ပွားများဖြစ်ဖို့ စသည်တွေဟာ ဆွေးနွေးမှုကို အားယူပြီး ဖြစ်ပေါ်လာမယ့် အကျိုးသက်ရောက်မှုတွေပါ။

မိသားစုဆွေးနွေးပွဲပဲဖြစ်ဖြစ်၊ ဌာနဆိုင်ရာဆွေးနွေးပွဲပဲဖြစ်ဖြစ်၊ အသက်အရွယ် အကြီးအငယ်ကွာဟမှုတွေတော့ ပါလာကြမှာပါပဲ၊ အဲဒီမှာ 'ငါကအဖေပဲ ငါကအမေပဲ'ဆိုပြီး ကိုယ်ကပဲ ပြောချင်တာပြောနေပြီး သားသမီးဆီက တုန့်ပြန်မှုကို အခွင့်မပေးဘဲ ဆွေးနွေးနေမယ်ဆိုရင်လည်း အမှန်တရားတွေနဲ့ ဝေးဝေးနေပြီး နားလည်မှုတွေ ကွာဟကွာဟနေပါလိမ့်မယ်။

တကယ်တော့ အနာဂတ်ကို လူငယ်တွေရဲ့လက်ထဲကို ထားခဲ့ကြရမှာဆိုတော့ လူငယ်တွေရဲ့ အတွေးအခေါ် ယူဆချက်ကို အခြေခံပြီး ဆွေးနွေးတာဟာ အကောင်းဆုံးပါပဲ။

အသက်အရွယ် ကွာဟနေတော့ အတွေးအခေါ်တွေလည်း ကွာဟနေကြမှာပါ။ အဲဒီကွာဟမှုကို လူကြီးလုပ်သူက စေ့စပ်ပေးနိုင်ရပါမယ်။

မြတ်စွာဘုရားက တရားဆွေးနွေးခြင်းဖြင့် ရနိုင်တဲ့အကျိုးတွေကို အင်္ဂုတ္တိုရ်၊ နန္ဒကသုတ်မှာ အောက်ပါအတိုင်း ဟောပြထားပါတယ်။

၁။ တရားဆွေးနွေးခြင်းကြောင့် တရားပိုင်ရှင်ဖြစ်သော မြတ်စွာဘုရားကို ချစ်ခင်မြတ်နိုး ကြည်ညိုခြင်း။

၂။ ဆွေးနွေးသောတရားအဓိပ္ပါယ်ကို ကောင်းကောင်း နားလည်ခြင်း။

၃။ တရားတော်၏ နက်နဲသောသဘောကို သုတမယ၊ စိန္တာမယ၊ ဘာဝနာမယဉာဏ်တို့ဖြင့် ထိုးထွင်းသိခြင်း။

၄။ မိတ်ဆွေ သီတင်းသုံးဖော်တို့ ချီးမွမ်းခံရခြင်း။



၅။ အရဟတ္တဖိုလ် မရသေးသောသူတို့သည် ရလိုစိတ်ဖြင့် ကြိုးစား အားထုတ်ခြင်း။ ရရှိပြီးသူတို့သည် အရဟတ္တဖိုလ် ချမ်းသာကို ခံစားလျက်နေကြခြင်းတို့ ဖြစ်ပါတယ်။

ဘာပဲပြောပြော စိတ်ကောင်းစိတ်မြတ်တွေ မွေးမြူတတ်ဖို့၊ ကိုယ့်ဝန်းကျင် အနာဂတ်လှပဖို့ 'တရားမှု'ကို အခြေခံတဲ့တရားတွေ ဆွေးနွေးဖြစ်ဖို့ ပါပဲလေ။

www.burmeseclassic.com

www.burmeseclassic.com







# မင်္ဂလာတရားများ(၃၁)

**တပေါစ ဧတံမင်္ဂလမုတ္တမံ။**
**မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို**
**ကောင်းစွာစောင့်စည်းခြင်းဟုဆိုအပ်သော**
**ဣန္ဒြိယသံဝရကို ကျင့်ခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**
**လောကီအာရုံ စိမ်ယစ်မူးလို့**
**အပျော်မကြူးနဲ့ မြိုးမြဲလေ။**

တစ်ခါတုန်းက သီဟိုဠ်ကျွန်းမှာ မဟာတိဿဆိုတဲ့ ရဟန်း တစ်ပါး ရှိပါတယ်။ ဣန္ဒြေကို အထူးစောင့်စည်းသလို အသုဘကမ္မဋ္ဌာန်း ကိုလည်း အမြဲပွားများနေတဲ့ ရဟန်းပါ။

တစ်နေ့တော့ မဟာတိဿမထေရ်ဟာ သူသီတင်းသုံးရာ စေတိယ တောင်ကနေ သက်န်းရုံ၊ သပိတ်လွယ်ပြီး အနုရာဓမြို့ထဲကို ဆွမ်းခံကြွလာ ခဲ့ပါတယ်။ အဲဒီအချိန်မှာ အမျိုးသမီးငယ်လေးတစ်ယောက်က လင် ယောကျ်ားနဲ့ ရန်ဖြစ်ပြီး မိဘများရှိတဲ့ အနုရာဓမြို့ကို ထွက်လာတဲ့ အချိန်ပါ။ စာထဲမှာတော့ အမျိုးသမီးငယ်လေးဟာ နတ်သမီးလေးလို အလွန်လှဆိုပဲ။

လမ်းမပေါ်မှာ ရဟန်းနဲ့ အမျိုးသမီးငယ်လေးတို့ ဆုံကြတော့ အမျိုးသမီးငယ်လေးက ရဟန်းကိုမြင်မြင်ခြင်းပဲ စိတ်ဝင်စားသွားပါသတဲ့။ ဒါကြောင့် စက္ခုန္ဒြေချပြီး ကြွလာတဲ့ရဟန်း သူ့ကိုသတိပြုမိသွားအောင် အသံထွက်ပြီး ရယ်ပြလိုက်ပါတယ်။ ရဟန်းကလည်း ကိုယ့်ကို သီးခြား အသံပြုနေတာဆိုတော့ ဘာပါလိမ့်ဆိုပြီး ခေါင်းမော့ကြည့်လိုက်တာ ပြုံးရယ်လက်စ ပုလဲလုံးလေးတွေလို စီထားတဲ့ သွားဖွေးဖွေးလေးတွေကို တွေ့လိုက်ရပါတယ်။

ရဟန်းရဲ့မျက်လုံးထဲမှာလည်း အမျိုးသမီးငယ်လေးရဲ့ တစ်ကိုယ်လုံးထက် သွားဖွေးဖွေးလေးတွေကိုသာ အထင်းသား တွေ့နေရပါတယ်။

သွားဖွေးဖွေးလေးတွေကို မြင်လိုက်ရတယ်ဆိုရင်ပဲ ရဟန်းက

www.burmeseclassic.com

www.burmeseclassic.com



သူပွားများနေကျ အသုဘကမ္မဋ္ဌာန်းကို ချက်ခြင်းသတိရလိုက်ပါတယ်။ ဒါကြောင့် မြင်နေရတဲ့ သွားတွေကို အာရုံပြုပြီး 'အဋ္ဌိက=အရိုးစု အရိုးစု'လို့ အကြိမ်ကြိမ် ပွားပစ်လိုက်ပါတယ်။

နောက် ကမ္မဋ္ဌာန်းနိမိတ်တွေ အဆင့်ဆင့်ထင်လာပြီး ပဌမဈာန် အထိ ရသွားပါတယ်။ ရဟန်းက ဆက်လက်ပွားရင်း ငါ သူတစ်ပါး ယောကျ်ား မိန်းမဆိုတာ မပေါ်တော့ဘဲ အရိုးစုကြီးလို့သာ ထင်းထင်းကြီး မြင်နေရပါ တော့တယ်။ ဆက်ပြီးပွားလိုက်ရှုလိုက်တာ နေရာမှာတင် ရဟန္တာ ဖြစ်သွား ပါတယ်။

အမျိုးသမီးငယ်လေးလည်း ရဟန်းကသူ့ကို စိတ်ဝင်စားဟန် မပြ တော့ ရှေ့ဆက်ထွက်သွားပါတယ်။

မရှေးမနှောင်းမှာဘဲ အမျိုးသမီးငယ်လေးရဲ့ လင်ယောကျ်ားက သူ့ဇနီးကို လိုက်ရှာရင်း ရဟန်းရှေ့ရောက်လာပါတယ်။ ရဟန်းကို တွေ့တော့ လက်အုပ်ကလေးချီပြီး မေးလိုက်ပါတယ်။

'အရှင်ဘုရား . . . ဒီလမ်းမှာ အမျိုးသမီးလေးတစ်ယောက်များ မတွေ့လိုက်ဘူးလားဘုရား'

'တွေ့တော့တွေ့လိုက်ပါတယ်၊ အမျိုးသမီးလား အမျိုးသားလားတော့ မသိဘူး၊ အရိုးစုတစ်စုတော့ ဖြတ်သွားတာပဲ'

မေးသူအမျိုးသားလည်း နားမလည်တဲ့အကြည့်နဲ့ ရဟန်းကို ကြည့်ရင်း လမ်းတစ်နေရာမှာရပ်ပြီး ကျန်ခဲ့သလို ရဟန်းလည်း ကိလေသာ ကင်းတဲ့ ခြေလှမ်းတွေနဲ့ ရှေ့ကိုဆက်ကြွနေပါတော့တယ်။

(ဝိသုဒ္ဓိမဂ်၊ ပတွဲ၊ စာမျက်နှာ ၂၀၊ ၂၁)

တပရဲ့အနက်က ကျင့်ခြင်းပါ။

အဓိပ္ပါယ်အနက်အထိရောက်အောင် ပြန်ရင်တော့ အဘိဇ္ဈာ ဒေါမနဿစတဲ့ အကုသိုလ်တရားတွေ ကိုယ့်သန္တာန်မှာ ဝင်မလာအောင် ကိုယ့်ရဲ့မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရခြောက်ပါးကို လုံခြုံအောင် အထူးစောင့်စည်းပြီး ကျင့်တာပါပဲ၊ စာဆန်ဆန်ပြောရင်တော့ အကုသိုလ်မဖြစ်အောင် ခြိုးခြံစွာ ကျင့်တာပါ။

အဘိဓမ္မာသဘောအရ အကုသိုလ်တရားတွေဟာ မျက်စိ၊ နား၊



နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ တံခါးခြောက်ပေါက်ကနေ ဝင်လာတတ်ပါတယ်။ ဒါကို ကိုယ်က အထူးသဘောပေါက်ထားပြီး ကိုယ့်ရဲ့ တံခါးခြောက်ပေါက်ကို အထူးစောင့်စည်းဖို့ပါပဲ။

တကယ်စဉ်းစားကြည့်ရင် လူတွေရုံးရောက်၊ ဂါတ်ရောက်ဖြစ်နေ ကြတာ အဲဒီမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို မစောင့်စည်းနိုင်ကြလို့ ပါ။ မျက်စိကို မစောင့်စည်းလို့ ထောင်ကျသွားတာ၊ နားကိုမစောင့်စည်း လို့ ထောင်ကျသွားတာ စသည်ဖြင့်ပေါ့။

ဥပမာ – လူတစ်ယောက် ဒွါရတစ်ခုခုကို မစောင့်စည်းနိုင်လို့ ထောင်ကျသွားတယ်ဆိုပါတော့။ ဒါဆို ကာယကံရှင်တစ်ယောက်ထဲသာ ဒုက္ခရောက်တာ မဟုတ်ပါဘူး။ ကာယကံရှင်နဲ့ ပတ်သက်ရာ မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေအားလုံး ဒုက္ခရောက်ကြတော့တာပါ။ တစ်သီကြီး စီတန်းပြီး ဒုက္ခရောက်ကြတော့တာပါ။

ကိုယ်ကမစောင့်စည်းနိုင်လို့ ကျူးလွန်လိုက်တာက စက္ကန့်ပိုင်း၊ မိနစ်ပိုင်းလေးအတွင်းပါ။ ခံလိုက်ရတော့ လ၊ နှစ်ချီသွားတာပါပဲ။ တချို့ဆို တစ်သက်တစ်ကျွန်းအထိပါ။ ဒါက ပစ္စုပ္ပန်ခံရတဲ့ အပြစ်တင် ရှိပါသေး တယ်။ သံသရာမှာ ခံရမယ့် အပြစ်တွေလည်း ရှိနေပါသေးတယ်။

ဒါတွေက အမြင့်ဆုံးကို တင်ပြီးပြောတာပါ။ အောက်ခြေကနေ အဘိဓမ္မာသဘောအရ ပြောရင်လည်း ရုပ်ရှင်၊ တီဗွီ၊ ဘောလုံးပွဲ၊ သီချင်း စသည်တွေကို ခံစားနေကြတာလည်း မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို မစောင့်စည်းနိုင်ကြတာပါပဲ။

အဲဒီမှာ မေးစရာရှိလာပါတယ်။ တစ်နေ့တာ၊ ဒါမှမဟုတ် တစ်ပတ်စာ၊ တစ်လစာ ပင်ပန်းမှုတွေကို ဒီရုပ်ရှင်ကြည့်တာ၊ သီချင်း နားထောင်တာလေး တွေနဲ့ အပန်းမဖြေရတော့ဘူးလားလို့ မေးနိုင်ပါတယ်။

လူ့ဘဝသက်တမ်းကို (၇၅)နှစ်နဲ့ပဲ ယေဘုယျတွက်ကြည့်။ အိပ်ချိန်၊ စားချိန်၊ ရထားစောင့်ချိန်၊ ကားစောင့်ချိန်၊ လူစောင့်ချိန်၊ တီဗွီ ကြည့်ချိန်၊ အတင်းပြောချိန်၊ ကလေးဘဝမှာ ဘာမသိ ညာမသိနဲ့ ကြီးလာ ခဲ့ရတဲ့အချိန် စသည်တွေ နှုတ်လိုက်ရင် ဘဝမှာ တကယ်အကျိုးရှိရှိ အဓိပ္ပါယ်ရှိရှိ နေထိုင်ရမယ့်အချိန်က ဘာမှမကျန်တော့ပါဘူး။ အဲဒီတော့ အချိန်ကို

www.burmeseclassic.com

www.burmeseclassic.com



ရသလောက်ပြန်စုရမှာပါ။ စုတဲ့နေရာမှာ အကောင်းဆုံး နည်းကတော့ မလုပ်ဘဲနေမယ်ဆိုရင် နေလို့ရတဲ့ အလုပ်ကလေးတွေကို လျှော့လျှော့ပြီး စုသွားမယ်ဆိုရင် ကိုယ့်အတွက် အချိန်ပိုလေးတွေ ထွက်လာမှာပါ။

အကောင်းဆုံးအချိန်စုနည်းကတော့ ရုပ်ရှင်၊ တီဗွီ၊ ဘောလုံးပွဲ စသည်တွေကို လျှော့လိုက်မယ်ဆိုရင် အချိန်တွေ ထွက်လာမှာဖြစ်သလို မျက်စိနဲ့ နားကို စောင့်စည်းတာလည်း ဖြစ်သွားပါတယ်။ တကယ်တွက်ကြည့်ရင် ရုပ်ရှင်၊ တီဗွီ၊ ဘောလုံးပွဲအတွက် ပေးဆပ်ရတဲ့အချိန်က မနည်းလှပါဘူး။ အနည်းဆုံး နှစ်နာရီ၊ သုံးနာရီတော့ ရှိကြမှာပါ။ ပုထုဇဉ်တွေဆိုတော့ လောကီအာရုံတွေနဲ့တော့ ဘယ်လိုမှကင်းလို့ မရပါဘူး။ ဒါပေမယ့် ဘဝမှာ အဓိက မဟုတ်တာတွေနဲ့ အချိန်ကုန်နေမှာစိုးလို့ပါ။ အထူးသဖြင့် အချိန်စုချင်သူတွေအတွက်ပါ။

ဒီမင်္ဂလာကစပြီး နောက်ပိုင်းမင်္ဂလာတွေဟာ နိဗ္ဗာန်ရရေးကို ဦးတည်သွားပါပြီ။ နိဗ္ဗာန်လိုချင်တဲ့သူဟာ လောကီကာမဂုဏ် အာရုံတွေကို ခေါင်းပါးအောင် ပြုပြုသွားရမှာပါ။ နိဗ္ဗာန်မရချင်သေးဘူး၊ သံသရာထဲမှာပဲ ပျော်ပျော်ကြီး ကျင်လည်နေချင်သေးတယ်ဆိုရင်တော့ ရုပ်ရှင်လည်း ကြည့်ပါ၊ သီချင်းလည်းနားထောင်ပါ။ ဘောလုံးပွဲလည်း ကြည့်ပါ။ ကိစ္စမရှိပါဘူး။ နိဗ္ဗာန်လိုချင်တဲ့သူကတော့ လောကီအာရုံ ကာမဂုဏ်တွေကို ခေါင်းပါးအောင်၊ မရှိအောင် ရှောင်ရှားရမယ်ဆိုတာ သဘောပေါက်ထားရင် ပြီးတာပါပဲ။

အကုသိုလ်တွေဟာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဒွါရခြောက်ပေါက်က ဝင်လာတာဖြစ်တဲ့အတွက် အဲဒီဒွါရခြောက်ပေါက်ကို အမြဲပိတ်ထားရမလားဆိုတော့ အဲဒီလိုလည်း မဟုတ်ပြန်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကုသိုလ်တရားတွေဟာလည်း အဲဒီ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကတစ်ဆင့်ပဲ ဝင်လာကြတာဆိုတော့ အကုသိုလ်ဆိုရင် ကိုယ့်ဒွါရတံခါးပေါက်ကို ပိတ်ပြီးသားဖြစ်နေရမှာဖြစ်သလို ကုသိုလ်အတွက်ဆိုရင်လည်း ဒွါရတံခါးခြောက်ပေါက်လုံးကို ဖွင့်ထားနိုင်ရပါမယ်။

တကယ်တော့ ဒွါရခြောက်ပေါက်လုံးကို အကုန် လိုက်စောင့်စည်းနေစရာ မလိုပါဘူး။ စိတ်ဆိုတဲ့ မနောဒွါရတစ်ခုကို စောင့်စည်းလိုက်ရင်ပဲ ကျန်တဲ့ဒွါရတွေကိုလည်း စောင့်စည်းပြီးသား ဖြစ်နေပါတယ်။



အကုသိုလ် ကိလေသာဟာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအကြံဆိုတဲ့ အာရုံတွေကို အမှီပြုပြီး ဖြစ်ကြရတာဆိုတော့ အကုသိုလ်ကိလေသာဖြစ်စရာ အာရုံတွေကို မမြင်ရ၊ မကြားရအောင် ရှောင်နေလိုက်ရင်လည်း အကုသိုလ်ကိလေသာတွေဟာ အလိုလို ငြိမ်းပြီးသား ဖြစ်နေတတ်ပါတယ်။

ဒါကြောင့် မဟာစည်ဆရာတော်ဘုရားကြီးက 'မမြင်ရရာ ကိလေသာ သူဟာသူငြိမ်းသည်'လို့ စပ်ဆိုပေးထားပါတယ်။

ဆိုပါစို့၊ လူတစ်ယောက်ကို သိပ်မုန်းနေတယ်။ အဲဒီလူကို မြင်မိတိုင်း ဒေါသထွက်နေတယ်။ မြင်မှဒေါသထွက်တာဆိုတော့ ကိုယ်သိပ်မုန်းနေတဲ့လူ ရှိတဲ့အရပ်၊ ကိုယ်သိပ်မုန်းနေတဲ့လူ တက်ရောက်မယ့်ပွဲမျိုး စသည်တွေကို ရှောင်ရှားလိုက်မယ်ဆိုရင်လည်း ဒေါသကိုတားပြီးသား ဖြစ်နေပါလိမ့်မယ်။

ဘာပဲပြောပြော မဟာစည်ဆရာတော်ဘုရားကြီးရဲ့ 'မမြင်ရရာ ကိလေသာ သူဟာသူငြိမ်းသည်'ဆိုတဲ့ လင်္ကာလေးအတိုင်း တချို့အရာတွေကို မမြင်ရအောင် နေလိုက်တာဟာလည်း ကိလေသာတွေ သူဟာသူ ငြိမ်းနေတော့တာပါလေ။

အလင်းတန်းဂျာနယ်

၂၄-၅-၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com







# မင်္ဂလာ ဆွေးများ

## ။၃၂။

**ဗြဟ္မစရိယဉ္စတော်မင်္ဂလမုတ္တမံ။**

**မေထုန်အကျင့်ကို ရှောင်ကြဉ်၍ ရဟန်းတရားကို**
**အားထုတ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။**
**မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့။**
**သူမြတ်ကျင့်ထုံး ယွင်းမသွေ။**

တစ်ခါတုန်းက မဂဓတိုင်းမှာ ပိပ္ပလိဆိုတဲ့ လုလင်ငယ်တစ်ယောက် နေထိုင်နေသလို မဒ္ဒတိုင်းမှာတော့ ဘဒ္ဒါကာပိလာနီဆိုတဲ့ အမျိုးသမီးငယ် တစ်ယောက် နေထိုင်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ပိပ္ပလိလုလင်ကို သူ့မိဘတွေက အိမ်ထောင်ပြုဖို့ တိုက်တွန်းပါတယ်။ ဒီတော့ ပိပ္ပလိက 'အို . . . အမေအဖေတို့ နားရှက်စရာ စကားတွေ မပြောပါနဲ့၊ သားက အမေအဖေတို့ကို လုပ်ကျွေးပြီးရင် ရဟန်းပြုမှာပါ'လို့ ပြန်ပြောလိုက်ပါတယ်။

မိဘတွေက မကြာခဏ သားဖြစ်သူကို အိမ်ထောင်ပြုဖို့ တိုက်တွန်းနေပါတယ်။ နောက်ဆုံးတော့ သားဖြစ်သူ ပိပ္ပလိက အလွန်လှတဲ့ ရွှေစင်ရုပ် တစ်ခုကို ထုစေပြီး ဒီလိုလှတဲ့ အမျိုးသမီးတွေ့ရင် အိမ်ထောင်ပြုမယ်လို့ ပြောလိုက်ပါတယ်။

ကံဆိုးတယ်ပဲပြောရမလား၊ မဒ္ဒတိုင်းက ဘဒ္ဒါကာပိလာနီဆိုတဲ့ အမျိုးသမီးဟာ ရွှေရုပ်နဲ့သွားတူနေပါတော့တယ်။

ဘဒ္ဒါကာပိလာနီကလည်း အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိပြန်ပါဘူး။ ဒါကြောင့် ပိပ္ပလိလုလင်နဲ့ ဘဒ္ဒါကာပိလာနီတို့ဟာ အိမ်ထောင်မပြုလို ကြောင်း ရဟန်းပြုမှာဖြစ်ကြောင်း နောက်မှ နှလုံးမသာမယာမဖြစ်စေလို ကြောင်း ကိုယ်စီ လျှို့ဝှက်စွာ လှမ်းစာရေးကြပါတယ်။ ဒါပေမယ့် ထပ်ကံဆိုး ချင်တော့ စာပို့သူနှစ်ယောက်ဟာ လမ်းတစ်နေရာမှာ ဆုံကြပြီး ပေးလိုက်တဲ့ စာတွေကို ဆုပ်ဖျက်ပြီး ဘာလုပ်လိုက်လဲဆိုတော့ 'ပါရမီ ဖြည့်ပေးလိုက်ဦးမှပဲ' ဆိုပြီး 'အသက်တမျှချစ်ပါကြောင်း အမြန်လက်ထပ်လိုပါကြောင်း' ပြန်ပြင် ရေးပေးလိုက်ပါတယ်။

နောက်ဆုံးတော့ ရှောင်လွှဲလို့မရတဲ့ အတိတ်ရေစက်တွေကြောင့်ပဲ စာပို့လုလင်တွေရဲ့ ဆောင်မှုကိုအရင်းတည်ပြီး ညားသွားတယ်ပဲ ဆိုပါ တော့။

ဒါပေမယ့် ညအိပ်တဲ့အခါမှာတော့ ပန်းကုံးတွေခြားပြီး အိပ်ပါသတဲ့၊ နေ့အခါမှာလည်း မောင်နှမလိုပဲ နေကြပါသတဲ့။

ဒီလိုနဲ့ နေလာရင်း တစ်နေ့မှာတော့ တစ်ဦးနဲ့တစ်ဦး ရဟန်းပြုလို ကြောင်း ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလာကြပါတယ်။

ကိုယ်စီဆန္ဒရှိကြတဲ့အတိုင်း ဈေးမှာ သင်္ကန်းပရိက္ခရာတွေဝယ်ပြီး တစ်ဦးခေါင်းကို တစ်ဦးရိတ်ပေးကြပါတယ်။ ပြီးတော့ ကိုယ်စီပဲ သင်္ကန်း ဝတ်လိုက်ကြပါတယ်။ တရားဝင် ရဟန်းတော့ မဖြစ်သေးပါဘူး။



ဒီလိုနဲ့ နှစ်ဦးသား လမ်းလျှောက်လာကြရင်း လမ်းနှစ်ခွ ရောက်လာ တော့ ပိပ္ပလိလုလင်က 'ဘဒ္ဒါ . . . ငါတို့ဟာ အတူတကွ သွားနေလို့ မသင့်ဘူး။ သင်နှစ်သက်ရာ တစ်လမ်းကို ရွေးချယ်ပါတော့'လို့ ပြောလိုက် ပါတယ်။

ဘဒ္ဒါလည်း ပိပ္ပလိလုလင်ကို လက်ယာရစ်သုံးရစ်ရစ်ပြီး ရှိခိုး ကန်တော့တယ်။ နောက်တော့ ဘဒ္ဒါက လက်ဝဲလမ်းကြောင်းကို ရွေးချယ် လိုက်ပြီး ပိပ္ပလိကတော့ လက်ယာလမ်းကြောင်းကို ရွေးချယ်လိုက်ကြပါ တယ်။ ညောင်ညိုပင်စခန်းမှာပဲ လမ်းခွဲလိုက်ကြပါတယ်။

အဲဒီအချိန်မှာ ကမ္ဘာမြေကြီးဟာ ပြင်းစွာမြည်ဟီးပါတော့တယ်။

ဒီမြည်ဟီးသံကြားတော့ မြတ်စွာဘုရားရှင်က ပိပ္ပလိလုလင်ဆီ ရောက်အောင် ကြွချီပြီး ရဟန်းပြုပေး၊ ရှစ်ရက်မြောက်မှာပဲ ရဟန္တာ ဖြစ်သွား ပါတော့တယ်။

ဘဒ္ဒါကာပိလာနီလည်း ဘိက္ခုနီကျောင်းရောက်ပြီး အရဟတ္တဖိုလ် ရသွားခဲ့ပါတော့တယ်။

(မဟာဗုဒ္ဓဝင်၊ ဆဋ္ဌမတွဲ၊ ပ ပိုင်း)

ရှေ့မှာလည်း ပြောခဲ့ပြီးပါပြီ။ တပမင်္ဂလာကစပြီး နောက်ပိုင်း မင်္ဂလာတွေဟာ မဂ်ဖိုလ်နိဗ္ဗာန်ရရေးကို ဦးတည်သွားပါပြီ။ မဂ်ဖိုလ် နိဗ္ဗာန်ကို ဦးတည်ပြီးသွားတဲ့ စာတွေဆိုတော့ ဝိပဿနာတွေက မလွဲမသွေ ပါရတော့ မှာပါ။ ဝိပဿနာတွေပါလာတော့ ဝိပဿနာအားထုတ်ဖူးထားတဲ့ စာဖတ်သူ တွေအတွက်တော့ များစွာအထောက်အကူဖြစ်မှာဖြစ်ပေမယ့် ဝိပဿနာ အားမထုတ်ဖူးသေးတဲ့ စာဖတ်သူတွေအတွက်တော့ ဖတ်ရတာ နည်းနည်း ထောက်နေမလား မသိပါဘူး။ စိတ်တော့မပျက်ပါနဲ့၊ 'ငါတို့ တစ်ချိန်ချိန်မှာ အားထုတ်ဖြစ်ခဲ့ရင်တော့ အထောက်အကူပြုသွားမှာပဲ'ဆိုပြီး နှလုံးသွင်း ဖတ်စေချင်ပါတယ်။

ဗြဟ္မစရိယဉ္စ = မေထုန်အကျင့်ကို ရှောင်ကြဉ်ပြီး ရဟန်းတရား အားထုတ်ရမယ်တဲ့။

မေထုန်နဲ့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာကတော့ ပြဒါးတစ်လမ်း သံတစ်လမ်း ပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမေထုန်ကြောင့်ပဲ မယားကြီး၊ မယားငယ်ပြဿနာဖြစ်ရ၊ ဟိုတိုင်ရ ဒီတိုင်ရ၊ ဟိုယတြာချေရ ဒီယတြာချေရ၊ ဟိုကြော်ငြာရ ဒီကြော်ငြာရ၊ အရှက်တကွဲ အကျိုးနည်းဖြစ်ရ၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရ၊ တစ်ဦးနဲ့တစ်ဦး အမုန်းကြီး မုန်းရ၊ တစ်ဦးနဲ့တစ်ဦး သတ်ရ ဖြတ်ရ၊ ထောင်ထဲ ရောက်ရ၊ အပါယ်ငရဲကျရောက်ရ၊ နောက်ဆုံးသံသရာနဲ့ ချီပြောရင် အဲဒီမေထုန်ကြောင့်ပဲ ကျခဲ့ရတဲ့မျက်ရည်တွေဟာ ပင်လယ်သမုဒ္ဒရာ လေးစင်းထက် မကတော့ပါဘူး။

ဒါတွေကို မျက်မြင်ကိုယ်တွေ့ သိနေကြရတာဆိုတော့ အထူးရေးပြမနေတော့ပါဘူး။

ရဟန်းတရားကိုကျင့်ပါတဲ့။

မြတ်စွာဘုရားလက်ထက်တော်က မာတိကာဆိုတဲ့မယ်တော်ကြီးက သူဆွမ်းလောင်းနေတဲ့ သားရဟန်းတွေကို 'ဘာတရားတွေ ကျင့်နေသလဲ'လို့ မေးတော့ သားရဟန်းတွေက 'ရဟန်းတရားတွေ ကျင့်နေကြတာပါ'လို့ ပြန်ဖြေပြပါတယ်။ ဒီတော့ မယ်တော်ကြီးက တဆင့်တက်ပြီး 'ရဟန်းတရားဆိုတာ ရဟန်းတွေပဲ ကျင့်ရသလား၊ လူတွေကော ကျင့်လို့ မရဘူးလား'လို့ မေးပြန်တော့ သားရဟန်းတွေက 'ရဟန်းတရားဆိုတာ အမည်ပါပဲ၊ ရဟန်းပဲကျင့်ကျင့်၊ လူပဲကျင့်ကျင့် ပါရမီပါခဲ့ရင် ပါခဲ့တဲ့အလျောက် တရားထူးတရားမြတ်တွေ ရနိုင်ပါတယ်'လို့ ပြန်မိန့်လိုက်ပါတယ်။

မယ်တော်ကြီးလည်း အားတက်သွားပြီး 'ဒါဆို တပည့်တော်ကို အဲဒီရဟန်းတရား သင်ပေးပါဘုရား'လို့ လျှောက်တော့ သားရဟန်းတွေက ရဟန်းတရားအားထုတ်ပုံကို သင်ပေးလိုက်ပါတယ်။ မယ်တော်ကြီးလည်း ရဟန်းတွေသင်ပေးတဲ့အတိုင်း အားထုတ်လိုက်တာ သားရဟန်းတွေထက် စောပြီး ဦးစွာ အနာဂါမိဖိုလ်ကို အဘိညာဏ်နဲ့တကွ ရသွားပါတယ်။

ပြောလိုတာက ရဟန်းတရားဆိုတာ ရဟန်း လူ ခွဲခြားမှုမရှိပါဘူး၊ ပါရမီပါခဲ့ရင် ပါခဲ့သလောက် မြန်မြန်ရသွား နိုင်ပါတယ်။ ရဟန်းနဲ့ ဒကာမပြိုင်ကျင့်လို့ ရဟန်းက အရင်ရရမယ်ဆိုတဲ့ စံလည်း မရှိပါဘူး။ ပြိုင်တယ်ဆိုတာ သူနိုင်ကိုယ်နိုင်ပြိုင်တာကို ပြောတာမဟုတ်ပါဘူး။ တပြိုင်တည်းကျင့်ကြတာကို ပြောတာပါ။



ဒီတော့ ဒီတပမင်္ဂလာကစပြီး တရားအားထုတ်နည်းလေးကို စပြောသွားရအောင်ပါ။

ကမ္မဋ္ဌာန်းနည်းတွေကလည်း အများကြီးရှိနေတာဆိုတော့ ဘယ်နည်း နဲ့ပဲ အားထုတ်အားထုတ် အားထုတ်ဖြစ်ဖို့သာ အဓိကပါ။ မြတ်စွာဘုရား လက်ထက်တော်ကလည်း ကမ္မဋ္ဌာန်းတစ်နည်းထဲနဲ့ တရားထူး ရသွားကြတာ မဟုတ်ပါဘူး။ မိမိနဲ့ သပ္ပါယသင့်တဲ့ ကမ္မဋ္ဌာန်းနည်းနဲ့ တရားထူး ရသွားကြ တာပါ။

စာရေးသူက မဟာစည်ဆရာတော်ဘုရားကြီး၊ သဒ္ဓမ္မရံသီ ဆရာတော်ဘုရားကြီးတို့ရဲ့ ပဋိပတ္တိတပည့်ဖြစ်နေတာဆိုတော့ မဟာစည်နည်းကိုပဲ အခြေခံပြီး ရေးပြပါရစေ။

ဆိတ်ငြိမ်တဲ့နေရာမှာ သက်သာတဲ့ ဣရိယာပုထ်နဲ့ထိုင်ပါ။ ခါးကို မတ်မတ်ထားပါ။ မျက်စိကို မှိတ်ထားပါ။ အသက်ကို ရှုနေကြအတိုင်း မှန်မှန်ပဲရှုပါ။ စိတ်ကိုတော့ ဝမ်းဗိုက်ဆီကို ပို့ထားလိုက်ပါ။ အသက်ရှူသွင်းလိုက်ရင် ရိပ်ရိပ် ရိပ်ရိပ်နဲ့ ဖောင်းတက်လာပါတယ်။ အဲဒါကို 'ဖောင်းတယ်' လို့ မှတ်လိုက်ပါ။ အသက်ပြန်ထုတ်လိုက်ရင် ပိန်ကျသွားပါတယ်။ အဲဒါကို 'ပိန်တယ်'လို့ မှတ်လိုက်ပါ။ အဲဒီလိုပဲ 'ဖောင်းတယ်' 'ပိန်တယ်'လို့ မှတ်နေလိုက်ပါ။

တကယ်လို့ ဖောင်းတာပိန်တာ မထင်ရှားဘူးဆိုရင် ဝမ်းဗိုက်ကို လက်နဲ့ကပ်ထားလိုက်ပါ။ ဒါဆိုရင် ဖောင်းတာ ပိန်တာလေးကို ထင်ထင်ရှားရှား တွေ့ရပါတယ်။

မကြာခင်အတွင်းမှာ စိတ်က အပြင်ထွက်သွားတတ်ပါတယ်။ အိမ်ရောက်၊ ကျောင်းရောက်၊ လဘက်ရည်ဆိုင်ရောက်နဲ့ အပြင်ထွက်သွားတတ်ပါတယ်။ တစ်ခါတလေ ကိုယ်ကမသိဘဲ အကြာကြီး ထွက်နေတတ်တာလည်း ရှိပါတယ်။ သိတာနဲ့ တစ်ပြိုင်နက် ဝမ်းဗိုက်ဆီကို ချက်ချင်းပြန်မကပ်ပါနဲ့။ ထွက်နေတဲ့စိတ်ကို သတိကပ်ပြီး 'စိတ်ထွက်တယ်၊ စိတ်ထွက်တယ်'ဆိုပြီး ဆယ်ချက် ဆယ့်ငါးချက်လောက် မှတ်နေလိုက်ပါဦး။ အဲဒီလိုမှတ်ပြီးမှ မူလဖောင်းတာပိန်တာကို ပြန်မှတ်ပါ။ အဓိကကတော့ စိတ်ထွက်ရင် ဝမ်းဗိုက်ဆီ ချက်ခြင်း ပြန်မကပ်ဖို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မှတ်နေတုန်းမှာပဲ တစ်နေရာက နာကျင်လာတတ်ပါတယ်။ ဒါဆိုရင် ဖောင်းတာပိန်တာကိုရပ်ပြီး နာနေတဲ့နေရာကို စိတ်ကို ပို့လိုက်ပါ။ နာနေတဲ့ သဘောလေးကို သတိကပ်ပြီး ဘယ်လိုလေး နာနေတာလဲ နာနေတဲ့ သဘောလေးက ဘယ်လိုလေးလဲ စသည်ဖြင့် သဘောလေးအထိ သိအောင် စိတ်ကို ရှုးစိုက်ပြီး 'နာတယ် နာတယ်'လို့ မှတ်နေလိုက်ပါ။ ဝေဒနာကို ရှုမှတ်တဲ့အခါ ပျောက်ဖို့က အဓိက မဟုတ်ပါဘူး။ သိနေဖို့က အဓိကပါ။

နာကျင်မှုက လွန်လွန်ကဲကဲ နာလာပြီ၊ ပြင်ရတော့မယ်ဆိုရင်တော့ ချက်ချင်းမပြင်ပါနဲ့ဦး၊ ပြင်ချင်စိတ်ကလေးကို အာရုံပြုပြီး 'ပြင်ချင်တယ်၊ ပြင်ချင်တယ်'လို့ မှတ်ပါ။ ပြီးတော့မှ 'ပြင်တယ် ပြင်တယ်'လို့ မှတ်ပြီး ပြင်ရပါတယ်။

တကယ်လို့များ စိတ်ထွက်တာတွေ သိပ်များနေလို့ရှိရင်တော့ ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ လေးချက် တိုးမှတ်ပါ။ 'ထိုင်တယ်'လို့ မှတ်တဲ့အခါ အောက်ပိုင်းခွေခွေ အပေါ်ပိုင်းထောင်ထောင်နဲ့ ထိုင်နေတာလေးကို အာရုံပြုပြီး 'ထိုင်တယ်'လို့ မှတ်ရပါတယ်။ 'ထိတယ်'လို့ မှတ်တဲ့အခါမှာတော့ တင်ပါးနဲ့ကြမ်းပြင်နဲ့ ထိနေတာလေးကို 'ထိတယ်'လို့ မှတ်လို့ရသလို ခြေထောက်နဲ့ကြမ်းပြင်နဲ့ ထိနေတာလေးကိုလည်း 'ထိတယ်'လို့ မှတ်လို့ရပါတယ်။ ဖောင်းတာ၊ ပိန်တာ မှတ်ရတာ မပျော်တဲ့ အခါမျိုးတွေလည်း ရှိတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ' ထိုင်တာ၊ ထိတာ' ပြောင်းမှတ်ပါ။

အားလုံးကို ခြုံပြီး ပြောရရင် ခန္ဓာကိုယ်ရဲ့ ထင်ရှားတာ ထင်ရှားတာ လေးတွေကို ရွေ့ရွေ့ပြီး ကိုယ်နားလည်တဲ့ ဘာသာစကားနဲ့ မှတ်မှတ်သွားဖို့ပါပဲ။

ဖောင်းတယ်လို့ မှတ်လိုက်ရင် ကုသိုလ်တစ်ချက်၊ ပိန်တယ်လို့ မှတ်လိုက်ရင် ကုသိုလ်တစ်ချက် ရနေတာဆိုတော့ တစ်မိနစ်ကို ယေဘုယျအားဖြင့် မှတ်ချက်ပေါင်း သုံးဆယ်လောက်ရနိုင်တယ်လို့ ဆိုပါတယ်။ ဒါဆို တစ်မိနစ်ကို ကုသိုလ်အချက်သုံးဆယ်လောက်ရနေတာပါ။ ဆယ်မိနစ်ဆို ကုသိုလ်အချက်ပေါင်း သုံးရာပါ၊ ငွေမကုန်ဘဲနဲ့ ရနေတဲ့ ကုသိုလ်တွေပါ။

လောလောဆယ် လောကီကာမဂုဏ်အာရုံတွေထဲက ရုန်းမထွက်



နိုင်သေးရင်တောင် တစ်နေ့ကို ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်လေး အချိန်ယူပြီး ပါရမီဖြည့်တဲ့သဘောနဲ့ ရှုမှတ်ကြည့်ပါလား။ နောက်ဘဝတွေ အတွက် ပါရမီပါသွားအောင်လေ။

အလင်းတန်းဂျာနယ်

၃၁.၅.၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com





# မင်္ဂလာ တရားများ

## ၂၂

**အရိယသစ္စာနဒဿနံ၊ စေတံမင်္ဂလမုတ္တမံ။**
**အရိယသစ္စာလေးပါးကိုသိမြင်ခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊**
**အမှန်သိအောင်ကြိုးစားလေ။**

တစ်ခါတုန်းက ရဟန်းတစ်ပါးဟာ တောထဲမှာ တစ်ပါးတည်း တရားအားထုတ်နေပါတယ်။ တရားအားထုတ်နေရင်းပဲ လေဖြတ်ပြီး ဖျတ်ခနဲ ပျံလွန်တော်မူသွားပါတယ်။

ပါရမီမရင့်သေးတော့ တရားထူးတော့ ရမသွားရှာပါဘူး။ ဒါပေမယ့် တာဝတိံသာနတ်ပြည်မှာ နတ်သားတော့ သွားဖြစ်ပါတယ်။ ရဟန်းငယ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



တရားအားထုတ်နေရင်း ပျံလွန်တော်မူသွားတာဆိုတော့ သူ့ ကိုယ်သူ ပျံလွန်တော်မူမှန်းလည်းမသိ၊ နတ်ပြည်ရောက်နေမှန်းလည်း မသိပါဘူး။ နတ်သမီးတွေက အသံပြု ခေါ်နေပေမယ့် ကျောင်းလာတဲ့ ဒကာမတွေလို့ပဲ ထင်နေပါတယ်။ ကိုယ့်ကိုယ်ကိုလည်း တရားအားထုတ်နေဆဲ ရဟန်းလို့ပဲ ထင်နေပါတယ်။ ဒါကြောင့် စက္ခုန္ဒြေချပြီး တရားကိုပဲ ဆက်မှတ်နေပါတယ်။

နတ်သမီးတွေက ဘယ်လောက်ပဲ အသံပေးပေး နဲနဲလေးမှ မလှုပ်ပါဘူး။ နောက်ဆုံးတော့ နတ်သမီးတွေက ကိုယ်လုံးပေါ်မှန်ကြီးရှေ့ မှာချပြီး 'မောင်မောင် ဒီမှာ တစ်ချက်လောက်ငုံ့ကြည့်ပါဦး'လို့ ပြောရပါတော့တယ်။ နတ်သားတဖြစ်လဲ ရဟန်းလည်း မှန်ထဲကြည့်လိုက်မှ ကိုယ့်ကိုယ်ကို နတ်သားတစ်ပါး ဖြစ်နေမှန်း သိသွားပါတော့တယ်။

ရွှေတံဆိပ်ကို ဆွတ်ခူးမယ်ဆိုပြီး စစ်ပွဲထွက်လာတဲ့ စစ်သူကြီးဟာ ဆန်လက်တစ်ဆုပ်စာလောက်ပဲဆုကို ရလိုက်သလို အရဟတ္တဖိုလ် ရွှေတံဆိပ်ကို ရအောင်ယူမယ်လို့ တရားကိုကြိုးစားအားထုတ်လိုက်ပေမယ့် နတ်ချမ်းသာလောက်ပဲ ရလိုက်တဲ့အတွက် စိတ်ထဲမှာ မချမ်းမသာ ဖြစ်သွားပါတယ်။ ဒါကြောင့် သူ့အတွက်ဖြစ်နေတဲ့ နတ်ဗိမာန်ထဲကို မဝင်သေးဘဲ မြတ်စွာဘုရားရှိရာ လူ့ပြည်သို့ ပြေးဆင်းလာခဲ့ပါတယ်။ မခွဲနိုင်မခွါနိုင် ဖြစ်နေကြတဲ့ နတ်သမီးတစ်ထောင်ကလည်း သူတို့မောင်တော်နတ်သားနဲ့ အတူ လိုက်လာခဲ့ပါတယ်။

အချိန်က ညဥ့်သန်းခေါင်ယံအချိန်ပါ။ နေရာကတော့ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာပါ၊ နတ်သားကပဲမြတ်စွာ ဘုရားကို စလျှောက်ပါတယ်။

'မြတ်စွာဘုရား . . . နတ်ပြည်မှာ နတ်သမီးတွေရဲ့ သီချင်းဆိုသံ၊ တီးမှုတ်သံတွေက ဆူညံနေပါတယ်ဘုရား၊ အဲဒီနတ်သမီးတွေရဲ့ ဆူညံမှုတွေနဲ့ ဝေးအောင် ဘယ်လိုလုပ်ရပါ့မလဲဘုရား'

နတ်သားရဲ့ အမေးစကားသံကြားတော့ နတ်သမီးတချို့က ဘုန်းကြီးလူထွက်ရယ်လို့ မပြောရဘူးလို့ ကျိတ်ပြောနေကြမလား မသိပါဘူး။ နတ်သားကတော့ ခပ်တည်တည်ပါပဲ။



မြတ်စွာဘုရားက နတ်သားရဲ့ အမေးစကားကို ပြန်ဖြေပေးပါ တယ်။

'နတ်သား . . . နိဗ္ဗာန်ကတော့ ဆူညံမှုတွေ ကင်းတဲ့အရပ်ပဲ၊ သတိကို ဦးဆောင်ပြီး ဝိပဿနာတရားကို အားထုတ်ပါ၊ ဒါဆိုဆူညံမှုတွေ ကင်းတဲ့ နိဗ္ဗာန်ဆိုတဲ့အရပ်ကို ရောက်လိမ့်မယ်'

မြတ်စွာဘုရားရဲ့ အဖြေစကားကြားရတော့ နတ်သားနဲ့ နတ်သမီး တစ်ထောင်ဟာ နိဗ္ဗာန်ရောက်ဖို့အတွက် ဝိပဿနာတရားမှတစ်ပါး အခြား မရှိဆိုတာ သဘောပေါက်သွားပါတော့တယ်။

(သဂါထာဝဂ်သံယုတ်ပါဠိတော်နှင့် အဋ္ဌကထာ၊ အစ္ဆရာသုတ်)

ဘာရယ်တော့မဟုတ်ပါဘူး။ တစ်ခါတလေ တွေးဖြစ်တဲ့အတွေး တွေထဲမှာ 'ငါလည်း အဲဒီဝတ္ထုလေးအတိုင်း တရားအမှတ်ကလေးနဲ့ သေသွားရင် ကောင်းမှာပဲ'လို့ ။

နတ်သမီးတွေရချင်လို့တော့ မဟုတ်ပါဘူး။ တရားအမှတ် ကလေးနဲ့ သေသွားရင် သုဂတိတစ်ခုခုမှာ ဖြစ်သွားချင်လို့ပါ။

အရိယသစ္စာနုဒဿန=သစ္စာလေးပါးကို သိမြင်ခြင်းဟာ မြတ်သောမင်္ဂလာပါတဲ့။

သစ္စာလေးပါးသိဖို့ဆိုရင် ဒါန သီလလောက်နဲ့ပဲ ရောင့်ရဲနေလို့ မရတော့ပါဘူး၊ ဝိပဿနာတရားကို အားထုတ်မှ ရမှာပါပဲ။

ရှေ့ဖြဟ္မစရိယမင်္ဂလာမှာ ထိုင်မှတ် မှတ်ပုံနဲ့ ပတ်သက်လို့ ပြောပြီး ပြီဆိုတော့ ဒီတစ်ခါ စင်္ကြံမှတ်ကလေးကို ပြောပြရအောင်ပါ။

တစ်နေရာမှာ ခြေစုံလေးရပ်နေလိုက်ပါ။ လက်ကိုပိုက်ချင်ပိုက်၊ မပိုက်ချင်ရင် လက်ကို နောက်ပစ်ထားပါ။ လက်ကို အောက်ကိုတော့ လုံးဝလွှဲချမထားပါနဲ့။ မျက်လုံးကိုတော့ လေးတောင်လောက်ပဲကြည့်ပါ။ အထူးသဖြင့်တော့ ခြေမျက်စိလေးအထိ မြင်မနေပါစေနဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ စင်္ကြံကြွတဲ့အခါ ခြေထောက်ပုံသဏ္ဌာန် ဒြပ်ကြီးကို ခွာနိုင်သမျှ ခွာပြီး မှတ်ရမှာ ဖြစ်လို့ပါ။

ဒီတော့ ရပ်နေတာလေးကိုပဲ အာရုံပြုပြီး 'ရပ်တယ်၊ ရပ်တယ်'လို့ အချက်သုံးဆယ်လောက် မှတ်နေလိုက်ပါ။ ပြီးတော့မှ 'ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်' ဒါမှမဟုတ် 'ကြွတယ်၊ လှမ်းတယ်၊ ချတယ်' ဒါမှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



'ကြွတယ်၊ မတယ်၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်၊ ဖိတယ်'လို့ ကိုယ်နဲ့ သပ္ပါယသင့်တဲ့နည်းနဲ့ မှတ်သွားပါ။

ခြေထောက်ပုံသဏ္ဌာန်ဒြပ်ကြီးကိုတော့ ခွာနိုင်သမျှခွာပြီး ကြွတယ်လို့ မှတ်လိုက်ရင် ပေါ့တက်သွားတဲ့သဘော၊ လှမ်းတယ်လို့ မှတ်လိုက်ရင် တစ်ခုခုက တွန်းလိုက်တဲ့သဘော၊ ရှေ့ကဆွဲလိုက်တဲ့သဘော၊ ရွေ့သွားတဲ့သဘော၊ ချတယ်လို့မှတ်လိုက်ရင် ညွတ်ကျသွားတဲ့သဘော၊ အဲဒီလိုသဘောလေးအထိ မိအောင် မှတ်ရပါမယ်။ ကြွတဲ့အခါမှာလည်း တစ်ဖဝါးစာလောက်လေးပဲ ကြွပါ။

ဒီလိုနဲ့ ကြွသွားရင်း အဆုံးရောက်သွားတဲ့အခါကျတော့ ခြေစုံလေးရပ်နေလိုက်ပါ။ အဲဒီရပ်နေတာလေးကိုပဲ အာရုံပြုပြီး 'ရပ်တယ်၊ ရပ်တယ်' လို့ အချက်သုံးဆယ်လောက် မှတ်နေလိုက်ပါဦး။ ပြီးတော့မှ 'လှည့်ချင် တယ်' 'လှည့်ချင်တယ်'၊ 'လှည့်တယ်၊ လှည့်တယ်'လို့ ခန္ဓာကိုယ်ကြီး တရွေ့ရွေ့လည်သွားတာကို အာရုံပြုပြီးမှတ်ပါ။

ဒီတော့ မျက်နှာက ဒီဘက်ကို ပြန်ရောက်လာပါလိမ့်မယ်၊ ချက်ချင်းမကြွပါနဲ့ဦး၊ ရပ်နေတာလေးကိုပဲ အာရုံပြုပြီး 'ရပ်တယ်၊ ရပ်တယ်' လို့ အချက်သုံးဆယ်လောက် ထပ်မှတ်နေလိုက်ပါဦး။ ရပ်တယ်လို့ မှတ်တဲ့အခါ တစ်ကိုယ်လုံးကြီးကို အာရုံပြုပြီး မှတ်ပါ။ မှတ်ပြီးမှ ရှေ့က ကြွခဲ့တဲ့အတိုင်း ကြွတယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် ပြန်မှတ်လာရုံပါပဲ။

ဒါ အလွယ်ဆုံး စင်္ကြံလျှောက်ပြီး တရားရှုမှတ်နည်းပါပဲ။ မခက်လှပါဘူး။

တကယ်တော့ စင်္ကြံသမာဓိဟာ ထိုင်သမာဓိထက် ပိုပြီး ခိုင်မာစေပါတယ်။ တကယ်လို့ ကိုယ်က ကျန်းမာရေးကြောင့်ပဲဖြစ်ဖြစ်၊ တခြားအကြောင်းကြောင်းကြောင့်ပဲဖြစ်ဖြစ် ထိုင်ပြီးတရားရှုမှတ်ဖို့ခက်နေရင် စင်္ကြံကြွပြီး ရှုမှတ်နိုင်ပါတယ်။

စင်္ကြံကြွရင်း သစ္စာလေးပါးကို သိသွားနိုင်သလို လတ်တလောပစ္စုပ္ပန်ဘဝမှာ စင်္ကြံရဲ့အကျိုးငါးပါးကိုလည်း ပူးတွဲရရှိဦးမှာ ဖြစ်ပါတယ်။

စင်္ကြံအကျိုးငါးပါးကတော့ လင်္ကာလေးပဲ မှတ်ထားလိုက်ပါ။



ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊
တင်းစင်ရောဂါ၊ အစာကြေကျက်၊
မပျက်သမာဓိ၊ ငါးခုရှိ၊ သွား၏စင်္ကြံအကျိုးတည်း။

အိမ်မှာအားနေတဲ့အခါလေးတွေ၊ ရုံးမှာအားနေတဲ့အခါလေးတွေမှာ စင်္ကြံမှတ်ကလေးနဲ့ တရားမှတ်နေမယ်ဆိုရင် အလွယ်ဆုံး ကုသိုလ်ယူနည်းပါပဲ။

လောကုတ္တရာကျိုးတင်မကဘဲ လောကီကျိုးတွေပါ ပူးတွဲပါနေတဲ့ စင်္ကြံကို လျှောက်ကြည့်ပါလား။ ဒီဘဝ ပါရမီနည်းသေးလို့ သစ္စာလေးပါးကို သိခွင့်မရသေးရင်တောင် တရားမှတ်လျက်သေသွားရင် နတ်သမီးတွေနဲ့တော့ တွေ့မှာအသေအချာပါပဲ။

အလင်းတန်းဂျာနယ်
၇.၆.၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com





# မင်္ဂလာ တစ်တွေးများ (၃၈)

**နိဗ္ဗာနသစ္ဆိကိရိယာစ၊ ဧတံမင်္ဂလ မုတ္တမံ။**
**နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည်**
**မြတ်သောမင်္ဂလာမည်၏။**
**ဒုက္ခလွတ်ကင်းနိဗ္ဗာန်ချဉ်း၊**
**အလင်းပေါက်နိုင်ပါစေ။**

တစ်ခါတုန်းက ထေရိကာဆိုတဲ့ အိမ်ထောင်ရှင်အမျိုးသမီးလေး တစ်ယောက် ရှိပါတယ်။ အိမ်ထောင်ရှင် အိမ်ရှင်မဆိုတော့ အိမ်ထောင့်တာဝန်တွေဖြစ်တဲ့ ထမင်းချက်တာ၊ ဟင်းချက်တာ၊ အဝတ်လျှော်တာ၊ ပန်းကန်ဆေးတာ၊ တံမြက်လှည်းတာ စသည်တွေကိုလည်း နေ့စဉ်နဲ့အမျှ လုပ်နေရပါတယ်။

ဒါပေမယ့် ထေရိကာဆိုတဲ့ အမျိုးသမီးလေးဟာ အလုပ်တွေကို အလုပ်တွေလို့ သဘောမထားပါဘူး။ အလုပ်တွေကို တရားတွေလို့ပဲ သဘော

www.burmeseclassic.com

www.burmeseclassic.com



ထားပါတယ်။ ဒါကြောင့် ထမင်းချက်တော့ 'ချက်တယ်'၊ ဟင်းချက်တော့ 'ချက်တယ်' စသည်ဖြင့် ဝိပဿနာအမှတ်ကလေးတွေနဲ့ လုပ်လေ့ရှိပါတယ်။ အလုပ်တိုင်းကို တရားလို့ သဘောထားတာဆိုတော့ အလုပ်နဲ့ပတ်သက်လို့ ညည်းညူတာ ညည်းတွားတာလည်း မရှိပါဘူး။

ဒီလိုနဲ့ တစ်နေ့တော့ ထေရိကာဟာ ဟင်းချက်ဖို့ ပြင်နေပါတယ်။ မီးမွှေးတော့ 'မွှေးတယ်'၊ ဟင်းအိုး မီးဖိုပေါ်တင်တော့ 'တင်တယ်'၊ ရေထည့်တော့ 'ထည့်တယ်'၊ ဟင်းရွက်ထည့်တော့ 'ထည့်တယ်' စသည်ဖြင့် မှတ်နေကျအတိုင်း အမှတ်ကလေးနဲ့ လုပ်နေပါတယ်။

အဲဒီအချိန်မှာ သူ့ရဲ့ကိုကို ကိုလည်း သတိမရဘူး၊ သူ့ရဲ့သားသမီးကိုလည်း သတိမရဘူး၊ သူ့ရဲ့မိဘကိုလည်း သတိမရဘူး၊ သူ့ရဲ့ယောက္ခမကိုလည်း သတိမရဘူး၊ ဒါကတော့ ကိုကိုစားဖို့၊ ဒါကတော့ သားသားစားဖို့ စတဲ့အတွေးလည်း မရှိပါဘူး။ သတိက လုပ်နေတဲ့အလုပ်စီမှာပဲ ရှိနေပါတယ်။

အမှတ်သတိမလွှတ်ဘဲ လန်းလန်းဆန်းဆန်း ဟင်းရွက်ကလေးတွေကို ဟင်းအိုးထဲ ထည့်လိုက်ပါတယ်။ ဟင်းရွက်ကလေးတွေဟာ မီးအပူကြောင့်ပဲ လန်းဆန်းနေရာကနေ နွမ်းသွားပါတယ်။

ထေရိကာဟာ အဲဒီနွမ်းသွားတဲ့ ဟင်းရွက်ကလေးတွေကိုကြည့်ပြီး "သက်မဲ့ဖြစ်တဲ့ ဒီဟင်းရွက်ကလေးတွေတောင် မီးအပူကြောင့် လန်းဆန်းနေရာကနေ ညှိုးနွမ်းသွားရပါလား၊ သက်ရှိဖြစ်တဲ့ ငါတို့လည်း ဘာထူးမှာလဲ၊ ပျိုရာကနေ အို၊ အိုရာကနေ သေရဦးမှာပါလား"လို့ စဉ်းစားဆင်ခြင်ရင်း ကိုယ့်ရဲ့ခန္ဓာဘက်ကို ပြောင်းပြီး ဖြစ်မှု၊ ပျက်မှုတွေကို ရှုလိုက်တာ အနာဂါမိဖိုလ် တည်သွားပါတော့တယ်။

အနာဂါမိဖိုလ် တည်သွားပြီဆိုတော့ ကာမ ရာဂ၊ ဗျာပါဒတွေကိုလည်း အပြီးတိုင်ပယ်လိုက်ပါပြီ။ ဒါကြောင့် ပန်းပန်တာ နံ့သာလိမ်းတာတွေလည်း မရှိတော့ပါဘူး။ နောက်တော့ မိဘ လင်သားတွေကို ခွင့်တောင်းပြီး ဘိက္ခုနီမ ဝတ်၊ တရားဆက်ကျင့်လိုက်တာ အရဟတ္တဖိုလ်ရောက် ရဟန္တာဖြစ်သွားပါတော့တယ်။

(ထေရီဂါထာ၊ ဋ္ဌ၊ အညတရာထေရီဝတ္ထု)



ရှေ့အရိယသစ္စာနဒဿန မင်္ဂလာအရ နိရောဓသစ္စာလို့ခေါ်တဲ့ နိဗ္ဗာန်ကိုယူပြီးဖြစ်လို့ ဒီနိဗ္ဗာနသစ္ဆိကိရိယာအရ အရဟတ္တဖိုလ်ကို ယူပါလို့ အဋ္ဌကထာက မိန့်မှာထားပါတယ်။

အရဟတ္တဖိုလ်ရဖို့ဆိုရင်လည်း ဝိပဿနာနဲ့ပဲ သွားရမှာပါ။ ဝိပဿနာနဲ့ကင်းလို့ မရပြန်ပါဘူး။ ဒီတော့ အရဟတ္တဖိုလ် ရချင်တယ်ဆိုရင် ဝိပဿနာတရားလေးတွေ တွဲပါသွားဖို့ပါပဲ။

အထက်ကပြခဲ့တဲ့ ဝတ္ထုလေးက အိမ်ရှင်မတွေ အားကျဖို့ ကောင်းတဲ့ ဝတ္ထုလေးပါ။ ပြီးတော့ ဝိပဿနာတရားဆိုတာ အလုပ်မရွေး၊ အချိန်မရွေး၊ နေရာမရွေး၊ ဣရိယာပုထ်မရွေး၊ အားထုတ်လို့ရတယ်၊ အား ထုတ်ရင်းပဲ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်တယ်ဆိုတာ သက်သေပြ လိုက်တဲ့ ဝတ္ထုလေးပါ။

တော်တော်များများက တောထဲမှာ သွားအားထုတ်မှ တရားထူး တရားမြတ် ရနိုင်တယ်လို့ ထင်နေကြပါတယ်။ ဒါဆို တောထဲသွားဖို့ အခြေအနေမပေးတဲ့ အမျိုးသမီးတွေအတွက် ဘယ်လိုလုပ်တော့မလဲ။ ယောဆရာတော်ဘုရားစကားနဲ့ပြောရင် ကလေးထိန်းတာလည်း တရားပဲ၊ ထမင်းချက်တာလည်း တရားပဲ၊ နောက်ဆုံး ကလေးငိုတာလည်း တရားတွေချည်းပါပဲ။ အဓိကကတော့ အလုပ်ကို အလုပ်လို့သဘောမထားဘဲ အလုပ်တိုင်းကို တရားတွေလို့ သဘောထားဖို့ပါပဲ။

ဒါပေမယ့် ပုထုဇဉ်တွေဆိုတော့ ငါလုပ်တယ်၊ ငါစားတယ်၊ ငါမြင်တယ်၊ ငါသွားတယ်၊ ငါရပ်တယ် စသည်ဖြင့် အရာရာ ငါလို့ပဲ ထင်နေပါတယ်။ တရားစာအုပ်တွေကတစ်ဆင့်ပဲဖြစ်ဖြစ်၊ တရားနာမှုတွေကတစ်ဆင့်ပဲဖြစ်ဖြစ် ဘယ်လောက်ပဲ ဖတ်ထားနာထားပေမယ့် ငါလုပ်တယ်လို့ပဲ (ဒီစာရေးနေတဲ့ စာရေးသူအပါအဝင်) ထင်နေကြပါတယ်။ ဘာဖြစ်လို့ အဲဒီလိုထင်နေကြတာလဲဆိုတော့ တစ်သံသရာလုံး ငါ၊ ငါလို့ပဲ ထင်နေခဲ့လို့ပါ။ တကယ်တော့ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဆိုတာ မရှိပါဘူး၊ ရုပ်နဲ့နာမ်ပဲ ရှိပါတယ်။ ရုပ်နာမ်မကွဲသရွေ့ တရားမရှုနိုင်သေးသရွေ့တော့ နောင်လည်း ငါ၊ ငါလို့ပဲ ထင်နေဦးမှာပါ။

ငါမဟုတ်ဘူးဆိုတာသိဖို့ရယ်၊ ရုပ်နဲ့နာမ် နှစ်ပါးပဲရှိတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သိဖို့ရယ်ဆိုတာကတော့ ပုထုဇဉ်လူသားတစ်ယောက်အတွက် အရေးအကြီးဆုံးပါပဲ။

ဥပမာ – ငါမဟုတ်ဘူး၊ ရုပ်နဲ့နာမ်ပဲရှိတယ်ဆိုတာ ထိုင်တဲ့အခါ သတိလေးထားကြည့်လိုက်ပါ။

ထိုင်ချင်တဲ့စိတ်ကလေးက နာမ်၊ ထိုင်နေတဲ့ဟန် ကိုယ်အမူအရာက ရုပ်ပါ။ ငါထိုင်နေတာ မဟုတ်ဘူး၊ ရုပ်နဲ့နာမ်က ထိုင်နေတယ်ဆိုတာ သိသွားပါလိမ့်မယ်။

ဒါနဲ့ပတ်သက်ပြီး ရှေးဟောင်းလင်္ကာလေးနဲ့ ကပ်မှတ်ထားလိုက်ရင် ပိုသဘောပေါက်စေပါတယ်။

**ထိုင်ချင်တာက နာမ်၊**
**ထိုင်နေဟန်က ရုပ်၊**
**သူမဟုတ် ငါမဟုတ်၊**
**ထိုင်တာ နာမ်နဲ့ရုပ်။**
**နာမ်ရုပ်နှစ်သင်း အမြင်ရှင်း၊**
**ထိုင်ရင်း အလုပ်လုပ်၊**
**အဲဒါ နာမ်နဲ့ရုပ်။**

အဲဒီလို ငါမဟုတ်တာရယ်၊ ရုပ်နာမ်ကွဲဖို့ရယ်ကတော့ လွယ်လွယ်လေးနဲ့ ရိုးရိုးလေးပါပဲ။ ဘယ်လိုလဲဆိုတော့ သွားရင် "သွားတယ်"လို့ မှတ်လိုက်ပါ။ ရပ်ရင် "ရပ်တယ်"လို့ မှတ်လိုက်ပါ။ စားရင် "စားတယ်"လို့ မှတ်လိုက်ပါ။ ထမင်းချက်ရင် "ချက်တယ်"၊ ဟင်းချက်ရင် "ချက်တယ်"၊ အဝတ်လျှော်ရင် "လျှော်တယ်"၊ နောက်ဆုံး ကျင်ကြီးကျင်ငယ်စွန့်ရင် "စွန့်တယ်" စသည်ဖြင့် အမှတ်သတိလေးနဲ့ ရိုးရိုးကလေး ပြုမူသွားဖို့ပါပဲ။

အချိန် သီးခြားယူနေစရာ မလိုတော့ဘဲ ကိုယ့်ရဲ့အလုပ်ကလေးတွေကို အမှတ်သတိလေးနဲ့ လုပ်နေတာဟာ တစ်ဖက်က မှတ်ချက်တိုင်း ဘာဝနာ ကုသိုလ်တွေဖြစ်နေသလို တစ်ဖက်ကလည်း ဖြစ်ဆဲ ဖြစ်လတ္တံ့ အကုသိုလ် တွေကို တားပြီးသားဖြစ်နေပါတယ်။ အလုပ်လည်းပြီး၊ ကုသိုလ်လည်းရ၊ အကုသိုလ်လည်းမဖြစ်၊ ငါစွဲလည်းကင်း၊ တစ်ချက်ခုတ် လေးချက်ပြတ်၊ လူတိုင်းလုပ်နိုင်တဲ့ လုပ်သင့်တဲ့ အလုပ်ကလေးပါ။



တကယ်လို့ ကိုယ်က အချိန်ပြည့် အမှတ်သတိလေးနဲ့ မနေနိုင်သေးရင်တောင် တစ်နေ့တာမှာ အချိန်လေးသတ်မှတ်ပြီး ဥပမာ – "ငါ ဒီနာရီဝက်အတွင်းလုပ်သမျှ အလုပ်ကလေးတွေကို အမှတ်သတိလေးနဲ့ လုပ်မယ်"လို့ ကိုယ့်ကိုယ်ကို အဓိဋ္ဌာန်လေးပြုပြီး အမှတ်သတိလေးနဲ့ နေလိုက်မယ်ဆိုရင်လည်း တော်တော်လေးဟုတ်နေပါပြီ။ နာရီဝက်ဆိုတော့ သိပ်ပြီး ခက်လှမယ်လည်း မထင်ပါဘူး။ နောက် ရက်ကြာလာတဲ့အခါ အချိန်လေး တိုးတိုးသွားဖို့ပါပဲ။

ကဲ … နာရီဝက် မနိုင်သေးရင်တောင် တစ်နေ့ကို ဆယ့်ငါးမိနစ်လောက်ပဲဖြစ်ဖြစ် စမ်းကြည့်လိုက်ပါလား။ ဝိပဿနာအထုံလေး ပါသွားအောင်လေ။

အလင်းတန်းဂျာနယ်
၁၄.၆.၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com







# မင်္ဂလာတွေးမျိုး (၁၅)

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿနကမ္ပတိ။
လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံရသည့်အခါစိတ်ကို
မတုန်မလှုပ်နေနိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
ဆင်းရဲ ချမ်းသာသဘာဝ၊ တွေ့ကြုံနေကြ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန်အစုံတွဲလို့၊ တလဲစီလှည့် အမြဲနေ။
လောကဓံကြုံ မဖြုံတမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်နိုင်စေ။

တစ်ခါတုန်းက မြတ်စွာဘုရားရှင်ဟာ ဝေရဉ္ဇဆိုတဲ့ ပုဏ္ဏားကြီးရဲ့ ပင့်ဖိတ်မှုအရ ဝေရဉ္ဇာပြည်မှာ ဝါဆိုဖြစ်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ မြတ်စွာဘုရားဝါဆိုတဲ့ နှစ်မှာပဲ ဝေရဉ္ဇာပြည်ဟာ ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်ပါတော့တယ်။ လူတွေငတ်မွတ်ပြီ ဆိုတော့ ရဟန်းတွေလည်း ဆွမ်းခံလို့ မရတော့ပါဘူး။ အဆိုးထဲ၊ ဒ

www.burmeseclassic.com

www.burmeseclassic.com



အကောင်းတစ်ခု ဝင်လာတာကတော့ ဥတ္တရာပထတိုင်းက မြင်းကုန်သည်တွေ မြင်းငါးရာနဲ့ ဝေရဉ္စာပြည်မှာ တစ်ဝါတွင်းလုံးလာပြီး စတည်းချတာပါပဲ။

ရဟန်းတော်တွေဟာ ဝေရဉ္စာပြည်ထဲမှာ ဆွမ်းခံဖို့ အခက်အခဲတွေ့တော့ မြင်းကုန်သည်တွေဆီသွားပြီး ဆွမ်းခံပါတယ်။ မြင်းကုန်သည်တွေကလည်း သဒ္ဓါတရားမည့်ပါဘူး။ ဒါပေမယ့် မုယောဆန်ကြမ်းကြမ်းကိုပဲ လောင်းနိုင်ရှာပါတယ်။ မြတ်စွာဘုရား အပါအဝင် ရဟန်းတော်တွေအားလုံးဟာ မုယောဆန်ကြမ်းကြမ်းကိုပဲ နေ့စဉ် ဘုဉ်းပေးနေရပါတယ်။

မြတ်စွာဘုရား မုယောဆန်ကြမ်းကို ဘုဉ်းပေးနေရတော့ အရှင်မဟာမောဂ္ဂလန်က မကြည့်ရက်တော့ပါဘူး။ ဒါကြောင့် မြတ်စွာဘုရားဆီ ဝင်လျှောက်ရပါတော့တယ်။

'မြတ်စွာဘုရား . . . ဝေရဉ္စာပြည်ဟာ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ပြီး ရဟန်းတော်တွေ ဆွမ်းအခက်အခဲတွေ့နေရပါတယ်ဘုရား၊ မြေကြီးရဲ့ အောက်အပြင်မှာ ပျားသကာလိုချိုမြိန်တဲ့ မြေဆီမြေနှစ်တွေ ရှိနေပါတယ်ဘုရား၊ မြေကြီးကို ဘုရားတပည့်တော် ပြောင်းပြန်လှန်လိုက်ပါ့မယ်ဘုရား'

'ချစ်သား မောဂ္ဂလာန် ဒါဆိုမြေကြီးမှာတည်နေတဲ့ သတ္တဝါတွေကို ဘယ်လိုလုပ်မလဲ'

'ဘုရားတပည့်တော် လက်တစ်ဖက်ကို မြေကြီးဟန်ဖန်ဆင်းပြီး အဲဒီဖန်ဆင်းထားတဲ့ မြေကြီးပေါ်မှာ နေစေပါမယ်ဘုရား'

'ချစ်သား မောဂ္ဂလာန် . . . သင်ဒါတွေကို မနှစ်သက်နဲ့၊ ဖောက်ပြန်ခြင်းဆိုတဲ့ လောကဓံတရားကို သတ္တဝါတိုင်း ရကြမှာပဲ'

'ဒါဆို မြောက်ကျွန်းကို ဆွမ်းခံကြရင်ကောဘုရား'

'ချစ်သား မောဂ္ဂလာန် . . .သင် ဒါလည်း မနှစ်သက်ပါနဲ့'

အရှင်မောဂ္ဂလာန်က ဘယ်လောက်ပဲလျှောက်လျှောက် မြတ်စွာဘုရားရှင်က လက်မခံခဲ့ပါဘူး။ လောကဓံဆိုးကို ရှောင်လွှဲခွင့်ရနိုင်ပေမယ့် မရှောင်လွှဲဘဲ တစ်ဝါတွင်းလုံး မုယောဆန်ကြမ်းကိုပဲ သည်းခံ ဘုဉ်းပေးခဲ့ပါတယ်။

(ပါရာဇိကပါဠိတော်၊ ဝေရဉ္စကဏ္ဍ)

တန်ခိုးတော်အနန္တနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားတောင်



လောကဓံတရားနဲ့ ကြုံရသေးတာဆိုတော့ သာမန်လူသားတွေ လောကဓံတရားနဲ့ကြုံရတာ ဘာမှမပြောပလောက်ပါဘူး။ စာလည်းမဖွဲ့လောက်တော့ပါဘူး။

လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က နေရာဌာနတစ်ခုမှာ စာသင်ခွင့်ရဖို့လေး သွားလျှောက်ဖြစ်ပါတယ်။ မရခဲ့ပါဘူး။ ထပ်ကာဆိုးချင်တော့ အပြန်မှာ မိုးရွာချလိုက်တာ တစ်ကိုယ်လုံး ရွှဲစိုသွားပါတယ်၊ ကိုယ့်ကိုယ်ကို သေချင်စော်ကို နံသွားတာပါပဲ။ ဒီကြားထဲ စာမေးပွဲက ထပ်ကျလိုက်ပါသေးတယ်။ အဲဒီရက်တွေမှာ နေ့တိုင်းနီးပါးကို စိတ်ဆင်းရဲနေခဲ့ရပါတယ်။

တစ်ခုကံကောင်းတာက စာရေးသူမှာ အတွေးတစ်ခု ခိုင်ခိုင်မာမာ ရှိနေခဲ့တာပါ။ အဲဒီအတွေးကတော့ 'ငါစာမေးပွဲ ကျနေလို့ ဒီဒုက္ခတွေ ခံစားနေရတာ၊ စာမေးပွဲအောင်သွားရင် အလိုလိုအဆင်ပြေသွားမှာပဲ။ ဒုက္ခတစ်ခုဟာ အမြဲတမ်းတော့ တည်တံ့မနေနိုင်ဘူး'ဆိုတဲ့ အတွေးပါ။

ဟုတ်လည်း ဟုတ်ပါတယ်။ စာမေးပွဲအောင်သွားတော့လည်း အစစအရာရာ အဆင်ပြေသွားတာပါပဲ။

ဟိုတစ်လောဆီကတော့ ဆရာဖေမြင့်ရဲ့ 'စာသမား၏မှတ်စုများ' ဆိုတဲ့ စာအုပ်ကလေးဖတ်ဖြစ်ပါတယ်။

တစ်ခါက ဘုရင်တစ်ပါးဟာ စိတ်ဆင်းရဲစရာတွေကြုံနေရလို့ သူ့ရဲ့အမတ်ပညာရှိတွေကို ဆောင်ပုဒ်တစ်ခု ရေးသွင်းစေပါတယ်။ အဲဒီဆောင်ပုဒ်ဟာ တိုလည်းတိုရမယ်၊ အောင်မြင်နေတဲ့အခါမှာရော၊ နိမ့်ပါးနေတဲ့အခါမှာရော သုံးစွဲနိုင်ရမယ်လို့ ဆိုပါတယ်။

မှူးမတ်ပညာရှိတွေ အမျိုးမျိုးဆက်သပေမယ့် ဘုရင်က သဘောမကျပါဘူး။ နောက်ဆုံး သမီးတော်ကရေးပြီး ဆက်သလိုက်မှ သဘောကျသွားပါတယ်။

သမီးတော်ဆက်သတဲ့ ဆောင်ပုဒ်က–" This, too, will pass. ဒါလည်းပြီးသွားမှာပါ"တဲ့။

အိန္ဒိယနိုင်ငံမှာ ပထမဆုံးအင်္ဂလိပ်ဘုရင်ခံချုပ်လုပ်သွားခဲ့တဲ့ ဝါရင်ဟေးစတင်း(စ်)ဟာ အင်္ဂလန်ပြန်ရောက်တဲ့အခါ သူ့ရဲ့နိုင်ငံရေးပြိုင်ဘက်တွေက ဘုရင်ခံဘဝက အာဏာအလွဲသုံးစားလုပ်တယ်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



အမှုတင်ကြပါတယ်။ ဒီတော့ ပေးစတင်း(စ်)ဟာ သူ့မှာအပြစ်မရှိဘူး ဆိုတာ သိထားပေမယ့် တရားရုံးမှာ ခုနစ်နှစ်တိုင်တိုင် အချိန်ကုန်ငွေကုန် အမှုရင်ဆိုင်ခဲ့ရပါတယ်တဲ့။

အဲဒီအမှုရင်ဆိုင်နေရတဲ့ ခုနစ်နှစ်အတွင်း 'ဒါလည်းပြီးသွားမှာပါ' ဆိုတဲ့ ဆောင်ပုဒ်ကလေးနဲ့ ကိုယ့်ကိုယ်ကို အားပေးမြှင့်တင်ခဲ့ရတာပါတဲ့။

ဒုက္ခတွေ ဘယ်လောက်ပဲရောက်နေရောက်နေ၊ ဒါလည်းပြီးသွားမှာဖြစ်လို့ စိတ်တုန်လှုပ်မသွားဖို့နဲ့ သုခတွေ၊ အောင်မြင်မှုတွေနဲ့ကြုံရတဲ့အခါမှာလည်း ဒါလည်းပြီးသွားမှာဖြစ်လို့ သိပ်ပြီးမာနတွေ ဘဝင်တွေ မြင့်မနေဖို့ သတိပေးထားတဲ့ ဆောင်ပုဒ်ကလေးပါ။

ဆရာဖေမြင့် ဒီစာအုပ်ကလေးကို လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကသာ ရေးခဲ့ရင် သိပ်ကောင်းမှာပဲလို့တောင် တွေးဖြစ်ပါသေးတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ စာရေးသူက လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ဒုက္ခမျိုးစုံနဲ့ ကြုံတွေ့နေရတာကိုး။

တကယ်တော့ ဒီဆောင်ပုဒ်ကလေးက အဆိုးလောကဓံနဲ့ကြုံရတဲ့အခါမှာသာ နှလုံးသွင်းရမှာမဟုတ်ပါဘူး၊ အကောင်းလောကဓံတွေနဲ့ ကြုံတွေ့ရတဲ့အခါတွေမှာလည်း အောက်ခြေလွတ်မသွားဖို့ သတိပေးနေတဲ့ ဆောင်ပုဒ်ကလေးပါ။

ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿ နကမ္ပတိမင်္ဂလာအရလည်း အဆိုးလောကဓံနဲ့ကြုံတဲ့အခါရော၊ အကောင်းလောကဓံနဲ့ ကြုံတဲ့အခါရော စိတ်တုန်လှုပ်မသွားဖို့၊ စိတ်တုန်လှုပ်မသွားအောင်နေနိုင်တာဟာ မင်္ဂလာဖြစ်ပါတယ်တဲ့။

မြတ်စွာဘုရားရှင်က–

၁။ လာဘ = လာဘ်ရခြင်း။

၂။ အလာဘ = လာဘ်မရခြင်း။

၃။ ယသ = အခြွေအရံရှိခြင်း။

၄။ အယသ = အခြွေအရံမရှိခြင်း။

၅။ နိန္ဒာ = ကဲ့ရဲ့ခံရခြင်း။

၆။ ပသံသာ = ချီးမွမ်းခံရခြင်း။



၇။ သုခ = ချမ်းသာခြင်း။

၈။ ဒုက္ခ = ဆင်းရဲခြင်း ဆိုတဲ့လောကဓံတရားရှစ်ပါးကို လောကထဲမှာနေတဲ့သတ္တဝါတိုင်း တလှည့်စီကြုံရမယ်။ကြုံရတဲ့အခါ စိတ်မတုန်လှုပ်ဖို့၊ ကိုယ်တော်တိုင်ကြုံခဲ့ရတဲ့ လောကဓံတရားတွေနဲ့ ဥပမာ သာဓကတွေ ပြပြီး ဟောထားပေးပါတယ်။

ပုထုဇဉ်တွေဆိုတော့ အဆိုးလောကဓံကို ဘယ်သူမှမကြုံချင်ကြပါဘူး။ ဒီတော့ကြုံလာရင် စိတ်ညစ်မယ်။ ပုထုဇဉ်ပဲ ညစ်ပေါ့။ တစ်နေရာမှာ သေချာထိုင်တဲ့ပြီး၊ ဒါမှမဟုတ် ခုတင်ပေါ် သေချာလှဲတဲ့ပြီး အချိန်လေးလည်း သီးသန့်ယူပြီး အားရပါးရကျေနပ်အောင် စိတ်ကိုညစ်ပစ်လိုက်ပါ။ ကိုယ့်စိတ်တိုင်းကျ စိတ်ညစ်ပြီးရင်တော့ ကိုယ်လုပ်စရာလေးတွေ ဆက်လုပ်ဖို့ပါပဲ။ စိတ်ညစ်စရာလည်းညစ်၊ တစ်နေ့တာ ကိုယ်လုပ်စရာ ရှိတာလည်း လုပ်ပေါ့။ အဓိကကတော့ စိတ်ညစ်စရာရှိပေမယ့် တစ်နေ့တာ ကိုယ်လုပ်ရမယ့် အလုပ်တွေ ပျက်မသွားဖို့ဘဲ အရေးကြီးပါတယ်။ စိတ်ညစ်တဲ့အခါ အဲဒါ အရေးအကြီးဆုံးပါပဲ။

ဘဝမှာ ဘယ်လောက်ပဲ အဆိုးလောကဓံတွေနဲ့ပဲ ကြုံရကြုံရ၊ ဘယ်လောက်ပဲအကောင်းလောကဓံတွေနဲ့ပဲ ကြုံရကြုံရ၊ တစ်ချိန်ချိန်ကျရင် 'ဒါလည်းပြီးသွားမှာပါ'ပဲလေ။

အလင်းတန်းဂျာနယ်
၂၁.၆.၂၀၀၄

www.burmeseclassic.com





# မင်္ဂလာ တွေးများ ၃၈

**အသောက် တော် မင်္ဂလမုတ္တမံ။**
**စိုးရိမ်သောကမရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။**
**သောကကိုထိန်း။**

တစ်ခါတုန်းက ဘုရားအလောင်းဟာ ပုဏ္ဏားမျိုးမှာဖြစ်ပြီး လယ်လုပ်ပြီး အသက်မွေးနေပါတယ်။ ဘုရားအလောင်းပုဏ္ဏားမှာ ဇနီးတစ်ယောက်၊ သားတစ်ယောက်၊ သမီးတစ်ယောက်၊ ချွေးမတစ်ယောက်၊ ကျွန်မတစ်ယောက်ရှိပါတယ်။

ဘုရားအလောင်းမိသားစုဟာ နေ့စဉ် ဒါန သီလကို ပြုကျင့်နေ သလို 'သေခြင်းသည်မြဲ၏၊ ရှင်ခြင်းသည်မမြဲ၊ ငါသည်မုချသေရမည်'လို့ မရဏာနုဿတိကမ္မဋ္ဌာန်းကိုလည်း နေ့စဉ် ပွားများကြပါတယ်။

တစ်နေ့တော့ ဘုရားအလောင်းဟာ သားဖြစ်သူနဲ့ လယ်ထွန်ဖို့

www.burmeseclassic.com



ထွက်ခဲ့ပါတယ်။ လယ်ကွင်းရောက်တော့ ဘုရားအလောင်းက လယ်ထွန်နေတုန်း သားဖြစ်သူက တောင်ပို့ဘေးက အမှိုက်ကို မီးရှို့တာ တောင်ပို့ထဲက မြွေက ထွက်ကိုက်လိုက်လို့ တစ်ခါတည်းသေသွားပါတယ်။

ဘုရားအလောင်းက သားဖြစ်သူလဲကျသွားတော့ အနားသွား ကြည့်ပြီး 'ဩော် ... သူသေသွားပါလား'ဆိုပြီး လယ်ထွန်စရာရှိတာ ဆက်ထွန်နေပါတယ်။

ခဏနေတော့ အနားကို အိမ်နီးချင်းတစ်ယောက် ဖြတ်သွားတာတွေ့တာနဲ့ 'သူငယ်ချင်းရေ အိမ်ကိုဝင်ပြောလိုက်ပါဦး၊ ဒီနေ့တော့ တစ်ယောက်စာပဲ ထမင်းပို့ပါ။ ပြီးတော့ ကျွန်မ,တစ်ယောက်ထဲ လာမပို့နဲ့၊ ကျန်တဲ့မိသားစုတွေလည်း လာခဲ့ဖို့ ပြောပေးပါ'လို့ မှာလိုက်ပါတယ်။

အိမ်နီးနားချင်းကလည်း ဘုရားလောင်းမှာလိုက်တဲ့အတိုင်း ပြောပေးပါတယ်။ ဇနီးဖြစ်သူနဲ့ မိသားစုကလည်း တစ်ယောက်စာပဲ ယူခဲ့ဖို့ မှာလိုက်တဲ့စကားကြားတာနဲ့ သားဖြစ်သူသေသွားပြီဆိုတာ သိလိုက်ပါပြီ။ ဒါကြောင့် ကျွန်မ,အပါအဝင် မိသားစုတစ်စုလုံး လယ်တောကို လာခဲ့ကြပါတယ်။

လယ်တောရောက်တော့ ဘယ်သူမှလည်းမငိုကြပါဘူး။ ဘုရားအလောင်းက သားသေနားမှာပဲထိုင်ပြီး ထမင်းစားပါတယ်။ ပြီးတော့မှ ထင်းတွေကောက်ပြီး သားဖြစ်သူအလောင်းကို မီးသဂြိုဟ်ပါတယ်။ မီးသဂြိုဟ်နေတာဟာ မိသားစုလုပ်နေကျ သာမန်အလုပ်တစ်ခုကို လုပ်နေတဲ့အတိုင်းပါပဲ။ သူတို့အပြုအမူကိုကြည့်ပြီး သိကြားမင်းက တအံ့တသြနဲ့ ခရီးသွားဟန်ဆောင်ပြီး မေးပါတော့တယ်။

သိကြားမင်းက 'သင်တို့ဘာဖြစ်လို့ မငိုကြတာလဲ'လို့ မေးတော့ အဖေလုပ်သူဘုရားအလောင်းက 'မြွေဟာ အရေဟောင်းကို စွန့်သွားသလို သူလည်း ဘဝဟောင်းကို စွန့်သွားတာပဲ၊ သူ့ခန္ဓာကိုယ်ကို မီးရှို့နေတာကိုလည်း သူမသိဘူး၊ ငါတို့ငိုနေမယ်ဆိုရင်လည်း သူမသိနိုင်တော့ဘူး။ ဒါကြောင့် ငါတို့ မငိုဘူး'လို့ ပြောပါတယ်။ အမေဖြစ်သူရဲ့ အဖြေကျတော့ 'သူဟာ ငါတို့ အိမ်ကို ခွင့်မတောင်းဘဲ ရောက်လာတယ်၊ အခုခွင့်မတောင်းဘဲ ပြန်သွားတယ်။ သူ့သဘောအတိုင်း သူလုပ်သွားတာကို ငိုနေလို့လည်း ဘာအကျိုးရှိမှာလဲ'တဲ့။ ညီမဖြစ်သူကျတော့ 'ကျွန်မငိုနေရင် ပိန်သွားရုံပဲ



ရှိမှာပေါ့၊ ပြီးတော့ ဆွေမျိုးတွေ ပိုပြီး စိတ်ဆင်းရဲနေမှာပေါ့'တဲ့။ ဇနီးဖြစ်သူကျတော့ 'လမင်းကိုရဖို့ တပြီးငိုကြွေးနေတဲ့ ကလေးလိုပဲ မရနိုင်တော့တာကို တပြီးငိုနေရင် ကလေးလိုဖြစ်နေမှာပေါ့'တဲ့။ ကျွန်မ ဖြစ်သူကျတော့ 'ကွဲသွားတဲ့အိုးဟာ ပြန်ဆက်မရတော့သလို သေသူကိုတပြီး ငိုနေတာအကျိုးမရှိနိုင်တဲ့အပြုအမူပဲ'တဲ့။

ခရီးသွားဟန်ဆောင်ထားတဲ့ သိကြားမင်းလည်း သာဓုခေါ်ပြီး မရဏာနုသ္သတိကို ဆက်ပွားများဖို့ တိုက်တွန်းသွားပါတော့တယ်။

(ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ ဥရဂဇာတ်)

တကယ်တမ်း သေသေချာချာ စဉ်းစားကြည့်တော့လည်း ဟုတ်နေတာပါပဲ။ သေသွားတဲ့သူအတွက် ငိုတာဟာ သေသူအတွက်လည်း အကျိုးမရှိ၊ ကိုယ့်အတွက်လည်း ထူးပြီးအကျိုးမရှိပါဘူး။ ကိုယ်ငိုလိုက်လို့ တစ်စုံတစ်ရာ အကျိုးရှိသွားတယ်ဆိုရင်တော့ တစ်မျိုးပေါ့။ မြတ်စွာဘုရားရှင်က သေသူအတွက်ငိုတာကို နည်းနည်းလေးမှ အားမပေးပါဘူး။ ငိုပြီးဖြစ်ပေါ်နေတဲ့ သောကပရိဒေဝဟာ အရကောက်ရင် အကုသိုလ်ပါ။ ငိုတာဟာ ကုသိုလ်မဟုတ်ဘူး၊ အကုသိုလ်ဖြစ်တယ်ဆိုတာ နှလုံးသွင်းပြီး သောကကို သတိနဲ့ ထိန်းပေးနိုင်ဖို့ပါ ။ သောကကိုသတိနဲ့ ထိန်းလိုက်နိုင်တာဟာ မင်္ဂလာဖြစ်ပါတယ်တဲ့။

မငိုဖို့ မြတ်စွာဘုရားက ဟောထားတာဆိုတော့ အကောင်းဆုံးကတော့ မြတ်စွာဘုရားစကားကို နားထောင်လိုက်တာဟာ အကောင်းဆုံးပါပဲ။

မငိုရဘူးဆိုတော့ ရယ်နေရမလားဆိုတော့လည်း မဟုတ်ပါဘူး။ သေသူအတွက်လည်း အကျိုးရှိ၊ ကျန်ရစ်သူအတွက်လည်း အကျိုးရှိတဲ့ အပြုအမူမျိုးကို ဆောင်ရွက်ရုံပါပဲ။ အဲဒါကတော့ သီလရှိတဲ့ ရဟန်းသံဃာတွေ ပင့်ပြီး ဆွမ်းကပ် အမျှပေးဝေပေးတာပါပဲ။ ဒီအပြုအမူကတော့ သေသူအတွက်ကော ကျန်ရစ်သူအတွက်ကော အကျိုးရှိတဲ့အပြုအမူပါ။ သေသူဟာ မိသားစုဝင်တစ်ယောက်ဆိုတော့ အပြန်အလှန်တော့ ကျေးဇူးရှိနေကြပါတယ်။ အသက်ထင်ရှား ရှိစဉ်မှာတော့ ကျေးဇူးဆပ်ရတာလွယ်ကူပါတယ်။ ပုဂ္ဂိုလ်က သေသွားပြီဆိုတော့ တိုက်ရိုက်တော့ ကျေးဇူးဆပ်လို့ မရတော့ပါဘူး။ တစ်ဆင့်ပေးအနေနဲ့ပဲ ကျေးဇူးဆပ်လို့ ရပါ

www.burmeseclassic.com

www.burmeseclassic.com



တော့တယ်။ ဒါဟာ သေသူအတွက် အကောင်းဆုံး ကျေးဇူးဆပ်နည်းပါ။ သေသူက လူ့ပြည်နတ်ပြည်ဖြစ်သွားလို့ သာဓုမခေါ်နိုင်တော့ဘူး ဆိုရင်လည်း ပြုသမျှအမှုတွေဟာ ကျန်ရစ်သူအတွက် ကုသိုလ်တွေ ဖြစ်နေတာပါ။

မင်္ဂလာတရားတော်အရ 'မငိုပါနဲ့၊ မငိုပါနဲ့'လို့ ရေးသာရေးနေရပေမယ့် ပုထုဇဉ်တွေဆိုတော့လည်း ငိုကြမှာပါပဲ။ သံယောဇဉ်တွယ်ရင် တွယ်သလောက်ငိုကြရမှာပါ။

ဟာသပုံပြင်တစ်ပုဒ်လိုများ ဖြစ်နေမလား မသိပါဘူး။ တစ်ခါ တုန်းက ရွာတစ်ရွာမှာ ဘုန်းကြီးတစ်ပါးက အိမ်တစ်အိမ်က လူတစ်ယောက် သေသွားပြီဆိုရင် ငိုနေတဲ့အသုဘရှင် အငိုတိတ်သွားအောင် အသုဘတရား အဟောကောင်းပါသတဲ့။ ဒါကြောင့် ရွာဝန်းကျင်က ဘယ်သူသေသေ အဲဒီဘုန်းကြီးပဲ တရားဟောရပါတယ်။ တစ်နေ့တော့ အသုဘတရားဟောကောင်းတဲ့ ဘုန်းကြီးရဲ့အမေ သေသွားပါတယ်။ ဒီတော့ ဘုန်းကြီးက ရှိုက်ကြီးတငင်ငင်နဲ့ ငိုပါလေရောတဲ့။ ဒီတော့ ဒကာ၊ ဒကာမတွေက 'အရှင်ဘုရား၊ အရှင်ဘုရားပဲ လူသေရင်မငိုရဘူး၊ ငိုရင်သေသက အကုသိုလ်ဆို၊ မငိုဖို့ တရားတွေ ဟောနေပြီး အရှင်ဘုရားကျတော့ ဘာဖြစ်လို့ငိုနေတာလဲ'လို့ မေးတော့ ဘုန်းကြီးက 'ဒါကတော့ ငါ့အမေကို'တဲ့။ အဲဒီလိုများ ဖြစ်နေမလား မသိပါဘူး။

တကယ်တော့ သားသမီးတစ်ယောက် သေသွားပြီဆိုရင် သေသွားတဲ့ သားသမီးကလည်း မိဘကိုမကယ်နိုင်၊ ရှင်နေတဲ့ မိဘကလည်း သားသမီးကို မကယ်နိုင်၊ ဒီအတိုင်း လက်မှိုင်ချပြီး ထိုင်ကြည့်နေရတော့တာပါပဲ။ အဲဒီအချိန်မှာ တရားရှုမှတ်မှပဲ နိုင်ပါတယ်။ ကိုယ်လက်သန့်စင်၊ အဝတ်သစ်ကလေးတွေ ဝတ်၊ ဘုရားစင်ရှေ့မှာထိုင်ပြီး 'ဝင်တယ်၊ ထွက်တယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ပူတယ်၊ အေးတယ်၊ လှုပ်တယ်၊ ချမ်းသာတယ်၊ ဆင်းရဲတယ်'စသည်ဖြင့် ကိုယ်မှတ်တတ်သလို မှတ်နေဖို့ ပါပဲ။ အဲဒီလိုမှတ်နေတုန်း သေဆုံးသူသားသမီးကို သတိရလာရင် 'သတိရတယ်၊ သတိရတယ်'လို့ အချက်သုံးဆယ်၊ လေးဆယ်လောက် မှတ်ပစ်လိုက်ဖို့ပါပဲ။ ဒီလိုပါပဲ အိမ်ရဲ့ နေ့စဉ်လုပ်ရမယ့် အလုပ်တွေကိုလည်း ပုံမှန်အတိုင်းလုပ်နေပြီး အဝတ်လျှော်တော့ 'လျှော်တယ်'၊ တံမြက်လှည်းတော့ 'လှည်းတယ်'စသည်ဖြင့်



အမှတ်ကလေးတွေနဲ့ လုပ်နေပါ။ လုပ်နေတုန်း သေသူသားသမီးကို သတိရလာပါလိမ့်မယ်၊ သတိရရင် 'သတိရတယ်၊ သတိရတယ်'လို့ မှတ်နေလိုက်ပါ။ ဒါကတော့ မြတ်စွာဘုရားအလိုကျ အကောင်းဆုံးအပြုအမူပါပဲ။

သေခြင်းတရားဆိုတာ တစ်ချိန်မဟုတ်တစ်ချိန် ကိုယ်စီ ကြုံလည်းကြုံခဲ့ရ၊ ကြုံလည်းကြုံရဦးမှာဆိုတော့ အောက်ပါ ရှေးဟောင်းလင်္ကာလေးပဲ ကျက်မှတ်ထားလိုက်ပါတော့ ။

**အိုဘေးနာဘေး၊ သေဘေးရင်ဆိုင်။**
**သမီးနှင့်သား ကုစားမနိုင်။**
**အမိအဘ ကြည့်ကလက်မှိုင်။**
**မငွင်ပွား တရားရှုကနိုင်။**

အလင်းတန်းဂျာနယ်
၂၈.၆.၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com







# မင်းသားရွှေးများ ၊၃၊

**ဝိရစံ ဇော်မင်္ဂလမုဏ္ဍမ်။**
**ရာဂစသော မြူမရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။**
**ရှမ္ဗက်သိမ်း။**

တစ်ခါတုန်းက အရှင်သမိဒ္ဓိဆိုတဲ့ မထေရ်တစ်ပါးရှိပါတယ်။ ခန္ဓာကိုယ်အချိုးအဆစ် ပြေပြစ်ပြီး ချောမောလှပနေလို့ အရှင်သမိဒ္ဓိလို့ ခေါ်တာပါတဲ့။ တစ်နေ့တော့ အရှင်သမိဒ္ဓိဟာ မနက်စောစောထပြီး စင်္ကြံလျှောက် တရားရှုမှတ်နေပါတယ်။

တစ်အောင့်လောက်ကြာတော့ တစ်ကိုယ်လုံး ချွေးတွေရွှဲစိုလာပါတယ်။ ဒါကြောင့် တပေါဒါမြစ်ကို ရေချိုးဖို့ ထွက်ခဲ့ပါတယ်။

တပေါဒါမြစ်ကိုရောက်တဲ့အခါကျတော့ ရေချိုး။ ပြီးတဲ့အခါကျတော့ အောက်ပိုင်းသင်းပိုင်ကိုပဲဝတ်ပြီး ကိုယ်ပေါ်ကရေတွေ ခြောက်သွားအောင် အပေါ်ကောသီသင်္ကန်းကို မဝတ်သေးဘဲ ခေတ္တရပ်နေပါတယ်။

ခန္ဓာကိုယ်အချိုးအဆစ်က ပြေပြစ်ချောမောရတဲ့အထဲ မနက်စောစော တရားအားထုတ်ထားလို့ စိတ်ကောရုပ်ကော ကြည်နေပါတယ်။ ဒီကြားထဲ ရေချိုးပြီးစလည်း ဖြစ်ပြန်ဆိုတော့ လှချင်တိုင်းလှနေပါတော့တယ်။

စိတ်ကောရုပ်ကော ကြည်လင်လှပနေတဲ့ အရှင်သမိဒ္ဓိကို တောစောင့်နတ်သမီးက တွေ့သွားပါတယ်။ တွေ့တွေ့ချင်းပဲ တောစောင့်နတ်သမီးက အရှင်သမိဒ္ဓိကို ချစ်တဲ့စိတ်ဖြစ်သွားပါသတဲ့။

ချစ်တဲ့စိတ်ကို မျိုသိပ်မထားနိုင်တော့ နတ်သမီးက အရှင်သမိဒ္ဓိ ကို စကားစဆိုပါတော့တယ်။

'ရဟန်း . . . သင်ဟာ လောကီအာရုံကာမဂုဏ်တွေ မခံစားရသေးဘဲနဲ့ ရဟန်းအကျင့်ကို အရင်ကျင့်နေတယ်။ အသက်ကလည်း တအား ငယ်ပါသေးတယ်။ လောကီကာမဂုဏ်တွေ ခံစားပြီးမှ ရဟန်းတရားကို

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ပါလား'

'နတ်သမီး . . . သင် ငါ့ကို ငယ်သေးတယ်မပြောနဲ့၊ ငါ ဘယ်အချိန် သေသွားမယ်ဆိုတာ မသိဘူး၊ အသေမဦးခင် တရားကျင့်မှ တော်ကာကျမယ်'

နတ်သမီးက အရှင်သမိဒ္ဓိရဲ့ အဖြေစကားကြားရတော့ ဒွဲမလျှော့ပါဘူး။ ထပ်လျှောက်ပြန်ပါတယ်။

'အို ရဟန်း . . . သင်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ရဟန်းပြုခဲ့တယ်၊ သိပ်ပြီးလည်း နုပျိုနေသေးတယ်၊ ဆံပင်ကလည်း နက်မှောင်နေတယ်။ ပထမအရွယ်နဲ့လည်း သိပ်ပြည့်စုံနေတယ်။ မျက်မှောက်မှာ ထင်ရှားနေတဲ့ ကာမဂုဏ်ချမ်းသာကို စွန့်ပြီး မျက်ကွယ်ဖြစ်တဲ့ ရောက်မလာသေးတဲ့ နတ်ပြည်ကာမဂုဏ်ကို အကြွေးမျှော်ပြီး ကျင့်မနေပါနဲ့'

နတ်သမီးက သူ့အထင်နဲ့သူ လျှောက်ပြနေပါတော့တယ်။ ဒီတော့ အရှင်သမိဒ္ဓိက ပြန်ရှင်းရပြန်ပါတယ်။

'နတ်သမီး . . .ငါဟာ မျက်မှောက်ကာမဂုဏ်တွေကို စွန့်ပြီး မျက်ကွယ်ဖြစ်တဲ့ နတ်ပြည်ကာမဂုဏ်တွေ ခံစားဖို့ တရားကျင့်နေတာ မဟုတ်ဘူး။ ကာမဂုဏ်တိုင်းမှာ အပြစ်တွေအများကြီးရှိတယ်၊ ငါကျင့်နေတဲ့ လောကုတ္တရာ ရဟန်းတရားကတော့ ကျင့်ရင်ကျင့်သလောက် လက်ငင်း ချက်ချင်း အကျိုးပေးတယ်၊ ငါတို့ဆရာ မြတ်စွာဘုရားက အဲဒီလို ဟောထားတယ်'

'နေပါဦး သင်တို့ရဲ့ဆရာ မြတ်စွာဘုရားက ဟောထားတယ်ဆို တော့ ကာမဂုဏ်တိုင်းမှာ အပြစ်တွေအများကြီးရှိတယ်ဆိုတော့ အဲဒီအပြစ် တွေက ဘာတွေလဲ၊ လက်ငင်းချက်ချင်း အကျိုးပေးတယ်ဆိုတာ ဘယ်လို ပေးတာလဲ'

နတ်သမီးရဲ့တန်ပြန်အမေးစကား ကြားရတော့ အရှင်သမိဒ္ဓိလည်း ပြန်မဖြေတတ်တော့ပါဘူး။ ဒါကြောင့် အရှင်သမိဒ္ဓိက 'နတ်သမီးရေ ငါက အခုမှ ရဟန်းပြုစပဲရှိသေးတယ်၊ သင်မေးတဲ့မေးခွန်းတွေကို မဖြေနိုင်သေးဘူး။ ငါတို့ဆရာ မြတ်စွာဘုရားကတော့ ဖြေပေးနိုင်လိမ့်မယ်။ ဒီတော့ မြတ်စွာဘုရားဆီပဲလိုက်ခဲ့ပါ'လို့ပြောပြီး ခေါ်သွားပါတော့တယ်။

မြတ်စွာဘုရားဆီကိုရောက်တော့ မြတ်စွာဘုရားရှင်က ပြောပြ လိုက်တာ နတ်သမီးလည်း သဘောကျသွားပါတယ်။ နောက်တော့ နတ်သမီး



လည်း ရဟန်းအပေါ်ချစ်တဲ့စိတ်ကို ဖယ်ရှားပြီး (မရနိုင်တော့မှန်း သိသွား တာလည်း ပါမယ်ထင်ပါတယ်)ကိုယ့်ဌာနကိုယ် ပြန်သွားပါတော့တယ်။

(သဂါထာဝဂ်၊ သံယုတ်ပါဠိတော်နှင့် အဋ္ဌကထာ၊ သမိဒ္ဓိသုတ်)

ဩော် . . . ရဟန်းကိုသွားချစ်တဲ့ နတ်သမီးကလည်း ရှိသေး တယ်နော်။

တကယ်တော့လည်း အနာဂါမ်မဖြစ်သရွေ့တော့ အချစ်ဆိုတာ လူသားတိုင်းမှာ ရှိနေကြရဦးမှာပါပဲ။ အနာဂါမ်ဖြစ်မှပဲ အဲဒီအချစ်ဆိုတာက မရှိတော့မှာပါ။ တချို့က 'အချစ်မရှိဘူး အချစ်မရှိဘူး'လို့ ပြောတတ်ကြပေ မယ့် အနာဂါမ်မဖြစ်သေးဘူးဆိုရင်တော့ စကားလုံးနဲ့ပြောနေတာပဲ ရှိမှာပါ။ တကယ်မရှိတာ မဟုတ်ပါဘူး။

အချစ်က သုံးမျိုးရှိပါတယ်။

၁။ ဝီတိက္ကမအချစ် = အာရုံတစ်ခုကိုတွေ့ပြီး ကိုယ်နှုတ်ကို မစောင့်ထိန်းနိုင်တော့ဘဲ ကာယကံမြောက်၊ ဝစီကံမြောက် လွန်ကျူး လိုက်တဲ့ အချစ်ပါ။

၂။ ပရိယုဋ္ဌာနအချစ် = စိတ်ထဲကပဲ ထကြွသောင်းကျန်းနေတဲ့ အချစ်ပါ။

၃။ အနုသယအချစ် = သတ္တဝါတွေရဲ့ သန္တာန်မှာ အစဉ်သဖြင့် ကိန်းနေတဲ့အချစ်၊ ပဋိသန္ဓေကတည်းက ပါလာတဲ့ အချစ်ပါ။

လောကကြီးမှာ အချစ်မရှိတဲ့သူဆိုတာ မရှိပါဘူး။ အရွယ်၊ ပညာ၊ ဂုဏ်စသည်တွေကို ထောက်ပြီး ဝီတိက္ကမအချစ်နဲ့ ပရိယုဋ္ဌာနအချစ်သာ မရှိရင်နေမယ် အနုသယအချစ်ကတော့ ပုထုဇဉ်လူသားတိုင်းရဲ့ သန္တာန်မှာ ကိုယ်စီ ရှိနေကြပါတယ်။

အဲဒီအချစ်သုံးမျိုးကို ဘာနဲ့တားမလဲဆိုရင် ဝီတိက္ကမအချစ်ကို သီလနဲ့ တားရပါတယ်။

ပရိယုဋ္ဌာနအချစ်ကို သမာဓိနဲ့ တားရပါတယ်။ သမာဓိဖြစ်စေတဲ့ ကမ္မဋ္ဌာန်းလေးဆယ်ထဲက တစ်ခုခုကို ပွားများနေရင် တားပြီးသားဖြစ်နေ ပါတယ်။

အနုသယအချစ်ကိုတော့ ပညာလို့ခေါ်တဲ့ ဝိပဿနာနဲ့ တားရ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဒါပေမယ့် အနုသယအချစ်ကို အကြွင်းမဲ့တော့ တားလို့မရပါဘူး။ တဒင်္ဂအနေနဲ့ပဲ တားလို့ရပါတယ်။ 'ဝင်တယ် ထွက်တယ်' 'ဖေါင်းတယ် ပိန်တယ်' စသည်ဖြင့် ရှုမှတ်နေဆဲ အခိုက်အတန့်မှာတော့ တဒင်္ဂအနေနဲ့ တားပြီးသားဖြစ်နေပါတယ်။

ပုထုဇဉ်တွေဆိုတော့ မချစ်ပါနဲ့ပြောလည်း ချစ်ကြမှာပါပဲ။ ချစ်ပါ။ ဒီတော့ ဘယ်လိုချစ်မလဲ . .။ ချစ်တဲ့နေရာမှာ သတိပါတဲ့အချစ်နဲ့ သတိမပါတဲ့အချစ်ဆိုပြီး နှစ်မျိုးရှိပါတယ်။ အဲဒီတော့ ပုထုဇဉ်ပီပီ ချစ်စရာ ရှိလို့ ချစ်မယ်ဆိုရင်လည်း သတိပါတဲ့အချစ်နဲ့ပဲ ချစ်ဖြစ်ဖို့လိုပါတယ်။

သတိပါတဲ့အချစ်ကတော့ ချစ်စရာအာရုံတစ်ခုခုကိုတွေ့ရင် ချစ်သင့်သလား၊ မချစ်သင့်ဘူးလား၊ ချစ်အပ်လား၊ မချစ်အပ်လား၊ ကိုယ့်ရဲ့ချစ်ခင်တွယ်တာမှုဟာ လွန်လွန်ကဲကဲဖြစ်နေသလား စသည်ဖြင့် အသိဉာဏ်က တွဲတွဲပါနေတတ်ပါတယ်။ ဒီတော့ လောကပြစ်၊ သံသရာပြစ်တွေလည်း မဖြစ်တော့ပါဘူး။ အချစ်မှာ အရေးအကြီးဆုံးက လောကပြစ်၊ သံသရာပြစ် မဖြစ်ဖို့က အဓိကပါ။

သတိပါတဲ့အချစ်နဲ့ ချစ်ကြတဲ့သူတွေကို လောကသဘာဝအရ ဘယ်သူမှ အပြစ်မမြင်ကြပါဘူး။

သတိမပါတဲ့အချစ်နဲ့ ချစ်မိရင်တော့ လောကပြစ်၊ သံသရာပြစ်တွေက တန်းစီနေသလို ကိုယ့်ပတ်ဝန်းကျင်ကလည်း အပြစ်မျိုးစုံတင်ကြတော့မှာပါ။

အချစ်ကြောင့် ကျောင်းပညာရေးဆုံးရှုံးရတာ၊ အချစ်ကြောင့် ဘဝရည်မှန်းချက်ကို စွန့်လွှတ်လိုက်ရတာ။အချစ်ကြောင့် အချိန်တွေ အလဟဿ ကုန်ဆုံးရတာ၊ အချစ်ကြောင့် အလုပ်တွေ ဆုံးရှုံးလက်လွှတ် လိုက်ရတာ၊ အချစ်ကြောင့် ထောင်ကျရတာ၊ အချစ်ကြောင့် ငရဲကျရတာ စသည်ဖြင့် ဆိုးကျိုးတွေ အများကြီးပါပဲ။ ဒါတွေဟာ သတိမပါတဲ့ အချစ်နဲ့ ချစ်မိလို့ ရရှိတဲ့ဆိုးကျိုးတွေပါ။

တကယ်လို့ အချစ်တစ်ခု ဆုံးရှုံးလိုက်ရတယ်။ ဘာဖြစ်လဲ၊ လူဆိုတာ အချစ်တစ်ခုတည်းနဲ့ အသက်ရှင်နေတာမှ မဟုတ်တာ။ တခြား ယုံကြည်ချက်တွေလည်း ရှိနေသေးတာပဲ။ အဲဒီယုံကြည်ချက်တွေနဲ့ ဘဝကိုတည်ဆောက်ရုံပေါ့။ အချစ်ဆိုတာ ဘဝမှာ တစ်သက်လုံး ပြဋ္ဌာန်း



မနေသင့်ပါဘူး။ ဘဝရဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ပဲ ရှိနေသင့်ပါတယ်။

ဝိရဇ = ရာဂစတဲ့ မြူမရှိအောင်နေခြင်းဟာ မင်္ဂလာပါတဲ့။

ရာဂစတဲ့ကိလေသာတွေကို မြူနဲ့တင်စားပြီးပြောထားတာပါ။

ပကတိမြူတွေဟာ ကိုယ်ပေါ်ကျရင် ညစ်ပေညစ်နွမ်းရတတ်သလို ရာဂစတဲ့ကိလေသာတွေ ကိုယ့်သန္တာန်မှာ ကျရောက်လာရင်လည်း စိတ်ကော ရုပ်ကော ညစ်နွမ်းရတော့တာပါ။

ရာဂစတဲ့ မြူများများရှိတဲ့သူဟာ များများညစ်နွမ်းရမယ်။ နည်းနည်း ရှိတဲ့သူဟာ နည်းနည်းပဲညစ်နွမ်းရမယ်။ လုံးဝမရှိတော့ရင်တော့ မညစ်နွမ်း တော့ပါဘူး။

ရာဂစတဲ့မြူတွေရှိနေသရွေ့တော့ သံသရာကျင်လည်နေရဦးမှာပါ။ သံသရာကျင်လည်နေရသရွေ့တော့ ငိုတစ်ခါ ရယ်တစ်လှည့်နဲ့ လောက ဇာတ်ခုံပေါ်မှာ ကနေကြရဦးမှာပါ။

မြူကင်းချင်တယ်၊ အချစ်ကင်းချင်တယ်ဆိုရင်တော့ ဝိပဿနာ တရား အားထုတ်မှပဲ ကင်းမှာပါ။

ဆယ့်ငါးမိနစ် ဝိပဿနာတရားအားထုတ်လို့ ဆယ့်ငါးမိနစ် အချစ် ကင်းတယ်ဆိုရင် ဆယ့်ငါးမိနစ် ချမ်းသာမှာပါ။ နာရီဝက် ဝိပဿနာ တရား အားထုတ်လို့ နာရီဝက်အချစ်ကင်းတယ်ဆိုရင် နာရီဝက် ချမ်းသာ မှာပါ။ ချစ်စရာတွေအများကြီးရှိနေတဲ့ ဒီလောကကြီးထဲမှာ အချစ်မရှိသူ လူသားတစ်ယောက်အဖြစ် တစ်နေ့ကို ဆယ့်ငါးမိနစ်လောက်ပဲဖြစ်ဖြစ်၊ နာရီဝက်လောက်ပဲဖြစ်ဖြစ် နေကြည့်သင့်ပါတယ်။ အချစ်မရှိတဲ့ လူသား တစ်ယောက်မှာ ဘယ်လောက်ချမ်းသာတယ်ဆိုတာ သိသွားအောင်လို့ပါ။

ပုထုဇဉ်ပီပီ 'မချစ်ရရင် မနေနိုင်တာကလွဲလို့' ဆိုရင်လည်း သတိပါတဲ့ အချစ်နဲ့ ချစ်ဖြစ်လိုက်ဖို့ပါပဲလေ။

အလင်းတန်းဂျာနယ်

၅-၇-၂၀၀၄

www.burmeseclassic.com



# မင်္ဂလာ ရတနာများ (၃၈)

**ခေမံ တော်မင်္ဂလမုတ္တမံ။**
**ဘေးရန်ကင်းခြင်း အေးငြိမ်းချမ်းသာခြင်းသည်**
**မင်္ဂလာမည်၏။**
**အေးငြိမ်းချမ်းသာနေ၊**
**အဲဒါမှ " ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။**

တစ်ခါတုန်းက ဣသိဒါသီဆိုတဲ့ ထေရီမတစ်ပါးဟာ ဗောဓိထေရီဆိုတဲ့ ထေရီမတစ်ပါးနဲ့အတူ ဂင်္ဂါမြစ်ကမ်းနားက သဲသောင်ပြင်ပေါ်မှာ စကားပြောရင်း ထိုင်နေကြပါတယ်။ နှစ်ပါးလုံး အရဟတ္တဖိုလ်ရပြီး ရဟန္တာမတွေပါ။

စကားပြောနေကြရင်း ဗောဓိထေရီက ဣသိဒါသီကို သတိထား ကြည့်လိုက်တော့ အသက်ကလည်းငယ်၊ ရုပ်ရည်ကလည်း အထူးလှပနေတာကို တွေ့လိုက်ရပါတယ်။ စိတ်ထဲမှာ ဘယ်လိုတွေးဖြစ်သွားသလဲဆို တော့ 'ဒီအရွယ် ဒီရုပ်ရည်နဲ့ ရဟန်းပြုလာတာ အကြောင်းတော့ရှိမှာပဲ'လို့ တွေးဖြစ်သွားပါတယ်။ ဒါကြောင့် ဗောဓိထေရီက ဣသိဒါသီကို မေးကြည့်ပါတယ်။

'ဣသိဒါသီရေ . . . ရှင်မဟာ ရုပ်ရည်အဆင်းကလည်း လှပြီး သိပ်ကြည်ညိုဖို့ကောင်းတာပဲ၊ ပြီးတော့ အသက်ကလည်း ငယ်ငယ်လေး ရှိသေးတယ်၊ ဒီလိုရုပ်ရည်အဆင်း ဒီလိုအသက်အရွယ်နဲ့ လူဘဝမှာနေမယ် ဆိုရင် နေလို့အကောင်းဆုံး အနေအထားပဲ၊ ရဟန်းပြုလာတာ အကြောင်း တစ်ခုခုတော့ ရှိမယ်ထင်တယ်'

ဒီတော့ ဣသိဒါသီကလည်း 'ရှိတာပေါ့ ရှင်မရယ်'ဆိုပြီး သူ့အကြောင်းကို ပြန်ပြောပြပါတယ်။

ဣသိဒါသီဟာ သီလနဲ့ပြည့်စုံတဲ့ သူဌေးကြီးတစ်ယောက်ရဲ့ တစ်ဦးတည်းသော သမီးပါ။ အရွယ်ရောက်လာတော့ ပထမတန်းစား သူဌေး တစ်ယောက်ရဲ့ သားနဲ့ပေးစားလိုက်ပါတယ်။ ယောက္ခမအိမ် ရောက်တဲ့အခါ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမတွေကို မိဘတွေလိုသဘောထားပြီး ရိုရိုကျိုးကျိုးဆက်ဆံသလို လင်သားကိုလည်း လိုအပ်တာထက် ပိုဂရုစိုက်ပါတယ်။

ဒါပေမယ့် တစ်လလောက်ကြာလာတော့ လင်လုပ်သူက သူ့မိဘတွေကို 'သား ကုဏ္ဍလကေသီနဲ့ မပေါင်းချင်တော့ဘူး'လို့ ပြောလာပါတယ်။ မိဘတွေက 'ဘာဖြစ်လို့လဲသားရယ်၊ သားကိုဂရုမစိုက်လို့လား'ဆိုတော့ သားဖြစ်သူက 'သားကို ဂရုလည်းစိုက်ပါတယ်၊ မယားဝတ္တရားလည်း ကျေပါတယ်။ ဘာကြောင့်ရယ်မသိဘူး သားစိတ်ထဲမှာ ကုဏ္ဍလကေသီကို မုန်းတဲ့စိတ်တွေ ဖြစ်နေတယ်'လို့ ပြန်ပြောပြပါတယ်။ ဒီတော့ ကုဏ္ဍလကေသီကို သူ့မိဘတွေဆီ ပြန်ပို့လိုက်ရပါတယ်။

ကုဏ္ဍလကေသီ အိမ်ပြန်ရောက်တော့ မိဘတွေက ဒုတိယတန်းစား သူဌေးတစ်ယောက်ရဲ့သားနဲ့ ပေးစားပြန်ပါတယ်။ ဒါပေမယ့် တစ်လ လောက်အရောက်မှာ ဒုတိယလင်က ကွာပစ်လိုက်ပြန်ပါတယ်။

ကုဏ္ဍလကေသီ အိမ်ပြန်ရောက်ပြီး မကြာခင်မှာ အိမ်ရှေ့ကို ရုပ်ရည်သင့်တင့်တဲ့ သူတောင်းစားတစ်ယောက် လာတောင်းပါတယ်။ သူတောင်းစားကိုမြင်တော့ ဖခင်သူဌေးကြီးက 'ပစ္စည်းရှိတဲ့ သူဌေးသားတွေကသာ ပစ္စည်းမာန်နဲ့ ငါ့သမီးကိုကွာပစ်တာ၊ သူတောင်းစားကတော့ ပစ္စည်းကောရုပ်ကောရှိတဲ့ ငါ့သမီးကို တစ်သက်လုံးပေါင်းမှာပဲ'ဆိုပြီး သူတောင်းစားနဲ့ ပေးစားပြန်ပါတယ်။

ဒါပေမယ့် ဆယ့်ငါးရက်လောက် ကြာလာတော့ သူတောင်းစားက ကုဏ္ဍလကေသီကို ဆက်မပေါင်းလိုတော့ကြောင်း ပြောလာပြန်ပါတယ်။ ယောက္ခမလုပ်သူတွေက တားပေမယ့် 'ကျွန်တော့်ဟာကျွန်တော် တောင်းပဲ စားတော့မယ်'ဆိုပြီး ထွက်သွားပါတော့တယ်။

ကုဏ္ဍလကေသီဟာ ကိုယ့်အဖြစ်ကိုယ်တွေး ရှက်လွန်းလို့ 'ဒါ အတိတ်က မကောင်းမှုကံကြောင့်ပဲ'ဆိုပြီး ရဟန်းပြုလိုက်ပါတယ်။

တရားကို ကြိုးကြိုးစားစား အားထုတ်လိုက်တာ ခုနစ်ရက်မြောက်မှာ ဝိဇ္ဇာသုံးပါးနဲ့အတူ အရဟတ္တဖိုလ်ရသွားပါတယ်။

သူတောင်းစားကတောင် မချစ်နိုင်ဘဲ စွန့်ပယ်ရလောက်အောင် ဆိုးခဲ့တဲ့ သူ့ရဲ့အကုသိုလ်ကံကို ပြန်ဆင်ခြင်ကြည့်လိုက်တော့ အတိတ်ဘဝ



တစ်ခုက ရွှေပန်းထိမ်သည်သားဘဝမှာ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ခဲ့တာရယ်၊ ဘဝတစ်ခုမှာတော့ သူဌေးသားရဲ့ မယားငယ်ဘဝမှာ မယားကြီးနဲ့ လင်သားကြား ကုန်းချောစကားပြောခဲ့လို့ပါတဲ့။

ကုဏ္ဍလကေသီက သူ့ဘဝအကြောင်းကို အစအဆုံး ဇာတိထေရီကို ပြောပြလိုက်တော့ နှစ်ပါးလုံး အကုသိုလ်ကံရဲ့ သဘောတွေကို ဆင်ခြင်နေမိပါတော့တယ်။ ပြီးတော့ 'ခုတော့လည်း ဘေးအားလုံးကင်းသွားပါပြီ' လို့ နှုတ်ကမပြောပေမယ့် အတွေးထဲမှာတော့ ကိုယ်စီပြောနေကြမှာပါ။

(ထေရီဂါထာ ၊ ၄၅ ၊ ကုဏ္ဍလကေသီထေရီဝတ္ထု)

အကုသိုလ်တစ်ခုစီမှာ အကျိုးတစ်ခုစီရှိပါတယ်။ ဥပမာ– ပါဏာတိပါတကံ ကျူးလွန်ခဲ့ရင် အသက်တိုမယ်၊ အဒိန္နာဒါနကံ ကျူးလွန်ခဲ့ရင် ပစ္စည်းရှားမယ်၊ ကာမေသုမိစ္ဆာစာရကံကျူးလွန်ခဲ့ရင် လူမုန်းများမယ် စသည်ဖြင့်ပေါ့။

စာဖတ်သူတွေ နည်းနည်းသတိထားကြည့်ပါ။ တချို့ပုဂ္ဂိုလ်တွေရဲ့ မျက်နှာကိုမြင်လိုက်ရရင် ကိုယ့်အပေါ်လည်း ဘာမှလုပ်တာလည်း မဟုတ်ဘဲနဲ့ အလိုလိုမုန်းနေတတ်ပါတယ်။ ကိုယ်တင်မဟုတ်ပါဘူး။ အဲဒီပုဂ္ဂိုလ်ကို တခြားပုဂ္ဂိုလ်တွေ မြင်ရရင်လည်း အလိုလိုမုန်းနေတတ်ပါတယ်။ သူ့ခမျာ ဘယ်သူ့အပေါ်မှလည်း ဘာမှမကောင်းမလုပ်ရှာပါဘူး။ ဒါပေမယ့် မျက်နှာမြင်တာနဲ့ ရုပ်ရည်လည်း အထူးလှနေပါလျက်နဲ့ အလိုလိုမုန်းစရာမျက်နှာပေါက်နေတတ်ပါတယ်။ အမြင်ကပ်ချင်စရာ ဖြစ်နေတာပါ။ အဲဒီ အကုသိုလ်ကံဟာ ယေဘုယျအားဖြင့်ပြောရင် ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခဲ့လို့ပါ။

ရိုးရိုးလူမပြောပါနဲ့၊ သူတောင်းစားကတောင် မပေါင်းချင်လောက်အောင် ဆိုးတဲ့အကုသိုလ်ကံပါ။ ဒါက တဆက်တည်း ကြုံလို့ပြောပြတာပါ။

ခေမ = ဘေးရန်ကင်းခြင်းဟာ မင်္ဂလာဖြစ်ပါတယ်တဲ့။ အဆုံးအထိအရကောက်ရင်တော့ ဘေးကင်းရာနိဗ္ဗာန်ကို ရောက်သွားတာပါ။ ဒါကိုပဲ အဋ္ဌကထာက ယောဂလေးပါးတို့မှ ဘေးမရှိကြောင်းလို့ ဖွင့်ပြထားပါတယ်။

ယောဂလေးပါးဆိုတာက –

၁။ ကာမယောဂ = ကာမဂုဏ်တရားတွေကို တပ်နှစ်သက်တဲ့ဘေး။

၂။ ဘဝယောဂ = လူဘဝနတ်ဘဝဆိုတဲ့ ကာမဘဝ၊ ဗြဟ္မာဘ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ရူပဘဝ၊ အရူပဘဝတွေကို တပ်နှစ်သက်နေတဲ့ဘေး။

၃။ ဒိဋ္ဌိယောဂ = ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတရားတွေနဲ့ တွေ့ကြုံနေရတဲ့ဘေး၊ အယူအဆမှားယွင်းနေတဲ့ဘေး။

၄။ အဝိဇ္ဇာယောဂ = သစ္စာလေးပါးစတဲ့တရားတွေကို မသိအောင် ဖုံးလွှမ်းထားတဲ့ မောဟဘေးတို့ ဖြစ်ပါတယ်။

ဒီဘေးတွေကင်းပြီး နိဗ္ဗာန်ဆိုတဲ့အရပ်ကိုရောက်ဖို့ ဝိပဿနာမှ တစ်ပါး အခြားမရှိပါဘူး။

ခေမ မင်္ဂလာဟာ မင်္ဂလာတွေထဲမှာ နောက်ဆုံးမင်္ဂလာပါ။ ဒီမင်္ဂလာရဲ့ အရကောက်ကလည်း ဘေးကင်းရာနိဗ္ဗာန်ပါ။

နောက်ဆုံးမင်္ဂလာမှာ စာဖတ်သူတွေကို 'ဝိပဿနာတရားကို အားထုတ်ဖြစ်အောင် အားထုတ်ပါ'ဆိုတဲ့ စကားနဲ့ နှုတ်ဆက်တိုက်တွန်းစကားလေး ဆိုပါရစေ။

မဟာစည်၊ မိုးကုတ်၊ သဲအင်းဂူ၊ စွန်းလွန်း၊ ကသစ်ဝိုင်၊ ဖားအောက်၊ အနာဂါမ်ဆရာသက်ကြီး၊ ဦးဘခင်၊ ဦးဂိုအင်ကါ စသည်ဖြင့် မြန်မာပြည်မှာ ရိပ်သာတွေအများကြီးပါ။ ကိုယ်နဲ့နီးစပ်ရာ၊ ကိုယ်နဲ့ သပ္ပါယသင့်ရာ ရိပ်သာ တစ်ခုခုမှာ ဝင်ပါ။

မဝင်ဖူးသေးရင် ဟိုတွေးဒီတွေးနဲ့ ဖြစ်မဖြစ်ပါ့မလားဆိုပြီး ကြောက်နေတတ်ပါတယ်။ ဝင်လိုက်တဲ့အခါမှာတော့ သူလိုကိုယ်လို လူတွေပဲဖြစ်နေလို့ ရိပ်သာထဲမှာ အစစအရာရာ အဆင်ပြေသွားတတ်ပါတယ်။ တစ်ခါ ဝင်ဖူးသွားရင် နောက်ဝင်ဖို့ မခက်တော့ပါဘူး။ ပထမတစ်ကြိမ်ကိုသာ မျက်စိမှိတ် ဝင်ပစ်လိုက်ပါ။ နောက်ပိုင်းဆက်ဝင်နိုင်ဖို့ကိစ္စကို ဝိပဿနာတရားကပဲ ဆက်ခေါ်သွားပါလိမ့်မယ်။

ဘာဖြစ်လို့ ဒီနှုတ်ဆက်စကားလေးနဲ့ နောက်ဆုံးမှာ တိုက်တွန်းနေရသလဲဆိုတော့ စီးပွားရှာတဲ့အခါဖြစ်ဖြစ်၊ ပရဟိတလုပ်တဲ့အခါဖြစ်ဖြစ်၊ တစ်ခါတလေ ပြဿနာကြီးငယ်နဲ့ ကြုံရတတ်ပါတယ်။ အဲဒီလို ပြဿနာကြီးငယ်နဲ့ ကြုံလာရတဲ့အခါ ဝိပဿနာတရား အားထုတ်ထားတဲ့သူဆိုရင် ပြဿနာကို ဖြေရှင်းရမယ့်အဖြေက အထူးစဉ်းစားစရာမလိုဘဲ သူ့အလိုလို ပေါ်လာတတ်ပါတယ်။ ဒါ ဝိပဿနာရဲ့ လက်တွေ့ပစ္စုပ္ပန်အကျိုးပါ။



တချို့ သဒ္ဓါတရားအလျောက် ပရဟိတတွေကို အားကြိုး မာန်တက် လုပ်ဖြစ်နေကြပါတယ်။ ဒါပေမယ့် ပြဿနာတစ်ခုကြုံလာရင် (ဝိပဿနာတရားအားထုတ်မထားရင်) ဘယ်လိုနှလုံးသွင်းရမယ်၊ ဘယ်လိုပြောရမယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားရ ခက်နေတတ်ပါတယ်။ အဲဒီတော့ ဉာဏ်မပါတဲ့ ဖြေရှင်းမှုမျိုးနဲ့ ပြဿနာကို ဖြေရှင်းချလိုက်ရော၊ ဒီတော့ စေတနာတွေက ဝေဒနာတွေဖြစ်ကုန်ရော ဆိုပါတော့။ ဒီဖြစ်စဉ် ဖြစ်ရပ်တွေက မျက်မှောက်မှာ အစဉ်သဖြင့် တွေ့နေကြရတာပါ။

ဘာပဲပြောပြော ချစ်တဲ့စာဖတ်သူတွေ 'ဝိပဿနာတရားကို အားထုတ်ဖြစ်အောင် အားထုတ်ပါ'ဆိုတဲ့ နှုတ်ဆက် တိုက်တွန်း စကားလေးနဲ့ပဲ မင်္ဂလာအတွေးများကို ဒီမှာတင် နိဂုံးချုပ်လိုက်ပါတယ်။

**'စာဖတ်ပရိသတ်အားလုံး ငြိမ်းချမ်းတဲ့ဘဝတစ်ခုကို ကိုယ်စီ တည်ဆောက်နိုင်ကြပြီး ဝိပဿနာတရားကို ကျင့်ကြံအားထုတ်နိုင်ကြလျက် ဘေးကင်းရာနိဗ္ဗာန်ကို မြန်မြန်ဆိုက်ရောက်နိုင်ကြပါစေ'**

အလင်းတန်းရှာနွယ်

၁၂.၇.၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com



# ကျမ်းကိုးစာရင်း

၁။ ခုဒ္ဒကပါဠိအဋ္ဌကထာ။
၂။ မင်္ဂလတ္ထဒီပနီ။ (ညောင်ကန်ဆရာတော်)
၃။ မင်္ဂလသုတ်ပျို့။ (မုံရွေးဆရာတော်)
၄။ အခြေပြုမင်္ဂလသုတ်။ (အရှင်ဇနကာဘိဝံသ)
၅။ မင်္ဂလာအဖွင့်အကျယ်လက်စွဲ။ (စံကျောင်းဆရာတော်)
၆။ ပရိတ်ကြီးနိဿယသစ်။ (သပြေကန်ဆရာတော်)
၇။ မင်္ဂလာ့အမြုတေ။ (ဦးစန္ဒဇောတိ)
၈။ မင်္ဂလသုတ်လက်စွဲ။ (စစ်ကိုင်းရွှေဟင်္သာဆရာတော်)
၉။ ၃၈-ဖြာမင်္ဂလာအကျယ်ဟောပြောကျမ်း။ (အရှင်အဂ္ဂဝံသ)
၁၀။ မင်္ဂလာညွန့်။ (ရဝေထွန်း)
၁၁။ မင်္ဂလာယတ္တဝိဘာဝနီ။ (ပခုက္ကူအရှင်ကေသရ)
၁၂။ ဗုဒ္ဓအလိုတော်ကျကြီးပွားချမ်းသာရေး ကိုယ်ကျင့်မင်္ဂလာ။ (အရှင်ကုမာရ)
၁၃။ ချမ်းမြေ့မင်္ဂလာသင်စရာ (ချမ်းမြေ့ဆရာတော်)
၁၄။ မင်္ဂလာ။ (နောင်ရိုးဦးတိုးမြင့် ၊ ရေနံချောင်းမြို့)
၁၅။ မင်္ဂလာနိဒါန်း။ (မောင်အုံ့ ၊ မဟာဝိဇ္ဇာ ၊ ဘုံဘော)
၁၆။ မင်္ဂလသုတ်။ (ဦးသုခ)
၁၇။ ၃၈-ဖြာမင်္ဂလာပုံပြင်များ။ (မင်းယုဝေ)
၁၈။ လူတိုင်းအတွက်မင်္ဂလာ (စန်းသမိန်)
၁၉။ မင်္ဂလာအဘိဓာန်။ (နိုင်ပြည်သူ)
၂၀။ မဟာစည်ဆရာတော်ဘုရား။
၂၁။ သဒ္ဓမ္မရံသီဆရာတော်ဘုရား။
၂၂။ ယောဆရာတော်ဘုရား။
၂၃။ ဆရာတော်ဦးဇောတိက။
၂၄။ အရှင်ဆန္ဒာဓိက တို့၏ စာအုပ်နှင့် တိပ်ခွေများ။



## ဓမ္မရဝေ ဓမ္မစာပေပြန့်ပွားရေးထာဝရပဒေသာပင်
## ဓမ္မဒါနအလှူရှင်များ

| | | |
|---|---|---|
| ၁။ | အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) | ၁,၄ဝဝ,ဝဝဝ |
| ၂။ | ဦးရှိန်ဝင်း + ဒေါ်ခင်ချိုဦး (တက်လမ်းဆောက်လုပ်ရေး) | ၁,ဝ၆ဝ,ဝဝဝ |
| ၃။ | ကိုစိုးနိုင် + မစိမ့်ဟန်နီ (ဇီဝဖိုးပွဲရုံနှင့် စိမ့်ရတနာဆိုင်) | ၆၄ဝ,ဝဝဝ |
| ၄။ | ဦးခင်မောင်အေး + ဒေါ်ခင်စောမူ (ပရင့်ဆက်ဟိုတယ်) | ၅ဝဝ,ဝဝဝ |
| ၅။ | ဦးစိုးကြီး(ကွမ်းယာ)+ဒေါ်ညွန့်ရီ(မြိတ်မြို့) | ၅ဝဝ,ဝဝဝ |
| ၆။ | ဦးအောင်ဇော် + ဒေါ်နန်းကျော့ (ဩစတြေးလျ) | ၄၅ဝ,ဝဝဝ |
| ၇။ | ဦးအောင်မြင့် + ဒေါ်သုခ (အောင်သုခမြန်မာထမင်းဆိုင်) | ၄ဝဝ,ဝဝဝ |
| ၈။ | Dr. အောင်နိုင် + Dr. ဖြူဖြူဝင်း | ၄ဝဝ,ဝဝဝ |
| ၉။ | ဦးမောင်မောင်စိုး + ဒေါ်မဋ္ဌူ၊ သား နေ့ကြွယ်စိုး၊ သမီး စုလဲ့ဖြူ | ၄ဝဝ,ဝဝဝ |
| ၁ဝ။ | ကိုအေးထွန်း+မချောစု၊သမီးထွန်းအိန္ဒြာစုံ (ခ)ဂုံဂုံ၊ သားဟိန်းမြတ်ထွန်း(ခ)ကောင်းချစ်၊(ဖျာပုံ) | ၃၅ဝ,ဝဝဝ |
| ၁၁။ | ဘိုကလေးမြို့တရားနာအလှူရှင်များ | ၃၅ဝ,ဝဝဝ |
| ၁၂။ | ဦးမျိုးမြင့် + ဒေါ်မြင့်မြင့်သိန်း (စိန်မှူးဆေးပေါ့လိပ်) | ၃၅ဝ,ဝဝဝ |
| ၁၃။ | Dr. ထူးမောင်အုန်း+ဒေါ်ခင်မေအုံကြီး (U . S . A) | ၃ဝဝ,ဝဝဝ |
| ၁၄။ | ကိုအောင်ထွန်းသိန်း + မလွင်မာအောင်၊ သား မင်းသန့်ကျော် (အောင်သပြေဆေးဆိုင်၊ ဈေးချို၊ မန္တလေး) | ၃ဝဝ,ဝဝဝ |
| ၁၅။ | ဖခင် ဦးမောင်မောင်အား အမှူးထား၍ ဦးသန့်ဇင်ဦး + ဒေါ်လဲ့လဲ့ | ၂၅ဝ,ဝဝဝ |
| ၁၆။ | ဦးဝင်းမြင့် + ဒေါ်ခင်သန်းလှ | ၂၅ဝ,ဝဝဝ |
| ၁၇။ | ဗိုလ်မှူးကြီးမင်းလှအောင် + ဒေါ်ကြူကြူမာ | ၂၅ဝ,ဝဝဝ |
| ၁၈။ | ဦးညွန့်ဝင်း + ဒေါ်ခင်နီလာမြင့်၊ သားမောင်ရဲခေါင်ဦး၊ သမီးမတာရာမြတ်မိုရ် (စာပေလောက-၆) | ၂၁ဝ,ဝဝဝ |
| ၁၉။ | ကိုချိုတူး + မပုံ့ပုံ့(မန္တလေး) | ၂ဝဝ,ဝဝဝ |
| ၂ဝ။ | ကိုမျိုးထက်ညွန့် + မကြည်ကြည်စန်း၊ သားမျိုးဆက်ပိုင်၊ ဇော်မျိုးဆက် (ဖျာပုံ) | ၂ဝဝ,ဝဝဝ |
| ၂၁။ | ဦးအောင်ကိုကို+ဒေါ်ခင်ခင်ဦး၊ သမီးမမျိုးမြတ်လင်း(ဘိုကလေး) | ၂ဝဝ,ဝဝဝ |
| ၂၂။ | ဦးကျော်စွိုး+ဒေါ်မိမိခိုင် (မြိတ်မြို့) | ၂ဝဝ,ဝဝဝ |
| ၂၃။ | ဗိုလ်ကြီးကျော်ရဲထွန်း+ဒေါ်ခိုင်ခိုင်ဝါမင်္ဂလာဦးအလှူ (မြိတ်မြို့) | ၂ဝဝ,ဝဝဝ |
| ၂၄။ | ဦးရဲမြင့်ဆွေ + ဒေါ်တင်တင်ဝင်းမိသားစု | ၁၇၅,ဝဝဝ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၂၅။ | လွန်းထားထား (ဆေးတက္ကသိုလ်) | ၁၅၁,၀၀၀ |
| ၂၆။ | ဒေါ်တင်ရီ(ပေါင်းတည်) | ၁၅၀,၀၀၀ |
| ၂၇။ | (ဦးဟုတ်ယုံ)+ဒေါ်ကျင်လှ၊ သား(Capt:)ကိုမြွေးမြင့် | ၁၅၀,၀၀၀ |
| ၂၈။ | မယဉ်မျိုးမျိုးအေး (Costume Designer) | ၁၅၀,၀၀၀ |
| ၂၉။ | စာအုပ်ချုပ် ဦးမြင့် + ဒေါ်လှလှအေး | ၁၅၀,၀၀၀ |
| ၃၀။ | ဦးလေးမောင်အားရည်စူး၍ဇနီးဒေါ်ယဉ်မြင့် | ၁၄၀,၀၀၀ |
| ၃၁။ | ဒေါ်ကြွေကြွေ+ဒေါ်အေးအေးမြင့်+ဒေါ်စိမ်းစိမ်းရည် (မန္တလေး) | ၁၃၀,၀၀၀ |
| ၃၂။ | ကွယ်လွန်သူ ဒေါ်သန်းသန်း (စက်ဘုပ္ပ) | ၁၃၀,၀၀၀ |
| ၃၃။ | ကွယ်လွန်သူဖခင်ကြီးဗိုလ်မှူးသူရ (B.I.A + B.P.F) နှင့် မိခင်ကြီးဒေါ်ခင်ရီ၊ သားကြီး မောင်သူရိန်တို့အား ရည်စူး၍ ဦးကိုကိုကြီး + ဒေါ်မေသန်းမြင့် | ၁၂၀,၀၀၀ |
| ၃၄။ | ဒေါက်တာစောဝင်းအေး၊ မမိုးစပါယ်အေး (ခေတ္တ U.S.A) (၃.၁.၀၄) | ၁၁၀,၀၀၀ |
| ၃၅။ | ဦးဝင်းသန်းသောင်း + ဒေါ်တင်တင်ရွှေ သားရန်မျိုးအောင်၊ သမီးထက်သဉ္ဇာအောင် | ၁၁၀,၀၀၀ |
| ၃၆။ | ဦးသိန်းအေး + ဒေါ်လှဲလှဲ၊ သမီးယမင်းထက် | ၁၀၀,၀၀၀ |
| ၃၇။ | မဝင်းပပချယ်ရီထွေး(ခေတ္တ-Japan) | ၁၀၀,၀၀၀ |
| ၃၈။ | ဦးအောင်သန်းဝင်း(ခေါ်)မိုးကြီး+ဒေါ်နီနီမာ | ၁၀၀,၀၀၀ |
| ၃၉။ | ဦးကျော်ခ + ဒေါ်စူး (တောင်ငူ) | ၁၀၀,၀၀၀ |
| ၄၀။ | ဦးဇော်မောင်အုံးနှင့် (တူ)ထွန်းဝင်းလှ | ၁၀၀,၀၀၀ |
| ၄၁။ | ဒုဗိုလ်မှူးကြီးဇင်ဝေသိမ်း+ဒေါ်ခင်ခင်ဝင်း | ၁၀၀,၀၀၀ |
| ၄၂။ | ဗိုလ်မှူးဟန်တင် + ဒေါ်စန်းစန်းလေး၊ သမီးဒေါက်တာနွယ်နီဟန်တင် | ၁၀၀,၀၀၀ |
| ၄၃။ | ဦးထွန်းအောင် + ဒေါ်ခင်ရီ | ၁၀၀,၀၀၀ |
| ၄၄။ | ဦးစိန်ဝင်း+ဒေါ်ဖြူဖြူအေး၊ သားကုဋ္ဌေအောင် ကုဋ္ဌေအောင်ဟိုတယ် ( ပုဂံ ) | ၁၀၀,၀၀၀ |
| ၄၅။ | ပိုင်ဇေရဲထွန်း + သဲသဲ | ၁၀၀,၀၀၀ |
| ၄၆။ | ရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်းမိသားစု | ၁၀၀,၀၀၀ |
| ၄၇။ | ဦးတင်ဝင်းသျှင်+အကယ်ဒမီဒေါ်ခင်လေးသိမ့် သမီးကြည်ဖြူသျှင် - နရွှေရည် | ၁၀၀,၀၀၀ |
| ၄၈။ | ဦးဝင်းခင်+ဒေါ်မြင့်မြင့်ကြည်၊ သား သရုပ်ဆောင်ကျော်ရှိန်း၊ ဗိုလ်ကြီးမျိုးဇော်ဝင်း၊ သမီးသဉ္ဇာဝင်းခင်၊ သရုပ်ဆောင်ပပဝင်းခင် | ၁၀၀,၀၀၀ |
| ၄၉။ | ဦးသက်လွင် + ဒေါ်ကြည်ကြည်ဝင်း၊ မြသီရိ မိသားစု | ၁၀၀,၀၀၀ |



| | | |
|---|---|---|
| ၅၀။ | ဦးစိုးစိုး+ဒေါ်သီဂီဝင်း၊ သားမောင်ဇော်ထွန်း၊ သမီး မစန္ဒီထွန်း | ၁၀၀,၀၀၀ |
| ၅၁။ | ဦးဝိုင်စိန် + ဒေါ်ထွေးသိန်း မိသားစု (ကျောက်တံခါးမြို့) | ၁၀၀,၀၀၀ |
| ၅၂။ | ဗိုလ်မှူးကြီးမောင်အုံး(ငြိမ်း)+ဒေါ်ခင်စိုး | ၁၀၀,၀၀၀ |
| ၅၃။ | ဦးကျော်ခင် + ဒေါ်မွှေးမွှေးမိသားစု ( Decoland Co.Ltd ) | ၁၀၀,၀၀၀ |
| ၅၄။ | ဦးစိုးနိုင် + ဒေါ်သီသီအောင်၊ သားမောင်ဘုန်းနိုင်မိသားစု | ၁၀၀,၀၀၀ |
| ၅၅။ | Diary Queen မိသားစု | ၁၀၀,၀၀၀ |
| ၅၆။ | မောင်ကျော်ကျော်စိုး + မညီညီလွင် | ၁၀၀,၀၀၀ |
| ၅၇။ | ဒေါ်မွှေးမွှေးကြည်၊ သားမောင်ကောင်းကျော် (U.S.A) | ၁၀၀,၀၀၀ |
| ၅၈။ | ဦးဟုန် + ဒေါ်သန်းလှ၊ သမီးဒေါ်ခင်ခင်ဦး၊ သားမျိုးဇော်ဦး | ၁၀၀,၀၀၀ |
| ၅၉။ | ဒေါက်တာနွယ်နွယ်ဦး ( U.K ) | ၁၀၀,၀၀၀ |
| ၆၀။ | ဒေါက်တာကျော်ကျော်မိုး + မခင်မိုးဆမ်း | ၁၀၀,၀၀၀ |
| ၆၁။ | ပါမောက္ခချုပ် ဦးမင်းသန်းသောင်း(ငြိမ်း) + ဒေါ်ခင်ခင်ခ | ၁၀၀,၀၀၀ |
| ၆၂။ | ဦးမြင့်စိုး+ဒေါ်မူမူစိုး၊ သမီးနေခြည်မြင့်စိုး၊ သော်တာမြင့်စိုး | ၁၀၀,၀၀၀ |
| ၆၃။ | ဦးဟန်တင်+ဒေါ်ကြည်စိန်၊ သမီးခင်ခင်စိုး၊ ဈေးအနောက်-ပွဲစားတန်း၊ (မိတ္ထီလာ) | ၁၀၀,၀၀၀ |
| ၆၄။ | ဦးစိုး+ဒေါ်ခင်မေမိသားစု (အောင်စိုးမိုးဆန်စက်) ဝေါမြို့ | ၁၀၀,၀၀၀ |
| ၆၅။ | မိခင်ကြီး Dr.ဒေါ်လှကြည်အားရည်စူး၍ ဦးထွဋ်ထွဋ်၊ ဒေါ်ချိုချိုစန်း၊ သက်လင်းထွဋ်၊ ဇင်နွယ်ထွဋ် | ၁၀၀,၀၀၀ |
| ၆၆။ | ကိုစိုးလွင် + မမိုးမိုးစိုး၊ သားစည်သူဝင်းထွဋ် (ဝေါ) | ၁၀၀,၀၀၀ |
| ၆၇။ | ဒေါ်အေးအေးဝင်း | ၁၀၀,၀၀၀ |
| ၆၈။ | မကေသီ (Yangon Air Way) | ၁၀၀,၀၀၀ |
| ၆၉။ | ကိုအောင်ကျော်ဆင့် + မနှင်းငွေရည် (မြကြာငုံစာပေ) | ၁၀၀,၀၀၀ |
| ၇၀။ | ဦးသောင်းလှ+ဒေါ်တင်ရွှေ၊ သမီးမမို့မို့(ဖျာပုံ) | ၉၀,၀၀၀ |
| ၇၁။ | ဒေါ်ခင်စောတင့် | ၈၀,၀၀၀ |
| ၇၂။ | ကိုသန့်ဇော် + မနုနုအောင်(ဖျာပုံ) | ၇၀,၀၀၀ |
| ၇၃။ | ကိုခင်ဇော် + မမိုးသူ၊ သား ဟန်သုတ(လက်ပန်ကျေးရွာ) | ၇၀,၀၀၀ |
| ၇၄။ | ကိုတိုးလွင်+ မကေသီခိုင် သားလွင်ကိုဦး | ၇၀,၀၀၀ |
| ၇၅။ | ဦးစံမင်း + ဒေါ်မာလာဝင်း (NEW DAY - ကာလာခွဲ) | ၇၀,၀၀၀ |
| ၇၆။ | ဒုရဲအုပ်အောင်သိန်း နှင့် ဦးတင်ထွန်းအောင်၊ အောင်သက် | ၇၀,၀၀၀ |
| ၇၇။ | ဒေါက်တာနေမျိုးအောင်+မခင်စိုးစိုးသင်း | ၆၃,၀၀၀ |
| ၇၈။ | ကိုကျော်သူ + မရွှေဇီးကွက် | ၆၀,၀၀၀ |
| ၇၉။ | ဦးမောင်မောင်လွင်+ဒေါ်မြမြသိန်း(ခ) မမော်မော်၊ သားမောင်ကျော်ဇင်ဟိန်း | ၅၅,၀၀၀ |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၈၀။ | ဖခင်ဦးလေးမောင်အားရည်စူး၍ မအေးစံပယ်၊ မယုဇန (ရန်ကင်း) | ၅၅,၀၀၀ |
| ၈၁။ | ဒေါက်တာကျော်သိန်း+ဒေါ်နန်းဥမ္မာရီ၊ သမီး နန်းရတနာသိန်း | ၅၀,၀၀၀ |
| ၈၂။ | မဌေးဌေးမွန်၊မနိုင်နိုင်စိုး(ညောင်လေးပင်) | ၅၀,၀၀၀ |
| ၈၃။ | ပဲနွယ်ကုန်းဆရာတော် | ၅၀,၀၀၀ |
| ၈၄။ | ဦးသိန်းထိုက်ဦး + ဒေါ်မျိုးမျိုးမင်း၊ သမီး ဇေဇင်ဦး (မဃလုလင်သက်န်းတိုက်) | ၅၀,၀၀၀ |
| ၈၅။ | (ဦးအောင်သန်း) + ဒေါ်တင်ရီ (ဖျာပုံ) | ၅၀,၀၀၀ |
| ၈၆။ | ဦးအောင်ကြည် + ဒေါ်ခင်ပြုံး (ဖျာပုံ) | ၅၀,၀၀၀ |
| ၈၇။ | ဒေါ်ခင်ခင်သိန်း | ၅၀,၀၀၀ |
| ၈၈။ | ဦးရဲထွန်း + ဒေါ်သင်္ဂီဇင် | ၅၀,၀၀၀ |
| ၈၉။ | ဦးဝင်းနိုင် + ဒေါ်ချိုချို သမီး သီရိရွှေစင် | ၅၀,၀၀၀ |
| ၉၀။ | ဦးကျင်တိတ် + ဒေါ်ကျင်ဖွမ် (မန္တလေး) | ၅၀,၀၀၀ |
| ၉၁။ | ဦးခင်အောင် + ဒေါ်ကြည်ကြည်သက် | ၅၀,၀၀၀ |
| ၉၂။ | ဒေါ်ခင်မေဦး၊ ဒေါ်မြင့်သန်း | ၅၀,၀၀၀ |
| ၉၃။ | ကိုထွဋ်ထွဋ်လင်း | ၅၀,၀၀၀ |
| ၉၄။ | မမြမြအေး (ဈေးချို၊ မန္တလေး) | ၅၀,၀၀၀ |
| ၉၅။ | ဦးလွင်သိန်း + ဒေါ်တင်အေး၊ သမီးအိအိအေး၊ သားမောင်ပိုင်စိုး၊ နေလစာပေ | ၅၀,၀၀၀ |
| ၉၆။ | မရတနာဖြိုး Golden Princess Fashion, Yuzana Plaza | ၅၀,၀၀၀ |
| ၉၇။ | ဦးသန်းစိန် + ဒေါ်ခင်ဝင်းမြင့် မိသားစု | ၅၀,၀၀၀ |
| ၉၈။ | ကိုထွန်း + ငြိမ်းငြိမ်း၊ သား – သားထူး၊ (ပရင့်ဆက်ဟိုတယ်) | ၅၀,၀၀၀ |
| ၉၉။ | ဦးထွန်းသိန်းအား ရည်စူး၍ ဒေါ်သဲရွှေ | ၅၀,၀၀၀ |
| ၁၀၀။ | ကိုနိုင်အေး+မဌေးဇာဖူး၊ သားမောင်သုတဇော် မောင်စွမ်းပြည့်နိုင်မိသားစု | ၅၀,၀၀၀ |
| ၁၀၁။ | ကိုအောင်အောင်+မသန္တာလွင်၊ သားကျော်ဒေးယျ (မန္တလေး) | ၅၀,၀၀၀ |
| ၁၀၂။ | ဗိုလ်မှူးဝဏ္ဏ+မနွယ်နွယ်ဝင်း၊ သမီးသင်းဝဏ္ဏနွယ်၊ နှင်းဝဏ္ဏနွယ်မိသားစု | ၅၀,၀၀၀ |
| ၁၀၃။ | ဦးမျိုးချစ်+ဒေါက်တာညီညီဝင်း၊ သားပြည်သိမ်းနိုင်မိသားစု | ၅၀,၀၀၀ |
| ၁၀၄။ | ဒေါ်ဘေဘီ+ဒေါ်ရွှေနီ(အရိုးအထူးကုဆေးရုံကြီး) | ၅၀,၀၀၀ |
| ၁၀၅။ | ဓမ္မဗျူဟာ–ဒေါ်ခင်လှတင်၊ ဒေါ်ညီညီလွင် (ဓမ္မဗျူဟာမိသားစု) | ၅၀,၀၀၀ |
| ၁၀၆။ | ဦးစံညိမ်း+ဒေါ်ခင်သက်တင်၊ သားသမီးမြေး မောင်စစ်သွေးအောင်မိသားစုကောင်းမှု | ၅၀,၀၀၀ |



| | | |
|---|---|---|
| ၁၀၇။ | ဒေါက်တာစိုးမိုးသက်+မကြည်ကြည်သင်း | ၅၀,၀၀၀ |
| ၁၀၈။ | ဒေါက်တာအောင်ချို + ဒေါ်သီတာဦး၊ သမီး မနိုင်စံရီ မိသားစု | ၅၀,၀၀၀ |
| ၁၀၉။ | ဖခင်ဦးလေးမောင်အားရည်စူး၍ ကိုကျော်ကျော်မိုး + မမူမူမြင့် သမီး စိမ်းလဲ့မိုး၊ အေးချစ်စု (မန္တလေး) | ၅၀,၀၀၀ |
| ၁၁၀။ | ဦးညဏ်စိုး+ဒေါ်တင်မမ၊ သား မောင်တင်ကျော်စိုး | ၅၀,၀၀၀ |
| ၁၁၁။ | ဦးကျော့ရှင်း + ဒေါ်ခင်ခင်စော | ၅၀,၀၀၀ |
| ၁၁၂။ | ဦးကျော်အေး + ဒေါ်ခေးခေး(ဖျာပုံ) | ၄၅,၀၀၀ |
| ၁၁၃။ | မြန်မာ့တံခွန် ဆန်စပါးရောင်းဝယ်ရေး(ဖျာပုံ) | ၄၀,၀၀၀ |
| ၁၁၄။ | ဒေါ်နှင်းကြည်၊ မြေးသက်မွန်အေး | ၄၀,၀၀၀ |
| ၁၁၅။ | ဒေါက်တာစိုးလွင်+ဒေါ်လှလှချော | ၄၀,၀၀၀ |
| ၁၁၆။ | ဦးရှောင်ဟီး+ဒေါ်ကြူ(သမီး)မမိုးမိုး၊မရွှေဝါ | ၄၀,၀၀၀ |
| ၁၁၇။ | ကိုနိုင်ဝင်း + မခင်အေးမွန် | ၄၀,၀၀၀ |
| ၁၁၈။ | ဗိုလ်ကြီးထွန်းလင်း(ငြိမ်း) + ဒေါ်စန္ဒာထင်ကျော် | ၃၆,၀၀၀ |
| ၁၁၉။ | မစိုးစိုးအေး (စိုးစိုး – အပ်ချုပ်ဆိုင်) | ၃၆,၀၀၀ |
| ၁၂၀။ | ဦးသန်းမြင့်+ဒေါ်ခင်ကြွေ၊ (သမီး)မနုနုလှိုင်၊ မဝါဝါလှိုင်(အင်းမ) | ၃၆,၀၀၀ |
| ၁၂၁။ | အဖွားခင်နှင့် မြေး မွန်မွန် | ၃၅,၀၀၀ |
| ၁၂၂။ | ဗိုလ်မှူးခင်ဇော်မိုး + မယဉ်မင်းသိမ့် | ၃၃,၀၀၀ |
| ၁၂၃။ | ဒု–ဗိုလ်မှူးကြီးကျော်မြင့် + ဒေါ်ချိုချိုအေး | ၃၂,၀၀၀ |
| ၁၂၄။ | မိုမို (ဆေးတက္ကသိုလ်) | ၃၀,၀၀၀ |
| ၁၂၅။ | ဒေါ်ဝင်းမြင့်၊ သား မောင်ဟန်ဝင်း | ၃၀,၀၀၀ |
| ၁၂၆။ | ဦးကျော်ဇောလူ + ဒေါ်ချယ်ရီကြွယ် | ၃၀,၀၀၀ |
| ၁၂၇။ | Dr. ဦးမြအောင်+Dr. ဒေါ်ခင်အေးသီ | ၃၀,၀၀၀ |
| ၁၂၈။ | ဦးဃောသက(သုခပဋိပဒါ သဒ္ဓမ္မရုံသီ) | ၃၀,၀၀၀ |
| ၁၂၉။ | ဦးအေး+ဒေါ်တင်ကြည်(သမီး)၊ ဒေါ်မြမြအေး | ၃၀,၀၀၀ |
| ၁၃၀။ | မခင်ဖြူဖြူစိုး (ဝေါ) | ၃၀,၀၀၀ |
| ၁၃၁။ | မယင်းမာမြင့်သိန်း | ၃၀,၀၀၀ |
| ၁၃၂။ | ကိုမျိုးမြင့်အောင် + မဂန္ဓမာ၊ သမီးရူပါမျိုးမြင့် (မန္တလေး) | ၃၀,၀၀၀ |
| ၁၃၃။ | ဦးသိန်းအောင် + ဒေါ်ဝင်းစိန် (မန္တလေး) | ၃၀,၀၀၀ |
| ၁၃၄။ | ကိုဝင်းတင့်နိုင်နှင့် ကိုသူရိန်ဝင်းကျော် + မရွှေစင်ဝင်း | ၃၀,၀၀၀ |
| ၁၃၅။ | မရတနာဖြိုး + မအိအိဝင်း Golden Princess Fashion | ၃၀,၀၀၀ |
| ၁၃၆။ | ဦးသန်းလှိုင် + ဒေါ်မေရီရှိန် | ၃၀,၀၀၀ |
| ၁၃၇။ | ဗိုလ်မှူးကြီးတင်ဦး + ဒေါ်ခင်မေသန်း | ၃၀,၀၀၀ |
| ၁၃၈။ | ဒေါ်မြင့်မြင့် (ဘားအံ) | ၃၀,၀၀၀ |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၁၃၉။ (ဦးကျင့်ဟော်)+ဒေါ်ကျင်မြင့် [ရွှေဟသ်ာ၊ လွှက်ခြောက်မိသားစု] (သထုံမြို့) ၃၀,၀၀၀
၁၄၀။ ဦးအောင်ထွန်း+ဒေါ်မြင့်မြင့်အေး (တောင်ကြီးမြို့) ၃၀,၀၀၀
၁၄၁။ ဦးလှမြင့်+(ဒေါ်ခင်ယုံ)မိသားစု ၃၀,၀၀၀
၁၄၂။ မွန်အရှင်ကရုဏာရတန (ဘီလူးကျွန်း) ၃၀,၀၀၀
၁၄၃။ ဦးမောင်မြ + ဒေါ်မြမြဟန် ၃၀,၀၀၀
၁၄၄။ ဦးသိန်းထွန်း+ဒေါ်ရီရီ၊ မလင်းလင်းနိုင်၊ ၃၀,၀၀၀
၁၄၅။ စိုင်းဆိုင်ဝမ်း+မထားထားဖြူ (တောင်ကြီး) ၃၀,၀၀၀
၁၄၆။ ဒေါက်တာမီမီကြွယ် (ကြွယ်ကြွယ်အထည်ဆိုင်) (တောင်ကြီး) ၃၀,၀၀၀
၁၄၇။ ကိုကျော်ဝင်း+မနန်းဝင်း၊ သမီးခန့်ခန့်ဂျူး၊ အိငုံခင် (မိတ္ထီလာ) ၃၀,၀၀၀
၁၄၈။ ဒေါ်စန်းရီ (သဒ္ဓမ္မရံသီရိပ်သာ) ၃၀,၀၀၀
၁၄၇။ ဒေါ်နွယ်နွယ်ဝါ (မော်လမြိုင်) ၃၀,၀၀၀
၁၄၈။ ဦးစန်းလွင်ဦး+ဒေါ်နန်းဆိုင်ဖူးမိသားစု ၃၀,၀၀၀
၁၄၉။ ဦးမျိုးဇော်ဝင်း+မသီတာဝင်း၊ သားသားဇော်လင်းထက် (ပဲခူး) ၃၀,၀၀၀
၁၅၀။ ကိုညီထွေးအောင်(ဘိုတထောင်) ၃၀,၀၀၀
၁၅၁။ ဦးမြင့်ဆွေ+ဒေါ်ချိုချိုအေး၊ သားမောင်ဘုန်းမြတ်သူ၊ သမီးမပန်းနုခင်မိသားစု ၃၀,၀၀၀
၁၅၂။ မောင်ဝင်းထင်ကိုကို ၃၀,၀၀၀
၁၅၃။ ဦးစံကြီး+ဒေါ်ရွှေတင်၊ မြတ်ဇီဝစတိုး(အင်းမ) ၃၀,၀၀၀
၁၅၄။ ဖခင်ရဲမှူးကြီးဝင်းခေါင်(ဆရာထက်ခေါင်)+မိခင်ဒေါ်နန်းချောချောခင်တို့အားအမှူးထား၍ သမီးစိုးစိုးထက် ( လေယာဉ်မယ် – ရန်ကုန်လေကြောင်းလိုင်း) ၃၀,၀၀၀
၁၅၅။ မစန်းစုစုဇော်၊ မမြမာလာ ၂၆,၀၀၀
၁၅၆။ Dr.စန်းအောင် + ဒေါ်မူမူ သမီး ခင်နီလာအောင်၊ Dr.ခင်လှဲ့လှဲ့အောင် ၂၅,၀၀၀
၁၅၇။ ဒေါ်စန်းညိုနှင့် သမီးများ (ဖျာပုံ) ၂၅,၀၀၀
၁၅၈။ ကိုအောင်အောင် + မရီရီနိုင်၊ သား ကောင်းမင်းဆက် (ဖျာပုံ) ၂၅,၀၀၀
၁၅၉။ ဒေါ်ဒေစီဟုန်စိန် ၂၅,၀၀၀
၁၆၀။ ဒေါ်တင်တင်၊ သမီးဒေါ်သုခဝတီ၊ သားကိုဇော်အောင်+မမိုးမြင့်သူ၊ မြေးကံကောင်းလေး (အကယ်ဒမီကြေးကျီးချွတ်ဆေး(မန္တလေး)မိသားစု) ၂၅,၀၀၀
၁၆၁။ ဒေါ်မူမူစိုးနှင့်ညီအစ်မများ (ဘမရငွေစာရင်း) သူငယ်ချင်းတစ်စု၊ သတ္တုတွင်းဝန်ကြီးဌာန ၂၁,၂၂၀
၁၆၂။ မဇင်မာရဲထွန်း၊ မောင်ပိုင်ဇေရဲထွန်း ၂၁,၀၀၀



၁၆၃။ ဦးသီလဝံသ ၂၀,၀၀၀
၁၆၄။ သုံးခွဆရာတော် ၂၀,၀၀၀
၁၆၅။ ဦးကောင်းရင် + ဒေါ်အေးမြင့် ၂၀,၀၀၀
၁၆၆။ Hye Song Sunim (Korea Bhikkhuni) ၂၀,၀၀၀
၁၆၇။ ဒေါ်ယဉ်ယဉ် ၂၀,၀၀၀
၁၆၈။ ဦးထွန်းသိန်း + ဒေါ်ကျင်ရီ ၂၀,၀၀၀
၁၆၉။ ဦးတင်ဦး + ဒေါ်ညို ၂၀,၀၀၀
၁၇၀။ ကိုရဲမြင့်အောင် (ကျိုင်းတုံ) ၂၀,၀၀၀
၁၇၁။ မညိမ်းညိမ်းသွင်၊ မထက်ထက်လင်း (ညောင်လေးပင်) ၂၀,၀၀၀
၁၇၂။ ဒေါ်စန်းစန်းမြင့် ၂၀,၀၀၀
၁၇၃။ ဒေါ်လှလှဟန်၊ သမီး မြတ်သဇင်ထူး၊ မအိစန္ဒာထူး ၂၀,၀၀၀
၁၇၄။ ဦးကျော်စိန် + ဒေါ်ခင်အေး၊ သမီး မမိုး (သစ်ခွခြံ) ၂၀,၀၀၀
၁၇၅။ ကိုမြစိုး + မခင်မာချို (လက်ပန်ကျေးရွာ) ၂၀,၀၀၀
၁၇၆။ ကိုစိန်မင်း + မရီရီချို၊သမီးစုဖြူစင်(ဖျာပုံ) ၂၀,၀၀၀
၁၇၇။ ဦးကျင်ဝမ် + ဒေါ်မြစိန် ၂၀,၀၀၀
၁၇၈။ ဦးသိန်းဆောင်+ဒေါ်လှလှ၊ (သမီး)မစိုးမြတ်နန်း (အင်းမ) ၂၀,၀၀၀
၁၇၉။ ကိုဝင်းမော်ဦး + မဌေးမြမြလွင် ၂၀,၀၀၀
၁၈၀။ အ.ထ.က (၁)၊ သထုံ ၂၀,၀၀၀
၁၈၁။ အလင်းစေတမန်လူငယ်များ (သထုံ) ၂၀,၀၀၀
၁၈၂။ ဗိုလ်ကြီးအောင်မျိုးဟိန်း ၂၀,၀၀၀
၁၈၃။ ဒေါ်ခင်ခင်အေးနှင့်သားသမီးမြေးတစ်စု ၂၀,၀၀၀
၁၈၄။ မချိုမာ၊ သား ဟိန်းထက်နိုင် (ဖျာပုံ) ၂၀,၀၀၀
၁၈၅။ ဦးစံလှိုင် + ဒေါ်ကောက်ပို့ မိသားစု၊ မော်လမြိုင်။ ၂၀,၀၀၀
၁၈၆။ ဦးမြင့်ဝေ + ဒေါ်ခင်သူဇာဇော် မိသားစု ၂၀,၀၀၀
၁၈၇။ ဦးချစ်မောင် + ဒေါ်တင်တင်ဦး ( ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း ) ၂၀,၀၀၀
၁၈၈။ ဒေါ်ကျင်ဝေ ၂၀,၀၀၀
၁၈၉။ ဦးအောင်မြင့်+ဒေါ်ခင်အုန်းမြင့်၊ ညီမ ဒေါ်ကြည်ကြည်မြင့် ၂၀,၀၀၀
၁၉၀။ မိခင်ဒေါ်မြင့်မြင့်သန်း အမှူးထား၍ ဦးအေးသက် + ဒေါ်ဝင်းမာသန်း ၂၀,၀၀၀
၁၉၁။ ဒေါ်ယဉ်ယဉ်မြင့် ၂၀,၀၀၀
၁၉၂။ ဦးမြင့်ဆွေ + ဒေါ်ချိုချိုအေး၊ သားဘုန်းမြတ်သူ၊ သမီးပန်းနုခင် ၂၀,၀၀၀
၁၉၄။ ဦးအောင်သန်း+ဒေါ်ဝေ၊ မနုနုဝင်း၊ မအေးအေးသွင်၊ မခင်လေးဝင်း ၂၀,၀၀၀

www.burmeseclassic.com

www.burmeseclassic.com

**မကြာမီဆက်လက်ထွက်ရှိမည့် စာအုပ်**


## ရဝေနွယ် (အင်းမ)

## မေတ္တာအတွေးများ

"မေတ္တာနဲ့ ပတ်သက်လို့ ဖတ်အားရှိသလောက်၊ ဆည်းပူးထားသလောက် ၊ လေ့လာထားသလောက် ဆယ်ကျော်သက် ညီငယ်၊ ညီမငယ်တွေ နားလည်နိုင်မယ့် အရေးအသားနဲ့ ကြိုးစားရေးနေပါတယ်"


(စာရေးသူ)

မကြာမီ . . . မျှော် . . .



www.burmeseclassic.com






# တရေးသူ အမေး
# တဖတ်သူ အဖြေ

၁။ မင်္ဂလာအတွေးများကို ကြိုက်ပါသလား? ဘာ့ကြောင့်ပါလဲ?





မင်္ဂလာအတွေးများထဲက ဘယ်အပုဒ်ကို အကြိုက်ဆုံး ဖြစ်ပါသလဲ? ဘာ့ကြောင့်ပါလဲ?

မင်္ဂလာအတွေးများထဲက မကြိုက်တဲ့အပုဒ် ပါခဲ့ရင် ပွင့်ပွင့်လင်းလင်း အားမနာတမ်း ပြောပြပါလား? (ဘာ့ကြောင့်လဲဆိုတာ)

www.burmeseclassic.com

www.burmeseclassic.com



၄။ မင်္ဂလာအတွေးများကို ကိုယ်တွေ့နဲ့ တစ်ဆင့်စာသိလေးတွေကို အခြေခံပြီး လက်တွေ့ကျင့်သုံးနိုင်ရေး ကျင့်စဉ်တချို့ပါအောင် ကြိုးစားရေးထားပါတယ်။ အဲဒီကျင့်စဉ်တွေထဲက ဘယ်ကျင့်စဉ်ကို လက်တွေ့ကျင့်သုံးပြီးပြီလဲ? ဒါမှမဟုတ် ဘယ်ကျင့်စဉ်ကို လက်တွေ့ကျင့်သုံးကြည့်ဖို့ ဆန္ဒဖြစ်သွားပါသလဲ?

၅။ မင်္ဂလာအတွေးများကိုဖတ်ပြီး "အသိသစ်"တစ်ခု ရလိုက်ပါသလား? အဲဒီ"အသိသစ်"ဟာ ဘာလဲဆိုတာ ပြောပြပေးပါ။

၆။ မင်္ဂလာအတွေးများကိုဖတ်ပြီး စာဖတ်သူက စာရေးသူကို အရေးအသားတချို့ "ကလက်"တယ်လို့ ပြောလိုပါသလား?

BURMESE CLASSIC .com

## စာရေးသူ အမေး
## စာဖတ်သူ အဖြေ

မင်္ဂလာအတွေးများကို ဝယ်ဖတ်တာလား? ဒါမှမဟုတ် သူငယ်ချင်းတစ်ယောက်ယောက်က လက်ဆောင်ပေးတာလား? ဒါမှမဟုတ် ငှားဖတ် တာလား?

မင်္ဂလာအတွေးများကိုဖတ်ပြီး သူငယ်ချင်းဘယ်နှစ်ယောက်ကို ဖတ်ကြည့်ဖို့ တိုက်တွန်းပြီးပြီလဲ? သူငယ်ချင်းက ဘာပြောပါသလဲ?

မင်္ဂလာအတွေးများနောက်ပိုင်း ဘယ်လိုစာအုပ်မျိုးတွေ ဆက်လက်ရေးသွားသင့်တယ်လို့ စာဖတ်သူက စာရေးသူကို ဘယ်လိုများ အကြံပေးချင်ပါသလဲ?

www.burmeseclassic.com

www.burmeseclassic.com



[illegible]

၁။ သုခါပဋိပဒါ သဒ္ဓမ္မရုံသိရိပ်သာ၊
ကျောက်ကုန်းလမ်း၊
ရန်ကင်း၊ ရန်ကုန်။

[illegible]

၂။ သဒ္ဓမ္မရုံသိရိပ်သာ၊
ဇေယျာခေမာလမ်း၊
ရှစ်မိုင်၊ မရမ်းကုန်း၊

[illegible]

BURMESE CLASSIC .com
www.burmeseclassic.com